
www.burmeseclassic.com

# မိုးကျော်းသူ

## စားသမားခုနစ်ယောက်




www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၉၄၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၁၃၀၆၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

**နိုင်ငံတော်အစီအစဉ်များ**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

BURMESE CLASSIC

### နေနဲ့လ ရွှေနှင့်ငြ

ဟန်ကျိုးမြို့။

ဟန်ကျိုးမြို့မှာ အလွန်စည်ကားသောမြို့တစ်မြို့ဖြစ်၏။

ဟန်ကျိုးမြို့သည် လှပသော ရှုမျှော်ခင်းများကြောင့် ကျော်ကြား၏။

ထို့အပြင် ဟန်ကျိုးမြို့၏ ဂုဏ်သတင်းသည် အလွန်လှသော မိန်းကလေးတစ်ဦးကြောင့် ပို၍ မွှေးပျံ့နေသည်။

ထို့ကြောင့် ဟန်ကျိုးမြို့သူမြို့သားများမှာ ကိုယ်မြို့ကိုယ့်ရွာအတွက် 'အလွန်ဂုဏ်ယူနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရာသီ။

ဟန်ကျိုးမြို့၏ နှင်းငွေ့များအောက်ဝယ် လှပစွာတည်ရှိလေသည်။

ဟန်ကျိုးမြို့၏ ကျက်သရေဆောင် မိန်းကလေးမှာ မည်သူနည်း။

ထိုမိန်းကလေး၏ အမည်မှာ နန့်လန်မင်ဟို ဖြစ်၏။

နန့်လန်မင်ဟိုမှာ မန်ချူးအမျိုးသမီးတစ်ဦး ဖြစ်၏။

သူမသည် ရုပ်ရည်ချောမောရုံသာမက သိုင်းပညာ အရာ၌လည်း ထူးချွန်၏။

စာပေ၊ ကဗျာ အရာ၌လည်း နှံ့စပ်ပေသည်။

နန့်လန်မင်ဟို၏ ဖခင်မှာ ဟန်ကျိုးမြို့စားကြီး နန့်လန်ရှူးယီ ဖြစ်၏။

နန့်လန်ရှူးယီသည် သမီးချောအတွက်အမြဲဂုဏ်ယူ၏။

သို့သော်လည်း ...

❖❖❖❖❖

ညတစ်ည ...

ညဉ့်နက်နေပြီဖြစ်၏။

ဆောင်းရာသီညမို့ ဟန်ကျိုးမြို့ရှိ အိမ်တိုင်းလိုလိုပင် မီးငြိမ်းကာ အိပ်နေကြပြီ ဖြစ်၏။

သို့သော် ... ဟန်ကျိုးမြို့စားဂေဟာမှာမူ မီးမငြိမ်းသေးပါ။

ပို၍ပင် ... လင်းထိန်နေ၏။

မြို့စားဂေဟာမှ အမှုထမ်းများမှာလည်း ယောက်ယက်ခတ်ကာ အလုပ်ရှုပ်နေပုံရ၏။

သို့စေကာမူ ...

သူတို့အားလုံး မျက်နှာများ၌ အပြုံးပန်းများ ပွင့်လန်းနေ၏။

ပျော်ရွှင်နေကြလေသည်။

မှန်ပါသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ငိုကြွေးသံမှာ ကျယ်လောင်ခြင်းမရှိပါချေ။

အခန်းတွင်းဝယ် မိန်းကလေး၏ ပြင်းထန်စွာ ငိုကြွေးနေပုံသည် အလွန်ပင် စိတ်မချမ်းမြေ့ဖွယ်ရာပင်။

အတန်ကြာမှ မိန်းကလေးက ငိုကြွေးရာမှ ရပ်တန့်လိုက်၏။

အင်္ကျီလက်ဖြင့် မျက်ရည်များကို သုတ်လိုက်၏။

ပြီးနောက် အခန်းဝဘက်သို့ လှည့်ကာ . . .

'အထိန်းတော်'

ဟု ခေါ်လိုက်၏။

မိန်းကလေး၏ ခေါ်သံနှင့် မရှေးမနှောင်းပင် အသက်လေးဆယ်ခန့် အမျိုးသမီးကြီး တစ်ဦး တံခါးဖွင့်ဝင်လာလေသည်။

ထိုအမျိုးသမီးကြီးမှာ အထိန်းတော်ပင် ဖြစ်၏။

အထိန်းတော်က သက်ပြင်းချရင်း . . .

'သခင်မလေး ... ဘာဖြစ်လို့ ငိုနေရတာလဲ မြို့စားကြီးသာ သိရင် စိတ်ထိခိုက်မှာ သေချာတယ်၊ အရင်ကိစ္စတွေကို မေ့ပစ်လိုက်ပါတော့' ဟုနှစ်သိမ့်လိုက်၏။

သခင်မလေး ဆိုသည်မှာ အခြားသူမဟုတ်ပါ။

ဟန်ကျိုးမြို့စားကြီး၏ သမီး နန့်လန်မင်ဟိုပင် ဖြစ်၏။

နန့်လန်မင်ဟိုက . . .

'ကျွန်မ မေ့ပစ်နိုင်ပါတယ်၊ ကဲ ... သမီးလေးကို ခေါ်ခဲ့ပါ၊ ကျွန်မ နောက်ဆုံး တစ်ခါလောက် ကြည့်ပါရစေဦး'

အထိန်းတော်မှာ ... သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်ပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။



အထိန်းတော် ထွက်သွားပြီး မကြာမီပင် အခန်း ပြတင်းပေါက်သို့ အရိပ်တစ်ခု ထိုးကျလာ၏။

ပြတင်းပေါက် တံခါးပွင့်သွားပြီး အသက်(၂၇)နှစ်ခန့်လူရွယ် တစ်ဦး ဝင်လာလေသည်။

လူရွယ်မှာ အနက်ရောင် ကိုယ်ကျပ် အင်္ကျီကို ဝတ်ဆင်ထားပြီး ... ဓားတိုတစ်လက်ကို ခါးတွင် ချိတ်ဆွဲထားသည်။

လူရွယ်၏ ဥပဓိရုပ်မှာ ခန့်ညားတည်ကြည်၏။

ပိရိသော နှုတ်ခမ်းအစုံက ဖွံ့ရှိပြီး ပြတ်သားသည့်ဟန်ကို သိသာပေါ်လွင်စေ၏။

လူရွယ်၏ မျက်နှာပေါ်တွင် ခံပြင်းသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

လူရွယ်သည် ... သခင်မကလေး (ဝါ) နန့်လန်မင်ဟိုအား တစ်ချက်ကြည့်လိုက်၏။

နန့်လန်မင်ဟို၏ ရှေ့တွင် ... ကဗျာစာရွက်တစ်ရွက်ရှိပြီး ထိုစာရွက်ရှိ စာကြောင်းအချို့တွင် ... မင်များ ပုံ့စွန်းနေသည်ကို တွေ့ရ၏။

ထိုအခိုက် နန့်လန်မင်ဟိုက ခေါင်းမော့ကြည့်လိုက်ပြီး ...

'အစ်ကို'

ဟုသာ တစ်ခွန်းခေါ်ပြီးနောက် ... မျက်ရည်များ စီးကျလာလေသည်။

လူရွယ်က သက်ပြင်းချလိုက်ပြီး ...

'ညီမလေး ... အစ်ကိုတို့[illegible]ပြေးရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံဖြင့် ပြောလိုက်၏။

နန့်လန်မင်ဟိုက ဘာမျှပြန်မပြောဘဲ ငုံမြဲငုံနေ၏။

လူရွယ်က အားမလို အားမရ ဖြစ်လာ၏။

'ညီမလေးနဲ့ အစ်ကိုတို့ ထွက်ပြေးရင် ... လွတ်ပါတယ်၊ ပြေးစရာမြေတွေ အများကြီးပါ၊ တို့နှစ်ယောက် အေးအေးချမ်းချမ်း နေရမယ့် နေရာ မရှိဘူးလို့ ညီမလေး ထင်နေသလား'

ဟု ထပ်ပြောလိုက်၏။

နန့်လန်မင်ဟိုက လူရွယ်အား မော့ကြည့်လိုက်ပြီး . . .

'အစ်ကိုဟာ ဘာလို့များ ဟန်လူမျိုး ဖြစ်နေရတာလဲ'

ဟု တီးတိုး ရေရွတ်လိုက်၏။

လူရွယ်မှာ ထိုစကားကြားသောအခါ ... မျက်နှာချက်ချင်း တင်းမာ ခက်ထန်သွားကြလေသည်။

နန့်လန်မင်ဟို၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး . . .

'ဪ မင်းလည်း ... ရာထူးဂုဏ်ပကာသန မက်မောတဲ့ လူပါပဲလား'

ဟု ပြောလိုက်၏။

ထိုအခိုက်မှာပင် အပြင်ဘက်မှ အချက်ပေးသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

လူသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကိုလည်း ကြား လိုက်ရ၏။

လူရွယ်မှာ မျက်နှာပျက်သွားပြီး . . .

'မင်းက ငါ့ကိုပါ ရှင်းပစ်ဖို့ ကြံနေတာကိုး၊ စိတ်ချ ... လာပါ



မင်းကိုယ်တိုင် သတ်လိုက်စမ်းပါ၊ ငါ့ခန္ဓာကိုယ်ဟာ ... မင်းအတွက် လက်ဖွဲ့ပါပဲ'

ဟု အံကြိတ်ကာ ပြောလိုက်လေသည်။

နန့်လန်မင်ဟိုက ခေါင်းခါယမ်းရင်း ...

'အစ်ကို ဒီလို မပြောပါနဲ့'

လူရွယ်က ဘာမျှ မပြောတော့ပါ။

ပြတင်းပေါက်အနီး ကပ်သွားပြီး အပြင်ဘက်သို့ အကဲခတ် ကြည့်လိုက်သည်။

ခြံဝင်းအတွင်း၌ မီးများထိန်လင်းနေ၏။

လက်နက်ကိုင်များသည် သူရောက်နေရာ အဆောင်ရှေ့ ဘက်မှ ဖြတ်ကာ ဂေဟာအနောက်ဘက်သို့ ပြေးလွှားသွားနေ သည်ကို တွေ့လိုက်ရ၏။

လူရွယ်မှာ အံ့သြသွား၏။

ထိုအချက်ပေးသံသည် မိမိနှင့် သက်ဆိုင်ခြင်းမရှိကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် အခန်းထဲသို့ ပြန်လျှောက်လာ၏။

ထိုစဉ် ... အခန်းတံခါးဝမှ ခြေသံကိုကြားလိုက်၏။

လူရွယ်က ချက်ချင်းပင် ဗီရို တစ်လုံးနောက်၌ ဝင်ပုန်းလိုက် လေသည်။

လူရွယ်ဝင်ပုန်းပြီး မကြာမီမှာပင် အခန်းတံခါးပွင့်သွား၏။

အခန်းထဲသို့ဝင်လာသူမှာ ... အထိန်းတော်ပင်ဖြစ်၏။

သူမက ကလေးငယ်အား ပွေ့ချီထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ အိပ်ပျော်နေဟန်တူ၏။

အထိန်းတော်က ...

'သခင်မလေး ... ကြားလိုက်သလား'

'ဘာကိုလဲ'

'ဂေဟာအချုပ်ခန်းကို လာဖောက်လို့ ... တချို့ လွတ်သွားတယ် ... အခု အားလုံး လိုက်ရှာနေကြတယ်'

သခင်မလေးက ထိုစကားအား သိပ်စိတ်ဝင်စားဟန် မရှိပါ။

အထိန်းတော်လက်မှ ကလေးကို ပြောင်းယူလိုက်သည်။

လူရွယ်မှာ ဝင်လာသူကိုသိသည်နှင့် ပုန်းကွယ်ရာမှ ပြန်ထွက်လိုက်သည်။

အထိန်းတော်မှာ လူရွယ်အားတွေ့လိုက်ရသောအခါ အံ့သြသွားပြီး . . .

'သခင်လေး ယန်ယွင်ချိုးပါလား'

လူရွယ်က ခေါင်းညိတ်ပြလိုက်သည်။

အထိန်းတော်က စိတ်မကောင်းသောလေသံဖြင့် . . .

'ကျွန်မတို့ရဲ့ သခင်မလေးကို ခွင့်လွှတ်ပါရှင်၊ မနက်ဖြန်ဆိုရင် သခင်မလေး လက်ထပ် . . .'

အထိန်းတော်၏ စကားမဆုံးမီမှာပင် ... ယန်ယွင်ချိုးက လက်ကာ ဟန့်တားလိုက်ပြီး . . .

'ကျုပ် ... သိပါတယ်'

ဟုပြောလိုက်ပြီးလျှင် ... ချာခနဲလှည့်ကာ နန့်လန်မင်ဟိုအား လက်ဝါးဖြင့် ရိုက်ချ တိုက်ခိုက်လိုက်လေသည်။



ရုတ်တရက်မို့ နန့်လန်မင်ဟိုမှာ ထိတ်လန့်သွားပြီး အလိုလိုရှောင်တိမ်းမိသွားလေသည်။

သို့သော် ... လက်ထဲမှကလေးမှာမူ ယန်ယွင်ချိုး၏ လက်ထဲသို့ ပါသွားလေသည်။

'အစ်ကို သမီးလေးကို ဘာလုပ်မလို့ ...'

ဟု အလောတကြီး မေးလိုက်၏။

ယန်ယွင်ချိုးက မဲ့ပြုံး ပြုံးလိုက်ပြီး ...

'မင်းအနေနဲ့ သမီးကို ဂရုစိုက်နိုင်မှာမဟုတ်ဘူး၊ သမီးလေးကို အစ်ကို ခေါ်သွားတာ အားလုံးအတွက် အကောင်းဆုံးပါပဲ'

ဟုပြောပြီးလျှင် ... ချက်ချင်း ပြတင်းပေါက်ဆီသို့ ဆုတ်ခွာသွားလေသည်။

ပြီးနောက် ... အပြင်ဘက်သို့ တစ်ချက်ကြည့်ကာ ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

နန့်လန်မင်ဟိုမှာ မင်သက်မိနေ၏။

အတန်ကြာမှ သတိဝင်လာပြီး ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။

ယန်ယွင်ချိုး၏ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

နန့်လန်မင်ဟိုမှာ ညအမှောင်အား ကြည့်ကာ ငေးငိုင်သွား၏။

အတန်ကြာမှ ရှိုက်သံသဲ့သဲ့ ထွက်လာတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ယန်ယွင်ချူးမှာ သမီးငယ်အား ပွေ့ပိုက်ထား၏။

မြို့စားဂေဟာအတွင်းမှ သူအလွယ်တကူပင် ထွက်လာနိုင်ခဲ့သည်။

ယခု လမ်းမပေါ်ရောက်သောအခါ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

မန်ချူးအာဏာသားများ ဥဒဟို သွားလာနေသည်။

ယန်ယွင်ချူးမှာ စိတ်ကို တည်ငြိမ်စွာစုစည်းပြီး လမ်းမပေါ် လျှောက်သွားလိုက်သည်။

မန်ချူးများက အန္တရာယ်ပြုလာလျှင် ခုခံရန် အသင့်ပြင်ဆင်ထားလိုက်သည်။

သို့သော် သူ့အား မန်ချူးအာဏာသားများက ဂရုပင် မစိုက်နိုင်ချေ။

ယနေ့ညအဖို့ . . .



မန်ချူး အာဏာသားများသည် ... ထောင်ပြေးများကိုသာ အာရုံစိုက်နေကြသည်။

ယန်ယွင်ချူးမှာ အနှောင့်အယှက်မတွေ့ရဘဲ ဆက်လက် လျှောက်လာရာ နောက်ဆုံးမြို့ပြင်သို့ ရောက်လာလေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ညမှာ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

မကြာမီ ညသည် ကုန်ဆုံးတော့မည် ဖြစ်သည်။

ယန်ယွင်ချုံးမှာ ခေါင်းငိုက်စိုက်ချကာ လျှောက်လှမ်းနေ၏။

သူ၏ရင်ခွင်ထဲဝယ် ကလေးငယ်ကိုမူ တင်းကျပ်စွာ ပွေ့ဖက်ထားသည်။

ကလေးငယ်မှာမူ ... ယခုထိ အိပ်ပျော်နေဆဲပင်။

ယန်ယွင်ချုံးမှာ ... ကိုယ်ခန္ဓာ ပင်ပန်းနွမ်းနယ်နေသည်။

စိတ်မှာလည်း .... ထိခိုက်ကြေကွဲနေသည်။

လမ်းလျှောက်နေသော်လည်း ခံစားမှုကင်းမဲ့နေပေသည်။

လောကပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်တောက်နေသယောင်ပင်။

လျှောက်ရင်း လျှောက်ရင်းနှင့် ဟန်ကျိုးမြို့ပြင်သင်္ချိုင်းဆီသို့ ရောက်လာလေသည်။

ထိုအခိုက်မှာပင် သူ၏နောက်ဘက်မှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်။



ယန်ယွင်ချုံး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်သွား၏။

ချက်ချင်းပင် အသိဉာဏ် ပြန်ဝင်လာသည်ထင့်။

သင်းချိုင်းဂူ၏ အနောက်ဘက် မြက်ပင်ရှည်များ ကြားသို့ ကိုးဝင်ပုန်းကွယ်လိုက်လေသည်။

ပြီးမှ အထဲမှနေ၍ လမ်းမပေါ်သို့ ပြန်လည် အကဲခတ်ကြည့်လိုက်လေသည်။

မြင်းခွာသံမှာ ပို၍ပီပြင်စွာ ကြားလိုက်ရ၏။

ကြည့်နေဆဲမှာပင် မြင်ကွင်းအတွင်းသို့ လူနှစ်ယောက် ပြေးလာနေသည်ကို တွေ့လိုက်ရ၏။

အသက်ဆယ့်ခုနစ်နှစ်ခန့် လူငယ်တစ်ဦးနှင့် လုံမငယ်လေးတစ်ဦးတို့ပင် ဖြစ်၏။

သူတို့၏ မျက်နှာပေါ်တွင် ချွေးများစို့နေသည်ကိုပင် တွေ့နေရ၏။

သူနှင့် မလှမ်းမကမ်းနေရာသို့ အရောက်ဝယ် ... လူငယ်နှင့် လုံမငယ်တို့မှာ ရပ်တန့်သွားလေ၏။

ဓားကိုယ်စီ ဆွဲထုတ်ကာ ... ရန်သူအား ပြန်လည်စောင့်ဆိုင်း နေလိုက်ကြ၏။

မကြာပါချေ .... မြင်းနှစ်ကောင်မှာ လူငယ်နှင့် လုံမငယ်တို့အနီးသို့ ရောက်ရှိလာ၏။

မြင်းပေါ်၌ မန်ချူးအာဏာသား ခေါင်းဆောင်နှစ်ယောက် ပါလာ၏။

အာဏာသား ခေါင်းဆောင်နှစ်ဦးမှာ လူငယ်နှင့် လုံမငယ်

www.burmeseclassic.com



ကိုတွေ့လျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီး . .

'နောက်ဆုံးတော့ မင်းတို့နှစ်ယောက် ငါတို့လက်က ပြေးလို့မလွတ်ပါဘူး'

ဟု ကြုံးဝါးလိုက်လေ၏။

အာဏာသားတစ်ဦးက ဓားကို ဆွဲထုတ်လိုက်ပြီး . . .

'မင်းတို့ ပြန်အဖမ်းခံပါ၊ ငါ မင်းတို့ကို မသတ်ချင်ဘူး'

ဟု အေးစက်စွာ ပြောလိုက်၏။

လူယေ်နှင့် လုံမငယ်တို့၏ တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြ၏။

ထို့နောက် ... ဘာစကားမျှ မပြောတော့ဘဲ မန်ချူးအာဏာသား ခေါင်းဆောင်နှစ်ဦးအား ခုခံတိုက်ခိုက်လိုက်ကြလေတော့သည်။

❖❖❖❖❖❖

ဆောင်းရာသီ၏ညမှာ ရှည်လျားလွန်းလှ၏။

အဝေးမှ အုန်းမောင်းခေါက်သံ သုံးချက် ထွက်ပေါ်လာ၏။

ဟန်ကျိုးမြို့၏ သချိုင်းအတွင်းဝယ် တိုက်ခိုက်သံများထွက်ပေါ်နေ၏။

လူငယ်နှင့် လုံမငယ်တို့မှာ အာဏာသားနှစ်ဦးအား ပြင်းထန်စွာ ခုခံတိုက်ခိုက်နေကြ၏။

ယန်ယွင်ချူးက တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

လုံမငယ်၏ ဓားပညာမှာ မဆိုးပါ။

သို့သော် ... အတွေ့အကြုံ နုနယ်ပုံရ၏။

လူငယ်မှာမူ မိန်းကလေးလောက်ပင် ထက်မြက်ခြင်းမရှိပါ။

ထို့အပြင် ... အားအင်ကုန်ခန်းနေသည့် အသွင်လည်း ရှိ၏။

အချိန်ကြာလာလျှင် ... လူငယ်နှင့် လုံမငယ်တို့ ရှုံးနိမ့်သွားမည်မှာ ကျိန်းသေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ယွင်ချုံးက ... အနီးအနားလှည့်ပတ်ကြည့်လိုက်ပြီး ခဲလုံး လေးနှစ်လုံးအား ကောက်ယူလိုက်၏။

ထို့နောက် ... လူငယ်တို့အား ကူညီရန် အခွင့်ကောင်းကို စောင့်နေလိုက်လေသည်။

ပြီးမှ ... ခဲလုံးနှစ်လုံးအား မန်ချူး အာဏာသားနှစ်ယောက် ထံသို့ ပစ်လွှင့်လိုက်လေတော့သည်။

❖❖❖❖❖❖



မန်ချူးအာဏာသား နှစ်ဦးမှာ အတွေ့အကြုံ ရင့်ကျက်သူများပီပီ ... လူငယ်နှင့် လုံမငယ်တို့အား အနေးနှင့်အမြန် အနိုင်ရမည်ကို တွက်ဆမိလေ၏။

ထို့ကြောင့် ... မြန်မြန်အနိုင်ရစေရန် ပို၍ ဖိတိုက်လေသည်။

ထိုအခိုက် ... သူတို့၏လက်များ ရုတ်တရက် ထုံကျင်သွား၏။

လှုပ်ရှားမှုများမှာလည်း နှေးကွေးသွားလေသည်။

လူငယ်နှင့် လုံမငယ်တို့၏ ဓားချက်များကို ခုခံနိုင်စွမ်းမရှိတော့ပါချေ။

'အား . . .'

'အား . . .'

လူငယ်နှင့် လုံမငယ်တို့က .... တစ်ဦးကိုတစ်ဦးကြည့်ကာ ပြုံး လိုက်ကြလေ၏။

ထို့နောက် ...ဓားကို ပြန်သိမ်းလိုက်ကြ၏။

လုံမငယ်က . .

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလည်း အနှိပ်စက်ခံထားရပေမယ့် ... တော်တော်တော့ တိုက်ခိုက်နိုင်သေးတာပဲ'

ဟု ချီးကျူးလိုက်လေသည်။

လှူငယ်က . . .

'အစ်ကိုက ဒီလောက် မဟုတ်ပါဘူး၊ ညီမလေးရဲ့ ဓားပညာက ပိုကောင်းပါတယ်၊ ဒီလူနှစ်ယောက်က နာမည်ကြီး မန်ချူးသိုင်းသမားတွေ ... ညီမလေးက ထက်လို့သာ ရှင်းပစ်နိုင်တာပဲ'

ဟု တစ်ဦးကိုတစ်ဦး ချီးကျူးနေကြလေသည်။

ယန်ယွင်ချူးမှာ သူတို့နှစ်ယောက်ကိုကြည့်ရင်း ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရလေသည်။

သူကြည့်နေစဉ်မှာပင် ... လှူငယ်နှင့် လုံမငယ်တို့မှာ တီးတိုးပြောနေကြ၏။

မိန်းကလေး၏ မျက်နှာမှာ ပြောရင်း ... ဒေါသထွက်ဟန်ပေါ်လာ၏။

နောက်ဆုံး ... အသံပင် ကျယ်လာလေသည်။

'အစ်ကို ... တကယ်ဖွင့်ပြောလိုက်တယ် ... ဟုတ်လား'

လှူငယ်က မျက်နှာညှိုးငယ်စွာဖြင့် ခေါင်းညိတ်ပြလိုက်၏။ လုံမငယ်၏မျက်နှာမှာ တင်းမာခက်ထန်သွား၏။

ချက်ချင်းပင် လှူငယ်၏ပါးကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဖြန်း . . .'

လှူငယ်မှာ တုံ့ပြန်ခြင်း မရှိပါ။

ခေါင်းငုံ့ကာ မလှုပ်မယှက် ရပ်နေ၏။



လုံမငယ်မှာ နောက်သို့ ဆုတ်သွား၏။

ထို့နောက် ...

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငိုရင်း နောက်သို့ ချာခနဲ လှည့်ကာ ပြေးထွက်သွားလေသည်။

လှူငယ်မှာ ... ခေါင်းငုံ့ထားဆဲပင်။

အတန်ကြာမှ လေးတွဲ့သော ခြေလှမ်းများဖြင့် မြက်ပင်များကြားသို့ တိုးဝင်သွားလေသည်။

❖❖❖❖❖

www.burmeseclassic.com

ယန်ယွင်ချုံးမှာ အဖြစ်အပျက်ကိုငေးကြည့်ကာ ငေးငိုင်နေမိလေတော့၏။

အတန်ကြာမှ သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

စောစောက မိန်းကလေး ငိုကြွေးနေသည်ကို ကြည့်ပြီး သခင်မလေး နန့်လန်မင်ဟိုအား ပြန်လည်မြင်ယောင်လာ၏။

ချက်ချင်း အံကြိတ်ကာ ထရပ်လိုက်၏။

ထို့နောက် ကလေးကို ပွေ့ချီထွေးပိုက်ကာ နမ်းရှုံ့လိုက်လေသည်။

ထိုစဉ် လေတိုးသံကဲ့သို့ အသံတစ်ခု ကြားလိုက်၏။

ယန်ယွင်ချုံးက သေချာစွာ နားထောင်ကြည့်ရာ လေတိုးသံမဟုတ်ဘဲ ဒီရေတက်လာသည့်အသံ ဖြစ်ကြောင်း သိလိုက်၏။

ဟုန်ကျိုးမြို့ပြင်၊ သချိုင်းနောက်တွင် ... မြစ်တစ်ခု ရှိသည်မဟုတ်ပါလော။

ယန်ယွင်ချုံးက ကလေးကို ထွေးပိုက်ရင်း မြစ်စပ်ဘက်သို့ ဦးတည်လျှောက်သွားလိုက်လေသည်။



မြစ်ကမ်းနံဘေး သဲသောင်အတိုင်း အနောက်ဘက်ဆီသို့ ဦးတည်ကာ လျှောက်လှမ်းလိုက်၏။

ယခင်က သွက်လက်လှသော သူ၏ခြေလှမ်းများသည် ယခုမူ လေးပင်နေသည်ဟု ခံစားမိလေသည်။

လျှောက်လာနေစဉ် . . .

'ယန်ယွင်ချုံး'

ဟု-သူ၏ အမည်ခေါ်သံကို ကြားလိုက်ရလေသည်။

ယန်ယွင်ချုံး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတစ်ချက် တုန့်ခါသွား ၏။

ခေါ်သံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ အပြာရောင်ဝတ်ဆင်ထားသူ လူကြီးတစ်ဦးနှင့် အဖြူရောင်ဝတ်ဆင်ထားသူ လူငယ်နှစ်ဦးအား တွေ့လိုက်ရလေသည်။

လူငယ်နှစ်ဦးကိုမူ သူတစ်ကြိမ် တစ်ခါမျှ မမြင်ဘူးပါ။

အပြာရောင် ဝတ်ဆင်ထားသူ လူကြီးကိုမူ တွေ့ဖူးသည်ဟု ထင်၏။

ထို့ကြောင့် အပြေးအလွှား စဉ်းစားလိုက်၏။

စဉ်းစားရမိသည်နှင့် ယန်ယွင်ချုံး၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

အပြာရောင်ဝတ်စုံနှင့် လူ၏အမည်မှာ ညိုထက်လူ ဖြစ်၏။

ညိုထက်လူသည် မန်ချူးသိုင်းဆရာ တစ်ဦးဖြစ်သည့်အပြင် မြို့စားလေး တော်ချက်၏ ဦးလေးလည်း ဖြစ်၏။

ယန်ယွင်ချုံး ... သိုင်းလောကသို့ ဝင်ရောက်ပြီး မကြာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျန်ချိုင့်ဝှမ်း တိုက်ပွဲ၌ ရင်ဆိုင်တွေ့ဖူးပေသည်။

ညိုထက်လူက . . .

'တို့တွေ ... မတွေ့ကြတာ အတော်ကြာပြီပဲ'

ဟု အေးဆေးစွာပင် ပြောလိုက်၏။

ယန်ယွင်ချိုးက ဘာမျှ ပြန်မပြောပါ။

ကလေးငယ်ကို လက်တစ်ဖက်က ပွေ့ထားပြီး ကျန်လက်တစ်ဖက်က တိုက်ခိုက်ရန်အတွက် အားကို စုစည်းထားလိုက်လေသည်။

ညိုထက်လူက . . .

'မင်းဟာ တော်လှန်ရေးသမားတစ်ယောက်ပါ။ မင်းနဲ့ငါဟာ ဆန့်ကျင်ဘက်ဆိုပေမယ့် မင်းရဲ့သတ္တိကို ငါအမြဲ လေးစားချီးကျူးပါတယ်'

ယန်ယွင်ချိုးက . . .

'စကားအပိုတွေ ပြောမနေပါနဲ့၊ ခင်ဗျား ... ကျုပ်နောက်ကို ကိစ္စမရှိဘဲ လိုက်လာမှာ မဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ်ပင် မေးလိုက်၏။

ညိုထက်လူက . . .

'မင်းနဲ့ နန့်လန်မင်ဟို သခင်မလေးအကြောင်း မြို့စားလေးတော်ချက် မသိအောင် ဖုံးထားနိုင်ပေမယ့် ငါ့ကိုတော့မဖုံးထားနိုင်ပါဘူး၊ မင်းလုပ်ခဲ့တဲ့ လုပ်ရပ်ထဲမှာ ဒီအချက်ဟာ တို့ကို အစော်ကားဆုံးပဲ၊ မင်းကိုငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး'

ဟု အေးစက်စွာ ပြောလိုက်လေသည်။



ညိုထက်လူ၏ စကားဆုံးသည်နှင့် သူ၏ နောက်၌ ရပ်နေသော လူငယ်နှစ်ဦးက ရှေ့သို့ ခုန်ထွက်လာကာ ယန်ယွင်ချိုးအား တိုက်ခိုက်လိုက်လေသည်။

ယန်ယွင်ချိုးက ရှောင်တိမ်းရင်း သွက်လက်စွာ ပြန်လည်တိုက်ခိုက်လိုက်၏။

ညိုထက်လူ မပါမီ ထိုလူငယ်နှစ်ဦးအား အပြတ်ရှင်းမှ ဖြစ်မည်ဟု တွေးမိလိုက်သောကြောင့် ယန်ယွင်ချိုး၏ တိုက်ခိုက်မှုမှာ ပြင်းထန်ရက်စက်ပေသည်။

သိုင်းကွက် ဆယ်ကွက်မပြည့်မီပင် လူငယ်နှစ်ဦးမှာ ယန်ယွင်ချိုး၏ လက်ချက်ကြောင့် နောက်သို့ လွင့်စဉ်ထွက်သွားလေသည်။

'ဝုန်း . . .'

'ဝုန်း . . .'

လူငယ်နှစ်ဦးမှာ ပြန်ထလာနိုင်ခြင်း မရှိဘဲ သေဆုံးသွားလေတော့သည်။

ညိုထက်လူမှာ မျက်နှာပျက်သွား၏။

သူ၏ တပည့်နှစ်ဦးအား ယန်ယွင်ချိုးက လက်တစ်ဘက်တည်းဖြင့် အသေသတ်နိုင်ခဲ့သည် မဟုတ်ပါလား။

ညိုထက်လူမှာ ဒေါသခြောင်းခြောင်း ထွက်သွားသည်။

ချက်ချင်းပင် ယန်ယွင်ချိုးထံသို့ ခုန်ဝင်ကာလက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ညိုထက်လူမှာ ယန်ယွင်ချိုးအား အဆင်မသေးတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အားကုန်ထုတ်သုံးပြီး ရိုက်ချလိုက်ခြင်း ဖြစ်၏။

ယန်ယွင်ချုံးမှာ ရှောင်တိမ်းခြင်းမပြုပါ။

ရိုက်ချလာသောလက်ဝါးအား လက်ဝါးဖြင့်ပင် ပြန်လည်ခုခံပေးလိုက်လေသည်။

'ဝုန်း'

နှစ်ဦးစလုံး .. နောက်သို့ဆုတ်သွားရသည်။

ညိုထက်လူမှာမူ နောက်ဆုတ်ရုံမက လဲပင်ကျသွားသည်။

ယန်ယွင်ချုံးမှာလည်း မသက်သာပါ။

ယိမ်းယိုင်သွားပြီး လက်ထဲမှကလေးငယ်ပင် လွတ်ထွက်သွား၏။

မြေသို့မကျမီ အမြန်ပြေးဖမ်းလိုက်သည်။

ထို့နောက် ပဝါတစ်ထည်ဖြင့် ကလေးအား ရစ်သိုင်းလိုက်ပြီး ကျောနောက်တွင် ချီပိုးလိုက်သည်။

ဓားကိုလည်း ဆွဲထုတ်ကာ အဆင်သင့် ပြင်လိုက်လေသည်။

ညိုထက်လူမှာ ပြန်ထလာသည်။

သူသည် သံလက်ဝါးဟူသောအမည်ဖြင့် ကျော်ကြားခဲ့၏။

ယခု ယန်ယွင်ချုံးက သူ၏လက်ဝါးအား ခုခံနိုင်သည့်အပြင် သူ့အား လဲကျစေသဖြင့် ပို၍ဒေါသထွက်လာလေသည်။

ခါးတွင် ချိတ်ထားသော လက်နက်ကို ဆွဲထုတ်လိုက်လေတော့၏။

သူ၏လက်နက်မှာ ထူးဆန်း၏။



နှစ်ပေနှင့် ရှစ်လက်မ ရှည်သော သံတုတ်ထိပ်၌ တြိဂံပုံသံပြား တပ်ဆင်ထားပေသည်။

ညိုထက်လူက ချက်ချင်းပင် ယန်ယွင်ချုံထံ ပြေးဝင်တိုက်ခိုက်လေသည်။

ယန်ယွင်ချုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်တွင် ညိုထက်လူက တိုက်ခိုက်မှုကို တစ်မျိုးပြောင်းလိုက်၏။ ရက်စက်ယုတ်မာသော တိုက်ကွက်ပင် ....

ယန်ယွင်ချုံးထက် ယန်ယွင်ချုံးကျောတွင် ချီပိုးထားသောကလေးကိုသာ ထိအောင် တိုက်ခိုက်လိုက်လေသည်။

ယန်ယွင်ချုံးမှာ အခက်ကြုံသွား၏။

ကလေးကို မထိအောင် ကာကွယ်ရင်း ပြန်လည်တိုက်ခိုက်နေရလေတော့သည်။

❖❖❖❖❖

၂၀
၁၃၉၄

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေမှာ ဝှေကာဝိုက်ကာ တိုက်ခတ်နေသည်။

သို့သော် ညိုထက်လူနှင့် ယန်ယွင်ချုံးတို့မှာ အေးစက်ခြင်းကို မခံစားရပါ။

နှစ်ဦးစလုံး၏ ကိုယ်ပေါ်တွင် ချွေးများစို့ရွှဲနေပေသည်။

တိုက်ကွက်တစ်ရာကျော်သွားပြီ ဖြစ်သည်။

မည်သူမျှ အသာမရသေးပါ။

ယန်ယွင်ချုံးမှာ စိတ်လောလာသည်။

ဤအတိုင်း ဆက်လက်တိုက်ခိုက်နေပါက သူ့အတွက် အခြေအနေ မကောင်းပါ။

အချိန်ကြာသည်နှင့်အမျှ ညိုထက်လူဘက်မှ စစ်ကူရောက်လာနိုင်သည် မဟုတ်ပါလား။

ယန်ယွင်ချုံးမှာ တိုက်ပွဲကို မြန်မြန်သိမ်းလို၏။

ထို့ကြောင့် သူသေကိုယ်သေ တိုက်ခိုက်မှုများ ပြုလုပ်လိုက်လေသည်။

သူ့အားတိုက်ခိုက်လာသော သံတုတ်အား ဖမ်းဆုပ်လိုက်ပြီး



ဓားနှင့်ထိုးချလိုက်၏။

ညိုထက်လူမှာ သူ၏သံတုတ်ကို ဖမ်းဆုပ်ခံရသည်ကို တွေ့သည်နှင့် ကျန်လက်ဖြင့် ယန်ယွင်ချုံး၏ ရင်ဝသို့ ရိုက်ချလိုက်၏။

'ဝုန်း . . .'

'အား . . .'

နှစ်ဦးစလုံး ... နောက်ပြန်လဲကျသွားသည်။

ညိုထက်လူ၏ ကိုယ်တွင် သွေးချင်းချင်းနီရဲနေသည်။

ထို့အတူပင် ... ယန်ယွင်ချုံးမှာလည်း ကလေးမထိအောင် မှောက်လျက် လဲချလိုက်ရသည်။

သူသည်လည်း ... ညိုထက်လူ၏ လက်ဝါးရိုက်ချခံရသဖြင့် အတွင်းဒဏ်ရာ ပြင်းထန်စွာရရှိသွားလေသည်။

အတန်ကြာသည့်အထိ နှစ်ဦးစလုံး မလှုပ်ရှားနိုင်ဘဲ ဖြစ်နေ၏

ကလေးမှာ လန့်နိုးလာပြီး ငိုကြွေးလိုက်လေသည်။

သဲသောင်စပ်ဝယ် ကလေးငိုသံမှတစ်ပါး အခြားအသံများမှ ပကတိတိတ်ဆိတ်နေပေသည်။

ညိုထက်လူမှာ အားယူ၍ ကုန်းထနေသည်။

ညိုထက်လူ၏ လှုပ်ရှားမှုကို တွေ့သောအခါ ယန်ယွင်ချုံးမှာ ထိတ်လန့်သွားသည်။

သူသည် လှုပ်ရှားနိုင်ရန် ကြိုးစားလိုက်သည်။

သို့သော် ... မည်သို့မျှ မလှုပ်ရှားနိုင်ပါ။

ပါးစပ်ထဲမှသာ သွေးများယိုစီးကျလာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုထက်လူမှာ အားယူထစပြုနေသည်။

ညိုထက်လူ၏ လှုပ်ရှားမှုကိုကြည့်ရင်း ယန်ယွင်ချုံးမှာ ပို၍ထိတ်လန့်လာသည်။

ညိုထက်လူသာ ထနိုင်ပါက သူ့အတွက် မျှော်လင့်ချက်မရှိတော့ပါ။

သူ့သာမက သူ၏သမီးကလေးပါ အန္တရာယ်ရှိလာနိုင်သည် မဟုတ်ပါလား။

ယန်ယွင်ချုံးမှာတွေးရင်း စိတ်လှုပ်ရှားလာသည်။ စိတ်လှုပ်ရှားလာသည့်အတွက် ခေါင်းတစ်ခုလုံး မူးဝေကာ မိုက်ခနဲသတိလစ်သွား၏။ သတိမလစ်မီ သူ့နားထဲ၌ . . .

'ယန်ယွင်ချုံး . . . ယန်ယွင်ချုံး'

ဟူသောခေါ်သံကို ကြားသလိုလို ခံစားလိုက်ရပြီးလျှင် မှောင်အတိ ကျသွားလေတော့သည်။

❖❖❖❖❖



အေးစက်နေသောရေ၏ အတွေ့အထိကြောင့် ယန်ယွင်ချုံးမှာ သတိရလာသည်။

သူက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရာ မြစ်ကမ်းစပ်သဲ သောင်ပေါ်၌ပင် ရှိသေးကြောင်း သိလိုက်ရသည်။

အရှေ့ဦး၏ အလင်းရောင်ပင် ထွက်စပြုနေပြီဖြစ်၏။

ထိုစဉ် ... အသံကြားလိုက်ရ၏။

'အစ်ကိုကြီး ယန်ယွင်ချုံး သတိရလာပြီလား'

ယန်ယွင်ချုံးက ကြည့်လိုက်ရာ စောစောက ပါးရိုက်ခံရသော လူငယ်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ယန်ယွင်ချုံးက ကြိုးစား၍ မေးလိုက်၏။

'မင်း ငါ့ကို သိတယ်ဟုတ်လား မင်းဘယ်သူလဲ'

လူငယ်က သက်ပြင်းချရင်း . . .

'ကျွန်တော်ကသာ ခင်ဗျားကို တွေ့ဖူးတာပါ၊ ကျွန်တော့ဆရာရဲ့ ညည့်ခံပွဲမှာပါ၊ အခု ကျုပ်က မြစ်ထဲခုန်ချဖို့လာရင်း ခင်ဗျားကိုတွေ့လို့'

www.burmeseclassic.com

www.burmeseclassic.com



ယန်ယွင်ချုံးက . . .

'အခုလည်း ခုန်မချနဲ့တော့၊ နောက်လည်း ခုန်ချဖို့ မစဉ်းစားနဲ့၊ ယောကျ်ားဆိုတာ ... ဘာကိစ္စမဆို သတ္တိရှိရှိ ရင်ဆိုင်ဝံ့ရတယ်'

လူငယ်မှာ ယန်ယွင်ချုံးအား ကြည့်ကာ စိတ်ဓာတ်ပြန်တက်ကြွလာ၏။

ယန်ယွင်ချုံးမှာ ဒဏ်ရာ အလွန်ပြင်းထန်၏။

သို့သော် ... စိုးစဉ်းမျှ ကြောက်ရွံ့ခြင်း မရှိပါ။

ထို့ကြောင့် ယန်ယွင်ချုံးအပေါ် ပို၍ လေးစားသွားလေတော့သည်။ ယန်ယွင်ချုံးက အင်္ကျီစကို ဖြဲဆုတ်လိုက်၏။

ထို့နောက် ... သွေးဖြင့် စာရေးလိုက်၏။

ပြီးမှ ထိုအင်္ကျီစအား လူငယ်အား လှမ်းပေးလိုက်ပြီး . . .

'ဒီစာကို မင်းယူသွား၊ ငါ့ဓားကိုလည်း ယူသွားပါ၊ ကလေးကို ကင်းစန်းတောင်က လွီမင်ဆရာတော်ဆီကို ပို့ပေးပါ၊ မင်းကို သူက ဓားပညာ သင်ပေးလိမ့်မယ်၊ ငါ့အတွက် ... ဆောင်ရွက်ပေးပါလို့ တောင်းပန်ပါတယ်'

ဟု ရှည်လျားစွာ ပြောလိုက်ပြီး ... မျက်စိမှိတ်သွား၏။

ထိုအခိုက် ... ကလေးငယ်က ငိုကြွေးလိုက်ပြန်သည်။

လူငယ်က ကလေးကို ချော့သိပ်လိုက်၏။

ယန်ယွင်ချုံးအား ကြည့်လိုက်ရာ သေဆုံးနေပြီ ဖြစ်ကြောင်း စိတ်မကောင်းစွာ တွေ့လိုက်ရလေသည်။

လူငယ်က ကလေးကို ပွေ့ချီလိုက်ပြီး ခါးတွင် ဓားတိုကို ချိတ်လိုက်၏။



စာရေးထားသော အင်္ကျီစကို ခါးပတ်ကြား၌ ထိုးထည့်လိုက်၏။

ထိုစဉ် အဝေးမှ . . .

'အစ်ကို . . . အစ်ကို'

ဟူသော မိန်းကလေး အသံကို ကြားလိုက်ရလေသည်။

လူငယ်၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

လူငယ်က ... အပေါ်အင်္ကျီနှင့် ဖိနပ်ကို ချွတ်လိုက်၏။

မြစ်မှာ ... ဒီရေပို့တက်လာ၏။

လူငယ်က ကျေနပ်စွာ ပြုံးလိုက်ပြီး ... အပေါ်အင်္ကျီနှင့် ဖိနပ်အား မြစ်ထဲသို့ ပစ်လွှင့်လိုက်လေသည်။

ထို့နောက် ပုန်းခိုစရာနေရာတစ်ခု ရှာဖွေကာ ပုန်းနေလိုက်လေသည်။

'အစ်ကို . . . အစ်ကို'

အော်သံနှင့်အတူ မိန်းကလေးတစ်ဦးနှင့် လူရွယ်နှစ်ဦး မြင်းကိုယ်စီဖြင့် သဲသောင်စပ်သို့ ရောက်လာ၏။

တကြော်ကြော် အော်ခေါ်နေသော မိန်းကလေးမှာ စောစောက လူငယ်အား ပါးရိုက်ခဲ့သော လုံမငယ်ဝင် ဖြစ်ပါသည်။

လုံမငယ်တို့မှာ သဲသောင်စပ်သို့အရောက် အလောင်းများ တွေ့လိုက်ရသဖြင့် အံ့ဩသွားကြ၏။ လူရွယ်တစ်ဦးက . . .

'ဟင် ... ယန်သူ့ရဲကောင်းပါလား'

ဟု ရေရွတ်ပြီး ... ချက်ချင်းပင် ယန်ယွင်ချုံးအား ပွေ့ထူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ယွင်ချုံး သေဆုံးနေသည်ကို တွေ့မြင်ကြရသဖြင့် စိတ်မကောင်း ဖြစ်သွားလေသည်။ လူရွယ်တစ်ဦးက ပြောလိုက်သည်။

'သူ့ကို သင့်တော်တဲ့နေရာတစ်ခုမှာ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးရမယ်'

ထိုစဉ် ... ရေမှာ ပိုတက်လာ၏။

ရေနှင့်အတူ ဖိနပ်တစ်ရံနှင့် အင်္ကျီစမှာ သောင်ပြင်သို့ ပြန်ပါလာလေသည်။

မိန်းကလေးမှာ ဖိနပ်နှင့် အင်္ကျီကို မြင်သော် အလန့်တကြား အော်ဟစ်လိုက်ပြီး ငိုကြွေးလိုက်လေသည်။

လူရွယ်နှစ်ဦးက မိန်းကလေးအား ဖျောင်းဖျနှစ်သိမ့်ပြီး မြင်းပေါ်သို့ ပြန်တင်ပေးလိုက်ကြ၏။ ထို့နောက် ... ယန်ယွင်ချုံး၏ အလောင်းကိုပါ သယ်ဆောင်သွားကာ ပြန်လည် ထွက်ခွာသွားကြလေသည်။

သူတို့အားလုံး ထွက်သွားတော့မှ လူငယ်မှာ ပုန်းကွယ်နေရာမှ ထွက်လာ၏။

ထို့နောက် သဲသောင်အတိုင်း မြောက်ဘက်သို့ ဦးတည်လျှောက်သွားလိုက်လေတော့သည်။

❖❖❖❖❖



ချင်လျှံ ဘုံကျောင်း

ဖန်းစီးခရိုင် . . .

ဂူထိုင်မြို့။

ဂူထိုင်မြို့သည် ဗုဒ္ဓဘာသာ အထွန်းကားဆုံး မြို့ပင် ဖြစ်၏။

နှစ်စဉ်နှစ်တိုင်း ပွဲတော်ကျင်းပလေ့ရှိ၏။

ဂူထိုင်မြို့တော်သည် အလွန်ပင်စည်ကားသည်။

အနယ်နယ် အရပ်ရပ်မှ လာကြသူများလည်း မနည်းပေ။

ယခုလည်း ပွဲတော်ကျင်းပတော့မည်မို့ ဂူထိုင်မြို့သို့ လူအများ တဖွဲဖွဲနှင့် ရောက်လာကြလေသည်။

တည်းခိုခန်း အားလုံးလိုလိုပင် ... လူများ ပြည့်လျှံနေကြပြီ ဖြစ်ပါသည်။

ပွဲတော်နေ့ . . .

နံနက်စောစော နေမထွက်မီ ... ဂူထိုင်မြို့မှာ လှုပ်လှုပ်ရှားရှား စည်စည်ကားကား ဖြစ်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမများပေါ်တွင် လူများဖြင့် ပြည့်ကျပ်နေ၏။

ထိုလူအုပ်အတွင်းဝယ် အဘိုးအိုတစ်ယောက်နှင့် လူငယ်ချော့ချော့လေး တစ်ဦးမှာ … ဟိုဟိုသည်သည် ငေးရင်း လျှောက်နေကြသည်။

အဘိုးအိုမှာ … သိုင်းလောကတွင် နာမည်ကျော်ကြားသော သမားတော် ဖုချင်စန်း ဖြစ်၏။

ဖုချင်စန်းသည် ဆေးပညာတွင်သာမက သိုင်းပညာတွင်လည်း အဆင့်မြင့်သော သိုင်းလောကသားတစ်ဦးပင် ဖြစ်၏။

သူနှင့်အတူ ရှိနေသော လူငယ်ချော့ချော့လေး၏ အမည်မှာ မောက်ဝမ်လင် ဖြစ်၏။

အမှန်စင်စစ် မောက်ဝမ်လင်သည် မိန်းကလေး တစ်ဦးပင် ဖြစ်သည်။

မောက်ဝမ်လင်နှင့် ဖုချင်စန်းမှာ ဘာမျှ မတော်စပ်ပါ။

မောက်ဝမ်လင်၏ ဖခင်သည် မောက်ဖိကျုန်းဖြစ်သည်။

မောက်ဖိကျုန်း၏ဇနီးမှာ တုံရှောင်ရွက် ဖြစ်၏။

ကုသိုလ်ကံက မျက်နှာသာ မပေး၍ … တုံရှောင်ရွက်အား ဟုန်ချင်ထောင်ဆိုသူက ဖမ်းဆီးခေါ်သွားကာ မန်ချူးဘုရင်အား ဆက်သခဲ့ပေသည်။

မောက်ဖိကျုန်းမှာ ဝမ်းနည်းကြေကွဲပြီး အရက်ကို အဖော်ပြုကာ … ထိုစိတ်နှင့်ပင် သေဆုံးသွားခဲ့ပေသည်။

မောက်ဖိကျုန်း မသေမီ ဖုချင်စန်းထံ၌ သမီးငယ်အား အပ်သွားခြင်းဝင် ဖြစ်ပါသည်။



မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့မှာ လမ်းလျှောက်လာရင်း လမ်းဆုံတစ်ခုသို့ ရောက်ရှိလာလေသည်။

လမ်းဆုံအရောက်ဝယ် ဖုချင်စန်းက . . .

'သမီး … ဟိုနှစ်ယောက်ကို သတိထားကြည့်လိုက်'

ဟု တီးတိုးပြောလိုက်လေ၏။

မောက်ဝမ်လင်က ဖုချင်စန်း ပြရာသို့ ကြည့်လိုက်လေ၏။

သူတို့ရှေ့ ခပ်လှမ်းလှမ်း၌ လူနှစ်ဦးလက်တွဲကာ လျှောက်နေကြ၏။

တစ်ဦးမှာ အလွန်ပိန်ပြီး အရပ်မှာ ခုနစ်ပေခန့် ရှည်၏။

ဝါးခြမ်းပြားတစ်ခု ထောင်ထားသည်နှင့် တူလှ၏။

သူနှင့်အတူ လက်တွဲလျှောက်နေသူမှာ အလွန်ဝပြီး အရပ်မှာ လေးပေပင် ပြည့်ဟန် မတူပါချေ။

ထို့ပြင် ခေါင်းမှာလည်း အလွန် ကြီးမားလှပေသည်။

မောက်ဝမ်လင်မှာ ထိုလူနှစ်ဦးအားကြည့်ရင်း ရယ်ချင်စိတ်ကို မထိန်းနိုင်ဘဲ ရယ်မောလိုက်လေသည်။

ထိုလူနှစ်ယောက်မှာ ရယ်သံကြားသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ကြသည်။

ဖုချင်စန်းက မောက်ဝမ်လင်၏လက်ကို ဆွဲကာ လမ်းချိုးတစ်ခုထဲသို့ ဝင်ပြီး လူကြားထဲ တိုးဝင်သွားလိုက်လေသည်။

ဖုချင်စန်းက . . .

'သမီး ဒီလူနှစ်ယောက်ဟာ သိုင်းသမားတွေ ရှည်ရှည်နဲ့လူက ဝင်ချင်ယင်း၊ ဝဝလူက ချင်းထုံ တဲ့၊ သူတို့ကို သွားမစနဲ့

www.burmeseclassic.com



ပြဿနာတက် နေမယ်'

ဟု သတိပေးလိုက်၏။

သူတို့နှစ်ဦး ဆက်လျှောက်ရာလမ်း၌ ... ထူးဆန်းမှုတစ်ခုကို တွေ့လိုက်ရလေသည်။

ဘုန်းကြီးတစ်ပါးမှာ ရှေ့မှ လျှောက်နေ၏။

သူ၏နောက်မှ လူများက လိုက်နေ၏။

လူများမှာ ဘုန်းကြီးအား မည်သို့မျှ ကျော်မတက်နိုင်ဘဲ ပြန်အတွန်းခံရသကဲ့သို့ ဖြစ်နေလေသည်။

မောက်ဝမ်လင်မှာ ထိုအချင်းအရာကြောင့် အံ့ဩသွားပြီး ဖုချင်စန်အား မေးလိုက်လေသည်။

'ဘဘ ... ဒီဘုန်းတော်ကြီးကိုကော သိသလား'

ဖုချင်စန်းက ဘုန်းတော်ကြီးအား လှမ်းကြည့်လိုက်လေ၏။

ဘုန်းတော်ကြီး၏ နားရွက်မှာ သာမန်လူ၏ နားရွက်ထက် နှစ်ဆကြီးမားနေသည်ကို တွေ့လိုက်ရ၏။

ဖုချင်စန်းက ... ရှေ့ဆက်မလျှောက်တော့ဘဲ ပြန်လှည့်ကာ လမ်းတစ်ခုသို့ ဝင်လိုက်ရင်း ရှင်းပြလိုက်၏။

'ဒီဘုန်းတော်ကြီးက ... ဘုန်းကြီးအစစ်မဟုတ်ဘူး၊ သိုင်းလောကသားတစ်ဦးပဲ၊ သူ့ကို သိုင်းလောကသားတွေက စပ်စုတယ်လို့ သမုတ်ကြတယ်'

မောက်ဝမ်လင်က ခေါင်းညိတ်လိုက်၏။

ဖုချင်စန်း၏ အမူအရာမှာ ထိုဘုန်းကြီးတုအား ရွံ့ကြောက်သည့်သဏ္ဌာန် ပေါ်နေကြောင်း အကဲခတ်မိသည်။



သူမက ဆက်မပြောတော့ဘဲ ဟိုးငေးသည်ငေးဖြင့် ဆက်လျှောက်လာ၏။

အတန်ကြာ ဆက်လျှောက်လာသောအခါ ရှေ့တွင်လူတစ်ယောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူအုပ်တွင် ... မျောက်နှစ်ကောင်ကို သံကြိုးချီကာ ဆွဲလာ၏။

ထို့အပြင် ဗုံတိုများနှင့် ကြေးမောင်းများ ပါလာ၏။

ထိုအဖွဲ့၏ခေါင်းဆောင်မှာ အသက်သုံးဆယ်အရွယ်ခန့် အမျိုးသမီး တစ်ဦး ဖြစ်၏။

ထိုအမျိုးသမီး၏ ရုပ်ရည်မှာ ခန့်ညားသည်။

ထိုအဖွဲ့မှာ မျောက်ပွဲပြစားသူများနှင့် တူလှပေ၏။

ဖုချင်စန်းမှာ ထိုအဖွဲ့အားတွေ့သောအခါ သက်ပြင်းချမိ၏။

မောက်ဝမ်လင်က . . .

'ဘဘ ... ဘာထူးခြားတာတွေ့လို့လဲ'

ဟု မေးလိုက်သည်။

ဖုချင်စန်းက . . .

'အခုလာတဲ့ လူစုကလည်း မျောက်ပွဲပြစားတဲ့လူ အစစ်တွေ မဟုတ်ပြန်ဘူး၊ အမျိုးသမီးဟာ သိုင်းပညာဘက်တော်အဆင့်မြင့် ပုံရတယ်'

❖❖❖❖❖

www.burmeseclassic.com



ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့မှာ နောက်ကြောင်း ပြန်လှည့်လာကြရာ မကြာမီပင် စောစောကတွေ့ခဲ့သော ဘုန်းကြီးအနီးသို့ ပြန်ရောက်လာလေသည်။

ဘုန်းတော်ကြီးမှာ အေးအေးဆေးဆေးပင် ရှေ့မှလျှောက်နေကြ၏။

သို့သော် လူစုများမှာမူ ကျော်မတက်နိုင်ဘဲ ဖြစ်နေ၏။

ဘုန်းကြီးနှင့် လူစုကြားဝယ် မမြင်ရသော တံတိုင်းတစ်ခုခြားထားသည်နှင့် တူလှ၏။

ထိုအခိုက် လူစုထဲမှ လူငယ်တစ်ဦးမှာ ကိုယ့်ကိုယ်ကို မဟန်နိုင်ဘဲ ရှေ့သို့ကျုံထွက်သွားရာ ... ဘုန်းကြီးနှင့်ဝင်တိုက်မိတော့မည်ကဲ့သို့ ဖြစ်သွား၏။

ဘုန်းတော်ကြီးက လှည့်ပင်မကြည့်ပါ။

အသာအရာပင် နောက်ပြန် လက်ဖွေ့ယမ်းလိုက်ရာ . . .



'ဝုန်း . . .'

လူငယ်မှာ နောက်သို့ လွင့်စဉ်သွားလေသည်။

လူငယ်မှာ မဟန်နိုင်တော့ဘဲ လွင့်လာရာ မောက်ဝမ်လင်ဘက်သို့ ရောက်လာ၏။

ထို့ကြောင့် ...

မောက်ဝမ်လင်က သူမအား ဝင်တိုက်မိမည်စိုးရိမ်ပြီးလျှင်ဘက်ဝါးရှေ့ထုတ်ကာ ထိန်းလိုက်ရ၏။

လူငယ်က ... လျှပ်တစ်ပြက် မောက်ဝမ်လင်၏ လက်ကိုဖမ်းဆုပ်ကိုင်လိုက်ပြီး သူ့ကိုယ်သူ ပြန်ထိန်းလိုက်လေ၏။

လူရွယ်မှာ မောက်ဝမ်လင်၏ နူးညံ့သော လက်ကလေးအား ကိုင်မိသောအခါ အံ့အားသင့်သွား၏။

မောက်ဝမ်လင်အား ကြည့်သောအခါ ယောကျ်ားလေးပုံစံဖြစ်နေ၍ စိတ်သက်သာသွားပြီး . . .

'အခုလို မတော်တဆဖြစ်ရတာ စိတ်မရှိပါနဲ့'

ဟု တောင်းပန်လိုက်၏။

ဘုန်းကြီးက လူရွယ်အား ကြည့်လိုက်ကာ သဘောကျစွာရယ်မောလိုက်ပြီး . . .

'ဟား . . ဟား . . ဟား မင်းမဆိုးဘူး၊ နောင်တွေ့ကြသေးတာပေါ့'

ဟု ပြောပြီး ပြန်လှည့်သွား၏။

ဖုချင်စန်းမှာမူ ခေါင်းငုံ့ကာ အခြားဘက်သို့ မျက်နှာလွှဲထားသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်အားလုံးကို မမြင်ဟန် မကြားဟန် ပြုနေပေသည်။

မောက်ဝမ်လင်ကလည်း ... ဖုချင်စန်း၏ အမူအရာကို ရိပ်မိသဖြင့် စကားကြောရှည် မနေတော့ဘဲ နေရာမှ ထွက်လာခဲ့လေတော့သည်။

❖❖❖❖❖



ချင်လျံ ဘုံကျောင်း။

ဝူထိုင်မြို့ တောင်ဘက် တောင်ကုန်းပေါ်တွင် တည်ရှိ၏။

ဝူထိုင်မြို့၏ အကျော်ကြားဆုံး သမိုင်းဝင် အဆောက်အအုံဖြစ်၏။

ဝူထိုင်မြို့ပွဲတော်မှာ ချင်လျံ ဘုံကျောင်းကို အစပြု၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

နေထွက်စ ပြုလာပြီ ဖြစ်၏။

ချင်လျံ ဘုံကျောင်းဆီသို့ တက်လာရာ လမ်းကြောင်းပေါ်တွင် အဘိုးအိုတစ်ဦးနှင့် လူငယ်လေးတစ်ဦး လျှောက်လာနေ၏။

ထိုလူငယ်နှင့် အဘိုးအိုမှာ မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့ပင် ဖြစ်၏။

မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့ ဘုံကျောင်းအနီးသို့ ရောက်လာသောအခါ လူတစ်ဦးစ၊ နှစ်ဦးစကိုသာ တွေ့ရသဖြင့် အံ့သြသွားမိ၏။

ယနေ့သည် ပွဲတော်နေ့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်လာသူမှန်သမျှ ချင်လုံ ဘုံကျောင်းသို့ဝင်ကာ ဂါရဝပြု ပူဇော်ကြရမည် ဖြစ်သည်။

ယခုမူ လူများ အဘယ်ကြောင့် မရောက်သေးပါသနည်း။

မောက်ဝမ်လင် တွေးတောနေစဉ်မှာပင် ရှေ့မှလျှောက်သွားနေသော လူနှစ်ဦး အပြန်အလှန် စကားပြောနေသည်ကို ကြားလိုက် ရလေသည်။

'ဒီနှစ်တော့ မိန်းချူး ဘုရင်မင်းမြတ်ကိုယ်တိုင် ကြွလာမယ် မထင်ဘူး'

'ဘာဖြစ်လို့လဲဗျ'

'ကြည့်ပါလား၊ လမ်းတစ်လျှောက် အဝါရောင် ကော်ဇောခင်းမထားဘူးဗျ'

'အေး . . . ဟုတ်သားပဲ'

'ဒါတင် မကသေးဘူး၊ ကိုယ်ရံတော်တပ်ဖွဲ့တွေလဲ ချမထားဘူးလေ'

'ခင်ဗျားပြောမှပဲ သတိထားမိတော့တယ်၊ ဒီလိုဆိုရင် ဘုရင်မင်းမြတ် ကိုယ်စား ဘယ်သူလာမလဲ မသိဘူး'

'နယ်စားကြီး တော်ချက်လာမယ်လို့ ကြားတယ်၊ နယ်စားကြီးက ဘယ်တော့မှ အဆောင်အယောင်နဲ့ မလာတတ်ဘူးဗျ'

'နယ်စားကြီး တော်ချက် ဟုတ်လား၊ သိပြီ ...သိပြီ သူမြို့စားလေးဘဝက လက်ထက်ပွဲကျင်းပမယ့်ည ... ထောင်ဖောက်ခံရလို့ တော်တော် ဂယက်ထသွားသေးတာ ကြားခဲ့ဖူးတယ်၊ ဒါထက်နေပါဦးဗျ ... ဘုရင်မင်းမြတ်ဟာ ဒီနှစ်ပိုင်းမှာ ကျူပ်တို့ရှုထိုင်ကို



...လေးခါလောက် လာခဲ့ပြီး ပွဲတော်ကျမှ ဘာလို့ မကြွချီလာရ...သလဲ မစဉ်းစားတတ်ဘူးဗျ'

မောက်ဝမ်လင်က ထိုလူနှစ်ဦးစကားကို နားထောင်ရင်း ...ချင်လုံ ဘုံကျောင်းဆီသို့ ကြည့်လိုက်၏။

ဘုံကျောင်းတံခါးမှာ ပိတ်ထားဆဲပင် ဖြစ်၏။

မောက်ဝမ်လင်က ဘုံကျောင်းတံခါးကို ကြည့်ရင်း . . .

'အင်း . . ဘာဖြစ်လို့ ဘုံကျောင်းတံခါး မဖွင့်သေးတာလဲ၊ ...တော်နေ့ဆိုတာ စောစောဖွင့်ဖို့ ကောင်းတာပေါ့'

ဟု တီးတိုးရေရွတ်လိုက်၏။

မောက်ဝမ်လင်၏ စကားကြောင့် ရှေ့မှ လျှောက်နေသူ ...ဦးက မောက်ဝမ်လင်အား လှည့်ကြည့်ကာ ပြုံးပြလိုက်၏။

ပြီးမှ ဖော်ရွေသောလေသံဖြင့် . . .

'ဒီကညီလေးက ... ဒီပွဲတော်ကို တစ်ခါမှ မရောက်ဖူးဘူး...တယ်'

ဟု မေးလိုက်လေသည်။

မောက်ဝမ်လင်က ခေါင်းညိတ်လိုက်ပြီး . . .

'ဟုတ်ပါတယ်'

ထိုလူက . . .

'ဒီချင်လုံ ဘုံကျောင်းက စည်းကမ်းတစ်ခုရှိတယ်လေ၊ ...တော်နေ့ဆိုရင် ... တိုင်းပြည်အကြီးအကဲ တစ်ဦးဦးက စတင်ပြီး ...တိုင်တစ်တိုင် ဘုံကျောင်းတံခါးဝမှာ စိုက်ရတယ်၊ ပြီးမှ ...ဖွင့်ပေးပြီး ဝင်ကန်တော့ရတယ်၊ အဲဒီနောက်ပိုင်းမှ ပွဲတော်သူ

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်သားတွေ ဝင်ပြီး ပူဇော်ခွင့်ရတယ်ဗျာ’

ဟု ရှင်းပြလိုက်လေသည်။

မောက်ဝမ်လင်တို့ စကားပြောဆိုနေကြစဉ်မှာပင် တောင်အောက်ဆီမှ လူသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ဗုံသံများလည်း ကြားလိုက်ရ၏။

မောက်ဝမ်လင်က ကြည့်လိုက်ရာ တောင်ပေါ်လမ်းအတိုင်း လူများစွာ တက်လာနေသည်ကို တွေ့လိုက်ရ၏။

ရှေ့ဆုံးတွင် လူရှစ်ဦး ထမ်းသော ဝေါစင်တစ်ခု ရှိ၏။

မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့က လမ်းဘေးကျောက်တုံးပေါ်တွင်ထိုင်ကာ စောင့်ကြည့်နေလိုက်လေသည်။

❖❖❖❖❖



ဝေါစင်မှာ ... အလွန်လှပ၏။

ရွှေရောင်မှာ နေထိသည့်အတွက် အလွန်ပင်တောက်ပနေ၏။

ဝေါစင်မှာ လျှင်မြန်စွာပင် တောင်ပေါ်သို့ ရောက်လာ၏။

ဝေါစင်ရှေ့တွင် အထိမ်းအမှတ် အလံကိုင်နှစ်ဦးပါလာ၏။

ဝေါစင်နောက်ဘက်၌ ကိုယ်ရံတော် နှစ်ဆယ်ခန့် ပါလာ၏။

ထို့နောက်တွင်မူ ပွဲတော်သို့ လာကြသူလူအများက ပါလာ သည်။

ဖုချင်စန်းက မောက်ဝမ်လင်အား တီးတိုးပြောလိုက်၏။

‘သမီး ဒီဝေါစင်ဟာ ဘုံကျောင်းဖွင့်ပွဲအတွက် ရောက်လာ အရှင်မင်းမြတ် ကိုယ်စားလှယ်ပါပဲ’

မောက်ဝမ်လင်က ခေါင်းညိတ်ရင်း သတိထားကြည့်လိုက် သည်။

ဖုချင်စန်းက ဝေါစင်ကိုကြည့်ရင်းမှ နောက်ဘက်မှလူနှစ်ဦး သတိထားမိသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



'အင်း … သူလဲ ရောက်လာပါလား၊ ဒီလောက် အဝေးကြီးက လာတယ်ဆိုတော့'

ဟု ရေရွတ်လိုက်၏။

မောက်ဝမ်လင်က … ဖုချင်စန်း ကြည့်ရာသို့ ကြည့်လိုက်ရာ တိဘက်လားမား ဘုန်းတော်ကြီးတစ်ပါးနှင့် စစ်ဝတ်စုံဝတ်ဆင်ထားသောလူတစ်ဦးအား တွေ့လိုက်ရလေသည်။

မောက်ဝမ်လင်က ဖုချင်စန်းအား ကြည့်လိုက်ရာ ဖုချင်စန်း၏ မျက်နှာတွင် ထိတ်လန့်စိုးရိမ်နေဟန်များ တွေ့လိုက်ရသဖြင့် အံ့ဩသွားပြီး . . .

'အဘ … ဒီတိဘက်လားမားကြီးနဲ့ ဟိုဘုန်းကြီးတု ဘယ်သူက ကြောက်စရာပိုကောင်းသလဲ'

ဟု မေးလိုက်လေသည်။

ဖုချင်စန်းက . . .

'နောက်မှ ဘဘပြောပြမယ်၊ ဒီနေ့တော့ ပွဲကြီးပွဲကောင်းတွေ့ရမှာ သေချာတယ်၊ ကဲ . . သမီးနဲ့ ဘဘတို့ လွတ်လွတ်ကင်းကင်း နေရာတစ်ခု ရှာပြီး စောင့်ကြည့်ကြတာပေါ့'

ဟု ပြောလိုက်လေသည်။

ထို့နောက် မောက်ဝမ်လင်လက်ကိုဆွဲကာ တောင်ကုန်းမြင့်ပေါ်သို့ တက်သွားလေတော့သည်။

❖❖❖❖❖



ချင်လျံဘုံကျောင်းတံခါးရှေ့အနီးသို့ ရောက်သောအခါ ဝေါစင်မှာ ရပ်တန့်သွားလေသည်။

ဝေါစင်မှာ … ငြိမ်သက်နေ၏။

အတန်ကြာမှ ကန့်လန့်ကာ လှုပ်ရှားသွားပြီး လူတစ်ဦး ထွက်ဟန် ပြင်လိုက်၏။

သို့သော် ထိုလှုပ်ရှားမှုထက် မြန်သော လှုပ်ရှားမှုတစ်ခုက ရုတ်တရက် ပေါ်ပေါက်လာသောကြောင့် ဝေါစင်ထဲမှ လူမှာ ထွက်လာတော့ဘဲ ပြန်ထိုင်သွားလေသည်။

ထိုလှုပ်ရှားမှုမှာ … အခြားမဟုတ်ပါ။

ချင်လျံ ဘုံကျောင်းတံခါးအေး ကျောက်တုံးအကွယ်မှ အမျိုးသမီးတစ်ယောက် ထွက်လာ၏။

ထိုအမျိုးသမီး၏မျက်နှာမှာ ဇာပဝါ ဖုံးထားသဖြင့် မမြင်ရသော်လည်း သူမ၏ ခန္ဓာကိုယ်အချိုးအစားမှာမူ အတော်ပင် လှပသော၏။

ထိုအမျိုးသမီး၏ လက်ထဲတွင် ထွန်းညှိထားသော အမွှေးတိုင် တစ်ချောင်းပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ဘုံကျောင်းတံခါးရှေ့ အကြီးအကဲ အမွှေး တိုင် စိုက်ရမည့်နေရာတွင် စိုက်လိုက်လေသည်။

ထို့နောက် ဒူးထောက်ကာ ကန်တော့လိုက်လေသည်။

အဖြစ်အပျက်မှာ မြန်လွန်းသဖြင့် အားလုံး ငေးကြောင်နေ ကြ၏။

အတန်ကြာမှ ကိုယ်ရံတော်များက သတိဝင်လာပြီး မိန်းက လေးအား ဖမ်းချုပ်လိုက်သည်။

အုံ့ဩစရာ ကောင်းလှပေသည်။

အားလုံးက မိန်းကလေး ပြန်လည်ခုခံမည်ဟု ထင်ထား သော်လည်း မိန်းကလေးမှာ ခုခံခြင်း မရှိပါ။

ကိုယ်ရံတော်နှစ်ဦး၏ လက်ဝယ် ကြက်ငှက်ကလေးသဖွယ် အလွယ်တကူ အဖမ်းခံလိုက်ရလေသည်။

ကိုယ်ရံတော်နှစ်ဦးက မိန်းကလေးအား ဝေါစင်ရှေ့သို့ ဆွဲခေါ်သွားကြလေသည်။

ဝေါစင်ရှေ့သို့ ရောက်သည်နှင့် မိန်းကလေး၏ ခန္ဓာကိုယ် မှာ လူပ်ရှားသွား၏။

သူမအား ဖမ်းချုပ်ကိုင်ထားသော ကိုယ်ရံတော်နှစ်ဦးမှာ လွင့်စဉ်သွားလေသည်။

မိန်းကလေးမှာ လျှင်မြန်စွာ ဓားကို ဆွဲထုတ်ပြီး ဝေါစင် အတွင်းသို့ ထိုးချလိုက်၏။

သို့သော် ... သူမ၏ ဓားမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့် သွား၏။



ချက်ချင်းပင် နောက်သို့ သုံးလှမ်းမျှ ဆုတ်သွားလေသည်။

ထိုအခိုက်အတန့်မှာပင် ဘုံကျောင်းခေါင်မိုးပေါ်မှ အရိပ် တစ်ရိပ်က ကြိုးဝါးသံနှင့်အတူ ခုန်ဆင်းလာ၏။

'တော်ချက် ... ဒီနေ့ မင်းသေနေ့ပဲ'

သူက မြေပေါ်မကျမီ အလင်းတန်းသုံးခုက ဝေါစင်အတွင်း သို့ ပြေးဝင်သွားလေသည်။

ဇာပဝါအုပ်ထားသော မိန်းကလေးက ... ထိုလက်နက်ပုန်း မြားတိုကလေးများအား အချိန်မီလမ်းမှ ဖြတ်ကာ ဓားဖြင့် ခုတ်ချ လိုက်၏။

'ချွမ်း . . .'

'ချွမ်း . . .'

မြားတိုနှစ်ခုသာ ဟန့်တားနိုင်ပြီး တစ်ခုမှာမူ ဝေါစင် အတွင်းသို့ ဝင်သွားလေသည်။

ကြည့်နေသူအားလုံးမှာ နားမလည်ဘဲ ဖြစ်သွား၏။

စောစောကပင် မိန်းကလေးသည် ... ဝေါစင်ထဲမှ လူအား သတ်ရန် ကြံစည်ခဲ့၏။

ယခုတွင်မူ သူမကပင် ပြန်၍ ... ကယ်တင်နေသေးသည် မဟုတ်ပါလား ....

လက်နက်ပုန်းတစ်ခုမှာ ဝေါစင်ထဲ ဝင်သွားသော်လည်း ဘာမျှ အသံမကြားရပေ။

ထိုအခိုက် ...

လူအုပ်ကြားမှ ဘုန်းကြီးတုက ထွက်လာပြီး . .

www.burmeseclassic.com

www.burmeseclassic.com



'တော်ချက်ကို အလွတ်မပေးနဲ့'

ဟု အော်ဟစ်တပ်လှန့်လိုက်၏။

သူ၏ အသံအဆုံးဝယ် ချင်းထုံနှင့် ဝင်ချင်ယင်းတို့က တိုးထွက်လာ၏။

ထို့အတူ ...

မျောက်ပွဲမြစားသူများဟု ထင်မှတ်ရသော အုပ်စုကလည်း လက်နက်ကိုယ်စီ ဆွဲထုတ်လာသည်။

မောက်ဝမ်လင်မှာ ဖြစ်ပေါ်လာသော အခြေအနေကို ငေးကြည့်နေမိ၏။

ဘုံကျောင်းအမိုးပေါ်မှ ဆင်းလာသူမှာ သူမနှင့် ဝင်တိုးမိတော့မလို ဖြစ်ခဲ့သော လူရွယ်ဖြစ်ကြောင်း မှတ်မိလိုက်၏။

ကြည့်နေစဉ်မှာပင် လူရွယ်မှာ မြေပေါ်သို့ ခြေချမိသွား၏။

လူရွယ်က ... မြေပေါ်သို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် ဝေါစင်အတွင်းမှ မြားတိုကလေးသာ လျှပ်တစ်ပြက် ပြန်လည်ထွက်လာလေသည်။

ထိုမြားတိုလေးသည် အရှိန်အဟုန်ဖြင့် လူရွယ်ထံသို့ တည့်မတ်စွာ ပြေးဝင်သွားလေသည်။

လူရွယ်မှာ ... နောက်ကျွမ်းထိုးပြီး ရှောင်တိမ်းလိုက်၏။

သို့သော် ... မလွတ်ပါချေ။

ထို့ကြောင့် ကိုယ်တစ်စောင်းလှည့်ပြီး လက်မောင်းဖြင့် ခံပေးလိုက်ရလေတော့သည်။

ကိုယ်ရံတော်များကလည်း သတိဝင်လာ၏။



ချက်ချင်းပင် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ဘုန်းကြီးတု အုပ်စုအား ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

တစ်ခဏအတွင်းမှာပင် ...

ချင်လျံဘုံကျောင်းရှေ့၌ လူသံ၊ ဓားသံများ ဆူညံသွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ချင်လုံဘုံကျောင်းရှေ့၌ အခြေအနေမှာ ရှုပ်ထွေးနေ၏။

ပွဲတော်လာသူများမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကာ ဟိုပြေးသည်ပြေး ပြေးနေကြ၏။

လူသံများပို၍ ဆူညံပြီး ... ကမ္ဘာပျက်တော့မည့်ကဲ့သို့ ဖြစ်နေ၏။

ဘုန်းကြီးတုမှာ ကိုယ်ရံတော်များအား တရကြမ်းပင် တိုက်ခိုက်နေ၏။

သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်လှပေသည်။

ကိုယ်ရံတော်များမှာ ဘုန်းကြီးတုအား ဟန့်တားနိုင်စွမ်း မရှိဘဲ ဖြစ်နေ၏။

ချင်းထုံနှင့် ဝင်ချင်ယင်းတို့မှာလည်း အတွဲညီလှ၏။

သူတို့၏ လက်ချက်ဖြင့် ကိုယ်ရံတော် ငါးဦးခန့်မှာ သေဆုံးသွားကြလေသည်။

မကြာမီပင် ဘုန်းကြီးတုမှာ ဝေါစင်ရှေ့သို့ ရောက်ရှိသွားလေသည်။

ဘုန်းကြီးတုက . . .



'တော်ချက် ... မင်းထွက်လာခဲ့တော့၊ မဆီမဆိုင် ငယ်သား တွေကို အသေမခံနိုင်းနဲ့'

ဟု အော်ငေါက်လိုက်၏။

ထိုသို့ ဘုန်းကြီးတု၏ အော်ငေါက်သံအဆုံးဝယ် ဝေါစင်မှ ကန့်လန့်ကာမှာ ပွင့်သွားလေသည်။

အထဲမှ လူတစ်ယောက်က တစ်လှမ်းချင်း ထွက်လာ၏။

ဘုန်းကြီးတုမှာ မျက်နှာပျက်သွားလေသည်။

ထွက်လာသူသည် တော်ချက် မဟုတ်ပါ။

အမျိုးသမီးကြီး တစ်ဦး ဖြစ်၏။

တော်ချက်၏ ဇနီးပင် ဖြစ်ပါသည်။

အမျိုးသမီးကြီးက . . .

'ရှင်တို့က ဘာကိစ္စနဲ့ တော်ချက်ကို တွေ့ချင်ရတာလဲ'

ဟု လေသံအေးအေးနှင့် မေးလိုက်၏။

ဘုန်းကြီးတုမှာ ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော အဖြစ်အပျက်ကြောင့် တိုက်ခိုက်မှုများ အားလုံး ရပ်တန့်သွားလေသည်။

ဘုန်းကြီးတုမှာ ငေးငိုင်နေ၏။

ထို့အတူ ... သူ၏အဖွဲ့သားအားလုံးမှာလည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားကြလေသည်။

အမှန်စင်စစ် ဘုန်းကြီးတုတို့ လူစုသည် မန်ချူးတော်လှန်ရေး သမားများပင် ဖြစ်၏။

သူတို့နှင့် တော်ချက်အကြားဝယ် ဖြေမရနိုင်သော ရန်ငြိုးတစ်ခုက ကြီးမားစွာ ရှိနေ၏။

ယခုရောက်ရှိလာသူ အားလုံးသည် တော်ချက်မြို့စားကလေးဘဝက ထောင်ဖောက်မှုနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေသူများသာ ဖြစ်ကြ၏။

ထိုထောင်ဖောက်ပြေးရာတွင် လွတ်သည့်လူလွတ်ပြီး သေသူလည်း သေခဲ့၏။ တော်ချက်မှာလည်း ထိုနောက်ပိုင်းမှစ၍ တော်လှန်ရေးသမားများအား လိုက်လံ ရှာဖွေသုတ်သင်၏။



တော်ချက်ကြောင့် မနည်းလှသော တော်လှန်ရေးသမားများ ကျဆုံးခဲ့ရ၏။

အဖွဲ့အစည်းများမှာလည်း ဝါးအစည်းပြေသလို ပြေခဲ့ရ၏။

ထို့ကြောင့် ယနေ့ ချင်လျိဘုံကျောင်းပွဲတော်သို့ နယ်စားကြီး တော်ချက်လာမည်ဟု သတင်းကြားသောအခါ တော်လှန်ရေးသမားများက နယ်စားကြီး တော်ချက်အား လုပ်ကြံရန် စုစည်းရောက်ရှိလာ ခြင်း ဖြစ်၏။

သူတို့အားလုံးသည် တော်ချက်အား မုန်းတီး၏။

တော်ချက်အား သေစေလို၏။

သို့သော် ... မဆီမဆိုင် ကြားလူများကိုမူ အန္တရာယ် မပြုချင်ကြပါ။

ယခုလည်း ... ဝေါစင်ထဲမှ လူသည် တော်ချက် မဟုတ်ဘဲ တော်ချက်၏ဇနီး ဖြစ်နေသည်ကို တွေ့သောအခါ ဘာလုပ်ရမည် မသိဘဲ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြခြင်း ဖြစ်၏။

တော်ချက်၏ ဇနီးက . . .

'ရှင်တို့မှာ ကိစ္စမရှိဘူးဆိုရင်လဲ ပြန်ကြပါတော့'

ဟု ပြောဆိုရင်း ဘုံကျောင်းတံခါးဝဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

ဝင်ချင်ယင်းမှာ တွေဝေရပ်တန့်နေရာမှ ရုတ်တရက် သူပ်ရှားလာ၏။

'သူလဲ တို့လူတစ်ယောက်ကို ဒဏ်ရာရအောင် လုပ်ခဲ့တာပဲ၊ သူကိုလဲ တို့ရန်သူလိုပဲ သတ်မှတ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ဟစ်လိုက်ပြီး တော်ချက်၏ ဇနီးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

တော်ချက်၏ဇနီးမှာ နောက်ပင် လှည့်မကြည့်ပါ။

နောက်ပြန်လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ . . .

'ဝုန်း . . '

ဝင်ချင်ယင်းမှာ နောက်သို့လွင့်သွား၏။

ချင်းထုံမှာ ဝင်ချင်ယင်း ခံလိုက်ရသည်ကို တွေ့သောအခါ ဒေါသခြောင်းခြောင်းထွက်သွားပြီး တိုက်ခိုက်ရန် ပြေးသွား၏။

သို့သော် ... နယ်စား တော်ချက် ကတော်မှာ ဘုံကျောင်းအတွင်းသို့ ဝင်ရောက်သွားပြီ ဖြစ်ပါသည်။

ချင်ထုံးမှာ ဘုံကျောင်းအတွင်း၌မူ တိုက်ခိုက်ခြင်း မပြုလိုပါချေ။

ထို့ကြောင့် ... မချင့်မရဲဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ထိုအခိုက် ... တောင်အောက်ဘက်ဆီမှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

မြင်းခွာသံများမှာ ညီညာလှ၏။

အလွန်စံနစ်ကျသော မြင်းတပ်ဖွဲ့တစ်ခုချီတက်လာခြင်း ဖြစ်ကြောင်း အားလုံး နားလည်လိုက်၏။

စနစ်ကျလှသော မြင်းတပ်ဖွဲ့သည် ဘုရင့်ကိုယ်ရံတော်မြင်းတပ်ဖြစ်ကြောင်းလည်း အလိုလို သိလိုက်ကြလေတော့၏။

❖❖❖❖❖



လေထဲ၌ အလံငယ်များ လွင့်ပျံနေ၏။

အလံငယ်အားလုံး လေးဆယ့်ရှစ်ခုတိတိ ဖြစ်၏။

ထို့အတူ မြင်းမှာလည်း လေးဆယ့်ရှစ်ကောင် ဖြစ်၏။

မြင်း ... လေးဆယ့်ရှစ်ကောင်ပေါ်ဝယ် ဘုရင့်ကိုယ်ရံတော်တစ်စုဖြင့် စစ်သည်လေးဆယ့်ရှစ်ဦးက လိုက်ပါလာလေသည်။

၎င်းတို့၏ကျောပေါ်တွင် ... ပိုးထားသော လက်နက်များမှာ နေရောင်ကြောင့် တဖိတ်ဖိတ်တောက်ပနေလေ၏။

ဘုန်ကြီးတုက သက်ပြင်းချရင်း . . .

'ဘုရင့်ကိုယ်ရံတော်တွေတော့ ရောက်လာကုန်ပြီ'

ဟု ပြောရင်း ဆုတ်ခွာဟန် ပြင်လိုက်၏။

သို့သော် ... တောင်ကုန်းပေါ်ရှိ ကျန်ရှိသေးသော ကိုယ်ရံတော်များက အလွတ်မပေးတော့ပါ။

သူတို့သည် ... စစ်ကူရောက်ရှိလာပြီဖြစ်၍ အားတက်သွားကြ၏။

သို့ဖြစ်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတုတ်ို့လူစုအား စတင်တိုက်ခိုက်လိုက်လေတော့၏။

ဘုန်းကြီးတုတို့လူစုမှာလည်း မတတ်သာဘဲ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

ထိုအချိန်မှာပင် ... မြင်းစီးဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ကလည်း တောင်ဝေါသို့ရောက်ရှိလာပြီး ဘုန်းကြီးတုတို့လူစုအား ဝိုင်းရံ တိုက်ခိုက်လိုက်လေတော့သည်။

❖❖❖❖❖



ဇာပဝါဖုံးထားသော မိန်းကလေးမှာ တိုက်ပွဲအတွင်းမှ ရှောင်ထွက်လိုက်၏။

ထို့နောက် ... လက်မောင်းတွင် ဒဏ်ရာရရှိထားသော လူငယ်အား အကာအကွယ်ပေးကာ ဆုတ်လာခဲ့၏။

သို့သော် ... ဝေးဝေးပင် မဆုတ်နိုင်ပါ။

လူတစ်ဦးက သူမတို့အား ဟန့်တားတိုက်ခိုက်လိုက်လေ၏။

ဇာပဝါနှင့် မိန်းကလေးမှာ မတတ်သာတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

တိုက်ခိုက်ရင်းမှ ထိုကိုယ်ရံတော်၏သိုင်းပညာသည် အလွန်ကြောက်စရာကောင်းကြောင်း နားလည်လိုက်သည်။

ထိုကိုယ်ရံတော်အား ကြောက်လန့်တကြားဖြင့် သေသေချာချာ ကြည့်လိုက်၏။

ထိုကိုယ်ရံတော်၏ ဥပမိရုပ်မှာ ခန့်ညားတည်ကြည်လှ၏။

ကိုယ်ရံတော်တစ်ဦး၏ ဟန်မူရာထက် ရာထူးအလွန်ကြီးမားသူတစ်ဦး၏ ဟန်မူရာများ ပေါ်လွင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာပဝါနှင့် မိန်းကလေးမှာ ထိုကိုယ်ရံတော်အား တိုက်ခိုက်ရင်းမှ လူတစ်ယောက်အား သတိရသွား၏။

ကြောက်လန့်တကြားနှင့် . . .

'ဟင် . . နယ်စားကြီး တော်ချက်ပါလား'

ဟုလည်း ရေရွတ်မိလေတော့သည်။

ဘုန်ကြီးတုမှာ တိုက်ခိုက်ရင်းမှ မိန်းကလေး၏ရေရွတ်သံအား ကြားလိုက်သည်။

ထို့ကြောင့် မိန်းကလေးနှင့် တိုက်ခိုက်နေသူအား အကဲခတ်လိုက်သည်။

မှန်ပါသည်။

နယ်စားကြီး တော်ချက်အစစ်ပင် ဖြစ်သည်။

နယ်စားကြီး တော်ချက် ဖြစ်နေသည့်အတွက် မိန်းကလေးအတွက် အခြေအနေမကောင်းဟု တွေးမိ၏။

ချက်ချင်းပင် မိန်းကလေးဘက်သို့ ကူးလိုက်ပြီး . . .

'မိန်းကလေး ... နောက်ဆုတ်စမ်း'

ဟုလည်း သတိပေးလိုက်သည်။

မိန်းကလေးမှာ သက်သာရာရသွားပြီးလျှင် ချက်ချင်းပင် နောက်ဆုတ်ပေးလိုက်လေသည်။

ဘုန်းကြီးတုထက်ပင် ချင်းထိုက စောသည်ဟု ဆိုရပေမည်။

ချက်ချင်းပင် တော်ချက်ထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ဘုန်းကြီးတုကလည်း တော်ချက်ကို ဝင်ရောက်တိုက်ခိုက်လိုက်၏။



တော်ချက်၏အနီးမှ ကိုယ်ရံတော်တစ်ဦးက ဘုန်းကြီးတုအား ဆီးကြိုဟန့်တားလိုက်သည်။

ချင်းထိုမှာ နယ်စားကြီး တော်ချက်မှန်း သိလိုက်သည်နှင့် တရကြမ်း တိုက်ခိုက်လိုက်သည်။

သို့သော် .. နယ်စားကြီး တော်ချက်အား မယှဉ်သာပေ။

ဘုန်းကြီးတုက . . .

'ချင်းထို ... တော်ချက်ကို ငါ့အတွက်ထားစမ်း'

ဟု အော်ပြောလိုက်သည်။

ချင်းထိုက ချက်ချင်း နောက်ဆုတ်ကာ ... ဘုန်းကြီးတုနှင့် တိုက်ခိုက်နေသူကို တိုက်ခိုက်လိုက်သည်။

ဘုန်းကြီးတုကလည်း တော်ချက်အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ဘုန်းကြီးတုမှာ နယ်စားကြီးတော်ချက်အား အထင်မသေးပေ။

တော်ချက်၏ သိုင်းပညာသည် သူ့ထက်ပင် သာလွန်နေသည်ဟု ယူဆထားသည်။

ထို့ကြောင့် ဘုန်းကြီးတုက သူသေကိုယ်သေ အသက်စွန့်သော တိုက်ကွက်များကို အသုံးပြုကာ တိုက်ခိုက်လေသည်။

နယ်စားကြီး တော်ချက်မှာ ဘုန်းကြီးတုကဲ့သို့ အသက်မစွန့်ပေ။

ထို့ကြောင့် ဘုန်းကြီးတု၏ တိုက်ခိုက်မှုများအားရှောင်တိမ်းသာ ပြန်လည်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာလျှင် သူ့အတွက် အခက်ကြုံနိုင်ကြောင်း ယူဆလိုက်၏။

ထို့ကြောင့် ... နောက်သို့ဆုတ်ကာ တိုက်ပွဲကြားသို့ တိုးဝင်ပျောက်ကွယ်လိုက်လေသည်။

ဘုန်ကြီးတုမှာ အားမလို အားမရ ဖြစ်သွား၏။

ချက်ချင်းပင် ... နယ်စားကြီး တော်ချက်နောက်သို့ လိုက်လံတိုက်ခိုက်လိုက်၏။

သို့သော် .... သူတို့ကြားမှ ကိုယ်ရံတော်များ၏ ဟန့်တားထားခြင်းကို ခံလိုက်ရလေသည်။

နယ်စားကြီးတော်ချက်မှာ ဘုန်းကြီးတုအား ရှောင်ကွင်းပြီးနောက် ... တိုက်ပွဲအပြင်ဘက်သို့ ရောက်လာခဲ့၏။

ထိုအချိန်ဝယ် ... မျောက်ပွဲပြစားသောအဖွဲ့မှ ခေါင်းဆောင်အမျိုးသမီးက တော်ချက်အား လာရောက် တိုက်ခိုက်လိုက်လေသည်။

နယ်စားကြီး တော်ချက်မှာ ခုခံရင်း ... ထိုအမျိုးသမီးအား ကြည့်လိုက်လေ၏။

ထိုအမျိုးသမီးသည် ဘုရင်အလိုရှိသော တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်၏။

ထို့ကြောင့် ထိုအမျိုးသမီးအား ဖမ်းဆီးရန် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

အမျိုးသမီးမှာ တော်ချက်၏ ပြင်းထန်သောတိုက်ခိုက်မှုများကြောင့် နောက်သို့ တဖြည်းဖြည်း ဆုတ်သွားရ၏။



တရွေ့ရွေ့နှင့် သူတို့နှစ်ဦးမှာတိုက်ပွဲနှင့် အတော်ပင်အလှမ်းဝေးကွာလာလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

တော်ချက်မှာ တိုက်ခိုက်ရင်း နယ်ကျွံလာသည်ကို သတိပြုမိ၏။

ထို့ကြောင့် ... နောက်သို့ ပြန်ဆုတ်ရန် ဟန်ပြင်လိုက်၏။

သို့သော် အမျိုးသမီးက နောက်ပြန်ဆုတ်ခွင့် မပြုတော့ပါ။

နယ်စားကြီးတော်ချက်အား ဓားဖြင့် တရကြမ်းတိုက်ခိုက်လိုက်လေတော့သည်။

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့က တိုက်ပွဲ အခြေအနေကို အပေါ်စီးက ကြည့်နေ၏။

မောက်ဝမ်လင်က ...

'ဘဘ ... ဒီအမျိုးသမီးက ဘယ်သူလဲ'

ဖုချင်စန်းက ...

'သူ့နာမည် လျူယုဖန် လို့ ခေါ်တယ်၊ သူဟာ ... တို့ဘုရင်လက်ထက်က တပ်မှူးကြီးတစ်ဦးရဲ့ သမီးပဲ၊ အခုတော့တော်လှန်ရေး ခေါင်းဆောင်တစ်ယောက်ပေါ့'

မောက်ဝမ်လင်က ...



'ဘဘ ... လျူယုဖန်နဲ့ နယ်စားကြီး တော်ချက် ယှဉ်ပြိုင်တာ ဘယ်သူနိုင်မယ် ထင်သလဲ'

ဟု မေးလိုက်၏။

ဖုချင်စန်းက တစ်ချက် စဉ်းစားလိုက်ပြီး ...

'နယ်စားကြီး တော်ချက်ရဲ့ သိုင်းပညာဟာ အဆင့်မြင့်သလို လျူယုဖန်ကလည်း အဆင့်မြင့်တယ်၊ လျူယုဖန်ရဲ့ ဆရာဟာ ထင်းစန်းတောင်က လှိုမင်ဆရာတော်ရဲ့ ဂိုဏ်းတူ အစ်ကိုပဲ၊ ဓားပညာမှာ လျူယုဖန်က သာတယ်၊ နောက်ဆုံး လျူယုဖန်ကသာ နိုင်ဖို့ များပါတယ်'

ဟု ပြောလိုက်၏။

မောက်ဝမ်လင်က သက်ပြင်းချရင်း တိုက်ပွဲဆီသို့ ပြန်လည် အာရုံစိုက်လိုက်သည်။

ဖုချင်စန်း တွက်ဆထားသည်မှာ မှန်ကန်၏။

ကြည့်နေဆဲမှာပင် လျူယုဖန်၏ ဓားကွက်များမှာ မြန်ဆန် သွက်လက်လာ၏။

နယ်စားကြီး တော်ချက်မှာ ခုခံကာကွယ်နေရ၏။

ထိုစဉ်မှာပင် ...

'ကျုပ် လာပြီ ... နယ်စားကြီး မပူပါနဲ့'

အသံနှင့်အတူ ... လူတစ်ဦးက တိုက်ပွဲအတွင်းသို့ ပြေးဝင်လာ၏။

ဘုန်းကြီးတုက ဟန့်တားသော်လည်း ထိုလူက ကျွမ်းတစ်ချက်ထိုးကာ ရှောင်ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ချက်ချင်းပင် လျှူယုဖန်အား တိုက်ခိုက်လိုက်၏။

နယ်စားကြီး တော်ချက်မှာလည်း သက်သာရာရသွားပြီး နောက်သို့ ဆုတ်လိုက်လေသည်။

သို့သော် ဘုန်းကြီးတုက အလွတ်မပေးပါ။

နယ်စားကြီး တော်ချက်အား တိုက်ခိုက်လိုက်လေသည်။

မောက်ဝမ်လင်မှာ ... နောက်ဆုံး ရောက်လာသောလူ၏ သိုင်းပညာသည် အဆင့်မြင့် တစ်ဦးဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ဖုချင်စန်းဘက်လှည့်ကာ . . .

'ဘဘ ဒီလူဘယ်သူလဲ၊ သူ့ရဲ့ ကိုယ်ဖော့ပညာက ကြောက်စရာ ကောင်းလှချည်လား'

ဟု မေးလိုက်၏။

ဖုချင်စန်းက သက်ပြင်းချရင်း . . .

'သူ့နာမည်က ချူကြောင်းနန့်တဲ့၊ သူဟာ ထင်းစန်း ဓားနှစ်ဖော်က တစ်ဦးပဲ၊ သူ့ဆီမှာ နဂါးပျံဓားဆိုတဲ့ ဓားကောင်း တစ်လက်လဲ ရှိတယ်'

မောက်ဝမ်လင်က . . .

'ချူကြောင်းနန့်ဟာ ... ထင်းစန်း ဓားနှစ်ဖော်က တစ်ဦး ဟုတ်လား'

ဖုချင်စန်းက . .

'ဟုတ်တယ်၊ သူနဲ့ နောက်တစ်ယောက်ကတော့ ယန်ယွင်ချုံးပဲ၊ သူတို့နှစ်ယောက်ဟာ စိတ်ဓာတ်ချင်း ဆန့်ကျင်ဘက်ပဲ၊ ယန်ယွင်ချုံးက ... ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အတွက် ကြိုးစား



တယ်၊ သူကတော့ သူ့ကိုယ်ကျိုးပဲ ကြည့်ပြီး မန်ချူးတွေဆီမှာ သစ္စာခံခဲ့တယ်၊ ယန်ယွင်ချုံး သေဆုံးပြီးတဲ့နောက်ပိုင်း ထင်းစန်းမှာ သူတစ်ယောက်ပဲ ကျန်တော့တယ်၊ ဒီတော့ ... သူက ဘယ်သူ့မှ ဒီလောက် ဂရုမစိုက် တော့ဘူး'

မောက်ဝမ်လင်က . . .

'သူက မန်ချူးတွေဆီမှာ ရာထူးကောင်းကောင်း ရထား တယ် ထင်တယ်'

'ဟုတ်တယ် ကိုယ်ရံတော်ချုပ်ပဲ'

'သူ့ကို ဘယ်သူ ဝင်တားမှာလဲ၊ လျှူယုဖန်ကော ယှဉ်နိုင်ပါ့ မလား'

ဖုချင်စန်းက သက်ပြင်းချရင်း . .

'သမီး ... သည်မှာပဲ နေပါ၊ ဘဘမှ မလှုပ်ရှားပါနဲ့'

မောက်ဝမ်လင်က . . .

'ဘဘ ... သွားမလို့လား'

ဖုချင်စန်းက . . .

'ဟုတ်တယ်၊ ငါမဝင်လို့ မဖြစ်တော့ဘူး၊ သမီး သတိနဲ့နေခဲ့'

ပြောပြီးနောက် ... ပုန်းကွယ်ရာမှ ခုန်ထွက်သွားလေတော့ သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လျှုယုဖန်မှာ ချူကြောင်းနန်နှင့် တိုက်ခိုက်နေ၏။

သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်မိသောအခါ လျှုယုဖန်က ကြာလျှင် မိမိရှုံးနိမ့်သွားမည်ဟု တွက်ဆမိ၏။

ထိုစဉ် ... လူရိပ်တစ်ရိပ်က ခုန်ဝင်လာပြီး ချူကြောင်းနန် အား တိုက်ခိုက်လိုက်လေသည်။

လျှုယုဖန်က ... နောက်ဆုတ်ပေးလိုက်ပြီး နယ်စားကြီး တော်ချက်ကို သွားရောက် တိုက်ခိုက်လိုက်လေသည်။

ဖုချင်စန်းမှာ ချူကြောင်းနန်နှင့် ပြင်းထန်စွာ တိုက်ခိုက် နေ၏။

သူတို့နှစ်ဦးစလုံး ချောက်စွန်းနားဆီသို့ ရောက်သွား၏။

သူတို့သည် ချောက်စွန်းအား ဂရုမမူပဲ ဆက်လက် တိုက် ခိုက်ကြရာ နောက်ဆုံးနှစ်ဦးစလုံး ချောက်ထဲသို့ လိမ့်ကျသွား၏။

ဖုချင်စန်းကမူ ကံကောင်းသည်ဟု ဆိုရပေမည်။

ချောက်ကမ်းပါးစွန်း၌ ပေါက်နေသော သစ်ပင်ကို ဖမ်းဆွဲ ထားလိုက်နိုင်၏။



ချောက်ကမ်းပါးမှာ သိပ်နက်ရှိုင်းသည်ဟု မဆိုနိုင်ပါ။

ချူကြောင်းနန်မှာမူ အောက်သို့ ပြုတ်ကျသွားလေသည်။

လျှုယုဖန်မှာ ... တော်ချက်နှင့်တိုက်ခိုက်ရင်း တိုက်ပွဲအခြေ အနေကို အကဲခတ်ကြည့်လိုက်၏။

နယ်စားကြီး တော်ချက်၏ ... ကိုယ်ရံတော်တပ်ဖွဲ့ အင်အား တစ်ထောင်ခန့်က သူမတို့ဘက်တော်သားများကို ဝိုင်းရံထား ကြောင်း တွေ့လိုက်ရလေသည်။

လျှုယုဖန်က သက်ပြင်းချလိုက်၏။

ယခု ... သူမအဖို့ ဘုန်းကြီးတု ထုံမင်နှင့် ပူးပေါင်းပြီး နယ်စားကြီး တော်ချက်ကို အနိုင်ယူနိုင်ပြီ ဖြစ်၏။

သို့သော် ... သူမတို့အဖို့လည်း လွတ်လမ်းမမြင်ပါချေ။

နောက်ဆုံးတွင် ... လျှုယုဖန်က တိုက်ခိုက်မှု ရပ်တန့်လိုက် ပြီးနောက် ...

'တော်ချက် ... ရှင်ဒီနေ့ အသက်ရှင်ချင်သေးသလား'

ဟု မေးလိုက်၏။

နယ်စားကြီး တော်ချက်က ရယ်မောလိုက်ပြီး . . .

'မင်းက ... ငါ့ကို သတ်နိုင်လို့လား'

ဟု ပြန်မေးလိုက်၏။

လျှုယုဖန်က . . .

'ကျွန်မတို့နှစ်ယောက်ကို ... ရှင် မခုခံနိုင်ပါဘူး၊ ရှင့်အသက် ရှင်ချင်သလားဟင်၊ ရှင့်လူတွေကို နောက်ဆုတ်ခိုင်းပါ၊ ကျွန်မတို့ ပြန်ထွက်သွားမယ်၊ ရှင် ... အနှောင့်အယှက် မပေးရဘူး'

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး တော်ချက်က . . .

'နောင် ... တွေ့ရင်ကော'

'နောက်ပြန်တွေ့ရင် ကျွန်မတို့ကလဲ ရှင့်ကိုသတ်ဖို့ကြိုးစားမှာပဲ'

နယ်စားကြီးတော်ချက်က သဘောကျစွာရယ်မောပြီး ...

'ကောင်းပြီလေ'

တော်ချက်က ချက်ချင်း အော်ဟစ်အမိန့်ပေးလိုက်၏။

'အားလုံး ... ရပ်ကြ'

တော်ချက်၏အသံမှာ ဟိန်းထွက်သွား၏။

တော်ချက်၏အမိန့်သံအဆုံး၌ တိုက်ပွဲမှာ ရပ်တန့်သွားလေ၏။

ဘုန်းကြီးတု ထုံမင်က တော်ချက်အား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး ... ချာခနဲ လှည့်ထွက်သွားလေသည်။

လျှုယုဖန်ကလည်း သူ၏လူများအား ဆုတ်ခွာရန်အမိန့်ပေး လိုက်သည်။

ဇာပဝါဖုံးထားသော မိန်းကလေးက တော်ချက်အား စူးစူးရဲရဲ တစ်ချက် ကြည့်လိုက်သည်။

တော်ချက်ရှေ့မှ ဖြတ်အလျှောက်တွင် အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

ဝင်ချင်ယင်းက လှမ်းတွေ့သွားပြီး ဟန့်တားလိုက်၏။

'မိန်းကလေး ... ဒီလိုမလုပ်နဲ့၊ လူဆိုတာ ကိုယ့်ကတိကိုယ်လေးစားရတယ်'



ဇာပဝါနဲ့ မိန်းကလေးက မကျေမနပ်ဖြင့် ခြေတစ်လှမ်းဆောင့်ကာ ... တောင်အောက်သို့ ဆင်းသွားလေသည်။

လျှုယုဖန်တို့ကလည်း ... တောင်အောက်သို့ ဆင်းသွားလေ၏။

တော်ချက်မှာ လျှုယုဖန်တို့ ဆင်းသွားသည်ကို ငေးကြည့်နေသည်။

ထိုအခိုက် ... ဖုချင်စန်းက တောင်ပေါ်ပြန်တက်လာပြီး ခေါက်ဝမ်လင်နှင့်အတူ လျှုယုဖန်တို့နောက်သို့ ပြေးလိုက်သွားသည်။

တော်ချက်မှာ တော်လှန်ရေးသမားများ ထွက်သွားသည်ကို ကြည့်ရင်း ... မူးမေ့လဲကျသွားလေသည်။

သူသည် ဘုန်းကြီးတု၏ လက်ဝါးတစ်ချက် ထိခဲ့သည် မဟုတ်ပါလား။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နိုင်ဆုံးမှာ ... မန်ချူးကိုယ်ရံတော်များ လက်ထဲတွင် အဖမ်းခံရခြင်း ဖြစ်နိုင်ပေသည်။

လျူယုဖန်က သက်ပြင်းချရင်း ...

'တို့ ... ဒီကထွက်ဖြစ်အောင် အရင်ထွက်ပြီးမှ ပြန်ကယ်ဖို့ တိုင်ပင်ကြမယ်'

သူမတို့အဖွဲ့သည် လျှင်မြန်စွာ ခရီးဆက်လာရာ နေ့လယ်ခင်းအချိန်၌ တောအုပ်အတွင်း လျှို့ဝှက်အဆောက်အအုံ တစ်ခုအနီးသို့ ရောက်ရှိလာလေသည်။

လျူယုဖန်က သူ၏ငယ်သားနှစ်ယောက်အား သတင်းပို့ခိုင်းလိုက်ပြီး သူမတို့က သစ်ပင်အောက်၌ အမောပြေ အနားယူလိုက်ကြလေသည်။

❖❖❖❖❖

## လျှို့ဝှက်ချက်များ

လျူယုဖန်တို့နှင့်အတူ ဖုချင်စန်းတို့ လိုက်ပါလာ၏။

ဇာပဝါနှင့် မိန်းကလေးလည်း အတူပါလာသည်။

အတန်ကြာ လျှောက်လာပြီးမှ လျူယုဖန်က တစ်ယောက်အား သတိရသွားသည်။

ချက်ချင်း နောက်လှည့်ကာ . . .

'သခင်လေး ... ကြောင်ဟွာကျောင်းကော'

ဟု မေးလိုက်သည်။

ထိုအခါမှ သတိထားမိသည်၊ ဇာပဝါမိန်းကလေး တိုက်ခိုက်ပြီး ... ဆက်တိုက် ဝင်တိုက်ခိုက်သူ လူရွယ်မှာ ကြောင်ဟွာကျောင်းပင် ဖြစ်သည်။

သူသည် ဒဏ်ရာရပြီး ... ဇာပဝါနှင့်မိန်းကလေးက ပထမ အကာအကွယ်ပေးခဲ့သည်။

နောက်ပိုင်းတွင် ... တိုက်ခိုက်ရင်း လူချင်းကွဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



လျှုယုဖန်က ... ဓာပဝါဖုံးထားသော မိန်းကလေးအား စိုက် ကြည့်လိုက်ပြီး ...

'မိန်းကလေး ... မင်းဘယ်သူလဲ၊ မင်းရဲ့ ဒီနေ့ လုပ်ရပ်တွေကို ငါ စဉ်းစားလို့ မရဘူး၊ မင်းဟာ ရန်သူကိုလဲ လုပ်ကြံတယ်၊ ပြီးတော့ ပြန်လဲ ... ကယ်တယ်၊ မင်းမျက်နှာက ဓာပဝါကို ချွတ်ပြနိုင်မလား'

ဟု မေးလိုက်သည်။

ဓာပဝါနှင့် မိန်းကလေးက ဘာမျှ ပြန်မပြောဘဲ မျက်နှာတွင် ဖုံးထားသော ဓာပဝါကို ဖြည်ချလိုက်သည်။

မိန်းကလေး၏ မျက်နှာကို တွေ့သောအခါ အားလုံးအံ့အားသင့်သွားကြတော့သည်။

မိန်းကလေးသည် အကျည်းတန်ခြင်း မရှိပါ။

လှပချောမောသော မိန်းကလေးတစ်ဦး ဖြစ်သည်။

သို့သော် ... သူမ၏ မျက်နှာသည် နယ်စားကြီးတော်ချက်ကတော် နန့်လန်မင်ဟိုနှင့် ချွတ်စွတ်တူနေသောကြောင့်ပင် ဖြစ်ပါသည်။



သို့သော် ... မိန်းကလေး၏ ဟန်ပန်မှာ ဟန်လူမျိုးနှင့်သာ တူပြီး မန်ချူးတို့၏ ဟန်ပန်မျိုး မရှိပါချေ။

ဘုန်ကြီးစု ထုံမင်က ...

'မိန်းကလေး ... မင်းက မန်ချူးလား၊ ဟန်လား'

ဟု မနေနိုင်ဘဲ ဖွင့်မေးလိုက်သည်။

မိန်းကလေးက ...

'ကျွန်မ ... ဟန်လူမျိုးပါ'

ထုံမင်က ...

'မိန်းကလေးရဲ့နာမည်နဲ့ ဆရာကကော'

မိန်းကလေးက ...

'နာမည်ဆိုတာ ... အမှတ်အသားတစ်ခုပါ၊ ရှင်တို့ ခေါ်ချင်ရင်တော့ ယီလန်ကျူးလို့ ခေါ်နိုင်ပါတယ်၊ ကျွန်မရဲ့ သိုင်းပညာ မြစ်စလောက်နဲ့ဆိုတော့ ဆရာ့သိက္ခာထိခိုက်မှာစိုးလို့ ဆရာကို မပြောပါရစေနဲ့'

ဝင်ချင်ယင်းက ...

'မင်း ... ဒီနေ့ရည်ရွယ်ချက်ကို ပြောပါဦး'

ယီလန်ကျူးဆိုသူ မိန်းကလေးက ...

'ကျွန်မက တော်ချက်ကို လုပ်ကြံဖို့ပါ၊ ဒါပေမယ့် တော်ချက်ဟုတ်လို့ မသတ်တာပါ၊ ကျွန်တာက ကျွန်မနဲ့ ဘာမှ မပတ်သက်ပါဘူး'

ဖုချင်စန်းက မိန်းကလေးအား အကဲခတ်ရင်း လျှုယုဖန်အား တီးတိုးပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ယိုလန်ကျူးဟာ တစ်စုံတစ်ရာ ဖုံးကွယ်ထားပုံ ပေါ်တယ်၊ သူ့ကြည့်ရတာ စိတ်ထိခိုက်နေပုံလဲ ရတယ်၊ ကိုယ်ရေးကိုယ်တာ ပြဿနာ ရှိနိုင်တယ်'

လျူယုဖန်က ခေါင်းညိတ်လိုက်၏။

သူတို့သည် ယိုလန်ကျူးအား ထပ်မံမေးမြန်းခြင်း မပြုတော့ဘဲ အေးအေးဆေးဆေး နေခွင့်ပေးထားသည်။

ထိုစဉ်မှာပင် ...

တော်လှန်ရေးအဖွဲ့ကို ကြိုဆိုသူများ အဆောက်အအုံထဲမှ ထွက်လာကြ၏။

ဖုချင်စန်းကို ရှေးဦးစွာ ခေါ်သွားပြီးမှ ... ကျန်လူများကို နောက်ချန် ခေါ်သွားလေတော့သည်။

❖❖❖❖❖



လျှို့ဝှက်ဂေဟာ ...

ဖုချင်စန်းမှာ ဂေဟာအတွင်းသို့ ရောက်ရှိသွား၏။

ဂေဟာအတွင်း၌ သပ်ရပ်ခန့်ညားစွာ ပြင်ဆင်ထား၏။

ညှော့ကြိုက ဖုချင်စန်းအား စာကြည့်ခန်းအထိ ခေါ်ဆောင်ပြီး စာကြည့်တိုက်ခန်းတံခါးဝ၌ ရပ်တန့်ကာ . . .

'သခင်ကြီး ညှော့သည် ရောက်လာပါပြီ'

ဟု ပြောလိုက်၏။

အသံဆုံးသည်နှင့် အထဲမှ . . .

'ဝင်ခဲ့ပါ'

ဖုချင်စန်းက အခန်းတွင်းသို့ လှည့်ဝင်သွား၏။

အခန်းတွင်းသို့ ရောက်သောအခါ မျှော်လင့်မထားသော ယောက်ကို တွေ့လိုက်ရသည်။

ဖုချင်စန်း အံ့ဩဝမ်းသာ သွားပြီး ...

'ဟာ ... ပူဟန်ယင်း'

ဟု နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူဟာန်ယင်း ကလည်း ...

'ဟုတ်တယ်၊ မင်း ... ပါလာတယ် ပြောကြလို့ မင်းကို အရင် ခေါ်လိုက်တာ'

ဖုချင်စန်းက ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

သူတို့နှစ်ယောက် မတွေ့ရသည်မှာ နှစ်ပေါင်း(၂၀)ခန့်ရှိပြီ မဟုတ်ပါလား။

သူတို့နှစ်ဦး ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုကြပြီး နောက် ဂူဟာန်ယင်းက ...

'ငါ့မှာ ... ကိစ္စတစ်ခု ရှိနေသေးတယ်၊ မင်းကို ကြုံတုန်း အကူအညီ တောင်းမလို့'

'ဘာကိစ္စလဲ'

ဂူဟာန်ယင်းက ရယ်ကျဲကျဲဖြင့် ...

'မင်းကို အောင်သွယ်တော် လုပ်ခိုင်းမလို့ပါ'

ဖုချင်စန်းက မျက်မှောင်ကြုတ်သွားပြီး ...

'ဘယ်သူနဲ့လဲ၊ မောက်ဝမ်လင်လား၊ ငါတော့ သူ ငယ်သေးတယ်လို့ ထင်ပါတယ်'

ဂူဟာန်ယင်းက ...

'မောက်ဝမ်လင် မဟုတ်ပါဘူး'

'ဒါဆို ဘယ်သူလဲ၊ ငါလဲ မသိတော့ဘူး'

ဂူဟာန်ယင်းက ရယ်မောလိုက်ပြီး ...

'မင်းသိပါတယ် ... လျူယုဖန်လေ၊ သူက ... မငယ်တော့ပါဘူး'



ဖုချင်စန်းက ခေါင်းကုတ်လိုက်ပြီး ...

'လျူယုဖန်က ငယ်တော့ မငယ်တော့ပါဘူး၊ ဒါပေမယ့် ... သူက စိတ်ဆတ်တယ်ဗျ၊ နောက်ပြီး သူက တော်လှန်ရေးကိုပဲ ခေါင်းထဲထည့်ထားတာ၊ ကိုယ်ရေးကိုယ်တာဆို သိပ်ဦးစားပေးတာ မဟုတ်ဘူး၊ သူ့ကိုအောင်သွယ်ပေးဖို့ သိပ်လွယ်မယ် မထင်ဘူး၊ ဒါထက် ... သူနဲ့အောင်သွယ်ပေးရမယ့် သတို့သားကကော ဘယ်သူများလဲ ပြောပါဦး'

ဟု ပြန်မေးလိုက်၏။

ဂူဟာန်ယင်းက ဖုချင်စန်းအတွက် အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြီးမှ ...

'လျူယုဖန်ထက်တော့ ... အဆင့်မနိမ့်ပါဘူး၊ အသက်က လေးဆယ် မပြည့်သေးဘူး၊ ရိုးသားတယ်၊ စိတ်ထားဖြောင့်မတ်တယ်၊ လျူယုဖန်ကိုလဲ အမြဲအကူအညီပေးတယ်၊ ပြောရဦးမယ်၊ သူက လျူယုဖန်ကို ခွင့်တောင်းခဲ့ဖူးတယ်၊ ဒါပေမယ့် ... လျူယုဖန်က စဉ်းစားဖို့ အချိန်မပေးနိုင်သေးဘူးတဲ့'

ဟု ရှည်လျားစွာ ပြောလိုက်၏။

ဖုချင်စန်းက . . .

'သတို့သားနာမည် ပြောပါဦးဗျ'

ဂူဟာန်ယင်းက . . .

'မိုးမြေအဖွဲ့ ခေါင်းဆောင် ဟန်စုဖန်ပါပဲ'

ဖုချင်စန်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

အတန်ကြာမှ အရက်ကို မော့သောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ...

'ကျုပ်ကြိုးစားကြည့်ပါ့မယ်၊ လက်ခံတာ လက်မခံတာတော့ သူ့သဘောပဲပေါ့'

ဝူဟန်ယင်းက ...

'ကဲ . . ဒါဆိုရင် ကျုပ်တို့ ဟန်ဖုဖန်ကို သွားကြည့်မယ်၊ မင်း နည်းနည်းပါးပါး အကဲခတ်ဦးပေါ့'

ပြောပြောဆိုဆို သူတို့နှစ်ဦးက အတွင်းခန်း တစ်ခန်းဘက်သို့ ထွက်လာခဲ့လေသည်။

❖❖❖❖❖



ဝူဟန်ယင်းနှင့် ဖုချင်စန်းတို့မှာ ... အခန်းတစ်ခုရှေ့သို့ ရောက် လာ၏။

အခန်းထဲမှ ကလေးတစ်ဦး၏ အသံကို ဦးစွာ ကြားလိုက်ရလေသည်။

'ဦးဦး ဟန် ... ရှုံးပြီ၊ ကျွန်တော့ကို မြင်းလိုပိုးပေတော့'

ဝူဟန်ယင်းနှင့် ဖုချင်စန်းတို့က ... တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

အခန်းထဲ၌ ... အသက်ဆယ့်တစ်နှစ်ရွယ် ကလေးတစ်ဦးက လူရွယ်တစ်ဦး၏ ကျောပေါ် ခွစီးနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရွယ်မှာ ဟန်စုဖန်ပင် ... ဖြစ်ပါသည်။

ကလေးမှာမူ .. ဝူဟန်ယင်း၏သား ဖြစ်၏။

ဟန်စုဖန်မှာ အခန်းတွင်းသို့ လူဝင်လာသည်ကို တွေ့သောအခါ ... မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

ကလေးကို အောက်ချကာ ချက်ချင်းထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှုပာန်ယင်းက ဟန်စုဖန်နှင့် ဖုချင်စန်းတို့အား မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် ...

ဧည့်ခန်းဆီသို့ ပြန်ထွက်လာကြလေသည်။

❖❖❖❖❖



လျူယုဖန့်တို့ လူစုမှာ ဧည့်ခန်းတွင်း၌ အနားယူနေကြ၏။

ထိုစဉ် ဖုချင်စန်း၊ ငှုပာန်လင်းနှင့် ဟန်စုဖန်တို့ ဝင်လာသည်ကို တွေ့လိုက်ကြရလေသည်။

လျူယုဖန်မှာ ဟန်စုဖန်ကို တွေ့သောအခါ ... မသိမသာ ခေါင်းငုံ့သွားလေသည်။

ငှုပာန်ယင်းက ...

'ကဲ ... သမီးတို့လဲ ပင်ပန်းလာကြပြီထင်တယ်၊ အထဲမှာ စားစရာ အသင့်ပြင်ထားတယ်၊ တို့တစ်တွေ စားသောက်ရင်း ရှေ့ကိစ္စတွေ ဆွေးနွေးကြတာပေါ့'

ဟု ပြောရင်း ခေါ်ဆောင်သွားလေသည်။

အားလုံး စားသောက်ပြီးစီးသောအခါ လျူယုဖန်မှာ အကြံတစ်ခု ရလာ၏။

သူမတို့သည် မန်ချူးတော်လှန်ရေးသမားများ ဖြစ်၏။

သို့သော် အင်အားတောင့်တင်းမှု မရှိပါ၊ နေရာအတည်တကျ မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ နည်းတူ မိုးမြေအဖွဲ့မှာလည်း မန်ချူးတော်လှန်ရေး အဖွဲ့တစ်ဖွဲ့ ဖြစ်၏။

မိုးမြေအဖွဲ့သည် အင်အား တောင့်တင်း၏။

ဌာနချုပ် ဟူ၍လည်း ရှိ၏။

ထို့ကြောင့် ... သူမတို့ လူနည်းစုအနေနှင့် မိုးမြေအဖွဲ့ထဲသို့ ဝင်ရောက်ရန် စဉ်းစားလိုက်ပြီး ...

'ကျွန်မ စကားတစ်ခွန်းလောက် ... ပြောချင်ပါတယ်'

ဝူဟန်ယင်းက ...

'ဘာများလဲ'

လျူယုဖန်က ...

'ကျွန်မတို့နဲ့ မိုးမြေအဖွဲ့ဟာ ရည်ရွယ်ချက်ချင်း အတူတူပါပဲ၊ ဒီတော့ ကျွန်မတို့ မိုးမြေအဖွဲ့ထဲ ဝင်ချင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ထိုအခါ ... မိုးမြေ ဒုဂိုဏ်းချုပ် ယန်ဟီဝေးက ...

'ဟာ၊ သိပ်ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်'

ဟု ချက်ချင်းပြောလိုက်၏။

ဟန်စုဖန်က . . .

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ... လျူယုဖန်လို နာမည်ကျော်တစ်ဦးအနေနဲ့ ကျွန်တော်တို့အဖွဲ့ထဲ ဝင်လာတယ်ဆိုတာထက် ပူးပေါင်းတယ်လို့ပဲ သုံးနှုန်းသင့်ပါတယ်ဗျာ'

ဟု ပြုံးရွှင်စွာ ပြောလိုက်လေသည်။



လျူယုဖန်က ...

'ကောင်းပါပြီရှင် ... ရှင်ကပဲ ကျွန်မတို့ကို ဦးဆောင်ပါ'

ဟန်စုဖန်က လက်ကာလိုက်ပြီး ...

'ကျုပ်ဟာ ညီမလောက် အကြံကောင်း ဉာဏ်ကောင်းမရှိပါဘူး၊ ဒီတော့ ညီမပဲ ... ခေါင်းဆောင်နေရာယူပါ'

ထိုစကားကြောင့် မိုးမြေဂိုဏ်း၏ ဒုဂိုဏ်းချုပ် ဟန်ဟီဝေးမှာ မျက်လုံးပြူးသွားလေသည်။

ထိုစဉ် လျူယုဖန်က ...

'အို ... ကျွန်မကို အထင်မကြီးပါနဲ့ ရှင်ကပဲ ... ခေါင်းဆောင်လုပ်ပါရှင်'

ယန်ဟီဝေးက ကြားဖြတ်ပြောလိုက်သည်။

'ကျွန်တော်တို့က ... မိန်းကလေးကို လေးစားပြီးသားပါ၊ ဒါပေမယ့် မိန်းကလေးပြောတာလဲ သဘာဝကျပါတယ်'

သူက တမင် မြှောက်ပင့်ပြီးမှ ခေါင်းဆောင်နေရာ မယူရန် စကားနှင့် တားဆီးလိုက်ခြင်းပင် ဖြစ်၏။

သို့သော် ... ပကတိ ရိုးသားပွင့်လင်းလှသော ဟန်စုဖန်က အရိပ်အကဲကို နားမလည်ပါချေ။

လျူယုဖန်အား နဂိုကပင် မေ့ပျော့ရှိရင်းစွဲမို့ ခေါင်းဆောင်နေရာကို အတင်းပေးအပ်လိုက်ပြန်သည်။

'ဟာ ... မင်းတို့ကလဲ လေးစားပြီးသားဆိုတော့ ပိုကောင်းတာပေါ့၊ ကဲပါ ... ညီမကပဲ ခေါင်းဆောင်လုပ်လိုက်ပါ'

ယန်ဟီဝေးမှာ ဒုက္ခဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် ... လျူယုဖန်ကို ရှေ့ထား၍ ဖြောင်ကန့်ကွက်ရန်လည်း မသင့်ပေ။

ထို့ကြောင့် ... လျူယုဖန် ငြင်းပါစေဟုသာ ဆုတောင်းနေ[illegible]တော့သည်။

သို့သော် ... သူ၏ဆုတောင်းမှာ မပြည့်ဝပါချေ။

လျူယုဖန်က ...

'ကဲပါလေ၊ လောလောဆယ်တော့ ... လက်ခံလိုက်ပါ့မယ်[illegible] အခု ... ဒီကနေ့ ပြဿနာတွေကိုပဲ ဆွေးနွေးကြရအောင်'

ဟု လက်ခံရင်း ... ပြောလိုက်လေသည်။

ယန်ဟီဝေးမှာ မျက်နှာပျက်မသွားမိအောင် ဟန်ဆောင်[illegible]ရလေတော့သည်။

ထို့နောက် ဝူဟန်ယင်းက ...

'ဒီနေ့ တိုက်ပွဲအခြေအနေ ... ဘယ်လိုရှိသလဲ'

ဟု မေးလိုက်သည်။

လျူယုဖန်က ...

'ကျွန်မ တော်ချက်ကို လုပ်ကြံနိုင်တဲ့ အခွင့်အရေး ရလိုက်[illegible]တယ်၊ ဒါပေမယ့် ... သူ့ကိုသတ်ရင် ကျွန်မတို့ လူတွေလဲ အကု[illegible] သေကုန်မှာပဲ၊ ဒါကြောင့် တော်ချက်ရဲ့အသက်နဲ့ ပြန်လဲလာခဲ့ရတာ[illegible] ဒါထက် ... ကျွန်မကိုဝင်တိုက်ခဲ့တဲ့ ချူကြောင်နန်းရဲ့ သိုင်းပညာ[illegible]ဟာ သိပ်ကြောက်စရာကောင်းတယ်၊ အခု သူက ဘာဘ ဖုချင်စ[illegible]နဲ့တိုက်ရင်း ချောက်ထဲကျသွားတယ် ဆိုတာသိရတော့မှ စိတ်အေ[illegible]သွားရတော့တယ်'



ဖုချင်စန်းက ...

'ဒီလိုလဲ ... မတွက်နဲ့ဦး၊ ငါတောင် ... ပြန်တက်လာနိုင်တာ၊ [illegible]သူလဲ သေပြီလို့ တထစ်ချ ယူဆလို့ မရဘူး'

ဟန်စုဖန်က ...

'ချူကြောင်နန်းဟာ သိုင်းပညာသိပ်မြင့်မားတယ်လို့ ကြား[illegible]ရတာ၊ ဒါခို သူ့ကို ယှဉ်နိုင်တာ တစ်ဦးပဲ ရှိတော့မယ်'

လျူယုဖန်က ...

'ဘယ်သူလဲ'

ဟန်စုဖန်က ...

'သူ့နာမည်က ... လင်ဝိဖုန်း'

လျူယုဖန် မျက်မှောင်ကြုတ်သွားပြီး ...

'ကျွန်မ ... မကြားဖူးဘူး'

ဟန်စုဖန်က ...

'ငါလဲ မမြင်ဖူးဘူး၊ ကြားရုံသာ ကြားဖူးတာ၊ သူ့ရဲ့ဓားပညာ[illegible] လက်နက်ပုန်းပညာဟာ အထွတ်အထိပ်ပဲ၊ စင်ကျန်ပြည်မှာ [illegible]ညည်ကြီးတယ်၊ ကျုပ်လဲ သူ့ကို လိုက်စုံစမ်းပါတယ်၊ ဒါပေမယ့် [illegible]ခုထိ မတွေ့ရသေးဘူး၊ ပြီးတော့ သူဟာ ထင်းစန်းတောင်ခြေ[illegible]လဲ ကျက်စားတယ်၊ လွှီမင်ဆရာတော်ရဲ့ တပည့်လား မသိဘူး'

ဖုချင်စန်းက ...

'ကျုပ်တော့ လွှီမင်ဆရာတော်က နောက်ထပ်တပည့်မွေး[illegible] [illegible] မကြားမိဘူးဗျ၊ ဒါပေမယ့် ကျုပ်တို့မတွေ့တာကလဲ ကြာလှ[illegible]စ်ခု[illegible]တော့ တတ်အပ်တော့ မပြောနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဂူဟာန်ယင်းက ...

'ဒါတွေ ခဏထားလိုက်ပါဦး၊ တပ်မှူးကြီး ကြောင်ဟွာမင်းရဲ့ သားကော ဘယ်မှာကျန်ခဲ့သလဲ'

ဟု မေးလိုက်လေသည်။

ဘုန်းကြီးတု ထုံမင်က သက်ပြင်းချရင်း ...

'သခင်လေး ကြောင်ဖွာကျောင်းဟာ ... ရန်သူ့ လက်ထဲမှာ ကျန်ခဲ့တယ်'

ဂူဟာန်ယင်းက မျက်မှောင်ကုပ်သွားပြီး ...

'ဒါဆို ... ဘယ်လိုလုပ်ကြမလဲ'

လျူယုဖန်က ...

'တော်ချက် ... ဒီတစ်ခါလာတာဟာ ကိုယ်ရဲ့တော် သိပ်များတာပဲ၊ အင်အား တစ်ထောင်လောက် ရှိလိမ့်မယ်ရှင့်၊ သူ့မှာ အကြံတစ်ခုခုလဲ ရှိမှာ သေချာတယ်၊ သခင်ကလေးကို ကယ်ဖို့တော့ လောလောဆယ်မှာ ... လွယ်မယ် မထင်ဘူး'

ဟု မှတ်ချက်ချလိုက်သည်။

ဖုချင်စန်းက . . .

'ခင်ဗျားတို့အနေနဲ့ ကျူပ်ကို သိပ်ပြီး အိုနေပြီလို့ မယူဆရင် ...ျူပ်နဲ့ မောက်ဝမ်လင်တို့ နှစ်ယောက်သွားပြီး သခင်ကလေးကို ...ယ်ထုတ်ချင်တယ်'

ဟု ဝင်ပြောလိုက်၏။

...ူဟာန်ယင်းက ...

'...င်ဗျားတို့ကိုတော့ စိတ်ချပါတယ်ဗျ၊ လွှတ်ရမှာအားနာလို့ သူ'



'ကိစ္စမရှိပါဘူးဗျာ'

'ဒါပေမယ့် ... ခင်ဗျားနဲ့အတူ ဒီကလေးမလေးကို ခေါ်သွား...င် သူ့အတွက် အန္တရာယ်ရှိနေမလား မသိဘူး'

ဂူဟာန်ယင်းက စိတ်မချသလို ပြောလိုက်၏။

ထိုအခါ ... မောက်ဝမ်လင်က မဲ့ပြုံးပြုံးလိုက်၏။ ထို့နောက် ...သူမလက်ကို လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

သူမ၏ လက်နက်ပုန်းများသည် ထိုင်နေသူများ၏ ဦးခေါင်း...ပေါ် တစ်လက်မခန့်အကွာမှ ဖြတ်သွားပြီး သူတို့အနောက်ရှိ ...စ်ပင်များတွင် အနိမ့်အမြင့် ညီညာစွာ စိုက်ဝင်သွားပေသည်။

ဂူဟာန်ယင်းက ရယ်မောလိုက်ပြီး ...

'ဒါဆို ... ခင်ဗျားတို့ကို ယုံကြည်စိတ်ချပါပြီဗျာ'

ဟု စကားကို အဆုံးသတ်လိုက်လေသည်။

❖❖❖❖❖

၁

...စ်ခု

www.burmeseclassic.com

www.burmeseclassic.com



ည ...

လေကလေးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်သွား၏။

ဂေဟာ၏ ပြတင်းတံခါး တစ်ခုပွင့်သွားပြီး ... အရိပ်နှစ်ရိပ် လျှပ်တစ်ပြက် ခုန်ထွက်လာ၏။

ချက်ချင်းဆိုသလိုပင် တောတွင်းသို့ ပြေးဝင် ပျောက်ကွယ်သွား၏။

မရှေးမနှောင်းပင် .... အခြားပြတင်းပေါက် တစ်ခုပွင့်သွားပြီး အရိပ်တစ်ရိပ် ခုန်ထွက်ကာ တောတွင်းသို့ ပြေးဝင်သွားပြန်လေတော့သည်။

❖❖❖❖❖

ညဥ့်အမှောင်အောက်ဝယ် အရိပ်နှစ်ရိပ်မှာ လျှင်မြန်စွာပြေးသွားနေ၏။

ထိုအရိပ်နှစ်ခုမှာ ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့ပင် ဖြစ်ပါတော့သည်။

မောက်ဝမ်လင်က ...

'ဘာဘာ ... သမီးတို့ ဘယ်ကိုသွားကြမလဲ'

ဖုချင်စန်းက ...

'ပူထိုင်မြို့ဟာ တောင်ငါးလုံးအလယ်မှာ ရှိတယ်၊ တောင်ငါးလုံးထဲက တစ်လုံးပေါ်မှာ ချင်လျှံဘုံကျောင်း ဆောက်ထားတယ်၊ နောက်ထပ်တောင်တွေပေါ်မှာတော့ အဆောက်အအုံတွေရှိတယ်၊ အဲဒီအဆောင်တွေဟာ မန်ချူးအာဏာပိုင်တွေလာရင် တည်းခိုဖို့ပဲ၊ အခုလဲ ... သူတို့ အဲဒီမှာပဲ ရှိမှာပဲ'

သူတို့က စကားတပြောပြောနှင့် ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားနေကြလေသည်။

ထိုအခိုက် ... သူတို့၏ ညာဘက် ယွန်းယွန်း၌ အရိပ်တစ်ခု သုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လရောင်ဖြင့် သေချာစွာကြည့်လိုက်ရာ မျက်နှာဖုံးစွပ်ပြီး အနက်ရောင်ဝတ်စုံ ဝတ်ထားသည်ကို တွေ့လိုက်ရ၏။

ချက်ချင်းပင် ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့က ထိုအရိပ်နောက်သို့ ပြေးလိုက်သွားလေသည်။

ရှေ့မှ သွားနေသောအရိပ်သည် ... ပိန်ပါးသွယ်လျပြီး မိန်းကလေးတစ်ဦးနှင့်တူ၏။

ထိုအရိပ်သည် ဖုချင်စန်းတို့ လိုက်လာသည်ကို တွေ့သောအခါ ... နောက်သို့ ပြန်လှည့်ပြောလိုက်၏။

'ကိုယ့်လမ်း ... ကိုယ်လျှောက်ပါ'

ဖုချင်စန်းမှာ ထိုစကားကြားသောအခါ ချက်ချင်း ရပ်တန့်လိုက်၏။

မောက်ဝမ်လင်ကိုလည်း ဟန့်တားလိုက်လေသည်။

မောက်ဝမ်လင်က ...

'သူ ... ဘယ်သူလဲ၊ ဘဘ သိပြီလား'

ဟု မေးလိုက်၏။ ဖုချင်စန်းက ခေါင်းညိတ်ကာ ...

'အင်း . . သူဟာ ယိလန်ကျူးပဲ၊ သူ့မှာလဲ ကိစ္စတစ်ခုခုရှိလို့နဲ့တူပါတယ်၊ မလိုက်နဲ့တော့'

ဟု ပြောလိုက်၏။

မောက်ဝမ်လင်မှာ အံ့အားသင့်သွား၏။

ယိလန်ကျူးသည် လျှို့ဝှက်မှုများဖြင့် ပြည့်နှက်နေသော မိန်းကလေးတစ်ဦးဟု ခံစားလိုက်ရလေတော့သည်။

❖❖❖❖❖



ဖုချင်စန်းနှင့် မောက်ဝမ်လင်မှာ ... ချင်လျံဘုံကျောင်းနှင့် မျက်နှာချင်းဆိုင် တောင်ပေါ်သို့ တိတ်တဆိတ် တက်လာခဲ့၏။

ထိုတောင်ပေါ်၌ အထပ်ခြောက်ထပ်ရှိသော အဆောက်အအုံတစ်ခု ရှိ၏။

အထပ်တိုင်းတွင် ... မီးအိမ်များ ထွန်းညှိထား၏။

ထိုမျှသာမက အဆောက်အအုံ၏ ပတ်လည်တွင်လည်း မီးတိုင်များကို ဆယ်ပေခန့်ခြား၍ စီတန်းထွန်းညှိထား၏။

မီးရောင်အောက်ဝယ် ကိုယ်ရံတော် စစ်သည်အများအပြား စောင့်ကြပ်နေသည်ကို တွေ့လိုက်ရလေသည်။

ကိုယ်ရံတော်များထဲ၌ ... လေးသည်တော်များစွာကိုလည်း တွေ့လိုက်ရလေသည်။

ဖုချင်စန်း သက်ပြင်းချရင်း ...

'အင်း ... မလွယ်ပါလား'

မောက်ဝမ်လင်က ...

'ဟုတ်တယ်၊ ဒီလောက်များတဲ့ အစောင့်တွေကြားထဲမှာ လူပြောနဲ့ ... ငှက်တောင် လွတ်အောင် ပျံပြေးနိုင်မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းက ဘာမှပြန်မပြောဘဲ သေချာစွာကြည့်နေရ၏။

ထိုစဉ် ... လေကလေးတစ်ချက် ဝှေ့ယမ်းသွား၏။

ထိုအခါ ... မီးတိုင်များမှ မီးစွယ်များမှာ လူးလွန့် လှုပ်ရှားသွားလေသည်။

ဖုချင်စန်းက ပြုံးလိုက်ပြီး ...

'အထဲဝင်နိုင်ဖို့ အကြံရပြီ သမီး ... မီးငြိမ်းတာနဲ့ ဘဘနောက် အမီလိုက်နော်'

ဟုပြောပြီး ဖုချင်စန်းသည် လက်နှစ်ဘက်စလုံးကို လျှပ်တစ်ပြက် ဝှေ့ယမ်းလိုက်လေသည်။

❖❖❖❖❖

လေတစ်ချက် ပြင်းထန်စွာ တိုက်ခတ်သွား၏။

လေနှင့်အတူ ... ပစ်လွှင့်လိုက်သော လက်နက်ပုန်းများက မီးတိုင်များနှင့် တတိယထပ်ရှိ မီးအိမ်လေးငါးလုံးထဲသို့ ဝင်ရောက်သွား၏။

မီးတိုင်အချို့နှင့် မီးအိမ်များ မီးငြိမ်းသွား၏။

မီးငြိမ်းသွားသည်နှင့် မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့မှာ ပြေးလွှားကာ တတိယထပ်ဆီသို့ ခုန်တက်လိုက်၏။

ထို့အတူ အရိပ်တစ်ခုကလည်း အဆောင်အောက်ဘက်သို့ ဖြတ်ဝင်သွားလေသည်။

မီးအိမ်များ ငြိမ်းသွားသောကြောင့် အစောင့်များ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ကင်းမှူး တာဝန်ယူထားသူက ...

'မီးပြန်ထွန်းကြစမ်း၊ ဒီနေ့မှပဲ လေကလဲ တိုက်လိုက်တာ'

ဟုအမိန့်ပေးရင်း ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး ... တိတ်ဆိတ်နေ၏။

ပကတိငြိမ်သက်ကာ လှုပ်ရှားမှု လုံးဝမရှိပါချေ။

မကြာပါ၊ မီးငြိမ်းသွားသောမီးတိုင်များ ပြန်လည်ထွန်းညှိလိုက်ကြ၏။

အဆောင်အပြင်ဘက်၌ မီးများ ပြန်လည်လင်းထိန်သွားလေတော့သည်။

❖❖❖❖❖



ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့မှာ ပြတင်းပေါက်ဖွင့်လိုက်ပြီး အဆောင်တွင်းသို့ လှမ်းဝင်လိုက်၏။ အဆောင်၏ စင်္ကြံတစ်ခုလုံး မီးများထွန်းညှိထားသဖြင့် လင်းထိန်နေ၏။

ဖုချင်စန်းက မီးတိုင်များကို ငြိမ်းသတ်လိုက်လေသည်။

မောက်ဝမ်လင်ကလည်း ကူညီပေးလိုက်၏။

ထိုစဉ် ... သူတို့ဘက်သို့ လျှောက်လာသော ခြေသံကို ကြားလိုက်ရလေသည်။ ဖုချင်စန်းက နံရံတွင်ကျောကပ်ရင်း လျှောက်လာသူများအား အကဲခတ်ကြည့်လိုက်၏။

လူနှစ်ယောက် စကားပြောရင်း ... လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

'ဒီည ... လေတော်တော်တိုက်တာပဲ'

'ဟုတ်တယ်၊ အပြင်မပြောနဲ့ ... ဒီအထဲတောင် မီးငြိမ်းသွားပါလား'

ထိုလူနှစ်ဦး ... အနီးသို့ ရောက်လာသည်နှင့် ဖုချင်စန်းက လျှပ်တစ်ပြက် သွေးကြောပိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... အခန်းလွတ်တစ်ခုအတွင်းသို့ ဆွဲသွင်းထားလိုက်သည်။ မောက်ဝမ်လင်က သွေးကြောဖွင့်ပေးရင်း ...

'မေးတာကို ... မှန်မှန်ဖြေပါ'

ဖုချင်စန်းက ထိုလူနှစ်ဦးအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူနှစ်ဦးသည် ကိုယ်ရံတော် မဟုတ်ပါ။

နန်းတွင်းအမှုထမ်းဝတ်စုံကို ဝတ်ဆင်ထားသည်။

ဖုချင်စန်းက ဝမ်းသာသွားပြီး ...

'မင်းတို့ဘုရင် ... ရောက်နေပြီမဟုတ်လား၊ သူ ဘယ်မှာလဲ မှန်မှန်ပြောစမ်း'

ဟု မေးလိုက်သည်။

မောက်ဝမ်လင်၏ မျက်နှာမှာလည်း ချက်ချင်းပင်တင်းမာခက်ထန်လာတော့သည်။ နန်းတွင်းသားက ...

'ဘုရင်မင်းမြတ် ... အပေါ်ဆုံးထပ်မှာ ရှိပါတယ်'

ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြေလိုက်သည်။

ဖုချင်စန်းက ထိုနန်းတွင်းသားအား သွေးကြော ပြန်ပိတ်လိုက်ပြီး ...

'သမီး ... ငါတို့သွားကြမယ်၊ ရန်သူတွေ့ရင် လက်ဦးပါစေ'

မောက်ဝမ်လင်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် ... နှစ်ယောက်သား အပေါ်ဆုံးထပ်သို့ အသာတွယ်တက်လာခဲ့တော့သည်။

❖❖❖❖❖



အပေါ်ဆုံးအထပ်မှာ အခန်းကျယ်တစ်ခု ဖြစ်၏။

အခန်းထောင့်တစ်နေရာတွင် အခန်းငယ်တစ်ခု ဖွဲ့စည်းထားသည်။

ပဉ္စမမြောက် အထပ်တွင် အစောင့်များ ထူထပ်စွာချထားသော်လည်း အပေါ်ဆုံး အထပ်မှာမူ အစောင့်နှစ်ယောက်သာ ရှိပေသည်။ ထိုအစောင့်နှစ်ဦးမှာလည်း ငိုက်မြည်းနေသည်။

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့က ... ပတ်ဝန်းကျင်ကို သေချာစွာ အကဲခတ်ကြည့်လိုက်ပြီးမှ အခန်းအတွင်းသို့ ခုန်ဝင်လိုက်တော့သည်။ အစောင့်နှစ်ဦးမှာ ... ရုတ်တရက် ဝင်ရောက်လာသော ဖုချင်စန်းတို့ကိုတွေ့သောအခါ ထိတ်လန့်သွား၏။

အော်ဟစ်တိုက်ခိုက်မည်အပြု ဖုချင်စန်းက သွေးကြောပိတ်ထားလိုက်တော့သည်။

မောက်ဝမ်လင်က ... အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

အခန်းတွင်း၏ သလွန်ပေါ်ဝယ် လူတစ်ယောက် လူးလဲထလာသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောက်ဝမ်လင်က ချက်ချင်း ထိုလူအား တိုက်ခိုက်လိုက်၏။

ဖုချင်စန်းကလည်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။

တိုက်ခိုက်ရင်းမှ ဖုချင်စန်းက ...

'ဒီလူဟာ ... မန်ချူးဘုရင် မဟုတ်ဘူး'

ဟု ပြောလိုက်သည်။

ထိုလူက ရယ်မောရင်း ...

'ခင်ဗျား ... မဆိုးဘူး'

ဖုချင်စန်းက ...

'မင်းတို့ အယောင်ဆောင်တာကလဲ သိပ်သိသာပါတယ်၊ အခုမှ မင်းတို့ဘုရင်က အသက်နှစ်ဆယ်ကျော်ကျော်ပဲ ရှိဦးမယ်၊ မင်းက လေးဆယ်လောက် ရှိနေပြီပဲ၊ ကဲ ... မင်းကို ငါမသတ်ချင်ဘူး၊ မင်းတို့ ဘုရင် ... ဘယ်မှာလဲ'

ထိုလူက ...

'ခင်ဗျားက ကျုပ်ကို ... သတ်နိုင်လို့လား၊ အခု ... ခင်ဗျားတို့ ထောင်ချောက်ထဲ ရောက်နေတာ မကြောက်ဘူးလား'

ဖုချင်စန်းမှာ ရင်ထိတ်သွား၏။

အချိန်ဆွဲနေ၍ အကျိုးမရှိကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူ၏အထက်မြက်ဆုံး သိုင်းကွက်များကို အသုံးပြု၍တိုက်ခိုက်ရာ ... ထိုလူမှာ ဖုချင်စန်း၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရတော့သည်။

ဖုချင်စန်းက ...

'မင်းတို့ဘုရင် ... ဘယ်မှာလဲ'



ထိုလူက ရှေ့ငုံ့နှုတ်ပိတ်နေ၏။

ဖုချင်စန်းက ထိုလူအား ... အသက်ရှူရန် ခက်ခဲစေသော သွေးကြောကို ဖိနှိပ်လိုက်လေသည်။

ထိုလူမှာ ဝေဒနာကို မခံစားနိုင်တော့ဘဲ ...

'ပြောပါတော့မယ် ... ရပ်လိုက်ပါတော့'

ဖုချင်စန်းက ရပ်တန့်လိုက်ပြီး ...

'ကဲ ... မှန်မှန်ပြောပါ'

ထိုလူက ...

'ကျုပ် ... အခန်းနောက်မှာ လျှို့ဝှက်လမ်း ရှိတယ်၊ အဲဒီလမ်းအတိုင်းသွားရင် ... ဘုရင်မင်းမြတ်ရဲ့ အခန်းကို ရောက်လိမ့်မယ်၊ ဒါပေမယ့် ဒီလမ်းတစ်လျှောက်လုံးမှာ အစောင့်သုံးဆယ်ကျော် ရှိတယ်၊ ခင်ဗျားတို့ ဘယ်လိုမှ သွားလို့ရမှာမဟုတ်ဘူး'

ဟု ပြောလိုက်၏။

ဖုချင်စန်းမှာ ... ထိုလူ အမှန်အတိုင်းပြောခြင်း ဖြစ်ကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ...

'ဒါဆို ... မင်းလိုက်ပို့ပါ'

ထိုလူက ...

'မဖြစ်ဘူး ... ထင်တယ်'

'ဘာကြောင့်လဲ'

'ဘုရင်မင်းမြတ် ... အခွင့်မရဘဲ ဘုရင်မင်းမြတ်ရဲ့ အခန်းကို ဝင်ခွင့်မရှိဘူး'

'အစောင့်တွေကိုတော့ မင်းညာရင် ရနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ဒါပေမယ့် ... ဘုရင်မင်းမြတ်က သူ့အခန်းနား အထိ ဘယ်သူ့ကိုမှ လာခွင့်မပေးဘူးဗျ၊ အစောင့်တွေတောင် ကိုက်နှစ်ရာကျော်အကွာကပဲ စောင့်ကြပ်ရတယ်'

ဖုချင်စန်းက ...

'ကိစ္စမရှိဘူး၊ အစောင့်တွေကို ကျော်နိုင်ရင်တော်ပြီ'

ဖုချင်စန်းနှင့် မောက်ဝမ်လင်မှာ ထိုလူအား ဓားစာခံလုပ်ပြီး လျှို့ဝှက်လမ်းအတိုင်း လျှောက်လာခဲ့၏။

လျှို့ဝှက်လမ်းကလေးမှာ ရှည်လျားလှ၏။

ဆယ်ကိုက်ခန့်အကွာအဝေးတိုင်းတွင် အစောင့်တစ်ဦးစီ စောင့်ကြပ်နေကြ၏။ အစောင့်များသည် ဖုချင်စန်းတို့အား စစ်မေးခြင်း မပြုပါ။ ထိုလူကို ရှေ့မှတင်ထားသဖြင့် လွယ်ကူစွာပင် ဝင်လာနိုင်လေသည်။

နောက်ဆုံး အစောင့်ကိုကျော်လာပြီးနောက် အခန်းတစ်ခုကို တွေ့လိုက်ရလေသည်။

ဖုချင်စန်းက မောက်ဝမ်လင်အား သတိဖြင့်နေရန် မျက်ရိပ်ပြလိုက်၏။

ထိုစဉ် ... အခန်းတွင်းမှ ဘုရင်မင်းမြတ်၏ အသံကို ကြားလိုက်ရသည်။ အပြန်အလှန် ပြောဆိုနေသံများပင် ဖြစ်ပါသည်။

'ဂူစန်းကွေ့က ... ဒီလိုလုပ်ဖို့လို့လား'

'မှန်လှပါ ... ကျွန်တော်မျိုး မလိမ်ဝံ့ကြောင်းပါ'

ဖုချင်စန်းမှာ ရင်ထိတ်သွား၏။ ဘုရင်မင်းမြတ်နှင့် ... အပြန်အလှန် ပြောဆိုနေသူ၏ အသံကို သူကောင်းစွာ သိထား၏။



ထိုသူသည် ပြိုင်ဘက်ကြီး ချူကြောင်းနန်ပင် မဟုတ်ပါလော။ ထိုအခိုက် ... သူတို့၏နောက်ဘက်မှ သံတံခါးတစ်ခု ပြုတ်ကျလာ၏။

'ဝုန်း'

ဖုချင်စန်းမှာ မျက်နှာပို၍ ပျက်သွားလေသည်။

အခန်းတံခါးလည်းပွင့်သွားပြီး ... ချူကြောင်းနန်နှင့် ကိုယ်ရံတော် ဆယ်ဦးခန့်က ထွက်လာကာ ...

'ဘယ်က ရန်သူက ... ငါတို့ကို လာရန်စရသလဲ'

ဟု အော်ငေါက်မေးလိုက်၏။ ဘုရင်မင်းမြတ်က ...

'ရန်သူကို ... အရှင်ဖမ်းခေါ်လာခဲ့'

ဟူသော အမိန့်သံပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ ကိုယ်ရံတော်များက ရှေ့ဆုံးမှ ပြေးဝင်လာကာ ဖုချင်စန်း တို့အား တိုက်ခိုက်လိုက်လေသည်။ ထိုအခါ ဖုချင်စန်းနှင့် မောက်ဝမ်လင် တို့ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ချူကြောင်းနန်ကလည်း ဝင်ရောက်လာလေသည်။

ချူကြောင်းနန်မှာ ဖုချင်စန်းအားတွေ့သောအခါ ရယ်မောလိုက်ပြီး ...

'လက်စသတ်တော့ ခင်ဗျားကိုး၊ သေချင်လို့ ဒီကိုရောက်လာတာပဲ'

ဟုပြောရင်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မောက်ဝမ်လင်ကလည်း ကိုယ်ရံတော်များကြားမှ အတင်းထိုးဖောက်ကာ ဘုရင်မင်းမြတ်၏ အခန်းတွင်းသို့ ဝင်နိုင်ရန် ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်သည်။ သို့သော် ... ကိုယ်ရံတော်များက အပြင်းအထန် ခုခံထားကြတော့သည်။

ထိုအခိုက် ကိုယ်ရံတော်ငါးယောက်ခန့် ထပ်ရောက်လာပြီး ဘုရင်မင်းမြတ်အား အကာအကွယ်ပေး၍ ခေါ်ထုတ်သွားလေတော့သည်။

မောက်ဝမ်လင်မှာ ပို၍ဒေါသထွက်သွားသည်။

ကိုယ်ရံတော်များအား တရကြမ်း တိုက်ခိုက်လိုက်လေ၏။

သို့သော်... အများနှင့်တစ်ဦးမို့ အနိုင်မရနိုင်ဘဲ လှည့်ပတ်ရှောင်တိမ်းရင်းသာ တိုက်ခိုက်ရသော အနေအထားသို့ပြန်လည်ရောက်ရှိသွားလေတော့သည်။

ဖုချင်စန်းမှာ ... ချူကြောင်းနန်နှင့် ရင်ဆိုင်နေ၏။

သူသည် မောက်ဝမ်လင်အတွက် စိုးရိမ်မိသဖြင့် ...

'သမီး ... ဘာဖြစ်လို့ ဒီလို တိုက်နေတာလဲ၊ အဆိပ်သဲကျွေးလိုက်ပါလား'

ဟု အော်ဟစ်သတိပေးလိုက်လေသည်။

မောက်ဝမ်လင်သည် လက်နက်ပုန်းပညာကို ဖုချင်စန်းထံမှ အကုန်တတ်မြောက်ထားပြီး ဖြစ်၏။

လက်နက်ပုန်းများထဲတွင် အဆိပ်သဲ လက်နက်ပုန်းမှာ ကြောက်စရာအကောင်းဆုံး လက်နက်ပုန်း ဖြစ်၏။

သေရေးရှင်ရေးမှလွဲ၍ အသုံးမပြုရဟု ပိတ်ပင်ထား၏။

ယခုဆရာဖြစ်သူက သတိပေး အသုံးပြုခွင့် ပေးလိုက်သောအခါ ချက်ချင်းထုတ်၍ အသုံးပြုလိုက်လေသည်။



'ရှီး ... ရှီး ... အား ... အား'

'ရှီး ... ရှီး ... အား ... အား'

အော်ဟစ်သံနှင့်အတူ ကိုယ်ရံတော်ငါးယောက်ခန့် သေဆုံးသွားလေသည်။

ကျန်ကိုယ်ရံတော်မှာလည်း အနားမကပ်ရဲဘဲ အဝေးမှဝိုင်းထားလိုက်ကြသည်။

ဖုချင်စန်းက ...

'သမီးထွက်နိုင်ရင် ထွက်တော့ ... ဘဘအတွက် ဘာမှ မစိုးရိမ်နဲ့ ... အချိန်မရွေး ပြန်ထွက်နိုင်တယ်'

ထိုစကားကြောင့် ... ချူကြောင်းနန်မှာ ဒေါသထွက်သွားပြီး ဖုချင်စန်းအား ပို၍အဟုန်ပြင်းစွာ တိုက်ခိုက်လိုက်လေသည်။

သို့သော် ... ချူကြောင်းနန်မှာ တောင်ပေါ်မှ ပြုတ်ကျစဉ်က ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ... ကံကောင်းထောက်မ၍သာ မသေခဲ့ခြင်း ဖြစ်၏။

ယခု မာန်တင်း၍ တိုက်ခိုက်နေရသော်လည်း ... အားပျော့နေလေသည်။

မောက်ဝမ်လင်က ဖုချင်စန်း ပြောသကဲ့သို့ပင် ဖုချင်စန်းမှာ အလွတ်ရုန်းထွက်နိုင်ကြောင်း တွက်ဆမိ၏။

ထို့ကြောင့် ... သူမက အဆိပ်သဲကို အသုံးပြုပြီး ထိုးဖောက်တိုက်ခိုက်လေသည်။

တိုက်ပွဲသံကြောင့် ကိုယ်ရံတော်များက ထပ်မံရောက်လာကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောက်ဝမ်လင်မှာ သူမ လာလမ်းအတိုင်း ပြန်မထွက်နိုင်တော့ပါ။ နောက်ဆုံး ... ပြတင်းပေါက်မှပင် ထွက်လိုက်ရ၏။

သို့သော် ... သူမအဖို့ အောက်သို့လည်း မဆင်းနိုင်ပါ။

အောက်၌လည်း ... မန်ချူးလေးသည်တော်များက အသင့်စောင့်ကြိုနေသည် မဟုတ်ပါလား။ နောက်ဆုံး ... သူမက ခေါင်မိုးပေါ်သို့ တက်လာခဲ့ရလေတော့သည်။

အဆောင်ပတ်လည်၌ မီးများလင်းထိန်စွာ ထွန်းညှိထားသောကြောင့် ခေါင်မိုးပေါ်၌ မောက်ဝမ်လင်အား ထင်ရှားစွာ မြင်တွေ့နေရ၏။ ထိုအခါ ... မန်ချူး လေးသည်တော်များက သူမအား လေးနှင့် ပစ်ခွင်းလိုက်ကြလေသည်။

မောက်ဝမ်လင်မှာ ခေါင်မိုးပေါ်၌ ရပ်မနေနိုင်တော့ပါ။

ခေါင်မိုးပေါ်တွင် မှောက်လျက်ဝပ်နေရ၏။

မြားတံများ ရာချီ၍ သူမပေါ်မှ ကျော်ဖြတ်သွားလေ၏။

မောက်ဝမ်လင်မှာ ခေါင်းပင် နည်းနည်းမှ မထောင်ဝံ့ဘဲဖြစ်နေ၏။ သူမ၏အခြေအနေမှာ ... အကျဉ်းကျပ်ဆုံးဖြစ်လာ၏။

နောက်ဆုံး သူမက အကြံတစ်ခုရလာပြီး ခေါင်မိုးအုပ်ကြွပ်ပြားကို အသာခွာလိုက်၏။ လူတစ်ကိုယ်စာ ကွာသွားသောအခါ အောက်သို့ ခုန်ဆင်းလိုက်လေသည်။

သူမ ... မည်သည့်နေရာသို့ ရောက်ရှိသွားသည်ကို မမှန်းဆနိုင်ပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

သူမက အသာရွေ့လျားလာရာ ... နောက်ဆုံးမီးရောင်ပျပျလင်းနေသော အခန်းတစ်ခုအား တွေ့လိုက်ရလေသည်။



သူမက ထိုအခန်းတွင်းသို့ ဝင်လိုက်၏။ အခန်းထဲ၌ မည်သူမျှ မရှိပါချေ။

ရုပ်တုတစ်ခုရှိပြီး ထိုရုပ်တုအား အမွှေးတိုင်များဖြင့် ပူဇော်ပသထားသည်ကို တွေ့လိုက်ရ၏။ ထိုစဉ် ... သူမက အသံသဲ့သဲ့ကြားလိုက်ရ၏။ လှည့်ပတ်ရှာဖွေသော်လည်း မတွေ့ရပါချေ။

အသံမှာ ရုပ်တုအနောက်ဘက်မှ ထွက်ပေါ်နေခြင်းဖြစ်၏။

မောက်ဝမ်လင်က ရုပ်တု အနောက်ဘက်သို့ သွားကြည့်လိုက်၏။ လူရိပ်လူယောင်ပင် မရှိပါ။

မောက်ဝမ်လင်က ရုပ်တုအား ကြည့်လိုက်၏။

ရုပ်တု၏ ညာလက်မှာ ပြောင်နေပြီး၊ ကျန်အစိတ်အပိုင်းများမှာ ဖုန်တက်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ထိုညာလက်အား အသာဆွဲလှုပ်ကြည့်ရာ ...

'ဂျိ'

ခနဲအသံနှင့်အတူ ရုပ်တုနောက်ရှိ နံရံမှာ ပွင့်သွားလေတော့သည်။ မောက်ဝမ်လင်က စဉ်းစားတွေးဝေမနေတော့ဘဲ အထဲသို့ ဝင်သွားလိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com



မှောင်မည်းနေသော စင်္ကြံလမ်းမှာ သိပ်မရှည်ပါ။

လမ်းအဆုံး၌ အခန်းတစ်ခုရှိ၏။ ထိုအခန်းတွင်း၌ မီးရောင်မှိန်မှိန်သာ ထွန်းညှိထား၏။ အခန်းတွင်းဝယ် ဘုန်းကြီးအိုတစ်ပါးနှင့် လူငယ်တစ်ဦး စကားပြောနေ၏။

လူငယ်၏ ဟန်မူရာမှာ ... မာနခက်ထန်၏။

အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

မောက်ဝမ်လင်မှာ ... ထိုလူငယ်ကို တွေ့လိုက်သောအခါ မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွား၏။ ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

သို့သော် ... ဓားကို အဆုံးထိ ဆွဲမထုတ်လိုက်နိုင်ပါ။

သူမ၏နောက်ကျော၌ ချွန်ထက်သောအရာတစ်ခု ထောက်ထားခြင်းကို ခံလိုက်ရလေသည်။

'မလှုပ်နဲ့ ... ရှေ့ကို ဖြည်းဖြည်းလျှောက်ပြီး အခန်းထဲဝင်'

ဟူသည့် အေးစက်သည့်အမိန့်သံကိုပါ ကြားလိုက်ရသည်။

မောက်ဝမ်လင်မှာ ... မည်သို့မျှ မတတ်နိုင်တော့ပါ။

အခန်းထဲသို့ လှမ်းဝင်လိုက်ရလေတော့သည်။



အခန်းထဲရှိ လူငယ်မှာ ... အခြားသူ မဟုတ်ပါ။

မန်ချူးဘုရင်မင်းမြတ်ပင် ဖြစ်ပါသည်။ မန်ချူးဘုရင်မှာ မောက်ဝမ်လင်ကို တွေ့သောအခါ ဒေါသချောင်းချောင်း ထွက်သွား၏။ ထိုမိန်းကလေးသည် သူ့အား လုပ်ကြံရန် ဝင်ရောက်လာသူ ဖြစ်ကြောင်း မှတ်မိလိုက်သည် မဟုတ်ပါလား။ ဘုရင်က ...

'မင်းက တော်တော် သတ္တိကောင်းပါလား'

ဟု အော်ငေါက်လိုက်၏။

ဘုန်းကြီးအိုမှာမူ ... မောက်ဝမ်လင်အား တွေ့သောအခါ မျက်လုံးအစုံ ပြူးကျယ်သွား၏။

မောက်ဝမ်လင်အား မမှိတ်မသုန် စိုက်ကြည့်နေ၏။

ဘုန်းကြီးအိုကြီး၏ မျက်နှာပေါ်၌ အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ရှင်းသာခြင်း စသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

မောက်ဝမ်လင်မှာလည်း ဘုန်းကြီးအို၏ ထူးဆန်းသော အမူအရာကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဘုန်းကြီးအိုက ...

'အင်း ... အိပ်မက်ပဲလား တကယ့်အဖြစ်မှ ဟုတ်ပါလေစ၊ မင်း ... မင်း ...'

ဟု ကယောင်ကတန်းနှင့် ပြော၏။ ဘုရင်လည်း ဘုန်းကြီးအိုကို လှည့်ကြည့်ကာ မျက်မှောင်ကြုတ်သွား၏။

ဘုန်းကြီးအိုက ...

'မင်း ... လူလား၊ ဝိညာဉ်ပဲလား၊ မင်းဟာ သူပဲလား၊ ဒါမှမဟုတ် ... မင်းဟာ သူ့ကိုယ်ပွားလား' ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောက်ဝမ်လင်မှာ ချက်ချင်းသတိရသွား၏။

သူမ၏မျက်နှာမှာလည်း တင်းမာလာပြီး ...

'ရှင်ကကော ... ဘုရင်ဟောင်းပဲလား၊ ကျွန်မအမေကော ဘယ်မှာလဲ နန်းတွင်းမှာလား၊ ဒီမှာလား'

ဟု ပြန်မေးလိုက်သည်။

မန်ချူးဘုရင်မှာ မျက်နှာပျက်သွားပြီး ...

'ယန်ကျုံးထင်း .... သူ့ကို ခေါ်သွားတော့'

ဟု အမိန့်ပေးလိုက်၏။'

ယန်ကျုံးထင်းမှာ ဘုရင်မင်းမြတ်၏ သက်တော်စောင့်ဖြစ်၏။ မောက်ဝမ်လင်အား တွေ့သဖြင့် ဖမ်းလိုက်ခြင်း ဖြစ်သည်။

ယခုလည်း ဘုန်းကြီးအို၊ မန်ချူးဘုရင်နှင့် မောက်ဝမ်လင်တို့မှာ တစ်နည်းမဟုတ် တစ်နည်း ... ပတ်သက်နေမည်ကို ရိပ်မိလိုက်၏။ ထို့ကြောင့် ... မောက်ဝမ်လင်အားခေါ်သွားရန် ဟန်ပြင်လိုက်၏။ ထိုအခါ ... ဘုန်းကြီးအိုက ဟန့်တားလိုက်၏။

'သူ့ကို ... ခေါ်မသွားနဲ့'

တစ်ဆက်တည်း ဘုရင်ဘက်သို့ လှည့်ကာ ...

'သူ့ကို ... မင်းဖမ်းလို့ မဖြစ်ဘူး၊ သူ့မိခင်ဟာ ... မင်းကို ငယ်ငယ်ကလေးကတည်းက ထိန်းကျောင်းခဲ့ဖူးတယ်'

ဟုပြောလိုက်ပြီး မောက်ဝမ်လင်ဘက်သို့ လျှောက်လာ၏

မောက်ဝမ်လင်အား ဆွဲခေါ်လိုက်ပြီး ...

'အင်း ... မင်းအဖေလဲ သူ့ကို လက်လွှတ်လိုက်ရသလို ငါလဲ သူ့ကို ... မပိုင်ဆိုင်ရပါဘူး' ဟု ရေရွတ်လိုက်၏။



မောက်ဝမ်လင်က ...

'ကျွန်မမေမေ ... ဘယ်မှာလဲ'

ဘုန်းကြီးအိုက သက်ပြင်းချကာ ...

'သူ လူ့ပြည်မှာမရှိတော့ ... မင်းနဲ့ ဘယ်လိုတွေ့ပေးရမလဲ'

ဟင် ... မေမေ မရှိတော့ဘူး ဟုတ်လား'

ဘုန်းကြီးအို၏ မျက်လုံးများမှာ ရီဝေသွားပြီး ...

'အင်း၊ ဒါတွေဟာ အိပ်မက်တွေလိုပါပဲ၊ မင်းဟာ မင်းအမေနဲ့ တစ်ထေရာတည်းပဲ၊ ကိုယ်ပွားလေး တစ်ခုပါပဲလား'

မောက်ဝမ်လင်က ...

'ကျွန်မကို အဖြစ်အပျက် ပြောပြနိုင်မလား'

ဟု သိလိုသည်ကိုသာ ဖွင့်မေးလိုက်၏။

ဘုန်းကြီးအိုက ...

'လာ ... လာ ... မင်းအမေရှိရာ အရင်သွားကြမယ်၊ ပြီးမှ ပြောပြမယ်'

ပြောရင်း ... မောက်ဝမ်လင်၏လက်ကိုဆွဲကာ အခန်းထဲမှ ထွက်လိုက်လေသည်။

ဘုရင်နှင့် ယန်ကျုံးထင်းတို့ကလည်း နောက်မှ လိုက်လာခဲ့ကြသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လမ်းကလေးအတိုင်း ပြန်အထွက် ... ဖုချင်စန်းနှင့် ကိုယ်ရံတော်များ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ဘုန်းကြီးအိုကြီးက ...

'ဒီလူကော ... မင်းနဲ့အတူ လိုက်လာတာလား'

'ဟုတ်ပါတယ်'

ဘုန်းကြီးအိုက ဘုရင်ဘက်သို့ လှည့်လိုက်ပြီး ...

'ခေါင်ချို ... သူ့ကိုလဲ လွှတ်လိုက်ပါ'

ဟု ပြောလိုက်၏။

မန်ချူးဘုရင်၏ မျက်နှာပေါ်၌ ... မကျေနပ်သော အရိပ်အယောင်များ ထွက်ပေါ်လာ၏။ သို့သော် ... ဘာမျှပြန်မပြောတော့ဘဲ ကိုယ်ရံတော်များအား ရပ်ခိုင်းလိုက်လေသည်။

ဖုချင်စန်းက ဘုန်းကြီးအိုထံ လျှောက်လာပြီး ဂါရဝပြုလိုက်၏။ ဘုန်းကြီးအိုက ...

'ကဲ ... ငါ့နောက်လိုက်ခဲ့ကြ'

ဟု ပြောရင်း ရှေ့မှ ဆက်လျှောက်သွား၏။



ဘုရင်က နောက်မှလိုက်သွားပြီး ... သူ့နောက်မှ ဖုချင်စန်းနှင့် ယန်ကျူးထင်းတို့ကလည်း လိုက်သွားလေသည်။

ချူကြောင်းနန်မှာ အဖြစ်အပျက်ကြောင့် အံ့အားသင့်နေ၏။

အတန်ကြာမှ ... ခပ်လှမ်းလှမ်းမှ လိုက်ပါသွားလေသည်။

ကျန်ကိုယ်ရံတော်များမှာမူ အမိန့်မရသဖြင့် နေရာတွင်ပင် ကျန်ရစ်ခဲ့လေတော့သည်။

အဆောင်၏ အနောက်ထပ်၌ ပန်းဥယျာဉ်တစ်ခုရှိ၏။

ပန်းဥယျာဉ်ထဲ၌ ကျောက်ဖြူဖြင့် လှပသေသပ်စွာ မြှုလုပ်ထားသော ဂူတစ်ခု ရှိ၏။

ညဥ့်လေမှာ တစ်ချက်တစ်ချက် ... ဝှေ့ယမ်းတိုက်ခတ်ရာ ပတ် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားလေသည်။

ဘုန်းကြီးအိုက ဂူရှေ့တွင် ထိုင်ချလိုက်ပြီး ...

'ဒီဂူဟာ ... မင်းမေမေရဲ့ဂူပါပဲ၊ ဒီဂူထဲမှာ မင်းမေမေရဲ့ အဝတ်အစားတွေကို မြှုပ်နှံထားတယ်'

မှန်ပါသည်။ ဘုန်းကြီးအိုမှာ မန်ချူးဘုရင် စွန်းကျိ ဖြစ်၏။

မောက်ဝမ်လင်၏မိခင် တုံရှောင်ရွက်အား သိမ်းပိုက်သွားသော မန်ချူးဘုရင် ဖြစ်ပါသည်။ သူသည် ... တုံရှောင်ရွက်အား ချစ်မြတ်နိုးလွန်းသဖြင့် မိဖုရား တစ်ပါးအဖြစ် တင်မြှောက်ခဲ့၏။

သို့သော် ... တုံရှောင်ရွက်မှာ မပျော်နိုင်ပါ။ အချိန်ရှိသရွေ့ သမီးနှင့်ခင်ပွန်းကိုသာ တမ်းတလွမ်းဆွတ်မိ၏။

စွန်းကျိဘုရင်က ... မည်သို့ပင် ပျော်ရွှင်စွာထားသော်လည်း မပျော်ပိုက်နိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



စွန်းကျို၏ မိဖုရားကြီးမှာ စွန်းကျိုက တုံ့ရှောင်ရှက်အပေါ် အလွန်ပင် ချစ်မြတ်နိုးသည်ကို မနာလိုချေ။ ထို့ကြောင့် ... စွန်းကျို ဘုရင် စစ်ထွက်သွားခိုက် တိတ်တဆိတ် လုပ်ကြံကာ အစဖျောက် ခဲ့ပေသည်။ စွန်းကျို ဘုရင်သိသောအခါ ... အလွန်ပင် စိတ်ထိခိုက် သွား၏။ တုံ့ရှောင်ရှက်ကိုသာ တမ်းတပူဆွေးမိပြီး တိုင်းရေးပြည်ရာ များ လစ်ဟင်းစပြုလာ၏။

နောက်ဆုံး သူ၏သားတော် ခေါင်ချို ဆယ်နှစ်ကျော်အရွယ် မှာပင် ထီးနန်းလွှဲအပ်ပြီး ချင်လျို ဘုံကျောင်း၌ ဘုန်းကြီးလာဝတ် နေခြင်းပင် ဖြစ်ပါသည်။

မောက်ဝမ်လင်မှာ ... ဘုန်းကြီးအိုကြီး၏ ရှင်းပြမှုအဆုံး၌ မျက်ရည်များ ကျလာ၏။ သူ့မိခင်၏ဂူရှေ့တွင် ... ဒူးထောက်ကာ ဂါရဝပြုလိုက်၏။

ထို့နောက် ဓားကို တင်းကျပ်စွာဆုပ်ကိုင်ကာ ဘုန်းကြီးအို ဘက်သို့ လှည့်လိုက်လေသည်။

ဘုန်းကြီးအိုမှာ ... မလှုပ်မယှက် ထိုင်နေ၏။

သူ၏မျက်နှာမှာ ... ဖြူရော်နေ၏။

မျက်လုံးမှာ ရီဝေနေပြီး..... အဝေးသို့ ငေးကြည့်နေမိ၏။

မောက်ဝမ်လင်၏ ဓားကိုင်လက်မှာ တဖြည်းဖြည်းပျော့ကျ သွားလေသည်။

ဖုချင်စန်းက သက်ပြင်းချလိုက်ပြီး ...

'ကဲ ... တို့ သွားကြစို့'

ဟု ပြောလိုက်၏။



ထိုစဉ်မှာပင် ...

သူတို့ဘက်သို့ လူရိပ်တစ်ရိပ်က ပြေးလာပြီး ထိုလူရိပ်၏ နောက်မှ ကိုယ်ရံတော်များက ထက်ကြပ်မကွာ လိုက်လာသည်ကို တွေ့လိုက်ရလေသည်။

မောက်ဝမ်လင်က အံ့သြသွားပြီး ...

'ဟင် ... ယိလန်ကျူး'

ဟု ရေရွတ်လိုက်မိလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

မောက်ဝမ်လင်နှင့် ဖုချင်စန်းတို့ မီးတိုင်များကို လက်နက်ပုန်းဖြင့် ငြိမ်းသတ်ပြီးနောက် ... အဆောင်တွင်းသို့ ခုန်ဝင်လိုက်၏။

ယိလန့်ကျူးကလည်း .. အဆောင်အောက်ထပ်သို့ ပြေးဝင်သွား၏။ ထို့နောက် အစောင့်များအား ရှောင်ကွင်းရင်း ဆက်ဝင်လာခဲ့လေသည်။

အခန်းတစ်ခု၏ ပြတင်းပေါက်အနီးသို့ ရောက်သောအခါ စကားသံကြားလိုက်ရသဖြင့် အသာရပ်ပြီး နားထောင်လိုက်လေသည်။ ထို့နောက် ... ထိုအခန်းတွင်းသို့လည်း ချောင်းကြည့်လိုက်လေ၏။ နယ်စားကြီးကတော် နန့်လန်မင်ဟိုမှာ ... ယနေ့ ချင်လုံဘုံကျောင်းတိုက်ပွဲအပြီး၌ ခင်ပွန်းဖြစ်သူ ဒဏ်ရာ အပြင်းအထန်ရရှိသဖြင့် စိတ်မကောင်း ဖြစ်သွားခဲ့၏။

ခင်ပွန်းဖြစ်သူအား ကိုယ်တိုင်ပင် ပြုစုခဲ့လေသည်။

နယ်စားကြီး တော်ချက်မှာ ဆယ့်ခြောက်နှစ်တိုင်တိုင် ဖနီးဖြစ်သူနှင့် ပေါင်းသင်းလာရာ ယခုတစ်ကြိမ် မိမိအပေါ် ဂရုစိုက်သည်ကို တွေ့သောအခါ ဝမ်းသာသွား၏။



ဇနီးဖြစ်သူ ပြုစုသမျှကို ဝမ်းပန်းတသာ ခံယူလိုက်၏။

နောက်ဆုံး ဆေးရှိန်ဖြင့် အိပ်ပျော်သွားလေသည်။

နန့်လန်မင်ဟိုမှာ ... ခင်ပွန်းဖြစ်သူ အိပ်ပျော်သွားသည်နှင့် မိမိအခန်းဆီသို့ ပြန်လာခဲ့၏။ ညဉ့်နက်ပြီဖြစ်သော်လည်း ... အိပ်မရသေးပါ။ မမေ့နိုင်သော အတိတ်က ဇာတ်ကြောင်းကိုသာ ငေးမောတမ်းတနေမိ၏။

ထိုအခိုက် ... လူငယ်တစ်ဦး ဝင်လာလေသည်။

ထိုလူငယ်မှာ ... သူမ၏တူတော်သူ နန့်လန်မင်ရှေ့ ဖြစ်၏။

နန့်လန်မင်ရှေ့မှာ မန်ချူးအာဏာပိုင် မိသားစုများအနက် ထူးခြားသူတစ်ဦးဟု ဆိုရပေမည်။

သူသည် ... ကဗျာစာပေ အနုပညာကို ခုံမင်၏။

ဂုဏ်ပကာသန အသိုင်းအဝိုင်း၊ မိသားစု အသိုင်းအဝိုင်း အတွင်း ချုပ်ချယ်မှုနှင့် နေရသည်ကို မပျော်ပိုက်ချေ။

လွတ်လပ်သော လူတန်းစား အတွေးအမြင်ကို ပိုင်ဆိုင်ထားသူဖြစ်၏။

ထို့အပြင် ... သူ၏ အယူအဆများကို တိုင်ပင်နားထောင်သူမှာ၌ နန့်လန်မင်ဟိုသာ ရှိသောကြောင့် သူတို့နှစ်ဦးမှာပို၍ ရင်းနှီးကြပေသည်။ နန့်လန်မင်ရှေ့မှာ မန်ချူးဘုရင်၏ ခင်မင်အရေးပေးခြင်း ခံရသူလည်း ဖြစ်၏။ သို့သော် ....

သူ၏ကဗျာနှင့် သီချင်းများကိုမူ ဘုရင်အား မည်သည့်အခါမှ မတင်ဆက်ပေ။ အကြောင်းကား ... သူ၏ကဗျာများသည် အေသရာဇ်စနစ်ကို ဆန့်ကျင်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ... အခန်းတွင်းသို့ ရောက်သည်နှင့် ...

'ဒေါ်ဒေါ် ... ကျွန်တော့်သီချင်းသစ်တစ်ပုဒ် စပ်ထားတယ်'

ဝမ်းသာအားရနှင့် ပြောလိုက်၏။ နန့်လန်မင်ဟိုက ...

'ကဲ ... မင်းပဲ ဆိုပြပါဦး'

နန့်လန်မင်ရှော့က ဗျပ်စောင်းကို ကောက်ယူလိုက်သည်။

ကြိုးကို ညှိလိုက်ပြီး ... တေးသွားဖော်လိုက်၏။

ထို့နောက် ... သူ၏သီချင်းအား ဆိုပြလိုက်လေသည်။

သူ၏သီချင်းမှာ ရိုးရိုးကလေးပင် ဖြစ်သည်။

ရွှေလျောင်ချိုင့်စုံ ငှက်ငယ်၏ လွတ်လပ်မှု ရှာဖွေသံ ဖြစ်၏။

နန့်လင်မင်ဟိုမှာ သီချင်းထဲ၌ မျောပါသွား၏။

သူမ၏ ဘဝသည်လည်း ... လျောင်ချိုင့်စုံငှက်နှင့် ဘာများ ထူး ပါသနည်း။ နားထောင်ရင်း ... မျက်ရည်များ ဝဲလာလေသည်။

သီချင်းဆုံးသွားသည်ကိုပင် သတိမမူမိပါ။

ထိုစဉ် ... လက်ခုပ်သံနှင့်အတူ ...

'သိပ်ကောင်းတဲ့ သီချင်းတစ်ပုဒ်ပါပဲ'

ဟူသော အသံထွက်ပေါ်လာ၏။

နန့်လန်မင်ဟိုနှင့် နန့်လန်မင်ရှော့တို့က အသံလာရာသို့ လှမ်း ကြည့်လိုက်ကြလေသည်။

ပြတင်းတံခါးပွင့်သွားပြီး ... မျက်နှာတွင် ဇာပဝါအုပ်ထား သော မိန်းကလေးတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

နန့်လန်မင်ဟိုမှာ ... ထိုမိန်းကလေးအား ချက်ချင်းပင် မှတ်မိလိုက်သည်။



ယနေ့နံနက်က ... ချင်လျံဘုံကျောင်း တိုက်ပွဲကို စတင်သူ မိန်းကလေးပင် ဖြစ်နေသည် မဟုတ်ပါလား။

နန့်လန်မင်ဟိုက ...

'မင်း ... ဘာကိစ္စနဲ့ ဒီကိုလာတာလဲ'

ဟု မေးလိုက်လေသည်။ မိန်းကလေးက ...

'ကျွန်မရဲ့ အပြစ်တစ်ခုကို ပြောပြချင်လို့ပါ'

ထိုမိန်းကလေး၏ အသံမှာ ကြားဖူးသကဲ့သို့ နန့်လန်မင်ဟို ခံစားလိုက်ရသည်။ ထို့အပြင် မိန်းကလေး၏ လှုပ်ရှားမှုတိုင်းသည် မိမိနှင့် အလွန်အကျွမ်းဝင်နေသလို ခံစားလိုက်ရလေသည်။

နန့်လန်မင်ရှော့မှာလည်း အံ့သြနေလေသည်။

မိန်းကလေး၏ မျက်နှာကို မမြင်ရသေးသော်လည်း သူမ၏ အသံနှင့် ခန္ဓာကိုယ်ဟန်မှာ သူ၏အဒေါ်နှင့် အတော်ပင်ဆင်နေ ကြောင်း သတိပြုမိလိုက်သည်။ နန့်လန်မင်ဟိုက ...

'မင်းမှာ ... အပြစ်ရှိလို့ ဟုတ်လား'

မိန်းကလေးက ...

'ဟုတ်ပါတယ်'

'ဘာအပြစ်များလဲ'

'ကျွန်မလည်း မစဉ်းစားတတ်ဘူး၊ ကျွန်မ မေမေက ကျွန်မ ကို ငယ်ငယ်လေးကတည်းက စွန့်ပစ်သွားတာပဲ ... ကျွန်မမှာ အပြစ်ရှိလို့ပဲလို့ ... ထင်မိပါတယ်'

နန့်လန်မင်ဟို၏ ခြေဖျားလက်ဖျားများ အေးစက်သွား၏။ ထိုစကားကြောင့် သူမ၏ နှလုံးသားမှာ နာကျင်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်မှာလည်း ... တုန်တုန်ယင်ယင် ဖြစ်သွားသည်။ ခဏကြာမှ စိတ်ကို ပြန်တည်ငြိမ်အောင် စုစည်းလိုက်ပြီး ...

'မိန်းကလေးရဲ့ နာမည်ကို ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။ မိန်းကလေးက ...

'ယိလန်ကျူး'

နန့်လန်မင်ဟိုက သက်ပြင်းချလိုက်ရင်း ...

'ယန် ... မဟုတ်ဘူးလား'

ယိလန်ကျူးက ...

'ဘာလို့ ယန် ဖြစ်ရမှာလဲ၊ ယန်မှ နားထောင်ကောင်းလို့လား' ဟု ပြန်လည်၍ မေးလိုက်လေသည်။

နန့်လန်မင်ဟိုက ဘာမျှ ပြန်မပြောတော့ပါ။

တွေးတောနေမိလေသည်။

'ယိဆိုတဲ့စာလုံးဟာ ယန်ဆိုတဲ့ စာလုံးကနေ နည်းနည်း ဖြတ်ပစ်လိုက်ရင် ရတယ်၊ ဒုတိယလန်ဆိုတော့ ဟင်း ... သူ ..သူဟာ ငါ စွန့်ပစ်ခဲ့ရတဲ့ သမီးလေးပဲလား'

အတွေးနှင့်အတူ နန့်လန်မင်ဟိုမှာ ထရပ်လိုက်သည်။

ထိုစဉ် အခန်းပြင်မှ ...

'သခင်မကြီး ... သခင်ကြီး နိုးလာပါပြီ'

ဟူသော အသံကို ကြားလိုက်ရလေသည်။

နန့်လန်မင်ဟို၏ ခန္ဓာကိုယ်မှာ ပြန်လည် ပျော့ခွေကျသွားပြီး ထိုင်ချလိုက်သည်။ ပြီးမှ ...

'ငါ ... ဘာကူညီရမလဲ'



ယိလန်ကျူးက ...

'ဘာအခက်အခဲပဲ ဖြစ်ဖြစ် ... တစ်ယောက်တည်း ရင်ဆိုင်နိုင်ပါတယ်'

'ဒါဆို ... ဘာကြောင့် လာတာလဲ၊ အကြောင်းမရှိဘဲနဲ့တော့ ဘာမှာ မဟုတ်ပါဘူး'

'ရှိတယ်ဆိုရင်ကော ... ဘာလုပ်မလဲ'

'ငါက ... မင်းကို ကူညီပေးမလို့'

'ဒါဆို ရှင်တို့ဖမ်းထားတဲ့လူကို ကျွန်မနဲ့ ပြန်ထည့်ပေးလိုက်ပါ'

နန့်လန်မင်ဟိုက ...

'ငါ့ကို လက်နက်ပုန်းနဲ့ တိုက်ခိုက်တဲ့သူ ... မဟုတ်လား'

ယိလန်ကျူးက ခေါင်းညိတ်ပြလိုက်ပြီး ...

'ဟုတ်တယ်၊ သူကလည်း ရှင်မှန်းမသိလို့ တိုက်ခိုက်လိုက်[illegible] ပြီးတော့ ... သူကလည်း မိဘမဲ့တစ်ဦးပဲ၊ ရှင် လွှတ်မပေး[illegible]ဘူးလား'

နန့်လန်မင်ဟိုက သက်ပြင်းချလိုက်ရင်း ...

'ကောင်းပြီလေ ... ငါလွှတ်ပေးလိုက်ပါ့မယ်'

ပြောပြီး အခန်းထဲမှ လျင်မြန်စွာ ထွက်သွားလေသည်။

ထိုစဉ် ... နန့်လန်မင်ရှော့က ...

'ကဲ မိန်းကလေး ... ထိုင်ပါဦး၊ ဒေါ်ဒေါ် ... ပြန်လာမှာပါ'

ယိလန်ကျူး ထိုင်လိုက်၏။ မကြာမီပင် ... နန့်လန်မင်ဟိုနှင့် [illegible]င်ဟွာကျောင်းတို့ ပြန်လည်ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပျွာကျောင်းမှာ ဇာပဝါနှင့် မိန်းကလေးအား တွေ့သောအခါ အံ့ဩသွားလေသည်။ ယိလန်ကျူးက ... ကြောင်ပျွာကျောင်းအား အကဲခတ်ကြည့်လိုက်၏။

ကြောင်ပျွာကျောင်းမှာ ဒဏ်ရာက သွေးထွက်လွန်ခဲ့ဟန်တူသည်။ အင်္ကျီတစ်ထည်လုံး သွေးများစွန်းထင်းနေပြီး မျက်နှာမှာလည်း ဖြူရော်နေ၏။ ထို့အပြင် ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်နေလေသည်။ ယိလန်ကျူးက ...

'ရှင် ... လမ်းလျှောက်နိုင်ပါ့မလား'

ကြောင်ပျွာကျောင်းက ရင်ကော့လိုက်ပြီး ...

'ရတယ်'

နန့်လန်မင်ရှော့က ခေါင်းခါလိုက်ပြီး ...

'ခင်ဗျားတို့ ... ဒီအတိုင်း ထွက်သွားလို့ လွယ်မှာ မဟုတ်ဘူး ... ကျုပ် ... လိုက်ပို့ပါ့မယ်'

ကြောင်ပျွာကျောင်းက ခေါင်းမာစွာဖြင့် ငြင်းဆန်လိုက်၏။

'ရတယ် ... ကိစ္စမရှိဘူး၊ ကျုပ်တို့ သွားရဲတယ်'

နန့်လန်မင်ရှော့က ...

'ဒါဆို ... ဒီမြင်းကလေး ယူသွားပါ'

ယိလန်ကျူးက လှမ်းယူလိုက်၏။ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော မြင်းတိုကလေး ဖြစ်သည်။ မြင်းပေါ်တွင် 'တော်ရှော့' ဟူ၍ ရေးသားထားသည်ကို တွေ့လိုက်ရ၏။

ကြောင်ပျွာကျောင်းက ယိလန်ကျူး မြင်းကို ယူသည်ကို တွေ့သောအခါ ... မကျေမနပ်နှင့် လှမ်းကြည့်လိုက်လေသည်။



ထို့နောက် ... ရှေ့မှ ထွက်သွားလေ၏။

ယိလန်ကျူးက နန့်လန်မင်ဟိုအား စိုက်ကြည့်လိုက်၏။ ပြီးမှ ... ချာခနဲ လှည့်ထွက်သွားလေသည်။

ယိလန်ကျူး လှည့်အထွက်၌ မျက်ရည်စများ ကျဆင်းလာသည်ကို နန့်လန်မင်ဟိုက တွေ့လိုက်ရ၏။ သူမ၏ ရင်ထဲ၌လည်း ဆို့တက်လာ၏။ ချက်ချင်း ... ဘုရားစင်ရှေ့ဒူးထောက်ကာ ငိုကြွေးလေတော့သည်။ သို့သော် ... ငိုသံမှာမူ လုံးဝ ထွက်မလာပါချေ။

ထိုစဉ် ... ယိလန်ကျူးမှာ ကြောင်ပျွာကျောင်းအား တွဲကာထွက်လာခဲ့၏။ လမ်း၌ ကင်းပုန်းအတော်များများနှင့် ကြုံတွေ့ခဲ့ရ၏။ သို့သော် ... နန့်လန်မင်ရှော့ ပေးလိုက်သော မြင်းကို ပြလိုက်ခြင်းဖြင့် စစ်ဆေးခြင်းပင် မရှိတော့ချေ။ နောက်ဆုံး အဆောင်အပြင်သို့ ရောက်လာပြီး တောင်အောက်ဆင်းသော လမ်းသို့ ရောက်လာ၏။

ထိုနေရာအရောက်တွင် ကင်းမှူးတာဝန်ယူသူ ကိုယ်ရံတော်မှာ ဇာပဝါနှင့် မိန်းကလေးအား မြင်ဖူးသည်ဟု ထင်မိ၏။

သူမ တွဲလာသူကလည်း သွေးများ စွန်းထင်းနေသည်ကို တွေ့ရသောအခါ သင်္ကာမကင်း ဖြစ်လာသည်။ ယိလန်ကျူးက မြင်းကိုပြသော်လည်း လွှတ်မပေးဘဲ အတွင်းသို့ ပြန်လည်မေးမြန်းရန် ယံသားတစ်ဦးအား စေလွှတ်လိုက်သည်။

ယိလန်ကျူးမှာ ... ဣန္ဒြေမပျက်သော်လည်း ကြောင်ပျွာကျောင်းက သည်းခံလိုစိတ် မရှိပါ။ စတင် တိုက်ခိုက် ထိုးဖောက်လိုက်လေသည်။ ထိုအခါ ... ယိလန်ကျူးကလည်း လိုက်၍ ပါဝင်တိုက်ခိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်များကလည်း ချက်ချင်းဝိုင်းရံ တိုက်ခိုက်လိုက်ပြီး အချက်ပေးခရာ မှုတ်လိုက်သည်။ ချက်ချင်းဆိုသလို ကူညီရန် ပြေးလာကြသည်။ ကြောင်ပဟ္ဆာကျောင်းမှာ ရင်ထိတ်သွား၏။

သူ၏ ဒဏ်ရာမှာ လှုပ်ရှားလိုက်သောအခါ သွေးများ ပြန်လည် ထွက်လာ၏။ လှုပ်ရှားမှုမှာလည်း မသွက်လက်တော့ပေ။

ကိုယ်ရံတော်များကလည်း တစ်စထက်တစ်စ များလာသဖြင့် နောက်ဆုံး ဆုတ်ခွာပြေးရလေသည်။

သူသည် ... မည်သည့်နေရာသို့ ပြေးမှန်း မသိပါ။

နောက်ဆုံး အဆောင်ထဲသို့ ပြန်ရောက်လာ၏။

တစ်နေရာအရောက်တွင် ခလုတ်တိုက်လဲကျပြီး မူးမေ့သွားလေတော့သည်။

ယိုလန်ကျူးမှာ တိုက်ခိုက်နေရာမှ ကြောင်ပဟ္ဆာကျောင်း ပြေးသွားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် သူမက .. အခြားတစ်ဘက်သို့ ပြေးလွှားလိုက်လေသည်။

ကိုယ်ရံတော်များကလည်း ထက်ကြပ်မကွာ လိုက်လာလေ၏။ နောက်ဆုံး ယိုလန်ကျူးမှာ ပြေးရင်းပြေးရင်းနှင့် ပန်းဥယျာဉ်ဘက်သို့ ရောက်ရှိလာလေတော့သည်။

❖❖❖❖❖



ယိုလန်ကျူး ပြေးလာသည်ကို မောက်ဝမ်လင် တွေ့၍ ...

'ယိုလန်ကျူး'

ဟု ရေရွတ်မိလိုက်၏။ ဘုန်းကြီးအိုက ...

'ဒီနေ့ ... သူတို့ကို ဒုက္ခမပေးပါနဲ့တော့၊ လွှတ်ပေးလိုက်ပါ'

မန်ချူးဘုရင် မျက်နှာပျက်သွားပြန်၏။ သို့သော် ... မတတ်သာဘဲ ယန်ကျူးထင်းဘက်သို့ လှည့်၍ အမိန့်ပေးလိုက်သည်။

ယန်ကျူးထင်းကလည်း ကိုယ်ရံတော်များအား ရပ်တန့်ရန် အမိန့်ပေးလိုက်၏။ ဘုန်းကြီးအိုက ပုလဲကုံးတစ်ခုထုတ်ကာ ...

'ဒါ ... မင်းမိခင်ရဲ့ ပစ္စည်းပဲ၊ အင်း ... အဖြစ်အပျက်တွေဟာ ပြီးခဲ့ပါပြီ ... ယူ... ပြီးခဲ့ပါ... [illegible]ခက်လိုပါပဲ'

ဟု ပြောရင်း ပေးလိုက်၏။ ယန်ကျူးထင်းက ...

'ခင်ဗျားတို့ သွားဖို့ ... အချိန်တန်ပြီ'

မောက်ဝမ်လင်က ....

'ကျွန်မတို့ လူတစ်ယောက် ရှိသေးတယ်'

ယန်ကျူးထင်းက ဒေါသထွက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ဟာ ... ဓားရေးလွန်လှချည်လား'

ဘုန်းကြီးအိုက ဘုရင်အား ...

'ခေါင်ချီ ... ဒီကနေ့ သူတို့အားလုံးကို လွှတ်ပေးလိုက်ပါ'

ဘုရင်က ယန်ကျုံးထင်းဘက်သို့ လှည့်ကာ ...

'သူတို့ အားလုံးကို ... လွှတ်ပေးလိုက်ပါ'

ဟုပြောရင်း မျက်စိမှိတ်ပြလိုက်၏။

ဖုချင်စန်းက ထိုအချင်းအရာကို မြင်လိုက်သဖြင့် ရင်ထိတ်သွား၏။ ယန်ကျုံးထင်းက ...

'ခင်ဗျားတို့ သွားနှင့်ပါ၊ ခင်ဗျားတို့လူကို တောင်အောက်ပို့လိုက်ပါ့မယ်'

ဖုချင်စန်းက ... 'ကောင်းပါပြီ'

အခွင့်အရေး ရခိုက်မှ မသွားလျှင် ... ဒုက္ခတွေ့နိုင်သည်ကို သိသောကြောင့် ... မောက်ဝမ်လင်နှင့် ယိုလန်ကျုံးတို့အား ဆွဲကာ တောင်ပေါ်မှ ပြေးဆင်းသွားလေတော့သည်။

ဖုချင်စန်းတို့ ထွက်သွားပြီးသည်နှင့် ယန်ကျုံးထင်းကလည်း လှည့်ထွက်သွား၏။ သူသည် ကြောင်ဟွာကျောင်းအား သုတ်သင်ရမည် မဟုတ်ပါလော။

ဘုရင်ကလည်း ဘုန်းကြီးအိုအား ဖေးမကာ အတွင်းသို့ ပြန်ဝင်လာခဲ့၏။ ချူကြောင်းနန်မှာမူ နေရာတွင် ရပ်ကာ ငေးနေမိ၏။ ယနေ့အဖြစ်အပျက်များသည် အိပ်မက်ဆန်လွန်းလှသည် မဟုတ်ပါလား။

❖❖❖❖❖



ကြောင်ဟွာကျောင်းမှာ သတိပြန်ရလာ၏။

သတိရလျှင် ရချင်း ... အခန်းအား ဝေ့ကြည့်လိုက်၏။

အခန်းတစ်ခုလုံးတွင် စာအုပ်စင်များရှိပြီး စာအုပ်များ ပြည့်နက်နေပေသည်။ သူ၏ ခန္ဓာကိုယ်အနှံ့တွင်လည်း ပတ်တီးများဖြင့် စည်းနှောင်ထားသည်ကို တွေ့လိုက်ရ၏။ ထိုအခိုက် ... လူရွယ်တစ်ဦး သူ၏ခုတင်အနီးသို့ လျှောက်လာပြီး ...

'ခင်ဗျား သတိရပြီလား ... ဆေးသောက်လိုက်ပါဦး'

ဟု ဖော်ရွေစွာ ပြောလိုက်လေသည်။ ထိုလူရွယ်မှာ နန့်လင်မင်ရှော့ ဖြစ်၏။ ကြောင်ဟွာကျောင်းက ပါးစပ် ပိတ်ထားလိုက်၏။

သူသည် ရန်သူ့ အကူအညီကို လက်မခံတတ်သည့် လူစား မဟုတ်ပါလော။ ထိုစဉ် ... တံခါးခေါက်သံ ကြားလိုက်ရပြီး ခြေသံအများအပြားကိုလည်း ကြားလိုက်ရလေသည်။

နန့်လန်မင်ရှော့က ကြောင်ဟွာကျောင်းအား ငှက်မွေးစောင်ဖြင့် ဖုံးအုပ်ထားလိုက်၏။

သေသေချာချာ ပြန်ကြည့်ပြီးမှ တံခါးဆီသို့ လျှောက်သွားကာ ဖွင့်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စလဲ'

ယန်ကျုံးထင်းနှင့် ကိုယ်ရံတော်များပင် ဖြစ်သည်။

ယန်ကျုံးထင်းက ...

'တရားခံတစ်ယောက်ကို လိုက်ရှာနေတာပါ၊ သခင်လေး များ တွေ့မိသလားလို့ ...'

ဟု ရိုရိုသေသေပင် မေးလိုက်၏။

နန့်လင်မင်ရှော့က ရယ်မောလိုက်ပြီး ...

'တွေ့တာပေါ့ဗျာ ... ငါ့အခန်းထဲမှာ ရှိတယ်'

ကြောင်ဟွာကျောင်းမှာ ထိုစကားကြောင့် ထိတ်လန့်သွားလေသည်။ ယန်ကျုံးထင်းက အခန်းထဲသို့ တစ်ချက် ဝေ့ကြည့်လိုက်၏။ ယဲသားတစ်ဦးကလည်း ကြည့်လိုက်လေသည်။

နန့်လန်မင်ရှော့က ...

'ရှိတယ် ... ဝင်လေကွာ၊ ခုတင်ပေါ်မှာ ရှိတယ်'

ဟု ထပ်ပြောလိုက်၏။

ကိုယ်ရံတော်တစ်ဦးက ခုတင်အား လှမ်းကြည့်လိုက်ပြီး ...

'ဟုတ်တယ်၊ ဟုတ်တယ် ... ခုတင်ပေါ်မှာ လူလိုလိုပဲ'

ဟု ပြောလိုက်၏။

ယန်ကျုံးထင်းမှာ မျက်နှာပျက်သွား၏။

ဝင်ပြောသော ကိုယ်ရံတော်အား ပါးရိုက်ချလိုက်ပြီး ...

'မင်းက သခင်လေးကို ဘာထင်နေသလဲ၊ သခင်လေး ... စိတ်မရှိပါနဲ့၊ ကျွန်တော့်လူတွေကို ကျွန်တော် ဆုံးမပါ့မယ်'

ဟု ပြောပြီး ပြန်လှည့်ထွက်သွားလေတော့သည်။



တကယ်တမ်းအားဖြင့် ယန်ကျုံးထင်းမှာ နန့်လန်မင်ရှော့၏ အခန်းတွင်းသို့ ဝင်မရှာဝံ့ပါ။

နန့်လန်မင်ရှော့၏ ခုတင်ပေါ်၌ စောင်ပုံကို တွေ့ရ၏။

သို့သော် ...

တရားခံ ဝင်ပုန်း မနေနိုင်ဟုသာ တွက်ဆမိသည်။

အကယ်၍များ ဝင်ရှာမိ၍ တရားခံ မတွေ့ခဲ့သော် မိမိ ရာထူးမှာ လူပ်လှုပေသည်။

နန့်လန်မင်ရှော့သည် မန်ချူးဘုရင်၏ ခင်မင်အရေးပေးခံ ရသူ ဖြစ်သည်ကို သူက သိထားသောကြောင့်ပင် ဖြစ်ပါသည်။

ယန်ကျုံးထင်းတို့ အဝေးရောက်သွားမှ နန့်လန်မင်ရှော့က တံခါးကို ပြန်လည်ပိတ်လိုက်၏။

ပြီးမှ ... ခုတင်ဆီသို့ ပြန်လျှောက်လာပြီး စောင်ကို ဆွဲဖယ် လိုက်လေသည်။

ကြောင်ဟွာကျောင်း၏ တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေ သည်ကို တွေ့လိုက်ရလေသည်။

နန့်လန်မင်ရှော့က ကြောင်ဟွာကျောင်းအား ကြည့်ကာ ... အားရပါးရ ရယ်မောလိုက်၏။

ကြောင်ဟွာကျောင်းကလည်း မနေနိုင်ဘဲ ရယ်မောမိလေ တော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## အဖာတာသတ် လက်သစ်

မန်ချူးဘုရင်က ... အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ၏ မျက်နှာပေါ်ဝယ် မကျေမနပ်ခြင်း၏ အရိပ်အယောင်များက ပေါ်လွင်နေသည်။ ခုတင်ပေါ်၌ ဘုန်းကြီးအိုက ထိုင်နေပြီး ... ချောင်းတဟွပ်ဟွပ် ဆိုးနေ၏။

ဘုရင်က ဘုန်းကြီးအိုဘက်သို့ လှည့်ကာ ...

'ဒီနေ့ လေစိမ်းတွေ အတိုက်ခံတာ ကြာသွားတာကိုး ... အနားယူဖို့ သင့်ပြီ ခမည်းတော်'

ဘုန်းကြီးအိုက ...

'ငါ့အတွက် ကိစ္စမရှိပါဘူး၊ ကဲ ... ညဉ့်နက်ပြီ၊ မင်းလည်း အနားယူတော့'

ဘုရင်က ဘုန်းကြီးအိုအား ခုတင်ပေါ်တွင် လဲလျောင်း စေလိုက်၏။ ပြီး ... အခန်းဆီသို့ ပြန်လာခဲ့လေသည်။



အခန်းတွင်းသို့ ရောက်သော်လည်း အနားမယူနိုင်သေးပါ။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိ၏။

ဘုရင့်မှာ တစ်ကိုယ်တည်း တီးတိုး ရေရွတ်လိုက်၊ ခေါင်းခါယမ်းလိုက်၊ ဒေါသတကြီး အမူအရာ ဖြစ်လာလိုက်နှင့် ဖြစ်နေ၏။ မကြာခဏလည်း သက်ပြင်းများ ချနေ၏။ ကြည့်ရသည်မှာ တစ်စုံတစ်ခုသောကိစ္စအား မဆုံးဖြတ်နိုင်ဘဲ ဇဝေဇဝါ ဖြစ်နေပုံရသည်။

ထိုစဉ် ...

ယန်ကျူးထင်းမှာ ကြောင်ဟွာကျောင်းအား လိုက်လံရှာဖွေလျက်ရှိ၏။ နေရာနှံ့သွားပါသော်လည်း လုံးဝ မတွေ့ပါချေ။

ထို့ကြောင့် လက်လျှော့လိုက်ပြီး ဘုရင်ထံသို့ အကြောင်းစုံလျှောက်တင်ရန် ထွက်လာခဲ့လေသည်။ ဘုရင်၏ အခန်းရှေ့သို့ ရောက်သောအခါ ဝင်ခွင့်တောင်းမည်အပြုတွင် ...

'ယန်ကျူးထင်းလား'

ဟူသော ဘုရင်၏ အသံကို ကြားလိုက်ရလေသည်။

ယန်ကျူးထင်းက အံ့ဩသွားပြီး ...

'မှန်လှပါ'

'ဝင်လာခဲ့'

ယန်ကျူးထင်းက အခန်းတံခါး ဖွင့်ဝင်လိုက်ပြီးနောက် တံခါးကို ပြန်လည်ပိတ်လိုက်၏။

ထို့နောက် ... ဘုရင်အား ဂါရဝ ပြုလိုက်လေသည်။

ဘုရင်က ...

'အခန်းအပြင်မှာ ဘယ်သူရှိသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျူးထင်းက ...

'အစောင့်တွေအားလုံး ခပ်လှမ်းလှမ်းက စောင့်ဖို့ မှာကြားထားပါတယ်ဘုရား'

ဟု လျှောက်တင်လိုက်၏။

ဘုရင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

'ကောင်းတယ်၊ ဒါထက် မင်း အမှုထမ်းတာ ဘယ်လောက်ကြာပြီလဲ'

ဟု မေးလိုက်၏။ ယန်ကျူးထင်းက မဆိုင်းမတွပင် ...

'ဆယ့်ငါးနှစ်ပါ ဘုရား'

ဟု ဖြေကြားလိုက်၏။ ဘုရင်က ...

'ဒါဆို မင်းအနေနဲ့ အရင် ဘုရင်ထံမှာ သုံးနှစ်လောက် ခစားဖူးတာပေါ့'

'မှန်ပါ'

ဘုရင်၏ မျက်နှာမှာ ရုတ်တရက် ခက်ထန်လာ၏။

ယန်ကျူးထင်းက ထိတ်လန့်သွားသည်။ ဘုရင်က ...

'ဒါဆို စောစောက ဘုန်းကြီးကို မင်းသိမှာပေါ့'

ယန်ကျူးထင်းက မျက်နှာပျက်သွားပြီး ...

'မ ... မသိကြောင်းပါ'

ဘုရင်က ...

'မင်း ... ဇိမ်ဝှံ့သလား' ဟု ခက်ထန်စွာ မေးလိုက်၏။

ယန်ကျူးထင်းက နဖူးနှင့် ကြမ်းပြင် ထိမတတ် အရှိအသေပြုရင်း ...



'ဒီဘုန်းကြီးဟာ အရင်က ဘုရင်ပါပဲ၊ ဒါပေမယ့် ... သေသေချာချာ မကြည့်ရင် ဘယ်သူမှ မမှတ်မိပါဘူးဘုရား'

ဟု ကြောက်လန့်တကြား လျှောက်တင်လိုက်၏။

မန်ချူးဘုရင်က ...

'အင်း ... အခုမှ မင်းက ငါ့အပေါ် သစ္စာရှိလာတယ်'

ယန်ကျူးထင်းက ...

'ကျွန်တော်မျိုး အသက်ထက်ဆုံး သစ္စာရှိပါ့မယ်ဘုရား'

ဘုရင်က ...

'မင်းမှန်းသလိုပဲ ... ဒီဘုန်းကြီးဟာ အရင်က ဘုရင်ပါပဲ၊ ဒီနေ့ သူဟာ တိုင်းရေးပြည်ရေးကိစ္စများမှာ ဝင်ပြီးစွက်ဖက်ခဲ့တယ်၊ အင်း၊ မင်း ... ဝူမင်ချူး ဘယ်လိုသေခဲ့သလဲဆိုတာ သိသလား'

ယန်ကျူးထင်းက ...

'မသိပါဘုရား'

ဘုရင်က ...

'ပညာရှိ ဝူမင်ချူးဟာ ... ခမည်းတော်နဲ့ တုံရှောင်ရွက်တို့ အကြောင်း ကဗျာတစ်ပုဒ် ဖွဲ့ဆိုခဲ့တယ်၊ ခမည်းတော်ဟာ ဒီ ဝူထိုင်တောင်ပေါ်မှာ ရှိနေဆဲ ဆိုတာပါ ဖော်ပြခဲ့တယ်၊ ဒီတော့ ... သူ့ကို နှုတ်ပိတ်တဲ့အနေနဲ့ ငါ အဆိပ် အရက်တစ်ခွက် ဆုချခဲ့တယ်၊ ဒါကို လုပ်သင့်တယ်လို့ မင်း ယူဆသလား'

ဟု မေးလိုက်၏။ ယန်ကျူးထင်းမှာ ထိတ်လန့်သွား၏။

သူသည်လည်း ယနေ့ ပထမဘုရင်ကို မှတ်မိခဲ့သည် မဟုတ်ပါလား ...

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျုံးထင်းသည် ချက်ချင်း ရှိခိုးလိုက်ပြီး ...

'သေသင့်ပါတယ် ဘုရား'

မန်ချူးဘုရင်က ...

'မင်း မဆိုးဘူး ဉာဏ်ရှိသားပဲ၊ မင်းကို ငါ မအိပ်သေးဘဲနဲ့ စောင့်နေတာ ဘာကိစ္စလဲ ဆိုတာကော သိသလား'

ယန်ကျုံးထင်းမှာ ချွေးပြန်လာ၏။

ယနေ့သူသည် လျှို့ဝှက်ချက်များကို သိရှိခဲ့ရပြီ ဖြစ်၏။

ဘုရင်မင်းမြတ်သည် အကြံအစည်တစ်ခု ရှိပုံရ၏။

မိမိသည် ယနေ့ည ဘုရင်မင်းမြတ် သဘောကျ ဆောင်ရွက်နိုင်လျှင် မိမိအဖို့ ပို၍ ကြီးပွားတိုးတက်နိုင်၏။ သို့မဟုတ်ပါက ယနေ့ညသည် မိမိအတွက် နောက်ဆုံးညသာ ဖြစ်မပေတော့မည်ဟု တွေးမိလိုက်၏။

ထို့ကြောင့် ... သူက ရဲရဲစွာပင် လျှောက်တင်လိုက်၏။

'ဘာကိစ္စလဲဆိုတာတော့ ကျွန်တော်မျိုး မခန့်မှန်းတတ်ပါ၊ သို့သော်လည်း ကျွန်တော်မျိုးဟာ ဘုရင်မင်းမြတ်အပေါ် သစ္စာစောင့်သိပါ့မယ်၊ ဘုရင်မင်းမြတ်က သေဆိုလည်း သေဝံ့ပါတယ်'

ဘုရင်က သဘောကျသွား၏။ ထိုစဉ် .... တစ်ဘက်ခန်းမှ ဘုန်းကြီးအို၏ အသံက ထွက်ပေါ်လာ၏။

'ခေါင်ချို .... မင်း မအိပ်သေးဘူးလား၊ ဘယ်သူနဲ့ စကားပြောနေတာလဲ'

ဘုန်းကြီးအို၏ မေးသံနှင့်အတူ ချောင်းဆိုးသံကလည်း ထွက်ပေါ်လာသည်။



'ဖခမည်းတော် နေမကောင်းဘူးလား၊ သားတော် အခုလာကြည့်ပါ့မယ်'

'ကိစ္စမရှိဘူး၊ မင်း အိပ်တော့ ... ညဉ့်နက်လှပြီ'

ဘုရင်က ယန်ကျုံးထင်းဘက်သို့ လှည့်လိုက်ပြီး ...

'ကဲ ... မင်း ငါနဲ့ လိုက်ခဲ့၊ ဟိုရောက်ရင် မင်းကောင်းကောင်းမြင်ရပါ'

ဟုပြောပြီး လှည့်ထွက်သွားလေ၏။

ယန်ကျုံးထင်း ... အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားရင်း ဘုရင့်နောက်မှ လိုက်ခဲ့လေသည်။

ဘုန်းကြီးအိုမှာ ... ခုတင်ပေါ်၌ လဲလျောင်းနေ၏။

ထိုစဉ် ... ဘုရင်နှင့် ယန်ကျုံးထင်းတို့ ဝင်ရောက်လာသည်။

ဘုန်းကြီးအိုမှာ ယန်ကျုံးထင်း ပါလာသဖြင့် မသိမသာမျက်မှောင်ကြုတ်သွား၏။ ဘုရင်က ...

'သူက ... သားတော်ရဲ့ သက်တော်စောင့်ပါ၊ အခုတလောရန်သူတွေက စိတ်ချရတာ မဟုတ်ဘူး၊ သူ့ကို ပြုစုခိုင်းဖို့ ခေါ်လာတာပါ'

ဘုန်းကြီးအိုက ချောင်းသုံးချက် ဆက်တိုက်ဆိုးပြီးမှ ...

'မင်း ... နာမည်'

ယန်ကျုံးထင်းက ...

'ယန်ကျုံးထင်းပါ၊ ကျွန်တော်မျိုး အရှင်ဘုရားလက်အောက်မှာ သုံးနှစ်လောက် တာဝန်ထမ်းခဲ့ဖူးပါတယ်'

ဘုန်းကြီးအိုမှာ မျက်မှောင်ကြုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျုံးထင်းကိုလည်း စိုက်ကြည့်လိုက်၏။

ယန်ကျုံးထင်းမှာ မလုံမလဲ ဖြစ်သွားပြီး ခန္ဓာကိုယ်မှာလည်း တုန်ယင်သွားသည်။ ဘုန်းကြီးအိုက ...

'ကဲ ... ငါ့ကို တွဲထူပါဦး'

ယန်ကျုံးထင်းက ထရပ်လိုက်၏။

ဘုရင်က ယန်ကျုံးထင်းအား စိုက်ကြည့်ကာ ...

'ခမည်းတော်ကို ... ကောင်းကောင်း ပြုစုလိုက်ပါ'

ဟု ပြောလိုက်သည်။ ဘုန်းကြီးအိုမှာ ရင်ထိတ်သွား၏။

သူ၏သားတော် ခေါင်ချိသည် သူ့အား လူကြားထဲ၌၊ အထူးသဖြင့် အပြင်လူတစ်ဦးဦး၏ရှေ့၌ မည်သည့်အခါမျှ ခမည်းတော်ဟု မသုံးနှုန်းပါ။ ယနေ့ညမှ သုံးနှုန်းနေပေသည်။

ထိုစဉ် ... ယန်ကျုံးထင်းက အနားရောက်လာပြီး ချိုင်းမှ မ,ထူ လိုက်၏။

ဘုန်းကြီးအိုက ယန်ကျုံးထင်းအား မသက်ာ၍ စိုက်ကြည့်လိုက်၏။

ယန်ကျုံးထင်းမှာ ... တုန်ယင်သွားပြီး ဘုန်းကြီးအား လွှတ်ချ မည်ကဲ့သို့ ဖြစ်သွား၏။ ဘုရင်က ...

'ဟော့ ... မင်းကောင်းကောင်း ပြုစုပါဆိုမှ'

ဟု လှမ်းအော်လိုက်၏။

ယန်ကျုံးထင်းမှာ စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်၏။

ထို့နောက် ... မျက်လုံးကို စုံမှိတ်ကာ ဘုန်းကြီးအိုကြီးအား အတွင်းအားဖြင့် ညှစ်ချလိုက်လေသည်။



ဘုန်းကြီးအိုကြီးမှာ ထိတ်လန့်သွား၏။

ယုတ်မာသော ဘုရင်အား ကြည့်ကာ ...

'သားတော် ... မင်း ...'

ဟု ရေရွတ်ရင်း ခုတင်ပေါ်သို့ ပြန်လည် လဲကျသွားလေတော့သည်။

မန်ချူးဧကရာဇ်များအနက် ယခု ဘုန်းကြီးအို (သို့) ဘုရင်ခွန်းကျိသည် စစ်ပွဲအများဆုံး ဆင်နွှဲခဲ့သူ ဖြစ်၏။

စစ်ပွဲတိုင်းတွင် အောင်နိုင်ခဲ့၏။

ရန်သူ့လက်ချက်ဖြင့် ဒဏ်ရာတစ်စုံတစ်ရာပင် မရဖူးပါချေ။

ယခုမူ မထင်မှတ်သော သားတော်လက်ချက်ဖြင့် ကံကုန်ရှာချေပြီ။

ဘုရင်က ငြိမ်သက်သွားသော ဘုန်းကြီးအိုအား မကြည့်ဘဲ မျက်နှာလွှဲထားပြီး ...

'ယန်ကျုံးထင်း ... ငါ့နောက် ပြန်လိုက်ခဲ့'

ဟု ပြောကာ သူ၏ အခန်းဆီသို့ ပြန်လည် လျှောက်သွားလိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးဘုရင်က ... ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အရက်အိုးအား ထုတ်ယူလိုက်ပြီး ခွက်ထဲသို့ ငှဲ့လိုက်၏။

ထို့နောက် ယန်ကျုံးထင်းအား ...

'ထိုင်လေ၊ တို့ ... ဒီနေ့ ဘာကိစ္စမှ မရှိတော့ဘူး၊ အရက်သောက်ဖို့ပဲ ကျန်တော့တယ်'

ဟု ပြောလိုက်၏။ ယန်ကျုံးထင်းက စားပွဲ၌ ဝင်ထိုင်လိုက်သည်။ ဘုရင်ကမ်းပေးလာသော အရက်အား ငေးကြည့်နေ၏။

ဘုရင် ပြောသောစကားကို ပြန်ကြားယောင်မိ၏။

သူသည် ... ပညာရှိ ဝူမင်ချူးကဲ့သို့ မဖြစ်လိုပါ၊

ထို့ကြောင့် ... ဘုရင်တိုက်သော အရက်ကို မသောက်ရဲပါချေ။ ဘုရင်က ရယ်မောလိုက်ပြီး ...

'ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး'

ဟုပြောရင်း ထိုအရက်ခွက်ကိုပင် အကုန်မော့ချလိုက်လေသည်။ ထို့နောက် နောက်တစ်ခွက် တစ်ဖန်ငှဲ့ကာ သူ့မှာသူပင် မော့ချလိုက်ပြန်၏။



တတိယခွက် ထည့်ပြီးနောက်တွင်မူ ယန်ကျုံးထင်းအား လှမ်းပေးကာ ...

'မင်း ... ဒီနေ့ကစပြီး ငါ့လူယုံတော် ဖြစ်သွားပြီ၊ ငါက လွဲရင် ဘယ်သူမဆို မင်းအမိန့်ကို နာခံစေရမယ်'

ဟု အားရပါးရ ပြောလိုက်၏။

ယန်ကျုံးထင်းမှာ ... ဝမ်းသာသွား၏။

ချက်ချင်းပင် ဘုရင်အား ဒူးထောက် ဂါရဝ ပြုလိုက်၏။

ပြီးနောက် ... အရက်ခွက်ကို ယူကာ မော့ချလိုက်ပြီး ...

'ဘုရင်မင်းမြတ် ... သက်တော်ရာကျော် ရှည်ပါစေ'

ဟု ဆုတောင်းပေးလိုက်လေသည်။

ဘုရင်က အားရပါးရ ရယ်မောလိုက်၏။

ထိုစဉ် ... အခန်းအပြင်ဘက်မှ ရယ်သံတစ်ချက် ကြားလိုက်ရလေသည်။

ဘုရင်မှာ မျက်နှာပျက်သွား၏။

ယန်ကျုံးထင်းကမူ ချက်ချင်းခုန်ထကာ ပြတင်းပေါက်မှ ထွက်ပြီး ရယ်သံကြားရာသို့ ကြည့်လိုက်၏။

အဝေးခေါင်မိုးပေါ်တွင် ပြေးလွှားနေသော လူရိပ်တစ်ရိပ်ကို တွေ့လိုက်၏။

သူလည်း တုန့်ဆိုင်းမနေတော့ဘဲ ထိုအရိပ်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

ယန်ကျုံးထင်း၏ ကိုယ်ဖော့ပညာမှာ ကောင်းမွန်၏။

ခဏချင်းပင် ... ခေါင်မိုးပေါ်သို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်သို့ ရောက်သောအခါ လူရိပ်သည် ထွက်ပြေးသွားခြင်းမရှိဘဲ စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရလေသည်။

ယန်ကျုံးထင်မှာ စဉ်းစားမနေပါ။

ထိုလူရိပ်အား တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။ ထိုလူက အသာပင် ရှောင်တိမ်းပေးလိုက်ပြီး ...

'မင်း သေချင်လို့လား၊ အခုလို တိုက်ခိုက်နေရင် အဆိပ်တွေ ပျံ့ကုန်လိမ့်မယ်'

ဟု ပြောလိုက်သည်။ ယန်ကျုံးထင်း အံ့အားသင့်သွား၏။

ချက်ချင်းပင် ... ခန္ဓာကိုယ်အား အတွင်းအားဖြင့် လှည့်ပတ်စစ်ဆေးလိုက်၏။ အတွင်းအားကို မည်သို့မျှ စုစည်းမရပါချေ။

ယန်ကျုံးထင်း၏ မျက်နှာမှာ ဖြူရော်သွား၏။

ခန္ဓာကိုယ်မှာလည်း ခိုင်ခိုင်မရပ်နိုင်ဘဲ ယိမ်းယိုင် လာလေသည်။ ထိုလူက ...

'မင်းက မင်းဘုရင်ရဲ့ အဆိပ်အရက်ကို သောက်ခဲ့တာပဲ၊ ငါ ကယ်မလို့လာတာ မီမှ မီပါ့မလား မသိဘူး'

ဟု ဆက်ပြောလိုက်၏။

ယန်ကျုံးထင်းမှာ ထိုလူ၏စကားကို ကောင်းစွာပင် မကြားတော့ပါ။ သတိလစ် လဲကျသွားလေသည်။

ထိုလူက ကမန်းကတန်း ဖမ်းဆွဲလိုက်နိုင်၍သာ အမိုးပေါ်မှ ပြုတ်မကျခြင်း ဖြစ်၏။

ထိုလူက ချက်ချင်းပင် ... ယန်ကျုံးထင်း၏ ခန္ဓာကိုယ်အား အပ်ကလေးများဖြင့် စိုက်လိုက်၏။



ထို့နောက် ဆေးတစ်လုံးကို တိုက်ကျွေးကာ ယန်ကျုံးထင်းအား နှိပ်နယ်ပေးလိုက်၏။ မကြာမီ ... ယန်ကျုံးထင်းမှာ သတိပြန်ရလာလေသည်။ ထိုလူက မေးလိုက်၏။

'မင်း ... သတိပြန်ရပြီလား'

ယန်ကျုံးထင်းက ...

'ကျေးဇူးပါပဲဗျာ၊ ဒါပေမယ့် ... ကျွန်တော့်မှာ ခွန်အား လုံးဝ မရှိတော့သလို ခံစားနေရတယ်'

ထိုလူက သက်ပြင်းချရင်း ...

'မင်း သိပ်ကံကောင်းတယ်၊ ငါ့မှာ ထင်းစန်းတောင်က 'နှင်းကြာပန်း' ပါလာလို့၊ ဒါတောင် မင်းရဲ့ အဆိပ်ကို ခဏပဲ ထိန်းထားနိုင်မှာ'

'ဗျာ ...'

ယန်ကျုံးထင်း ပို၍ ထိတ်လန့်သွားသည်။ ထိုလူက ...

'မင်း အဆိပ်က တော်တော်ပြင်းတယ်၊ မင်း ငါနဲ့ လိုက်ခဲ့၊ ဒါမှ ... မင်းကိုယ်ထဲက အဆိပ်ကို ထုတ်နိုင်မှာ'

ယန်ကျုံးထင်းမှာ တွေဝေသွား၏။ ခဏကြာပြီးနောက် ...

'အင်းလေ၊ ကျုပ်ဘဝက ဒီမှာ ဆက်နေဖို့လည်း အခြေအနေမပေးတော့ပါဘူး၊ လိုက်ခဲ့ပါ့မယ်'

ထိုလူက ယန်ကျုံးထင်း လက်ခံသည်နှင့် ယန်ကျုံးထင်းအား ဖေးမ၍ ထွက်လာခဲ့လေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အရှုဏ်ဦး၏ အလင်းရောင်ပင် ထွက်စပြုလာပြီ ဖြစ်၏။

ဂူဟန်ယင်း၏ ဂေဟာ ဧည့်ခန်းတွင်း၌မူ လူတစ်စု စကားပြောနေ၏။ ထိုလူစုမှာ ... လျူယုဖန်တို့လူစုပင် ဖြစ်ပါသည်။

လျူယုဖန်တို့မှာ ဖုချင်စန်းတို့ ထွက်သွားပြီး ယခုထိ ပြန်မလာသေးသည့်အတွက် စိတ်ပူနေကြ၏။ ထို့ပြင် ... ယိလန်ကျူးကိုလည်း မတွေ့သဖြင့် ပို၍ ရတက်မအေး ဖြစ်သွားကြ၏။

ဂူဟန်ယင်းက ... နှစ်သိမ့်ထားရသည်။

နောက်ဆုံး ... ဂူဟန်ယင်းက သူ၏ တပည့်ဆယ်ဦးခန့်အား လယ်သမားအသွင် ရုပ်ဖျက်စေကာ အခြေအနေစုံစမ်းရန် စေလွှတ်လိုက်လေသည်။

အားလုံးကိုလည်း အိပ်စက်အနားယူခိုင်းလိုက်သည်။

လျူယုဖန်တို့မှာလည်း ... ပင်ပန်း နွမ်းနယ်နေသည့်အပြင် ဘာမျှလုပ်စရာ မရှိသည့်အတွက် အနားယူလိုက်ရလေတော့၏။

❖❖❖❖❖



နောက်တစ်နေ့ နံနက် ....

ဂူဟန်ယင်း၏သားငယ် ဂူချင်းဟွာနှင့် သမီးဖြစ်သူ ဂူချုံးယောင်တို့မှာ ဂေဟာ၏ အနောက်ဘက်သို့ ပန်းခူးထွက်လာကြ၏။ သူတို့နှစ်ယောက်မှာ ကလေးအရွယ်သာ ဖြစ်သည့်အတွက် ဖြစ်ပေါ်နေသည့် အခြေအနေများကို နားမလည်ကြပါချေ။

လွတ်လပ်စွာ ဆော့ကစားနေကြ၏။ ထိုစဉ် ... အနီရောင်အရိပ်တစ်ခုက သူတို့အနားသို့ လျင်မြန်စွာ ရောက်ရှိလာလေသည်။

ဂူချင်ဟွားတို့ မောင်နှမမှာ ထိတ်လန့်သွားကြ၏။

ထိုလူအား ... သေချာစွာ ကြည့်လိုက်ရာ တိဗက်လားမားတစ်ဦး ဖြစ်နေသည်။ တိဗက်လားမားကြီးက သူတို့အားကြည့်ကာ တိဗက်စကားဖြင့် တစ်စုံတရာ ပြောဆိုလိုက်ပြီး လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။

ဂူချင်းဟွာက တိဗက်စကားကို နားမလည်ပါ။

ထို့ပြင် ... လက်ဟန်ခြေဟန်ဖြင့် ပြသည်ကို သူတို့အားခေါ်ပြုတော့မည်ဟု ယူဆပြီး တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ... ဂူချုံးယောင်ကလည်း ဝင်ရောက် တိုက်ခိုက်ပြန်သည်။ တိဗက်လားမားကြီးက ရှောင်တိမ်းရင်း အော်ငေါက်လိုက်၏။ ထိုစဉ်မှာပင် ...

'ဂူချင်းဟွာ၊ လူကြီးကို ဒီလိုဆက်ဆံရသလား၊ ရပ်လိုက်စမ်း'

ဟူသော အသံနှင့်အတူ ဖုချင်စန်း ရောက်ရှိလာလေသည်။ မောက်ဝမ်လင်နှင့် ယိလန်ကျူးတို့ကလည်း ရောက်ရှိလာကြ၏။

ဖုချင်စန်းမှာ ထိုတိဗက်လားမားကြီးသည် မနေ့က ဂူထိုင်တောင်ပေါ်တွင် ချူကြောင်းနန်နှင့်အတူ ပါလာသူဖြစ်ကြောင်း မှတ်မိလိုက်သည်။ ထို့ပြင် ထိုတိဗက်ကြီးက ရန်လိုသောစိတ် မရှိသည်ကိုလည်း တွေ့မြင်ရသောကြောင့် ဟန့်တားလိုက်ခြင်း ဖြစ်ပါသည်။ ဖုချင်စန်းက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

တိဗက်ကြီးကလည်း ပြန်လည်ဂါရဝပြုရင်း တိဗက်စကားဖြင့် ပြောလိုက်၏။ ဖုချင်စန်းမှာ ... တိဗက်စကားကို နားမလည်သဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယိလန်ကျူးက ရှေ့တိုးလာပြီး တိဗက်ကြီးနှင့် စကားပြောလိုက်လေသည်။ ယိလန်ကျူးနှင့် စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောပြီးသော အခါ တိဗက်ကြီး၏ မျက်နှာမှာ ပြုံးရွှင်သွားသည်။

ထို့နောက် ... သူတို့နှစ်ဦးက တိဗက်လို အတန်ကြာအောင် ဆက်ပြောနေကြ၏။ ပြီးမှ ယိလန်ကျူးက ရှင်းပြလိုက်လေသည်။

တိဗက်ကြီးက ဂူဟန်ယင်း၏ ဂေဟာကိုမေးရာ ကလေးနှစ်ဦးက အထင်လွဲပြီး တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ သူ့အနေဖြင့် ဂူဟန်ယင်း၏ ဂေဟာကိုလာခြင်းမှာ ရန်ရှာလို၍ မဟုတ်ကြောင်း



သူ့ကို ဟန်လူမျိုးလူရွယ်တစ်ဦးက စေလွှတ်လိုက်၍ ဖြစ်ကြောင်း၊ ထို့အပြင် ... ထိုလူရွယ်သည် သူ့အား ချူကြောင်းနန်၏ လက်မှ ကယ်တင်ခဲ့သူ ဖြစ်ကြောင်း ပြောပြလိုက်လေသည်။

ဖုချင်စန်းမှာ ထိုအကြောင်း ကြားသိရသောအခါ အံ့သြသွားသည်။ တိဗက်ကြီးနှင့် ချူကြောင်းနန်တို့မှာ တစ်ဖွဲ့တည်းသားပင် မဟုတ်ပါလား။ အဘယ်ကြောင့် ချူကြောင်းနန်နှင့် တိုက်ခိုက်နေရပါသနည်း။ ဖုချင်စန်းက နားမလည်နိုင်သည့်အတွက် ယိလန်ကျူးအား မေးမြန်းခိုင်းလိုက်လေသည်။

ယိလန်ကျူးကလည်း တိဗက်ကြီးအား မေးမြန်းလိုက်၏။

ပြီးမှ ... ဖုချင်စန်းအား ပြန်လည် ရှင်းပြလိုက်လေသည်။

'ဒီလိုပါ၊ ချူကြောင်းနန်နဲ့ သူဟာ နယ်စားကြီး ဂူစန်းကွေ့ လက်အောက်မှာ အတူ အမှုထမ်းခဲ့တယ်တဲ့၊ ဒီနေ့ ဂူထိုင်တိုက်ပွဲမှာ ချူကြောင်းနန် ချောက်ထဲကျသွားတာတွေ့လို့ ... သူ ဆင်းကယ်တယ်တဲ့၊ ချူကြောင်နန်းက ချောက်ထဲမှာ ဘာမှမဖြစ်ဘူး၊ ချုံပေါ်ကို ကျသွားလို့ သက်သာသွားတယ်၊ တိဗက်ကြီးက ကူညီမလို့ အလုပ် ချူကြောင်းနန်က သူ့ကို တိုက်ခိုက်လာတယ်တဲ့'

ဖုချင်စန်းက ...

'ဘာဖြစ်လို့ ...'

'သူလဲ မသိဘူး၊ ဒီအချိန်မှာ ... အသက်လေးဆယ်လောက် လူရွယ်တစ်ယောက် ရောက်လာပြီး ချူကြောင်းနန်ကို တိုက်တော့ ချူကြောင်းနန်ဟာ ... လက်ဝါးတစ်ချက် အရိုက်ခံရပြီး ထွက်ပြေးသွားတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းမှာ … ပို၍ အံ့ဩသွားမိသည်။

ချုကြောင်းနန်၏သိုင်းပညာမှာ မိမိနှင့်ယှဉ်လျှင်ပင် သာနိုင်သည်ဟု ယုံကြည်၏။

ယခုလို လူငယ်တစ်ဦးက … တိုက်ခိုက်နိုင်သဖြင့် ထိုလူရွယ်မည်သူနည်းဟု သိချင်လာ၏။

ထို့အပြင် … မနေ့ညက ချုကြောင်းနန်နှင့်တိုက်ခိုက်စဉ် ချုကြောင်းနန်မှာ အတွင်းဒဏ်ရာရထားကြောင်း တွေ့ခဲ့ရသဖြင့် တိဗက်ကြီး၏စကားမှာ မှန်ကန်နိုင်ကြောင်း ယုံကြည်လိုက်၏။

ထို့နောက် … သူသိလိုသည်တို့ကို မေးမြန်းလိုက်လေသည်။

'အဲဒီလူရွယ် ဘယ်သူလဲဆိုတာ သိသလား'

ယိလန်ကျူးက တိဗက်ကြီးအား မေးမြန်းလိုက်၏။

တိဗက်ကြီးက ပထမတွင် ခေါင်းခါလိုက်ပြီးမှ ရုတ်တရက်မျက်နှာ တစ်ခုလုံး ပြုံးရွှင်သွား၏။

တစ်နေရာသို့လည်း လက်ညှိုးထိုးပြလိုက်လေသည်။

ဖုချင်စန်းတို့အားလုံးက လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်ကြ၏။ အသက်သုံးဆယ်ကျော်အရွယ် လူရွယ်တစ်ဦးနှင့် … မန်ချူးဘုရင့် သက်တော်စောင့်ဝတ်စုံနှင့် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ မန်ချူးသက်တော်စောင့်မှာ ယန်ကျူးထင်း ဖြစ်၏။

ဖုချင်စန်းမှာ … ယန်ကျူးထင်းအား တွေ့လိုက်ရသောအခါ ဒေါသထွက်သွားသည်။

'မင်း … လိုက်လာရဲသေးတာကိုး'

ပြောရင်း … ပြေးလွှားတိုက်ခိုက်လိုက်လေသည်။



ထို့အတူ … ယိလန်ကျူးမှာလည်း ထိုလူရွယ်ကို တွေ့ရလျှင် မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

ဖုချင်စန်းမှာ … ယန်ကျူးထင်းအနီးသို့ ဦးစွာရောက်ရှိသွားပြီး တိုက်ခိုက်လိုက်သည်။ လူရွယ်က …ယန်ကျူးထင်းကို အကာအကွယ်ပေးလိုက်သည်။ ဖုချင်စန်းနှင့် လူရွယ်မှာ သိုင်းတစ်ကွက်စီယှဉ်မိလိုက်သည်။ ထိုစဉ် … ယိလန်ကျူး ရောက်ရှိလာပြီး …

'ဘဘ ရပ်လိုက်ပါ၊ ဦးဦးက ထင်းစန်းတောင်က လင်ဝိဖုန်းပါ ဦးဦး … ဟောသည်က ဘဘက … သမားတော်သိုင်းသမား ဖုချင်စန်းပါ၊ အချင်းချင်းတွေပါပဲ'

ဟု ပြောလိုက်သည်။

လင်ဝိဖုန်းက လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်၏။

'နာမည်ကို ကြားဖူးတာ ကြာပါပြီခင်ဗျာ'

ဟု လေးလေးစားစား ပြောလိုက်၏။ ဖုချင်စန်းကလည်း လင်ဝိဖုန်း၏ လေးစားရိုသေသော ဟန်မူရာကြောင့် ကျေနပ်သွား၏။ ထို့ပြင် … လူရွယ်၏သိုင်းပညာမှာ သူ့ထက်ပင် သာလွန်၍သော ချုကြောင်းနန်ကို အနိုင်ယူနိုင်ကြောင်း သိရှိလိုက်လေသည်။

အမှန်စင်စစ် ချုကြောင်းနန်မှာ လူရွယ်အား ကြောက်ရွံ့၍ ထွက်ပြေးခြင်း မဟုတ်ပါ။ လူရွယ်၏ သိုင်းပညာသည် မိမိ၏ သိုင်းပညာနှင့် ဆင်တူနေသောကြောင့် … ရင်မဆိုင်လို၍ ရှောင်တိမ်းလိုက်ခြင်းသာ ဖြစ်၏။

ထို့နောက် …

ဖုချင်စန်းက လူရွယ်အား အကဲခတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်း၏ ကိုယ်နေကိုယ်ဟန်မှာ ခန့်ညားသော်လည်း မျက်နှာပေါ်မှ ဓားဒဏ်ရာနှစ်ချက်ကြောင့် ကြည့်ရဆိုးနေသည်။

လင်ဝိဖုန်းက ...

'သူ့ကိုတော့ သိမယ်ထင်ပါတယ်၊ မန်ချူးဘုရင့် သက်တော်စောင့် ယန်ကျူးထင်းပါ'

ဖုချင်စန်း မဲ့လိုက်သည်။ လင်ဝိဖုန်းက ... ဆက်ပြောသည်။

'သူဟာ ... မန်ချူးဘုရင်ရဲ့ အဆိပ်အရက် သောက်ခဲ့မိပါတယ်၊ သူ့ကို ကုနိုင်ရင် ကုသပေးဖို့ မေတ္တာရပ်ခံပါတယ်'

ဖုချင်စန်းက ဘာမျှ ပြန်မပြောပါ။

အနီးရှိအရက်ဘူးကို ဆွဲဖြုတ်လိုက်ပြီး ယန်ကျူးထင်းအား သောက်ခိုင်းလိုက်၏။

ထို့နောက် ... အနီးရှိပန်းပင်တစ်ပင်မှ ပန်းပွင့်ကလေးများပေါ်သို့ ထွေးချခိုင်းလိုက်လေသည်။

ပန်းပွင့်ကလေးများမှာ ... အရက်နှင့် ထိတွေ့လိုက်သည်နှင့် ချက်ချင်းနွမ်းကြေကာ ... မြေပေါ်သို့ ကြွေကျသွားလေသည်။

ဖုချင်စန်းက သက်ပြင်းချရင်း ...

'အင်း ... တော်တော်ပြင်းတဲ့အဆိပ်ပါလား'

လင်ဝိဖုန်းကလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

'ဘုရင်ခေါင်ချိုဟာ တော်တော်ရက်စက်ပါလား၊ ဒါထက် ဘာအဆိပ်လဲ ဆိုတာကော သိသလား'

ဖုချင်စန်းက ...

'ခေါင်းသည်းခြေနဲ့ ဖော်စပ်ထားတဲ့ အဆိပ်ပဲ'



'သည်အဆိပ်သောက်မိတဲ့လူဟာ ... အလွန်ဆုံးနာရီဝက်ပဲ အသက်ရှင်နိုင်မယ်၊ ငါအံ့သြတာက ... သူက ဘာလို့ ခုထိအဆိပ်ကို ခံနိုင်နေရတာလဲ'

ဟု တွေးတွေးဆဆ ပြောလိုက်၏။ လင်ဝိဖုန်းက ...

'ကျွန်တော် ... သူ့ကို နှင်းကြာပန်း ကျွေးထားလို့ပါ'

ဖုချင်စန်းက . . ....

'ဩော် ... နှင်းကြာပန်း ကျွေးထားတာကိုး၊ နှင်းကြာပန်းစားထားတဲ့အတွက် သူ့အဆိပ်ကို ထိန်းထားနိုင်တာပဲ'

ယိလန်ကျူးက ကြားဖြတ်မေးလိုက်၏။

'ဘာဘ ... ဒီအဆိပ်ကို ကုနိုင်မလား'

ဖုချင်စန်းက ...

'ဖြေဆေးမရှိရင် ကုဖို့ မလွယ်ဘူး၊ အခု နှင်းကြာပန်းစားထားတယ်ဆိုတော့ ကုလို့ရနိုင်သွားပြီ'

လင်ဝိဖုန်းက ...

'ဒါထက် ... ဘုရင်ခေါင်ချိုဟာ ဒီအဆိပ်အရက်ကို နှစ်ခွက်တောင် သောက်ခဲ့တယ်၊ သူတော့ ... ဘာမှမဖြစ်ပါလား'

ဖုချင်စန်းက ...

'သူ့မှာ အဆိပ်ရှိသလို ဆေးလဲရှိမှာပေါ့၊ သူက ဖြေဆေးကြို သောက်ထားမှာပေါ့၊ ကဲ ... ကဲ ... တို့ အထဲသွားကြမယ်'

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းတို့လူစုမှာ ဂူဟာန်ယင်း၏ ဂေဟာအတွင်းသို့ ပြန်ရောက်လာတော့သည်။

ဖုချင်စန်းက ... ချက်ချင်း ဆိတ်ငြိမ်သော အခန်းတစ်ခုကို ယူလိုက်ပြီးနောက် ... ယန်ကျုံးထင်းအား ထည့်လိုက်သည်။

ထို့နောက် ...

အတွင်းအား လေ့ကျင့်နည်းတစ်ခု ပြလိုက်ပြီး ... အဆိပ်ကို စုစည်းနိုင်းလိုက်၏။

ဖုချင်စန်းက ...

'မင်းရဲ့ကိုယ်မှာရှိတဲ့ အဆိပ်တွေဟာ သိပ်ပြင်းထန်တယ်၊ မင်းအနေနဲ့ ... သုံးဆယ့်ခြောက်နာရီလုံးလုံး အတွင်းအားနဲ့ အဆိပ်ကို စုစည်းပါ၊ မင်းရဲ့အာရုံကို မပျံ့လွင့်စေနဲ့၊ အာရုံ ပျံ့လွင့်တာနဲ့ မင်းကိုယ်က အဆိပ်တွေ ပျံ့နှံ့သွားမယ်၊ အဲဒီအခါ ... ကုသဖို့ မလွယ်တော့ဘူး၊ မင်း ... ဒါကို သေသေချာချာ ဂရုစိုက်ပါ'

ဟု သတိပေးမှာကြားလိုက်ပြီး ပြန်ထွက်သွားသည်။



ယန်ကျုံးထင်းသည် အခန်းထဲ၌ တင်ပလ္လင်ခွေထိုင်ကာ အတွင်းအားဖြင့် အဆိပ်ကို စတင်စုစည်းလိုက်လေတော့သည်။

ဖုချင်စန်းတို့ ပြန်ထွက်လာပြီးနောက် ... လင်ဝိဖုန်းအား ဂူဟာန်ယင်းတို့နှင့် မိတ်ဆက်ပေးလိုက်သည်။

ဟာန်စုဖန်မှာ ဝမ်းသာသွားပြီး ...

'ခင်ဗျား သတင်းကို ကြားဖူးနေတာ ကြာပြီဗျ၊ အခုမှပဲ လူချင်း တွေ့ဖူးရတော့တယ်'

ဟု ပြောလိုက်သည်။

လင်ဝိဖုန်းက ရယ်မောလိုက်ပြီး ...

'ဝိုက်အားချုပ်ကြီးရဲ့ လူတွေ ... ကျုပ်ကို လိုက်ရှာတယ်လို့ ကြားရပါတယ်၊ အခု ရောက်လာပြီပဲ'

ဟာန်စုဖန်က ...

'ကျုပ်က ... အခုဂိုဏ်းချုပ် မဟုတ်တော့ဘူးဗျ၊ ဟောဒီမှာ ဂိုဏ်းချုပ်အသစ် လျူယုဖန်တဲ့'

ဟု လျူယုဖန်အား လှည့်၍ မိတ်ဆက်ပေးလိုက်၏။

လျူယုဖန်မှာ ဘာမျှ ပြန်မပြောနိုင်ပါ။

လင်ဝိဖုန်း၏အသံကို ကြားဖူးသည်ဟု ထင်မိပြီး ငေးကြည့်နေမိသည်။

အတန်ကြာမှ ...

'တွေ့ရတာ ... ဝမ်းသာပါတယ်ရှင်'

ဟု ပြောလိုက်သည်။

လင်ဝိဖုန်းမှာ လျူယုဖန်အား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် … သူ၏နှလုံးသားမှာ တုန်ခါသွား၏။

ကြွေမပျက်အောင် ထိန်းလိုက်ပြီးမှ …

'ဒီဘက်ကိုလာကြတာ တော်ချက်ကို လုပ်ကြံဖို့ တစ်ခုတည်းတွင် ဟုတ်ဟန်မတူဘူး၊ တခြားကိစ္စလဲ ရှိဦးမယ်ထင်တယ်'

ဟု မေးလိုက်သည်။

လျှူယုဖန်က …

'ကိစ္စမရှိဘဲနဲ့ မလာရတော့ဘူးလား'

လင်ဝိဖုန်းက …

'မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်ပြောချင်တာက တော်ချက်ကို လုပ်ကြံဖို့အတွက်နဲ့တော့ ဒီလောက်လူစုလူဝေးနဲ့ လာကြမှာ မဟုတ်ဘူးလို့ ထင်မိလို့ပါ'

ထုံမင်က ကြားဖြတ်ပြောလိုက်သည်။

'ခင်ဗျားပြောတာ … မှန်ပါတယ်၊ တောင်ပိုင်းမှာ ကျုပ်တို့ ခြေကုပ်စခန်း မရှိတော့တာနဲ့ … သည်ဘက်ကို ခြေကုပ်ယူဖို့ လာရင်း တော်ချက်ရဲ့သတင်း ကြားတာနဲ့ လုပ်ကြံဖို့ စီစဉ်ကြတာပါ'

လင်ဝိဖုန်းက …

'ခင်ဗျားတို့ တောင်ပိုင်းကို ပြန်သွားတာပဲ ကောင်းပါတယ်ဗျာ'

သူကပြောရင်း တိဗက်ကြီးဘက်သို့လှည့်ကာ …

'သူ့မှာ ခင်ဗျားတို့ မယုံနိုင်တဲ့ သတင်းတစ်ခု ပါလာတယ်'

ဟုလည်း ဆက်ပြောလိုက်သည်။



လျှူယုဖန်မှာ လင်ဝိဖုန်း လက်ချောင်းကလေးများ ချိုးနေသည်ကို ငေးကြည့်နေသည်။

သူမ၏ရင်ထဲမှ လူတစ်ဦးအား သတိရလာသည်။

လင်ဝိဖုန်းအား စူးရဲစွာ စိုက်ကြည့်လိုက်၏။

လင်ဝိဖုန်းမှာ မျက်နှာမှ ဓားဒဏ်ရာကြောင့် ရုပ်ဆိုးနေ၏။

သူမ၏ရင်ထဲမှ လူကမူ ခန့်ညားသော၊ ယောကျ်ားပီသစွာ ချောမောသော လူတစ်ဦးပင် ဖြစ်ပါသည်။

သူမ တွေးတောနေခိုက်တွင် ဖုချင်စန်းအသံက ထွက်ပေါ်လာ၏။

'ဘယ်လို သတင်းများလဲ'

လင်ဝိဖုန်းက …

'ကျွန်တော်တို့ မပြောခင် … မနေ့က မန်ချူးဘုရင်နဲ့ ချူကြောင်းနန် တိုင်ပင်နေတာ ခင်ဗျားတို့ ကြားခဲ့တယ် မဟုတ်လား'

ဖုချင်စန်းက တစ်ချက် စဉ်းစားပြီးမှ …

'ကျုပ် တစ်ခွန်းတည်း ကြားတာပါ၊ ဂူစန်းကွေ့ သည်လို သုပ်ရဲ့လားတဲ့၊ ဘာသဘောလဲတော့ မသိဘူး'

ဟု ပြောလိုက်၏။

လင်ဝိဖုန်းက …

'သဘောကတော့ ဂူစန်းကွေ့ဟာ မန်ချူးတွေကို ပြန်ပြီး တော်လှန်ဖို့ ကြံစည်နေလို့ပဲ'

လင်ဝိဖုန်း၏ စကားကြောင့် … အားလုံး အံ့ဩသွားကြ၏။ ယုံနိုင်အောင်လည်း ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်း ခေါင်းခါယမ်းရင်း ...

'မဖြစ်နိုင်ဘူး၊ နယ်စားကြီး ဝူစန်းကွေ့ဟာ မန်ချူးဘုရင်ရဲ့ သစ္စာခံတစ်ဦးပဲ၊ ဘာကြောင့် ပြန်တော်လှန်ရမှာလဲ'

လင်ဝိဖုန်းက ...

'ကျုပ်က အထောက်အထား ရထားပြီးပါပြီ၊ တိဗက်ကြီးနဲ့ ယန်ကျုံးထင်းတို့ကို မေးကြည့်ပါ၊ ခင်ဗျားတို့ သံသယတွေ ရှင်းသွားလိမ့်မယ်'

တိဗက်ကြီးက ... ဝင်၍ရှင်းပြလိုက်၏။

နယ်စားကြီး ဝူစန်းကွေ့မှာ ... မန်ချူးများ တရုတ်နိုင်ငံကို စတင်ကျူးကျော်စဉ်က မန်ချူးသစ္စာခံပြီး ကူညီခဲ့သူ ဖြစ်၏။

ထို့ကြောင့် ... မန်ချူးများ တရုတ်နိုင်ငံကို စိုးမိုးနိုင်သော အခါ ဝူစန်းကွေ့ အပါအဝင် သုံးဦးအား နယ်စားကြီးရာထူးဖြင့် နယ်ပယ် အများအပြားကို အုပ်ချုပ်စေခဲ့လေသည်။

နောက်ပိုင်းတွင် နယ်စားကြီးများ၏ ဩဇာအာဏာ အလွန်ကြီးထွားလာသဖြင့် ဘုရင်က အာဏာကို ပြန်လည်ကန့်သတ်ရန် စီစဉ်၏။ ထိုအခါ ... အခြားနှစ်ဦးက ရာထူးမှထွက်ကာ သားသမီးများကို အာဏာလွှဲပြောင်းပေးပြီး ဘုရင်နှင့် အတိုက်အခံမပြုဘဲ ရှောင်ကွင်းခဲ့၏။

နယ်စားကြီး ဝူစန်းကွေ့မှာ အမြဲတစေ ကိုယ်ကျိုးကြည့်သူ တစ်ဦးဖြစ်၏။

ယခုကဲ့သို့ သူ၏အကျိုးစီးပွား အာဏာထိပါးလာသောအခါ မန်ချူးဘုရင်အား ပြန်လည်တော်လှန်ရန် ကြံစည်လိုက်၏။



အနောက်ဘက် တိဗက်ပြည်နယ်နှင့် ပူးပေါင်း၍ တော်လှန်ရန် ကြံစည်ခဲ့၏။

ထိုအချက်ကို ဝူစန်းကွေ့၏လူယုံတော်ဖြစ်သော ချူကြောင်းနန်က ရိပ်မိခဲ့၏။

ချူကြောင်းနန်မှာလည်း ... အတ္တသမားပင်။

သူသည် ဝူစန်းကွေ့ထံမှ ထွက်လာပြီး မန်ချူးဘုရင်ထံ သစ္စာခံလိုက်၏။

မန်ချူးဘုရင်ကလည်း ... ကိုယ်ရံတော်ချုပ်ရာထူး ခန့်ပေးလိုက်၏။

ချူကြောင်းနန်ကလည်း ... နယ်စားကြီးဝူစန်းကွေ့၏ အကြံအစည်များကို ထုတ်ဖော်ခြင်း ဖြစ်ပါသည်။

အားလုံးမှာ ... တိဗက်ကြီး ရှင်းပြလိုက်၍ အခြေအနေကို သဘောပေါက်သွားကြ၏။

ချူကြောင်းနန်က တိဗက်ကြီးအား လုပ်ကြံခြင်းမှာ တိဗက်ကြီးသည် ဝူစန်းကွေ့၏ လူယုံတော် ဖြစ်နေဆဲကြောင့်ပင်။

ထိုစဉ်မှာပင် ... အပြင်ဘက်မှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး တော်ချက်မှာ အိပ်ရာမှနိုးလာ၏။

နိုးလာပြီး ... မကြာမီပင် ရန်သူများ ဝင်ရောက်လာခြင်းနှင့် ကြောင်ပွှာကျောင်း ပျောက်ဆုံးသွားကြောင်းကိုပါ သိလိုက်ရသဖြင့် စိတ်မသက်မသာ ဖြစ်သွားလေသည်။

တော်ချက်၏ မျက်မှောင်ကြုတ်သွား၏။

ရန်သူဝင်လာသည်က ... ကိစ္စမရှိပါ။ ကြောင်ပွှာကျောင်းကို ... ကယ်ထုတ်နိုင်ရန် လွယ်ကူသည် မဟုတ်ပါ။

အတွင်းလူပါ၍သာ ဖြစ်ရမည်ဟု တွက်လိုက်မိ၏။

နန္ဒလန်မင်ဟိုကလည်း နယ်စားကြီးတော်ချက်၏ မျက်နှာရိပ် မျက်နှာကဲကို အကဲဖမ်းမိ၏။

ထို့ကြောင့် ... သူမကပင် ဦးစွာ ပြောလိုက်၏။

'ကြောင်ပွှာကျောင်း လွတ်သွားတဲ့ကိစ္စကို အပြစ်တင်ချင်ရင် ကျွန်မကိုသာ တင်ပါရှင်၊ အစောင့်တွေကို ကျွန်မကပဲ တာဝန်ပေးထားတာ၊ သူတို့အစား ... ကျွန်မကိုပဲ အပြစ်ပေးပါ'

နယ်စားကြီး တော်ချက်မှာ တွေဝေသွား၏။



သူ၏ဇနီးအား အပြစ်တင်ရန် မဆိုထားနှင့် ... မျက်နှာထားတင်းတင်းပင် မကြည့်ခဲ့ပါ။ ဇနီးသည်ကလည်း ယခုမှသူ့အား ယုယစွာ ပြုစုလာသည့် အချိန်ကို ... အနှောင့်အယှက် မဖြစ်ချင်ပါ။

သူက ပြုံးလိုက်ပြီး . . .

'ကိစ္စမရှိပါဘူးကွာ၊ လူဆိုတာ ... တစ်ခါတစ်လေ အမှားအယွင်းတော့ ရှိမှာပေါ့၊ တပ်မှူး ကျန်းချင်ပိန်ကို ခေါ်လိုက်'

တပ်မှူး ကျန်းချင်ပိန် ရောက်လာသောအခါ ကြောင်ပွှာကျောင်းအား ဂူထိုင်အနီးတစ်ဝိုက် လိုက်လံရှာဖွေရန် စေလွှတ်လိုက်လေသည်။ ထို့နောက် ...

တပ်မှူးကျန်းချင်ပိန်မှာ ... ကိုယ်ရံတော် အင်အားငါးရာခန့်ခေါ်ဆောင်ကာ ဂူထိုင်တောင်ပေါ်မှ ဆင်းလာ၏။

သူက ဂူထိုင်တောင်ပေါ်မှ ဆင်းလာသည်နှင့် ဂူဟန်ယင်း၏ဂေဟာကို သတိရလိုက်၏။

ထိုဂေဟာအား ... သူတစ်ကြိမ် ရောက်ခဲ့ဖူး၏။ ထို့ကြောင့် ထိုဂေဟာဘက် သွားရောက်စုံစမ်းရန် ထွက်လာခဲ့လေသည်။

လမ်းတွင် ... လယ်သမားများအား တွေ့လိုက်ရ၏။

သူသည် ... အတွေ့အကြုံရင့်ကျက်သူပီပီ ထိုလယ်သမားလေးများမှာ လယ်သမား အစစ်မဟုတ်မှန်း သိလိုက်၏။

ထို့ကြောင့် ဖမ်းဆီးစစ်မေးလိုက်ရာ ဂူဟန်ယင်း၏ ဂေဟာတွင် ဧည့်သည်အချို့ ရောက်ရှိနေကြောင်း သိရှိလိုက်ရသဖြင့် ဂူဂေဟာသို့ အမြန်ဆုံး ချီတက်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတု ထုံမင်က ပြတင်းပေါက်မှ ထွက်ကြည့်လိုက်သည်။ ထို့နောက် ... ထိတ်လန့်စွာ အော်ပြောလိုက်၏။

'ဟာ ... မန်ချူးတွေပါလား'

ဝူဟာန်ယင်းတို့ကလည်း ပြတင်းပေါက်သို့ ပြေးသွားကာ ကြည့်လိုက်ကြ၏။

တပ်မှူးကျန်းချင်ပိန် ဦးဆောင်သော မန်ချူးကိုယ်ရံတော် အင်အားငါးရာခန့်က သူတို့ဂေဟာအား စနစ်တကျ ဝိုင်းရံထားသည်ကို တွေ့လိုက်ရလေသည်။

ဝူဟာန်ယင်း မျက်နှာပျက်သွားပြီး ...

'အင်း ... ဒီတစ်ခါတော့ သူသေကိုယ်သေပဲ'

ဟု ရေရွတ်လိုက်၏။

ဘုန်းကြီးတု ထုံမင်က ... စိတ်ဆတ်သူပီပီ ချက်ချင်းထွက်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ဝူဟာန်ယင်းက ဟန့်တားလိုက်ပြီး ...

'နေဦး ... ကျုပ်အရင် ထွက်တွေ့လိုက်ဦးမယ်၊ အခြေအနေ ကြည့်ပြီးမှ လှုပ်ရှားကြပါ'

ဟု ပြောလိုက်လေသည်။



ထို့နောက် ... ဂေဟာထဲမှ တစ်လှမ်းချင်း ထွက်လာခဲ့၏။

သူသည် ကျန်းချန်ပိန်အား အယုံသွင်းပြီး ဖမ်းချုပ်ရန် စဉ်းစားလိုက်၏။ ကျန်းချင်ပိန်က ... ဝူဟာန်ယင်း ထွက်လာသည်ကို တွေ့သောအခါ မြင်းပေါ်မှ ဆင်းလိုက်၏။

ဝူဟာန်ယင်းက လက်နှစ်ဖက်ဆုပ် ဦးညွတ်လိုက်ပြီး ...

'တပ်မှူးကြီး ကိုယ်တိုင်လာတာ ဝမ်းသာပါတယ်ဗျာ၊ ဘာအကြောင်းကိစ္စများ ရှိနေသလဲ'

တပ်မှူးကျန်းချင်ပိန်က မျက်နှာထား တည်တည်ဖြင့် ...

'ဝူဟာန်ယင်း ... ခင်ဗျားအိမ်မှာ ညှော်သည်တွေ ရှိနေတယ်လို့ ကြားတယ်'

ဝူဟာန်ယင်းမှာ မျက်နှာပျက်သွားပြီး ...

'တပ်မှူးကြီး အကြားလွဲတာ ဖြစ်ပါလိမ့်မယ်၊ ကဲ ... မယုံရင် တပ်မှူးကြီး ကိုယ်တိုင် ဝင်ရှာပါ'

ဟု ပြောလိုက်၏။ ကျန်းချင်ပိန်မှာ တွေဝေသွား၏။

သူသည် ဝူဂေဟာအတွင်းသို့ မဝင်ဝံ့ပါ။

ထို့ကြောင့် ... ကိုယ်ရံတော် ဆယ်ယောက်ခန့်အား အလျှင် ဝင်ရှာစေရန် စိတ်ကူးမိပြီး ...

'စိတ်တော့မရှိပါနဲ့ဗျာ၊ ကျုပ်မှာ တာဝန်အရ ဆောင်ရွက်ရတာပါ၊ ဒီတော့ ... ကျုပ် ငယ်သားတွေကိုပဲ ဝင်ရှာခွင့်ပြုပါ'

ဝူဟာန်ယင်းမှာ ပို၍ ရင်ထိတ်သွား၏။

သူက ကျန်းချင်ပိန်ကို ကိုယ်တိုင်ဝင်လျှင် ဖမ်းချုပ် အကျပ်ကိုင်၍ ရနိုင်၏။

www.burmeseclassic.com



ယခု အခြေအနေမှာမူ … သူရွေးချယ်စရာလမ်း မရှိပါ။

ထို့ကြောင့် … အသာခေါင်းညိတ်၍ နောက်သို့ ပြန်လှည့်လိုက်၏။ ကိုယ်ရံတော်ဆယ်ယောက်ခန့်ကလည်း နောက်မှ လိုက်လာလေတော့သည်။

ထိုအချိန်တွင် ဂေဟာအတွင်းခန်းတစ်ခု၌ …

ယန်ကျူးထင်းမှာ အတွင်းအားဖြင့် အဆိပ်များကို စုစည်းနေ၏။ ထိုစဉ် … သူ၏အခန်းတံခါးဝအနီးမှ စကားပြောသံ အချို့ကို ကြားလိုက်ရလေသည်။

'ဒီတစ်ခါတော့ … ဒုက္ခကောင်းကောင်းတွေ့ပြီ'

'ဟုတ်တယ်၊ ကျုပ်တို့မှာအင်အားက အလွန်ဆုံးမှ ငါးဆယ်၊ သူတို့က အများကြီးဗျ'

'ဘာပဲဖြစ်ဖြစ်ကွာ၊ သူသေ ကိုယ်သေချရမှာပဲ'

'သူသေကိုယ်သေ မဟုတ်ဘူး၊ တို့သာ သေရမှာကွ၊ မန်ချူးတွေကအထဲဝင်မှာ မဟုတ်ဘူး၊ အပြင်ကနေ မီးရှို့ရင် ဘယ်လိုလုပ်ကြမလဲ'

ယန်ကျူးထင်းမှာ ကြားလိုက်ရသော စကားသံများကြောင့် အတွင်းအားဖြင့် အဆိပ်ကို စုစည်းနေရာမှ တွေဝေသွား၏။

ဝူဟန်ယင်းတို့ ဂေဟာအား မန်ချူးများ ဝိုင်းရံထားပြီး ဖြစ်ကြောင်း နားလည်လိုက်၏။

သူက အခြေအနေကို သုံးသပ်ကြည့်လိုက်၏။

သူ့ဘဝတစ်လျှောက် မန်ချူးဘုရင်ထံတွင် သစ္စာစောင့်သိကာ တာဝန်မှန်သမျှ ရှုပ်ရှုပ်ရှဲရှဲ ထမ်းဆောင်ခဲ့၏။



သို့သော် … သူ့အတွက် နောက်ဆုံးရလဒ်မှာ အလွန်ပြင်းထန်သော အဆိပ်အရက်တစ်ခွက်သာ ဖြစ်၏။

သူသည် သိုင်းလောကသားများအား သုတ်သင်နှိပ်စက်ခဲ့သူ ဖြစ်၏။ သို့သော် နောက်ဆုံးတွင် သူ့အား သိုင်းလောကသားများက ကယ်တင်ခဲ့၏။

သူ့ဘဝတစ်လျှောက် ကောင်းသောအကျိုး၊ အများအတွက် အကျိုးမည်မျှ ဆောင်ရွက်ခဲ့ပါသနည်း။

သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ကြည့်၏။ လုံးဝ မရှိပါချေ။

ယနေ့သူသည် ပြင်းထန်လှသော အဆိပ်ကို မိနေ၏။

သေမည်၊ ရှင်မည် မည်သူမျှ မပြောနိုင်ပါ။

မသေမီ သူ့အနေနှင့် အများကောင်းကျိုး တစ်ခုခုလောက်ဆောင်ရွက်သွားချင်၏။ ယခု … ဝူဂေဟာတွင် ဒုက္ခနှင့် ရင်ဆိုင်နေရပြီ ဖြစ်၏။ ထိုဒုက္ခအား လတ်တလော ဖြေရှင်းပေးနိုင်မည့်သူမှာ မိမိပင် ဖြစ်ကြောင်းလည်း တွက်ဆမိ၏။

ထို့ကြောင့် … သူက အတွင်းအားဖြင့် အဆိပ်စုစည်းခြင်းကို ရပ်တန့်လိုက်၏။ ထို့နောက် … အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့လေသည်။

အားလုံးမှာ … အပြင်ဘက်ရှိ မန်ချူးများကိုသာ အာရုံစူးစိုက်နေသောကြောင့် သူထွက်လာသည်ကို မည်သူကမျှ သတိမပြုမိကြ ပါချေ။

ထိုအချိန်တွင် …

ဝူဟန်ယင်းမှာ စိတ်ပျက်လက်ပျက်နှင့် ပြန်ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးကိုယ်ရံတော်များကလည်း နောက်မှလိုက်လာ၏။

တံခါးဝအရောက်၌ တံခါးပွင့်သွားပြီး လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူက ကျယ်လောင်သော အသံဖြင့် ...

'မင်းတို့ ဘာကိစ္စနဲ့ လာကြတာလဲ၊ ငါဒီမှာရှိတယ်ဆိုတာ မသိကြဘူးလား'

မန်ချူး ကိုယ်ရံတော်များမှာ အော်ငေါက်သံကြောင့် ထိုလူအား ကြည့်လိုက်၏။

ဘုရင်၏ သက်တော်စောင့် ယန်ကျူးထင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ... ထိတ်လန့်သွားကြပြီး အမြန် ဦးညွှတ်အရိုအသေ ပေးလိုက်ကြလေသည်။

ယန်ကျူးထင်းက ...

'မင်းတို့ကို ... ဒီထဲ ဘယ်သူက ဝင်ခိုင်းလိုက်သလဲ'

'တပ်မှူးကြီး ကျန်းချင်ပိန်ပါ'

'သူ့ကို မြန်မြန်သွားခေါ်စမ်း'

မန်ချူးကိုယ်ရံတော်များ ခပ်သုတ်သုတ် ပြန်ထွက်သွားကြ၏။ မကြာမီ ကျန်းချင်ပိန် ... ရောက်ရှိလာလေသည်။

ယန်ကျူးထင်းက ကျန်းချင်ပိန်အား ကြည့်ကာ ...

'မင်းကို ငါက ကြောင်ဟွာကျောင်းကို လိုက်ရှာခိုင်းထားတယ် မဟုတ်လား၊ အခု တွေ့ပြီလား'

ဟု ခပ်ထန်ထန် မေးလိုက်၏။ ကျန်းချင်ပိန်က ...

'မတွေ့သေးပါဘူး'



ယန်ကျူးထင်းက ...

'မတွေ့သေးတာကိုလိုက်မရှာဘဲ ဒီကို ဘာကိစ္စလာတာလဲ'

'နယ်စားကြီးတော်ချက်က ဒီဘက်သွားရှာဖို့ လွှတ်လိုက်တာပါ'

'နယ်စားကြီးနဲ့ ဘုရင်မင်းမြတ်အမိန့် ... ဘယ်သူ့အမိန့်ကို မင်းဆောင်ရွက်မှာလဲ'

တပ်မှူး ကျန်းချင်ပိန်မှာ ထိတ်လန့်သွားပြီး ...

'ဘု ... ဘုရင်မင်းမြတ်ရဲ့ အမိန့်ကို ဆောင်ရွက်ပါ့မယ်'

ယန်ကျူးထင်းက ...

'အေး ... ဒါဆို မင်းတို့ပြန်တော့၊ ကြောင်ဟွာကျောင်းဟာ အောက်မဆင်းနိုင်သေးဘူး၊ ဝူထိုင်တောင်ပေါ်မှာပဲ ခိုနေလိမ့်မယ်၊ အဲဒီကို ပြန်သွားပြီး ... သေသေချာချာ ရှာကြ'

တပ်မှူး ကျန်းချင်ပိန်မှာ စောဒက မတက်ရဲတော့ပါ။

ယန်ကျူးထင်းအား အရိုအသေပြုကာ ချက်ချင်းလှည့်ထွက်သွား၏။

မကြာမီ မန်ချူးကိုယ်ရံတော် တစ်ဖွဲ့အားလုံး ဝူထိုင်တောင်ပေါ်သို့ ပြန်လည်တက်သွားကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျိုးထင်းမှာ ကျန်းချင်ပိန်တို့ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေ၏။ သူသည် ကြည့်နေရင်းမှ ခန္ဓာကိုယ် တစ်ခုလုံး ယိမ်းယိုင်သွား ပြီး တံခါးကို မှီထားလိုက်ရလေသည်။

ဖုချင်စန်းက ကမန်းကတန်းပြေးထွက်လာပြီး ယန်ကျိုးထင်းအား ဖေးမလိုက်၏။

ယန်ကျိုးထင်း၏ မျက်နှာတစ်ခုလုံးမှာ ညိုမည်းနေ၏။

ဖုချင်စန်းက အခြေအနေကို အကဲခတ်မိလိုက်၏။

ယန်ကျိုးထင်းသည် အချိန်မပြည့်မီ ထွက်လာခဲ့သဖြင့် အဆိပ်များထိန်းမရတော့ဘဲ တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြီ ဖြစ်၏။

သူ မည်သို့မျှ ကုသခြင်းငှာ မတတ်နိုင်တော့ပါ။

တွေးရင်း စိတ်မကောင်းဖြစ်လာပြီး မျက်ရည်များပင် ဝဲလာ၏။ ယန်ကျိုးထင်းက ဆို့နင့်သော လေသံဖြင့် ...

'ကျုပ်ဘဝ တစ်လျှောက်လုံးမှာ ဒီအချိန်ဟာ အပျော်ရွှင်ဆုံးပါပဲ' ဟု ပြောလိုက်၏။

အားလုံးမှာ စိတ်မကောင်းဖြစ်သွားကြ၏။



ယန်ကျိုးထင်းအား ပွေ့ချီကာ ခုတင်ပေါ်အသာချလိုက်၏။

ဖုချင်စန်းသည် ... အတတ်နိုင်ဆုံးကုသရန် ဆုံးဖြတ်လိုက်ပြီး ငွေအပ်များကို ထုတ်လိုက်၏။ ယန်ကျိုးထင်းက ...

'ကျုပ်အခြေအနေ ကျုပ်သိပါတယ်၊ မကြိုးစားပါနဲ့တော့'

ဝူဟာန်ယင်းက ဘာမျှ ဝင်မပြောပါ။

ယန်ကျိုးထင်းရှေ့တွင် ဒူးထောက်ဂါရဝ ပြုလိုက်၏။

ယန်ကျိုးထင်း၏ မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်သော အပြုံးပန်းတစ်ခုပွင့်လာပြီးနောက် ငြိမ်ကျသွားလေတော့သည်။

ဖုချင်စန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

'တပ်မှူး ကျန်းချင်ပိန် ပြန်သွားပေမယ့် ... မကြာဘူး ပြန်လာဦးမှာ သေချာတယ်'

ဝူဟာန်ယင်းက ...

'ဟုတ်ပါတယ်၊ သူ ... ဝူထိုင်တောင်ပေါ်ကို ပြန်ရောက်တာရဲ့ အခြေအနေအမှန်ကို သိမှာပါပဲ'

ထုံမင်က ...

'ဒါဆို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ခုခံကြမှာလား'

ဝူဟာန်ယင်းက ...

'ခုခံနေလို့ အကျိုးမရှိပါဘူး၊ ဒီတော့ ... သူတို့ ပြန်မလာခင် ရှောင်တိမ်းနေတာ အကောင်းဆုံးပါပဲ'

ဟု ပြောရင်း ... ငယ်သားများအား ချက်ချင်း ခရီးထွက်ရန်အတွက် ပြင်ဆင်ရန် အမိန့်ပေးလိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အားလုံး လူစုခွဲပြီး ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

လင်ဝိဖုန်း၊ လျူယုဖန်နှင့် ဟန်စုဖန်တို့က အနောက်ဘက်သို့သွားကာ ဂူစန်းကွေ့ကို တွေ့ဆုံမည်။

အခြေအနေကို အကဲခတ်ပြီး မန်ချူးတော်လှန်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရပေမည်။

မိုးမြေ ဒုဂိုဏ်းချုပ် ယန်ဟီဝေးက ... မိုးမြေအဖွဲ့သို့ ပြန်ကာ အဖွဲ့သားများအား စုစည်းရပေမည်။

ထုံမင်၊ ဝင်ချင်ယင်းနှင့် ချင်းထုံတို့က ... ကွမ်တုံသို့သွားကာ ခြေကုပ်စခန်း ရှာဖွေမည်။

ယီလန်ကျူးကမူ နေပြည်တော်တို့သွားကာ ကြောင်များကျောင်းအား ကယ်တင်မည်။

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့က စီချမ်နယ်သို့ သွားကြမည်ဟု အသီးသီး ခရီးစဉ်ခွဲကာ ထွက်ခွာသွားကြလေတော့၏။

❖❖❖❖❖



## ကန္တာရ ကြယ်

စန့်စီးခရိုင် ... အနောက်ဘက်ခြမ်း။

တောင်တန်းများက အလွန်ပင် မြင့်မားစောက်မတ်ကြ၏။

မြင့်မားလှသော တောင်တန်းများကို ... ကွေ့ဝိုက်ကာ မြစ်တစ်စင်းက စီးဆင်းနေသည်။ မြစ်နံ့ရံများမှာ ပို၍မတ်စောက်၏။

သို့သော် ... နံရံများတွင် ဂူပေါက်များစွာ ရှိသည်။

ထိုဂူပေါက်များမှာ ... သဘာဝဂူပေါက်များအပြင် လူတို့ပြုလုပ်ထားသော ဂူပေါက်များလည်း ရှိသည်။

ဂူတိုင်းလိုလို၌ ဗုဒ္ဓရုပ်ပွားတော်များ ထည့်သွင်း ကြည်ညိုထားကြပေသည်။ သို့သော် ... ထိုနေရာအနီးတစ်ဝိုက်၌မူ အိမ်ခြေတစ်လုံး မရှိပါ။ မြို့ရွာဟူ၍လည်း ... မရှိပါချေ။

ရာသီဥတုက ... ကြည်လင်နေ၏။ နေရောင်မှာ မြစ်ပေါ်သို့ ထိုးကျနေသည်။ လှိုင်းကြက်ခွပ်ကလေးများမှာ နေရောင်ခြည်ကြောင့် တလက်လက်ထနေ၏။

www.burmeseclassic.com



မြစ်ကမ်းပါးအတိုင်း လူရွယ်နှစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ လျှောက်လာနေကြသည်။ သူတို့သည် ကိုယ်ဖော့ပညာကို အသုံးပြုကာ သွားနေသောကြောင့် အလွန်ပင် လျင်မြန်လှပေသည်။

ထိုလူသုံးဦးမှာ လင်ဝိဖုန်း၊ ဟာန်စုဖန်နှင့် လျူယုဖန်တို့ပင် ဖြစ်ပါသည်။ သူတို့သုံးဦးသား လျှောက်လာရင်း တဖြည်းဖြည်း ညနေစောင်းလာပေသည်။

လမ်းတစ်လျှောက်တွင် နားခိုစရာ အိမ်ခြေ မတွေ့ပါ။

ရှေ့ဘက် မျက်စိတဆုံး၌လည်း မတွေ့ရပါချေ။

လျူယုဖန်က သက်ပြင်းချရင်း . . .

'ဒီညတော့ ... ဒီမှာပဲ စခန်းချရတော့မယ် ထင်တယ်'

လင်ဝိဖုန်းက ဝှမျှားဘက်သို့ တစ်ချက်ကြည့်ကာ ...

'မင်းက အမြဲတမ်း ပြတင်းပေါက်များများနဲ့ အလင်းရောင်ရှိပြီး သန့်ရှင်းတဲ့အခန်းမှာ နေနေကျဆိုတော့ ဒီဂူတွေထဲမှာ စခန်းချနိုင်ပါ့မလား'

လျူယုဖန်မှာ ထိုစကားကြောင့် အံ့အားသင့်သွား၏။

သူမသည် ငယ်စဉ်ကပင် ... သူမ၏အခန်း၌ ပြတင်းပေါက်များစွာ တပ်ဆင်ခဲ့၏။ နေရောင်ခြည် အခန်းတွင်းသို့ ထိုးဝင်သည်ကို အလွန်ပင် နှစ်ခြိုက်လေသည်။

ထိုအကြောင်းကို လင်ဝိဖုန်းက မည်သို့သိနေပါသနည်း။

လျူယုဖန်က လင်ဝိဖုန်းအား စိုက်ကြည့်ကာ ...

'ရှင် ... ရှင် ကျွန်မအကြောင်း ... ဘယ်လိုလုပ်သိသလဲ'



လင်ဝိဖုန်းက ပြုံးကာ ...

'မိန်းကလေးများများက ဒီလိုပဲသဘောကျတယ်လို့ ခန့်မှန်းပြီး ... ပြောလိုက်တာပါ'

လျူယုဖန်က သက်ပြင်းချကာ ...

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ... သိုင်းလောကထဲ ဝင်ရောက်ပြီးမှတော့ ... ဒါတွေ အရေးမကြီးတော့ပါဘူး'

ဟာန်စုဖန်မှာ လျူယုဖန်နှင့် လင်ဝိဖုန်းတို့ စကားလက်ဆုံကျနေသည်ကိုကြည့်ရင်း ရင်ထဲ၌ ခါးသက်သက် ခံစားလိုက်ရလေသည်။ လျူယုဖန်နှင့် သူသိကျွမ်းခဲ့သည်မှာ ဆယ်နှစ်ကျော်ပြီဖြစ်၏။ လျူယုဖန်က သူ့အား မိတ်ဆွေတစ်ဦးကဲ့သို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံခြင်းကိုပင် သိပ်မခံစားခဲ့ရပါ။

ယခု လျူယုဖန်သည် လင်ဝိဖုန်းနှင့်တွေ့သည်မှာ ရက်ပိုင်းသာရှိသေး၏။ သို့သော် သူမ၏အမူအရာသည် နှစ်ပေါင်းများစွာက မိတ်ဆွေတစ်ဦးနှယ် ပြောဆိုပြုမူနေသဖြင့် ရင်ထဲ ကြိတ်၍ မနာလို ဖြစ်မိလိုက်လေသည်။

တဖြည်းဖြည်း အမှောင်ထုကား ယုက်သန်းလာ၏။

သူတို့က နားခိုရန် ဂူတစ်ခုကို ရှာဖွေလိုက်၏။

မကြာပါချေ၊ အလွန်ကျယ်ဝန်းသော ဂူတစ်ခုကို တွေ့လိုက် [illegible] အထဲ၌ကျယ်လွန်းရုံသာမက ပူဇော်ထားသည့် ရုပ်ပွားတော် [illegible] ပေသုံးဆယ်ခန့် မြင့်လေသည်။ သူတို့အားလုံး ရုပ်ပွားတော်ရှေ့ [illegible]ာန်တော့ကာ အနားယူရန် တစ်နေရာကို သန့်ရှင်းလိုက် [illegible]သည်။

www.burmeseclassic.com



မီးရောင်ကြောင့် ဗုဒ္ဓရုပ်ပွားတော်မှာ ... ပို၍ကြည်ညိုစရာကောင်းလာလေသည်။

ဝှန်းရံ၌ ရေးဆွဲထားသော ပန်းချီကားမှာလည်း မီးရောင်လှုပ်ရှားမှုကြောင့် အသက်ဝင် လှုပ်ရှားလာသကဲ့သို့ ရှိနေ၏။

လင်ဝိဖုန်းက ...

'အင်း ... ကျုပ်သည်ဘက်ကို ရောက်ခဲ့တာ နှစ်မနည်းတော့ဘူး၊ သည်လောက် ... ကြည်ညိုစရာကောင်းတဲ့နေရာကို တစ်ခါမှ မရောက်ဖူးဘူး'

လျှူယုဖန်က ...

'ရှင် ... ဒီဘက်ရောက်တာ ဘယ်နှယ်နှစ် ရှိပြီလဲ'

လင်ဝိဖုန်းက တစ်ချက်စဉ်းစားလိုက်ပြီး ...

'ဆယ်နှစ်ရှိသွားပြီ'

လျှူယုဖန် ... တွေဝေသွား၏။

လင်ဝိဖုန်းအား စိုက်ကြည့်ရင်း အင်္ကျီအတွင်းမှ စာရွက်လိပ်တစ်ခုကို ဆွဲထုတ်လိုက်လေသည်။

ထို့နောက် စာရွက်လိပ်ကို ဖြန့်လိုက်ပြီး ...

'ဒီပုံကို ... ရှင်ကြည့်စမ်း'

ဟု ပြောလိုက်၏။ စာရွက်ပေါ်တွင် အသက်ဆယ့်ခြောက်နှစ်ခန့် လူငယ်တစ်ဦး ပုံဆွဲထား၏။

လူငယ်၏မျက်နှာမှာ ခန့်ညားတည်ကြည်လှပေသည်။

လင်ဝိဖုန်းမှာ ... ထိုလူငယ်၏ပုံကို တွေ့သောအခါ မျက်နှာကွက်ခနဲ ပျက်သွား၏။



သို့သော် ... ချက်ချင်း ဣန္ဒြေပြန်ဆည်လိုက်ပြီး ...

'လက်ရာ တော်တော်ကောင်းတာပဲ'

ဟု ချီးကျူးလိုက်သည်။ လျှူယုဖန်းက ...

'ရှင် ... ဒီလူကို သိတယ်မဟုတ်လား'

လင်ဝိဖုန်းက ခေါင်းကိုညင်သာစွာ ခါယမ်းလိုက်ပြီး ...

'ငါ ... မသိဘူး'

ဟန်စုဖန်မှာလည်း ထိုလူငယ်ပုံကို ကြည့်နေ၏။ သူသည် လျှူယုဖန်၏ အပြုအမူများကို နားမလည်နိုင်ဘဲ ဖြစ်နေလေသည်။

သူက မအောင့်အည်းနိုင်တော့ဘဲ ဖွင့်မေးလိုက်၏။

'ဒီလူငယ်က ဘယ်သူလဲ၊ ညီမရဲ့ ပျောက်ဆုံးနေတဲ့ ဆွေမျိုးများလား'

လျှူယုဖန်၏ ခန္ဓာကိုယ်မှာ တုန်ယင်နေ၏။

အတန်ကြာမှ သူမက စိတ်ကိုပြန်ထိန်းချုပ်လိုက်ပြီး နံရံကို မှီလိုက်၏။

ဝှတွင်းတစ်နေရာမှ စမ်းချောင်းကလေးစီးသံကို ကြားရ၏။

ရေသံကြားလိုက်ရသောအခါ ... တစ်ချိန်က ဒီရောက်နေသော မြစ်တစင်း၏ ရှုခင်းကို ပြန်လည် မြင်ယောင်လာလေသည်။

သူမ၏မျက်နှာမှာ ... ဖြူရော်လာလေသည်။

ဟန်စုဖန်က ... လျှူယုဖန်၏ အခြေအနေကိုကြည့်တာ မှိုင်ရှိမ်သွားပြီး . . .

'ညီမ ဘာဖြစ်သွားတာလဲ'

ဟု အလောတကြီး မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လျှူယုဖန်က သက်ပြင်းချရင်း ...

'ကိစ္စမရှိပါဘူး၊ ကျွန်မ ဒီကိစ္စကို ရှင့်ကို ပြောပြမလို့ ကြာပါပြီ၊ အခွင့်မကြုံလို့ပါ'

ဟန်စုဖန်က ငြိမ်သက်စွာ နားထောင်နေလိုက်၏။

လျှူယုဖန်က ...

'ဒီပုံဟာ ကျွန်မကိုယ်တိုင် ဆွဲထားတာပါ၊ ဒီပုံထဲက လူဟာ ကျွန်မရဲ့ ငယ်ငယ်လေးကတည်းက ရင်းနှီးခဲ့ရတဲ့ မိတ်ဆွေတစ်ဦးပါ။ ကျွန်မက သူ့ကို ဟန်ကျိုးမြို့ပြင်တစ်နေရာမှာ ပါးရိုက်ခဲ့မိပါတယ်'

ဟု ဆွေးမြည့်သော လေသံဖြင့် ပြောလိုက်၏။

ဟန်စုဖန်က ...

'ညီမက ... ဘာဖြစ်လို့ ပါးရိုက်တာလဲ'

လျှူယုဖန်က ...

'ကျွန်မ အမှားတွေပါပဲ၊ ဒီအကြောင်းတွေပြောရရင် အရှည်ကြီးပါပဲ'

ဟန်စုဖန်က ...

'ညီမ ပြောပြနိုင်ရင် ... ပြောပြပါလား'

ဟု မေးလိုက်သည်။ လျှူယုဖန်က ...

'သည်လိုပါ၊ ကျွန်မရဲ့မိဘတွေဟာ ... နယ်ချဲ့မန်ချူးတွေကို ရင်ဆိုင်ရင်း ကျဆုံးခဲ့ကြပါတယ်၊ တစ်နေ့မှာ အဖမ်းခံရတဲ့ မျိုးချစ်သိုင်းသမားတချို့က ထုတ်ဖော်လိုက်ဟဲ့အတွက် ကျွန်မ မိတ်ဆွေနဲ့ မျိုးချစ်သိုင်းသမားတချို့ အဖမ်းခံခဲ့ရတယ်၊ သူတို့ နှိပ်စက်ခံရတော့



မခံနိုင်ဘဲ ထုတ်ဖော်ပြောလို့ လျှို့ဝှက်နေရာကို မန်ချူးတွေသိသွားပြီး အကုန်အဖမ်းခံလိုက်ရပါတယ်၊ ကျွန်မတို့ ဟန်ကျိုးမြို့မှာ ထောင်ဖောက်ထွက်ပြေးတဲ့အခါ သူ လွတ်လာတယ်၊ သည်အချိန်မှာ သူနဲ့ တွေ့ပြီးမေးတော့ ဝန်ခံခဲ့လို့ ကျွန်မက ပါးရိုက်မိတာပါ'

ဟန်စုဖန်က ...

'နည်းတောင် နည်းသေးတယ်၊ သတ်ပစ်ဖို့ကောင်းတာကို'

လျှူယုဖန်က မကျေမနပ်နှင့် မျက်စောင်းထိုးလိုက်ပြီး ...

'ကျွန်မ အဆုံးအဖြတ်စောသွားလို့ပါ၊ ဒီအချိန်က သူ့အသက်က ... ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ ပြီးတော့ ...'

ဟန်စုဖန်က ကြားဖြတ် ပြောလိုက်ပြန်၏။

'အသက်ငယ်တာနဲ့ ခွင့်လွှတ်ဖို့ ဘာမှမဆိုင်ဘူး၊ လျှို့ဝှက်ချက်ကိုမှ မစောင့်ထိန်းနိုင်ရင် ... သတ်ပစ်တာအကောင်းဆုံးပဲ'

လျှူယုဖန်က နောက်ထပ်မျက်စောင်း တစ်ချက်ထိုးလိုက်ပြီးနောက် ...

'ရှင် မသိဘဲ ကြားဖြတ်ဝင်မပြောနဲ့၊ တကယ်တော့ သူဟာ ရန်သူရဲ့ လှည့်စားမှုကို ခံရတာပဲ၊ ဒီကိစ္စတွေကို ကျွန်မလဲ နောက်မှ သိခဲ့ရတယ်၊ အဖြစ်ကတော့ ဒီလိုပါ ... သူနဲ့အတူ ရန်သူ သူလျှို တစ်ယောက်ကို အချုပ်ခန်းတစ်ခုထဲ အတူထားခဲ့တယ်၊ သူ့ထက် သူလျှိုကို ပိုပြီးနှိပ်စက်ပြတယ်၊ တစ်နေ့ အဲဒီလူက ထောင်ဖောက်ဖို့ ခွယ်တယ်၊ ထောင်ဖောက်ပြီး ပုန်းဖို့နေရာကို မေးတော့ ... သူက ပြောပြလိုက်မိတာပဲ'

လျှူယုဖန်၏ မျက်နှာမှာပို၍ ဆွေးမြည့်ဟန်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုဖန်က သက်ပြင်းချရင်း ...

'ကျူပ် ... တစ်ခု မေးပါရစေ'

လျူယုဖန်က ...

'ရှင်မေးချင်တာတ ... ဘာဖြစ်လို့ ဒီပုံတူကို ကျွန်မကိုယ်နဲ့ မကွာထားရသလဲဆိုတာ မဟုတ်လား'

ဟန်စုဖန်က ခေါင်းညိတ်လိုက်၏။ လျူယုဖန်၏ မျက်လုံးအစုံမှာ ရီဝေသွား၏။ အတန်ကြာမှ သက်ပြင်းချရင်း ...

'ကျွန်မသူ့ကို ပါးရိုက်မိတုန်းက သူ့မျက်နှာကို ရှင်တို့မြင်စေချင်တယ်၊ ကျွန်မမျက်စိထဲ ဘယ်လိုမှ မေ့မရအောင်ပါပဲ'

သူမက ပြောရင်း ပြန်လည် မြင်ယောင်လာ၏။

လူငယ်၏ ခံပြင်းသော၊ မာနကြီးသော မျက်နှာထားကို ယခုပင် ... တွေ့မြင်သကဲ့သို့ ခံစားလိုက်ရ၏။

လင်ဝိဖုန်းမှာမူ ... ငြိမ်သက်စွာ ထိုင်နေ၏။ သို့သော် ... လက်ချောင်းကလေးများကိုမူ အဓိပ္ပါယ်မဲ့စွာ ချိုးနေ၏။

ကျောက်နံ့ရှံအား ငေးစိုက်ကာ ကြည့်နေ၏။

လျူယုဖန်မှာ ပြောရင်း လင်ဝိဖုန်းအား ကြည့်လိုက်၏။

ကြည့်ရင်း ... သူမ၏ အတိတ်ကလူငယ်နှင့် တူလှသည်ဟု ခံစားမိလိုက်လေသည်။

ထိုစဉ် ... လှသံများ ကြားလိုက်ရလေသည်။ လှသံနှင့်အတူ စစ်ဗိုလ်တစ်ဦး၊ တိဗက်နှစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရသည်။

တိဗက်နှစ်ဦးက သူတို့အား တွေ့သောအခါ ဦးညွတ်လိုက်ပြီးလျှင် ...



'ကျူပ်တို့ နားခိုစရာမတွေ့လို့ ဝင်လာတာပါ၊ ကျူပ်တို့ကိုလဲ တစ်ည နားခွင့်ပေးပါ'

လင်ဝိဖုန်းက ...

'ဒီနေရာဟာ ကျူပ်တို့ပိုင်တဲ့နေရာလဲ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ... ကြိုက်သလို နေနိုင်ပါတယ်'

တိဗက်များက ဂူထောင့်တစ်နေရာ၌ ဝင်ထိုင်နေလိုက်ကြ၏။ စစ်ဗိုလ်မှာမူ လင်ဝိဖုန်းတို့အား ရှိသည်ဟုပင် သဘောမထားပါချေ။ လင်ဝိဖုန်းမှာလည်း စစ်ဗိုလ်၏ မာနခက်ထန်သောအမူအရာကို ကြည့်မရပါ။

ထို့ကြောင့် ... ဗုဒ္ဓရုပ်ပွားတော်နောက်သို့ ဝင်ကာ အနားယူနေလိုက်လေတော့သည်။

လျူယုဖန်မှာ အိပ်စက်အနားယူရန် ဟန်ပြင်စဉ် တိဗက်များ၏ အသံကိုကြားလိုက်ရလေသည်။ တိဗက်များသည် ကဗျာတစ်ပုဒ်အား ရွတ်ဆိုနေကြဟန်တူ၏။

သံနေသံထားဖြင့် နားထောင်ကောင်းလှပေသည်။

သို့သော် ... သူမ အဓိပ္ပာယ်မသိသဖြင့် လင်ဝိဖုန်းအား လှမ်းမေးလိုက်လေသည်။

'သူတို့ ... ဘာတွေ ဆိုနေကြတာလဲ'

လင်ဝိဖုန်းက ...

'တိဗက်ကဗျာတစ်ပုဒ်ပါ'

'နားထောင်လို့ကောင်းတယ်၊ အဓိပ္ပာယ်က ဘာများလဲ ပြောပြပါလား'

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းက သက်ပြင်းချရင်း ...

'သည်လိုပါ၊ တိဗက်နယ်မှာ အလွန်မာနကြီးတဲ့ 'ဟာတီလူ' ဆိုတဲ့ လူငယ်တစ်ယောက် ရှိတယ်တဲ့၊ သူဟာ ဘက်စုံတော်တဲ့ လူငယ် တစ်ယောက်ဖြစ်တယ်၊ သူက ဘယ်သူ့ကိုမှ ဦးမညွတ်ဘူး၊ သူ့ကိုသာ ဦးညွတ်အောင် လုပ်ခဲ့လို့ လူငယ်တွေကြားမှာ တကယ့် သူရဲကောင်း တစ်ယောက် ဖြစ်ခဲ့တယ် ...

'သည်လိုပဲ ဆိုတဲ့ကျောင်းတဲ့ 'အာတိုင်' ဆိုတဲ့ မိန်းကလေး တစ်ယောက်ရှိတယ်၊ သူ့အလှကို ... ဘယ်သူမှ မယှဉ်နိုင်ကြဘူး၊ နယ်စားတွေကိုတောင် လက်မခံဘဲ ပယ်ချခဲ့တဲ့ မာနရှင်တစ်ဦးပါ၊ သည်လိုနဲ့ အာတိုင်နဲ့ ဟာတီလူတွေ့ကြတဲ့အခါ ...တစ်ယောက်ကို တစ်ယောက် မေတ္တာသက်ဝင်သွားကြတယ်၊ အာတိုင်ဟာ မာနရှင် ဖြစ်နေတော့ သူ့ဓိဇအတိုင်း သူ့ရှေ့မှာ ဒူးထောက်ရင် လက်ခံမယ် ပြောတော့ ဟာတီလူဟာ ဒူးထောက်လိုက်တယ်၊ အားလုံး အံ့သြ သွားကြတာပေါ့၊ အာတိုင်လည်းဝမ်းသာအားရ လက်ခံလိုက်တယ်၊ ဒါပေမယ့် ... ဟာတီလူကလဲ မာနရှင်ပဲ မဟုတ်လား၊ ဒူးထောက် ရာက ထပြီး ... အာတိုင်ကို ဓားနဲ့ထိုးသတ်လိုက်တယ်၊ ပြီးတော့ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်တယ်၊ သူတို့အကြောင်းကို ရေးဖွဲ့ ထားတဲ့ 'မာနရှင် ဘယ်သူလဲ' ဆိုတဲ့ကဗျာပေါ့'

ဟန်စုဖန်က ...

'ကိုယ့်ချစ်သူကို တကယ်ချစ်ရင် ဒီလိုမလုပ်သင့်ဘူး'

လင်ဝိဖုန်းက ...

'ကျုပ်လဲ ကျုပ်ချစ်တဲ့လူကို ဘယ်တော့မှ သတ်မှာမဟုတ် ဘူး၊ သည်လိုပဲ ... ချစ်သူရှေ့မှာ ဒူးလဲ ထောက်မှာ မဟုတ်ပါဘူး'



ထိုအခိုက် ... စစ်ဗိုလ်၏အသံ ထွက်လာသည်။

'ခင်ဗျားတို့ ဘာတွေ ဆိုနေတာလဲ၊ အိပ်ဖို့ကောင်းပြီ၊ မနက် ဖြန်ဆိုရင် ခရီးဆက်ကြရဦးမယ်'

တိဗက်များ ... ငြိမ်ကျသွားသည်။ ထိုစဉ်မှာပင် ... ဂူဝမှ အေးစက်သောအသံကိုပါ ကြားလိုက်ရ၏။

'မနက်ဖြန်ဆိုတာ ... မင်းတို့အတွက် မရှိတော့ပါဘူး'

တိဗက်နှစ်ဦးမှာ ... လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လင်ဝိဖုန်းတို့မှာလည်း ယခုဝင်လာသူသည် သိုင်းပညာ အဆင့် မြင့်သူဖြစ်ကြောင်း ရိပ်မိလိုက်သည်။

တိဗက်နှစ်ဦးမှာ လက်နက်ကိုယ်စီဆွဲထုတ်လိုက်၏။

ထို့နောက် ... ဝင်လာသူအား ဆီးကြိုတိုက်ခိုက်လိုက်၏။

သို့သော် ... သူတို့သည် သိုင်းကွက် သုံးကွက် ပြည့်အောင် ဝင် မတိုက်ခိုက်နိုင်ပါ။ နောက်သို့ ... ပြန်လည်ဆုတ်လာရလေ သည်။ လင်ဝိဖုန်းတို့က အသာချောင်းကြည့်လိုက်၏။

မကြာမီ ... အထဲသို့ ဝင်လာသူသုံးဦးအား တွေ့လိုက်ရ၏။ သုံးယောက်စလုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

အလယ်မှလူကို တွေ့သောအခါ လင်ဝိဖုန်း မျက်နှာ ကွက် ခနဲ ပျက်သွားလေတော့သည်။ ထိုလူမှာ ချူကြောင်းနန်ပင် ဖြစ်ပါ သည်။ ကျန်နှစ်ဦးမှာမူ ကိုယ်ရံတော်များ ဖြစ်သည်။

စစ်ဗိုလ်မှာ ချူကြောင်းနန်ကို တွေ့သောအခါ . . .

'အစ်ကိုကြီးပါလား၊ ကျွန်တော်တို့ အချင်းချင်းတွေပဲ' ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ထိုစစ်ဗိုလ်သည် … နယ်စားကြီး ဂူစန်းကွေ့၏ လူယုံတော် ဖြစ်သည်။ ချူကြောင်းနန်နှင့် အတူတွဲကာ တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦး ဖြစ်သည်။ ယခုအထိလည်း ဂူစန်းကွေ့ထံတွင် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

ချူကြောင်းနန်က ထိုစစ်ဗိုလ်အား ကြည့်ကာ …

'ကျန်းထင်မု … သူတို့ဆီက ကန္တရကြယ်ကို ပြန်ယူလိုက်ပါ။ ဒါဆို … ငါ မင်းတို့ကို ချမ်းသာပေးမယ်'

ဟု အေးစက်စွာ ပြောလိုက်လေသည်။

သူ၏စကားကြောင့် … ကျန်းထင်မုနှင့် တိဗက်နှစ်ဦးမှာ ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

ကန္တရကြယ် …

ကန္တရကြယ်ဆိုသည်မှာ တိဗက်လူမျိုးတို့ အထွတ်အမြတ်ထားရာ ရတနာပစ္စည်းတစ်ခုဖြစ်၍ ယင်းတွင် ထည့်သွင်းပြုလုပ်ထားသော အရွယ်အစားကြီးမားပြီး အလွန်အရည်အသွေးကောင်းသည့် စိန်ပွင့်ကြီးတစ်ခုကို အစွဲပြု၍ခေါ်ဆိုခြင်း ဖြစ်သည်။

ယခု ချူကြောင်းနန်က … တောင်းဆိုချေပြီ။

ကျန်းထင်မု သက်ပြင်းချကာ . . .

'ကန္တရကြယ်ဟုတ်လား၊ အစ်ကိုကြီး မှားနေပြီထင်တယ်'

ဟု ပြောလိုက်သည်။

ချူကြောင်းနန်က . . .

'မင်း … ငါ့ကို မလိမ်နဲ့၊ ငါဒီသတင်းကို ကြားလို့ အမြန်လိုက်လာတာ၊ ပေးမလား … မပေးဘူးလား'



ကျန်းထင်မုက မတတ်သာတော့ပါ။ လိမ်ညာ၍ ရမည်မဟုတ်မှန်း သဘောပေါက်လိုက်၏။ ထို့ကြောင့် သူက …

'ကန္တရကြယ်ဟာ နယ်စားကြီးက တိဗက်ခေါင်းဆောင်တွေဆီကို ပို့ခိုင်းလိုက်တာပါ'

ဟု လေပြည်ထိုးကာ ပြောလိုက်လေသည်။

ချူကြောင်းနန်က …

'မင်း ပေးမှာသာ ပေးစမ်းပါ'

'အစ်ကိုကြီးက သစ္စာဖောက်တာလား'

'ငါက ဘုရင့်အမိန့်နဲ့လာတာ၊ သစ္စာဖောက်တာက နယ်စားကြီးပဲ'

ကျန်းထင်မုက ထိတ်လန့်သွားသည်။

'ဘယ်လို နယ်စားကြီးက သစ္စာဖောက်တယ် ဟုတ်လား'

ချူကြောင်းနန်က …

'သိပ်ဟုတ်တာပေါ့၊ အခု ကန္တာရကြယ်ကိုပေးပြီး တိဗက်တွေနဲ့ ပူးပေါင်းမယ်၊ ဘုရင်ကို တော်လှန်မယ်၊ ဒါ သစ္စာဖောက်တဲ့ ထုပ်ရပ်ပဲ၊ မင်းကော … သစ္စာ ဖောက်ချင်လို့လား'

ဟု အေးစက်စွာ ပြောလိုက်လေသည်။

ကျန်းထင်မုမှာ တွေဝေသွားသည်။

တိဗက်နှစ်ဦးမှာ ကျန်းထင်မုနှင့် ချူကြောင်းနန်တို့ ပြောဆိုနေသည်ကို ကြည့်ရင်း အခြေအနေကို ရိပ်စားမိလိုက်၏။

ထို့ကြောင့် … ဂူဝသို့ လျင်မြန်စွာ ထွက်ပြေးလိုက်သည်။

သို့သော် … ချူကြောင်းနန်က ပို၍ လျင်မြန်လှပေသည်။

တိဗက်နှစ်ဦး၏ရှေ့မှပိတ်ဆို့ကာ တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိဗက်နှစ်ဦးမှာ မည်သို့မျှ မပြေးနိုင်တော့ဘဲ ခုခံတိုက်ခိုက်နေရလေတော့သည်။ ခဏအတွင်းမှာပင် ဆိုးရွားသော အခြေအနေသို့ ရောက်ရှိလာလေသည်။

ဟန်စုဖန်မှာ ကြည့်ရင်း ... ခံပြင်းလာလေသည်။

ချက်ချင်းပင် ခုန်ထွက်ကာ တိဗက်များဘက်မှ ကူညီတိုက်ခိုက်လိုက်လေသည်။ လင်ဝိဖုန်းနှင့် လျူယုဖန်တို့လည်း မနေသာတော့ပါ။ ထွက်ပြီး တိုက်ခိုက်လိုက်ရလေတော့သည်။

ချူကြောင်းနန်မှာ ... လင်ဝိဖုန်းကို တွေ့သောအခါ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'မင်း ... ရှုပ်ပြန်ပြီလား၊ မင်းနဲ့ လှိုမင်ဆရာတော် ဘယ်လိုပတ်သက်နေလဲ'

လင်ဝိဖုန်းက အေးအေးဆေးဆေးပင် ထရပ်လိုက်သည်။

လျူယုဖန်နှင့် ဟန်စုဖန်တို့ကလည်း အသင့်ပြင်ထားကြ၏။

တိဗက်နှစ်ဦးကမူ ဂူထောင့် တစ်နေရာ၌မှီကာ အနားယူနေကြလေသည်။ လင်ဝိဖုန်းက ...

'ခင်ဗျားနဲ့ ကျုပ်ဟာ ... ဝိုဏ်းတူညီအစ်ကိုလို့ ပြောလဲရပါတယ်၊ ဒါပေမယ့် ... ခင်ဗျားက ဓားပြသူခိုး လုပ်နေတော့ ကျုပ်က ခင်ဗျားကို ဘယ်လိုလုပ်ပြီး အစ်ကိုလို့ ခေါ်ရမလဲ'

ဟု အေးတိအေးစက် တုံ့ပြန်လိုက်သည်။

မှန်ပါသည်။ လှိုမင်ဆရာတော်၌ တပည့်နှစ်ဦး ရှိခဲ့သည်။

ယန်ယွင်ချူးနှင့် ချူကြောင်းနန်တို့ ဖြစ်ကြသည်။

ယန်ယွင်ချူး သေဆုံးကာနီး၌ ... လင်ဝိဖုန်းနှင့် တွေ့ဆုံပြီး ကလေးငယ်ကို ပေးအပ်ခဲ့သည်။



လင်ဝိဖုန်းက လှိုမင်ဆရာတော်ထံသို့ ရောက်သွားခဲ့သည်။

ထိုမှစ၍ ... လှိုမင်ဆရာတော်၏ နောက်ဆုံး တပည့်တစ်ဦး ပေါ်ထွက်လာလေသည်။ သို့သော် ... ထိုကိစ္စကို လျှို့ဝှက်ထားသဖြင့် လူ မသိကြခြင်း ဖြစ်ပေသည်။

ချူကြောင်းနန်မှာ လင်ဝိဖုန်း၏စကားကြောင့် ပို၍ဒေါသထွက်သွားလေသည်။

'မင်းက ... သေချင်နေတာကိုး'

ဟုပြောကာ တိုက်ခိုက်ဟန် ပြလိုက်သည်။

လင်ဝိဖုန်းက လက်ကာပြလိုက်ပြီး ...

'ခဏနေဦး၊ ခင်ဗျား ရှုံးသွားရင်ကော ...'

ဟု မေးလိုက်၏။ ချူကြောင်းနန်က ...

'ငါရှုံးသွားရင် ... မင်းတို့ကိုလွှတ်ပေးမယ်၊ ငါနိုင်ရင်တော့ အဲ့ဒီကလေးငယ်ကို ငါယူရလိမ့်မယ်'

လင်ဝိဖုန်းက ခေါင်းညိတ်သဘောတူလိုက်၏။

ချူကြောင်းနန်က သူ၏ နဂါးပျံဓားကို ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်၌ ချူကြောင်းနန်က လင်ဝိဖုန်းအား အထင်သေးဘဲ သတိထားကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အမှောင်မှာ ပိုလာ၏။

ဂူထဲတွင်မူ မီးပုံးထွန်းထားသဖြင့် လင်းထိန်နေ၏။

ချူကြောင်းနန်၏ဓားမှာ မီးရောင်ဖြင့် ဝင်းလက်နေ၏။

နဂါးပျံဓားသည် ဓားကောင်းတစ်လက် ဖြစ်၏။

လင်ဝိဖုန်း၏ ဓားမှာ နဂါးပျံဓားနှင့် မယှဉ်နိုင်ပါ။ ပညာချင်းတူသော်လည်း ဓားချင်းယှဉ်လျှင် တစ်ပန်းရှုံးနေသည်။

ဓားချင်း မထိအောင် သတိထားပြီး ... တိုက်ခိုက်နေရ၏။

ချူကြောင်းနန်က ... သူ၏ ဓားအားကိုးဖြင့် ဖိ၍တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက် တစ်ရာကျော်လာသောအခါ ... လင်ဝိဖုန်း၏ ခန္ဓာကိုယ်တွင် ချူကြောင်းနန်၏ဓားချက် လေးငါးချက်မက ရှပ်ထိခဲ့ပြီး ဖြစ်၏။

လင်ဝိဖုန်း၏ အင်္ကျီမှာ သွေးများစွန်းထင်းလာ၏။

လျူယုဖန်မှာ ကြည့်ရင်း ... လင်ဝိဖုန်းအတွက် စိတ်ပူလာလေသည်။



ထိုအချိန်မှာပင် ကျွန်းထင်မုက တိဗက်နှစ်ဦးအနီး ချဉ်းကပ်သွား၏။

ထို့နောက် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ပြီး ကန္တာရကြယ် ထည့်ထားသော ဘူးကလေးအား လုယူကာ ဂူပြင်သို့ ပြေးထွက်လိုက်လေသည်။

တိဗက်နှစ်ဦးက အလန့်တကြား အော်ဟစ်လိုက်၏။

'ကန္တာရကြယ် ... ပါသွားပြီ'

ဟန်စုဖန်က အလျင်ဆုံး သတိဝင်လာ၏။

ချက်ချင်းပင် ... ခုန်ထွက်ကာ ကျွန်းထင်မုကို ဟန့်တားတိုက်ခိုက်လိုက်သည်။

ကျွန်းထင်မုက ရှောင်တိမ်းလိုက်ပြီးနောက် ... ဘူးကလေးအား ဟန်စုဖန်ကိုကျော်၍ ... ချူကြောင်းနန်ထံသို့ ပစ်ပေးလိုက်လေသည်။

ထို့နောက် ... ဂူပြင်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

ချူကြောင်းနန်မှာ ကန္တာရကြယ်ဘူးလေး သူ့ထံပစ်လွှင့်လာသည်ကို တွေ့သောအခါ ဝမ်းသာသွားပြီး လှမ်းဖမ်းလိုက်၏။

ထိုခဏမှာပင် ... သူသည် လင်ဝိဖုန်းနှင့် တိုက်ခိုက်နေသည်ကို မေ့လျော့သွားမိ၏။

ထိုသို့ ... မေ့လျော့သွားခြင်းက သူ့အား ရှုံးနိမ့်ရန် ဖန်တီးပေးလိုက်သလို ဖြစ်နေပေတော့သည်။

လင်ဝိဖုန်း၏ လက်ဝါးချက်တစ်ချက်က ချူကြောင်းနန်၏ ရင်ဝသို့ ပြင်းထန်စွာ ရိုက်ချမိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ...'

ချူကြောင်းနန်မှာ ... ဂူဝဘက်သို့ လွင့်ထွက်သွား၏။

လက်ထဲမှဓားနှင့် ... ကန္တာရကြယ်ဘူးကလေးမှာလည်း လွင့်ထွက်သွား၏။ လင်ဝိဖုန်းက လေပေါ်ခုန်တက်ကာ ဖမ်းထားလိုက်လေသည်။

ချူကြောင်းနန်မှာ ... ထရပ်လိုက်၏။

သူ၏ရင်ဝ၌ ... အလွန်အမင်း နာကျင်နေ၏။

သူ့အနေနှင့် လင်ဝိဖုန်းအား ဆက်လက်ယှဉ်ပြိုင်နေလျှင် ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့်သာ တူပေတော့မည်။

ထို့ကြောင့် ဆက်လက်တိုက်ခိုက်မနေတော့ဘဲ ထွက်ပြေးသွားလေတော့သည်။ သို့ဖြစ်ရာ ... တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်၏။

လင်ဝိဖုန်းက ရတနာဓားဖြစ်သော 'နဂါးပျံဓား'ကို ကြည့်လိုက်၏။ ထို့နောက် ... ဓားအိမ်ထဲထည့်ကာ ချိတ်ဆွဲလိုက်၏။

သူသည် ... အေးဆေးတည်ငြိမ်စွာ လှုပ်ရှားနေသော်လည်း ဒဏ်ရာများကမူ သွေးများစီးကျနေဆဲ ဖြစ်သည်။

သူ၏မျက်နှာမှာလည်း ဖြူရော်နေပေသည်။

လင်ဝိဖုန်းက တိဗက်နှစ်ဦးထံ လျှောက်သွားပြီး ကန္တာရကြယ် ထည့်ထားသော ဘူးကလေးအား ပေးလိုက်သည်။

တိဗက်နှစ်ဦးက ဝမ်းသာလွန်းသဖြင့် ဒူးထောက်ပြီးလျှင် အရိုအသေ ပေးလိုက်ကြ၏။

ထို့နောက် ... ဘူးကလေးအား ဖွင့်ကာ ကန္တာရကြယ်ကို ကြည့်လိုက်ရာ ချက်ချင်း ... သူတို့၏မျက်နှာများမှာ သွေးဆုတ်သွားလေတော့သည်။



'ဒါ ... ကန္တာရကြယ် မဟုတ်ဘူး၊ အတုပဲ'

ထိုအခါ ... လင်ဝိဖုန်း မျက်မှောင်ကြုတ်သွား၏။

အဘယ်ကြောင့် ... ကန္တာရကြယ်သည် အတု ဖြစ်နေရပါသနည်း။ ကျန်းထင်မုတစ်ဦးသာ လဲလှယ်ရန် အခွင့်အရေးရှိသည်ဟု တွက်ဆမိလိုက်၏။ သူ့နည်းတူပင် ... တိဗက်နှစ်ဦးကလည်း တွက်ဆမိသွားဟန် တူ၏။ ချက်ချင်းပင် ... ဂူပြင်သို့ ပြေးထွက်သွားကြလေတော့သည်။

လင်ဝိဖုန်းမှာ ... မားမားမတ်မတ် မရပ်နိုင်တော့ပါ။

ခန္ဓာကိုယ်မှာ ယိမ်းယိုင်လာ၏။ ကြိုးစားထိန်းချုပ်လိုက်ပြီး ဝှုန်ရုံတွင် လဲလျောင်းလိုက်သည်။

လျူယုဖန်က အနီးသို့ရောက်လာပြီး ...

'ရှင့်ဒဏ်ရာတွေက ... သွေးထွက် လွန်သွားတာကို ကျွန်မ ဆေးထည့်ပေးမယ်' ဟု ဂရုတစိုက် ပြောလိုက်၏။

လင်ဝိဖုန်းက ဘာမျှပြန်မပြောဘဲ အိတ်ထဲမှ ဆေးတစ်လုံး ထုတ်ကာ သောက်လိုက်၏။

လျူယုဖန်က လင်ဝိဖုန်း၏ မျက်နှာကိုစေ့စေ့ကြည့်ကာ ...

'ရှင့်မျက်နှာဟာ အလျင်တုန်းက ဒီလိုမဟုတ်ဘူးနဲ့ တူတယ်'

လင်ဝိဖုန်းက ...

'အင်း ... ငါ ဓားနှစ်ချက် ထိခဲ့လို့ပါ'

ဟန်စုဖန်က အံ့အားသင့်သွားပြီး ...

'ခင်ဗျားရဲ့သိုင်းပညာအဆင့်နဲ့တောင် သည်လိုဒဏ်ရာရတာဆိုတော့ ... ရန်သူဟာ သိပ်ကြောက်စရာကောင်းမှာပဲ'

ဟု ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်း မျက်နှာတင်းမာလာသည်။

အတန်ကြာမှ ...

'သူက တော်လို့ မဟုတ်ပါဘူး၊ အဲသည်တုန်းက ကျုပ်က သိပ်ညံ့သေးတယ်၊ ပြီးတော့ ... ယန်ယွင်ချူးရဲ့ကလေးငယ်ကို ခါးပေါ်က နေပြီး ခေါ်လာခဲ့ရတာ ... ကျုပ် သိပ်ပြီးပင်ပန်းနေတယ်၊ ဟောသည်ကို ရောက်ခါစပေါ့၊ ကျုပ်ကို ကယ်မယ့်လူသာ မရှိခဲ့ရင် သေသွားတာ ကြာပြီပေါ့'

ဟု ပြောလိုက်သည်။

လျူယုဖန် အံ့အားသင့်သွားလေသည်။

ယန်ယွင်ချူး ဟာန်ကျိုးမြစ်သဲသောင်စပ်၌ သေဆုံးနေသည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်လာသည်။

'ဒါဆို ... ရှင် ဟာန်ကျိုးမြို့က လာခဲ့တာပေါ့'

လင်ဝိဖုန်းမှာ သူ့စကား ကျွံသွားကြောင်း သိလိုက်လေသည်။ မတတ်သာတော့ဘဲ ဖြောင့်ပင် ငြင်းဆန်လိုက်လေသည်။

'ကျုပ် ... ဟာန်ကျိုးမြို့ကို တစ်ခါမှ မရောက်ဖူးပါဘူး'

လျူယုဖန်က မကျေနပ်နိုင်သေးဘဲ ...

'ရှင်နဲ့ ယန်ယွင်ချူး ... ဘယ်လိုပတ်သက်နေလို့ သူ့ကလေးကို ခေါ်လာခဲ့ရတာလဲ'

ဟု ထပ်မေးလိုက်လေသည်။

လင်ဝိဖုန်း သက်ပြင်းချလိုက်ရင်း ...

'သည်ကိစ္စကိုပြောရရင် အရှည်ကြီးပါပဲ ... နောက်တော့မှ ပြောပြပါ့မယ်'

ပြောရင်း ... မှောက်အိပ်လိုက်လေသည်။



လျူယုဖန်က လင်ဝိဖုန်းအနား ထိုင်ချကာ လိုလေသေးမရှိ ပြုစုနေလိုက်လေသည်။

ဟာန်စုဖန်မှာ ထိုမြင်ကွင်းကြောင့် ရင်ထဲ၌ ဆစ်ခနဲ နာကျင်သွား၏။

'ညီမလေး ... အနားယူတော့လေ၊ အစ်ကို သူ့ကိုစောင့်ရှောက်ထားပါ့မယ်'

လျူယုဖန်က မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

'ရပါတယ် ... ရှင့်ဘာသာရှင် အနားယူနေပါ'

ဟာန်စုဖန်မှာ ... လျူယုဖန်၏ အေးတိအေးစက် လေသံကြောင့် ရင်မောသွားရလေတော့သည်။

နောက်တစ်နေ့နံနက် ...

လျူယုဖန်နှင့် လင်ဝိဖုန်းတို့ ... အိပ်ရာမှ နိုးလာသောအခါ ဟာန်စုဖန်အား မတွေ့ရတော့ပါချေ။

လျူယုဖန်က ...

'ခက်တာပဲ၊ အစ်ကို ဟာန်စုဖန်ကလည်း ဘယ်များထွက်သွားပြန်ပြီလဲ မသိဘူး'

ဟုပြောရင်း ... ဂူပြင် ထွက်ကြည့်လိုက်သည်။

အပြင်ဘက်၌လည်း အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ထို့ကြောင့် သူမက အထဲသို့ပြန်ဝင်လာခဲ့၏။

အထဲရောက်သောအခါ လင်ဝိဖုန်းက လဲလျောင်းနေပြီး ဂူနံရံ တစ်နေရာကို စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူမကလည်း ကြည့်လိုက်ရာ ဂူနံရံတွင် စာရေးထားသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



*ညီမလေး . . .*

*ငါဟာ မိတ်ဆွေဟောင်းဆိုပေမယ့် မိတ်ဆွေသစ်လောက်တောင် အဖိုးမတန်ပါဘူး၊ မိုးမြေအဖွဲ့ကို ညီမလေးတို့နှစ်ဦး ခေါင်းဆောင်ပါ၊ ငါနှုတ်ဆက်ခဲ့ပါတယ်'*

*လူကြမ်းကြီးဟန်စုဖန်*

လျှုယုဖန်က စာကိုဖတ်ပြီး … သက်ပြင်းချလိုက်သည်။

လင်ဝိဖုန်းက …

'တို့ကို အထင်လွဲပြီး … ထွက်သွားတာနဲ့တူတယ်'

လျှုယုဖန်က …

'သူ … လမ်းမှာ တစ်ယောက်တည်းဆိုတော့ ဒုက္ခတွေ့နိုင်တယ်၊ ခက်တာက ဘယ်သွားမှန်းလဲမသိဘူး၊ ပြီးတော့ ရှင်ကလဲ ဒဏ်ရာနဲ့ဆိုတော့'

လင်ဝိဖုန်းက …

'ငါ့အတွက် ကိစ္စမရှိပါဘူး၊ မင်းသူ့ကို လိုက်ရှာပါ'

လျှုယုဖန်က ခေါင်းခါရင်း …

'ကျွန်မ ဒီနယ်မြေကို မကျွမ်းကျင်ဘူး၊ ရှင်သက်သာလာတော့မှပဲ လိုက်ရှာတော့မယ်'

ဟု ယတိပြတ်ပြောလိုက်လေသည်။

❖❖❖❖❖



ဟန်စုဖန်မှာ … တစ်ညလုံး အိပ်မရပါ။

ချစ်ခြင်းမေတ္တာ၏ ခါးသည်းခြင်းအရသာကို ခံစားနေရ၏။

မနာလိုခြင်း၏ စေ့ဆော်မှုကိုလည်း ခံစားနေရ၏။

သူသည် လျှုယုဖန်အား အလွန်မြတ်နိုးသည်။

သို့သော် … သူ့အပေါ်တွင် လျှုယုဖန်က အေးတိအေးစက်ဖြစ်လာသည်။

နောက်မှ ရောက်ရှိလာသည့် လင်ဝိဖုန်းကိုမူ အလွန်ပင် ယိုတ်လျော့ဖော်ရွေစွာ ဆက်ဆံ၏။

လင်ဝိဖုန်းအား … မနာလိုဖြစ်လာမိသည်။

သို့သော် … သူသည် ဖြောင့်မတ်ပွင့်လင်းသူ တစ်ဦး ဖြစ်၏။ အခြေအနေ အကြောင်းတရားကို နားလည်၏။

သူနှင့်ယှဉ်လျှင် လင်ဝိဖုန်း၏သိုင်းပညာမှာ များစွာသာလွန်သသည်။

လျှုယုဖန်ကဲ့သို့ ထက်မြက်သော မိန်းကလေးသည် သူနှင့် ထိုက်တန်ပါ။

www.burmeseclassic.com

လင်ဝိဖုန်းနှင့်သာ ထိုက်တန်ပေသည်။

သူ့အနေနှင့် ချစ်ခြင်းမေတ္တာ၏ ခါးသည်းသော အရသာများကို မခံစားလိုတော့ပါ။

ဝေးရာသို့သာ ထွက်သွားချင်သည်။

နောက်ဆုံး သူသည် လျူယုဖန်တို့ အိပ်ပျော်နေခိုက် စာရေးထားခဲ့ပြီး ထွက်လာခဲ့လေတော့သည်။

ဟန်စုဖန်သည် တစ်နေ့လုံးလျှောက်လာရာ ညနေ နေဝင်တော့မည် ဖြစ်ပါသည်။

ညနေဆည်းဆာချိန် ...

နေလုံးကြီးသည် တောင်ပေါ်ဝယ် မေးတင်နေပြီ ဖြစ်၏။

ဟန်စုဖန်မှာ ... လေးပင့်စွာဖြင့် လျှောက်နေသည်။

သူ ... မည်သည့်နေရာ သွားရမည်ကို မသိပါ။

မည်သည့်လမ်းက သွားလျှင် မည်သည့်နေရာသို့ ရောက်မည် ဆိုသည်ကိုလည်း မသိပါ။

သူ၏စိတ်အစဉ်မှာ နောက်ကျိနေသည်။

ခြေဦးတည့်ရာကိုသာ လျှောက်နေမိလေသည်။

နောက်ဆုံး ... သူသည် စမ်းချောင်းကလေး တစ်ခုအနီးသို့ ရောက်ရှိလာလေသည်။

ထိုစမ်းချောင်းကလေးတွင် သမင်ငယ်ကလေး တစ်ကောင် ရေသောက်နေသည်ကို တွေ့လိုက်ရ၏။

သမင်ဟူသည် အုပ်အသင်းနှင့် ကျက်စားတတ်သည်။

ယခု ... သမင်ကလေးမှာ တစ်ကောင်တည်းပင်။

အထီးကျန်လေးပင်လား။



ဤသို့ တွေးမိသည်နှင့် သူ့ဘဝသည်လည်း ထိုသမင်ငယ်ကလေးကဲ့သို့ပင် အထီးကျန်လှသည်ဟု စဉ်းစားလိုက်မိလေသည်။

ထိုစဉ်မှာပင် ... သမင်ကလေးက စူးရဲစွာအော်ဟစ်ရင်းလှည့်ထွက်ကာ ဂူတစ်ခုဆီသို့ ပြေးသွားလေ၏။ သမင်ကလေး၏နောက်မှ ကျားသစ်တစ်ကောင်က ပြေးလိုက်သွားလေသည်။

ဟန်စုဖန်မှာ မတရားမှုကို မြင်တွေ့လျှင် ကြည့်နေတတ်သူတစ်ဦး မဟုတ်ပါ။ ချက်ချင်းပင် ကိုယ်ဖော့ပညာကို အသုံးပြုကာ ကျားသစ်အား ဟန့်တားတိုက်ခိုက်လိုက်လေသည်။

ကျားသစ်မှာ ဟန်စုဖန်၏ ဟန့်တားမှုကြောင့် ဟန်စုဖန်ဘက်သို့လှည့်ကာ ဒေါသတကြီးဖြင့် ခုန်အုပ်လိုက်သည်။

ဟန်စုဖန်က လက်နက်ပုန်းများကိုပစ်လွှတ်ပြီး ပြေးဝင်လာသော ကျားသစ်အား ဓားဖြင့်လည်း ထိုးချလိုက်လေသည်။

ကျားသစ်မှာ လက်နက်ပုန်းများက ချက်ကောင်းထိသွားသည့်အပြင် ... ဓားနှင့်လည်း အထိုးခံလိုက်ရသဖြင့် ဟန်စုဖန်အားရှုံ့မပြုနိုင်တော့ဘဲ သေဆုံးသွားလေတော့သည်။

ဟန်စုဖန်က သမင်ကလေး ဝင်သွားရာ ဂူဆီသို့ လျှောက်သွားလိုက်သည်။ ထိုစဉ် ... ဂူထဲမှ သမင်လေးမှာ ပြန်ထွက်လာလေ

လေထဲမှ ပျံထွက်လာခြင်းပင် ဖြစ်သည်။

သမင်ကလေး၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေပြီး မြေပေါ်သို့ ပြုတ်ကျကာ သေဆုံးသွားလေသည်။

ဟန်စုဖန်မှာ ... အံ့ဩသွားလေသည်။

မည်သူက သမင်ငယ်ကလေးအား ရက်စက်စွာ သတ်ဖြတ်လိုက်ပါသနည်း။

www.burmeseclassic.com



ဂူထဲတွင် ရှိသောသူမှာ ... မည်သူနည်း။

သူ မသိပါ။ သိရန်လည်း မစဉ်းစားနိုင်ပါ။ သမင်ကလေး အတွက် ဒေါသထွက်လွန်းသဖြင့် ဂူထဲသို့ လှမ်းဝင်လိုက်လေသည်။

ဂူမှာ ဆယ့်ငါးပေခန့်သာ ကျယ်သည်။

အလင်းရောင် အနည်းငယ်သာ ရှိသော်လည်း ... အထဲသို့ ကောင်းစွာ မြင်ရသေးသည်။

ဟန်စုဖန်က ဂူအတွင်းသို့ ဝင်မိသောအခါ အတွင်း၌ထိုင်နေ သောလူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူအား သူက မြင်မြင်ချင်းပင် မှတ်မိသွားပြီး ...

'ဩော် ... ကျန်းထင်မု ပါလား'

ကျန်းထင်မုမှာ ဟန်စုဖန်အား တွေ့သောအခါ ထိတ်လန့် သွားလေသည်။ ချက်ချင်းပင် ခုန်ထလာပြီးလျှင် ဟန်စုဖန်အား တိုက်ခိုက်လိုက်လေသည်။

ဟန်စုဖန်ကလည်း ... ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ခိုက်ရင်း ... ကျန်းထင်မုမှာ အလွန်ကြောက်စရာ ကောင်းကြောင်း သိရှိလိုက်ရလေသည်။ ကျန်းထင်မု၏ သိုင်းပညာ မှာ ချူကြောင်းနန်ထက် အနည်းငယ်သာ နိမ့်ကျပေမည်။

ဟန်စုဖန်ထက် စာလျှင် ... သာသည်ဟု ဆိုရပေမည်။

သိုင်းကွက်သုံးဆယ်ခန့်အတွင်း ဟန်စုဖန်မှာ ကျန်းထင်မု၏ လက်ဝါးငါးချက်ခန့် ထိခဲ့ပြီ ဖြစ်ပါသည်။ ဟန်စုဖန်မှာ ခံရလေလေ ဒေါသထွက်လာလေလေ ဖြစ်၏။

သိုင်းပညာအရ ... ကျန်းထင်မုအား မယှဉ်သာကြောင်း သဘောပေါက်လေသည်။



သို့သော် ... သူက အလျှော့မပေးပါ။

အလျှော့မပေးသည့်အပြင် ပို၍ပင် ပြင်းထန်စွာ တိုက်ခိုက် လိုက်လေသည်။ ကျန်းထင်မုမှာ တိုက်ခိုက်ရင်း ... ဟန်စုဖန်အား ထိတ်လန့်လာလေသည်။

ဟန်စုဖန်၏ တိုက်ခိုက်မှုများသည် သိုင်းပညာရပ်ကဲ့သို့ မဟုတ်တော့ဘဲ တိရစ္ဆာန်တစ်ကောင်၏ သတ်ဖြတ်ခြင်းမျိုး ဖြစ် လာလေသည်။ ကျန်းထင်မုမှာ ကြောက်ရွံ့လာသဖြင့် သိုင်းကွက် များ အမှားအယွင်း ဖြစ်လာ၏။

တစ်ကြိမ်တွင်မူ ... ဟန်စုဖန်၏ အတင်းဝင်လုံးထွေးခြင်းကို ခံလိုက်ရလေသည်။

ကျန်းထင်မုက ပို၍ကြောက်ရွံ့သွားပြီး ဟန်စုဖန်အား လက် ဝါးဖြင့် ရိုက်ချလိုက်၏။ ဟန်စုဖန်က မရှောင်ဘဲ ဝင်ရောက်ပွေ့ကပ် လုံးထွေးပြီး နှစ်ဦးစလုံး လဲကျသွားလေသည်။

ဟန်စုဖန်မှာ လုံးထွေးမိသည်နှင့် ကျန်းထင်မု၏လည်မျို အား သွားဖြင့် တအားကိုက်ချလိုက်လေသည်။

ကျန်းထင်မုက အတင်းရုန်းကန်လိုက်၏။

သို့သော်လည်း ... မည်သို့မျှ ရုန်းကန်မရပါချေ။

နောက်ဆုံး တဖြည်းဖြည်း ပျော့ခွေသွားလေတော့သည်။

ဟန်စုဖန်မှာလည်း မလှုပ်နိုင်တော့ပါ။

ကျန်းထင်မု အနီးတွင်ပင် မေ့မျောသွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အမှောင်ထုက စိုးမိုးလာ၏။

ကောင်းကင်တွင် ကြယ်ကလေးများ မှိတ်တုတ်မှိတ်တုတ် နှင့်ရှိနေ၏။ လေအေးလေးတစ်ချက်မှာ ဂူတွင်းသို့ ဝေ့ယမ်းတိုက်ခတ်ရင်း ဝင်လာ၏။

ဟန်စုဖန်မှာ မေ့မျောနေရာမှ ပြန်လည်သတိရလာသည်။ သူက ပတ်ဝန်းကျင်အား ကြည့်လိုက်၏။ ဂူတစ်ခုလုံး မှောင်မည်းနေ၏။ မိမိလက်ကိုပင် မိမိ ပြန်မမြင်ရပါချေ။

ဟန်စုဖန်က အားယူထလိုက်၏။ သို့သော် ... ထ၍ မရပါ။

သူ၏တစ်ကိုယ်လုံး နာကျင်နေ၏။

ထို့အပြင် အင်အားများလည်း ကုန်ခမ်းနေသကဲ့သို့ ခံစားလိုက်ရ၏။

ဟန်စုဖန်က ... အားမလျှော့ပါ။ ကြိုးစား၍ ထလိုက်၏။

ခဏ ခဏ ပြန်လဲကျခဲ့ပြီး ... နောက်ဆုံးတွင် ပြန်လည်သတိမေ့မျောသွားပြန်လေတော့သည်။

❖❖❖❖❖

နေရောင်က မျက်လုံးပေါ်သို့ လာကျသဖြင့် ... ဟန်စုဖန်မှာ သတိပြန်ရလာပြန်၏။

သူ့ခန္ဓာကိုယ်တစ်ခုလုံး ... နာကျင်ကိုက်ခဲနေ၏။

ခန္ဓာကိုယ်နာကျင်မှုထက် ဆာလောင်မှုဝေဒနာကို ပို၍ ခံစားလိုက်ရ၏။

ဟန်စုဖန်က အားယူထလိုက်၏။

သုံးလေးခါမျှ ကြိုးစားပြီး နံရံကိုမှီထလိုက်မှ ထရပ်နိုင်၏။

ဂူနံရံကို အမှီပြုကာ ဂူဝသို့ ထွက်လိုက်၏။

ဂူဝတွင် သမင်ကလေး သေဆုံးနေသည်ကို တွေ့ရ၏။

သူသည် ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို ပြင်းပြစွာခံစား နေရသော်လည်း သမင်ကလေး၏အသားကိုမူ မစားလိုပါချေ။

ခဏတာအတွင်း သူ့မျက်လုံးများက တစ်နေရာသို့ ရောက်သွား၏။

ကျားသစ်အသေကောင်ပင် ဖြစ်ပါ၏။

သူသတ်ခဲ့သော ကျားသစ်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုဖန်က ကျားသစ်အနီးသို့ တရွေ့ရွေ့သွားလိုက်၏။

ထို့နောက် ... ကျားသစ်အား မနိုင့်တနိုင်နှင့်ဆွဲယူကာ ဂူတွင်းသို့ ပြန်ဝင်လာခဲ့လေသည်။

ဂူထဲရောက်သောအခါ ... ကျွန်းထင်မှ ရှာဖွေထားသည့် ထင်းစများကို တွေ့လိုက်ရ၏။

သူက မီးခတ်ကျောက်ဖြင့် မီးမွှေးလိုက်လေသည်။

ထို့နောက် ... ကျားသစ်အသားကိုလှီးကာ ကင်လိုက်၏။

အသားကင်၏အနံ့မှာ အလွန်ပင် မွှေးကြိုင်လှပေသည်။

ဟန်စုဖန်မှာ ... အသားကျက်သည်အထိ မစောင့်နိုင်ပါ။

ဆာဆာနှင့် စားပစ်လိုက်၏။

သို့နောက် ဗိုက်ပြည့်သွားသောအခါ မျက်လုံးများစင်းလာပြီး အိပ်ပျော်သွားလေတော့သည်။ မည်မျှကြာအောင် အိပ်ခဲ့မိသည်မသိ။ ဟန်စုဖန် နိုးလာသောအခါ ညအမှောင်သို့ပင် ရောက်နေသည်ကို သတိပြုမိ၏။

ဟန်စုဖန်က မီးထပ်ထည့်လိုက်ပြီး ကျားသစ်အသားများကို ခုတ်ထစ်ကာ ကင်ထားလိုက်လေသည်။

အသားကင်ရင်း ပျင်းပျင်းနှင့် ဂူထဲသို့ လျှောက်ကြည့်ရာ ဂူနံရံတွင် ပုံများ ရေးဆွဲထားသည်ကို တွေ့လိုက်ရ၏။

လူပုံသဏ္ဍာန်များဖြစ်ပြီး ထိုလူပုံသဏ္ဍာန်များသည် သိုင်းကွက်တစ်ခု ဖော်ဆောင်ထားသည်နှင့် တူလှ၏။

အားလုံး ခုနစ်ဆယ့်နှစ်ပုံတိတိ ဖြစ်၏။

ဟန်စုဖန်က ပုံများကို ကြည့်ကာ ... ပုံများအတိုင်း လှုပ်ရှားကြည့်လိုက်၏။



ပုံများကိုကြည့်ရသည်မှာလွယ်ကူမည်ဟု ထင်ရသော်လည်း လက်တွေ့တွင်မူ မလွယ်ကူဘဲ ဖြစ်နေ၏။

ထို့ကြောင့် ...

စိတ်ဝင်တစားနှင့် လေ့လာလိုက်လေသည်။

ဟန်စုဖန်မှာ ထိုပုံများကို လေ့လာမိသည်နှင့် သူ၏ဘဝမှ အချစ်ခံစားမှုများ မေ့လျော့သွား၏။

ထိုပုံများသာ သူ့ဘဝကဲ့သို့ ဖြစ်သွားလေတော့သည်။

ထိုပုံများအား ကြည့်ရင်း ဆာလောင်သည့်အခါ ကျားသစ်အသားကို စားလိုက်၊ ပုံများ ပြန်ကြည့်လိုက်နှင့် အချိန်များကုန်ဆုံးသွားလေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လေးရက်မြောက်နေ့။

ဟန်စုဖန်မှာ ပုံများကို အတော်ပင် ကျွမ်းဝင်လာ၏။

သို့သော် ... သူဉာဏ်မမီ၍ အချို့ပုံများကို မဆက်စပ်နိုင်ခဲ့ပါချေ။ သူ ... ဆက်စပ်ရသလောက်ကိုသာ အပြန်ပြန်အလှန်လှန် လေ့ကျင့်မိ၏။

နောက်ဆုံး ကျားသစ်အသားကုန်သွားမှ ပတ်ဝန်းကျင်ကို ပြန်လည်သတိရလာမိလေတော့သည်။

သူက နောက်တစ်နေ့ မိုးလင်းသည်နှင့် သည်ဂူထဲမှထွက်သွားရန် ဆုံးဖြတ်လိုက်ပြီး အိပ်စက်အနားယူလိုက်လေသည်။

ထိုစဉ်မှာပင် လူနှစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရ၏။

မကြာမီ ...

ခြေသံကလည်း ဂူဝအနီးသို့ ရောက်လာလေသည်။

ဟန်စုဖန်က ... ဂူအတွင်းရှိ ကျောက်တုံးတစ်တုံးနောက်၌ ဝင်ပုန်းနေလိုက်၏။



ထိုအခိုက် ... အပြင်မှ အသံကြားလိုက်၏။

'ဟေ့ ... ဒီဂူထဲမှာ လူသေနံ့ရတယ်ကွ'

မှန်ပါသည် ... ကျန်းထင်မု၏ အလောင်းမှာ ပုပ်နေပြီး အနံ့တထောင်းထောင်း ထနေ၏။ ဟန်စုဖန်မှာ ... နှာခေါင်းယဉ်နေ၍သာ သတိမထားမိခြင်း ဖြစ်၏။

အသံဆုံးသည်နှင့် ... ကိုယ်ရုံတော်ဝတ်စုံ ဝတ်ထားသည့် လူနှစ်ယောက်က ဂူတွင်းသို့ လှမ်းဝင်လာလေသည်။

'ဟာ ... ကျန်းထင်မု သေနေပါလား'

'ဟုတ်တယ်'

'ကျန်းထင်မု ... သိုင်းပညာ သိပ်ကောင်းတယ်၊ လင်ဝိဖုန်းနဲ့ တွေ့သွားလို့ ထင်တယ်'

ဟန်စုဖန်မှာ ထိုစကားကြားသောအခါ ရယ်ချင် မိသွားလေသည်။ ဝင်လာသူနှစ်ဦးမှာလည်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွား၏။

တစ်ဦးက ...

အထဲမှာ မီးမငြိမ်းသေးဘူး၊ လူရှိဦးမယ်ထင်တယ်

နောက်တစ်ဦးက ...

'ရှိလည်း ... ဘာဖြစ်သလဲ'

ပထမလူက . . .

'တခြား လူဆိုရင် ကိစ္စမရှိဘူး၊ လင်ဝိဖုန်းဆိုရင်တော့ သတိထားရမယ်'

ဟန်စုဖန်မှာ ထိုစကား ကြားသောအခါ ဒေါသထွက်သွားလေတော့သည်။

သူသည် လင်ဝိဖုန်းကို ကြိတ်၍ မနာလိုဖြစ်မိ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ... ထိုလူနှစ်ယောက်က လင်ဝိဖုန်းမှ လွဲလျှင် အခြားလူကို ဂရုမစိုက်ဟု ဆိုလာသောအခါတွင် ဒေါသကို ထိန်းမရတော့ပါ။ ကျောက်တုံးနောက်မှ ခုန်ထွက်လိုက်ပြီး ...

'အေး ... ငါက လင်ဝိဖုန်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် ... မင်းတို့ကို ကောင်းကောင်းသတ်ပစ်နိုင်တယ်'

ဟု အော်ငေါက်လိုက်၏။

ကိုယ်ရံတော်နှစ်ဦးမှာ ... ရုတ်တရက် လူတစ်ယောက် ခုန်ထွက်လာသောကြောင့် ထိတ်လန့်သွား၏။

သေသေချာချာကြည့်မှ ... လင်ဝိဖုန်း မဟုတ်သဖြင့် စိတ်သက်သာရာရသွား၏။ ကိုယ်ရံတော်တစ်ဦးက ...

'ဒီကောင် ကျန်းထင်မုဆီက ကန္တာရကြယ် ရသွားပြီထင်တယ်'

ဟု ပြောလိုက်၏။ ကျန်ကိုယ်ရံတော်က ...

'မင်း ... ကန္တာရကြယ်ကိုပေးရင် မင်းအသက်ကို ချမ်းသာပေးမယ်'

ဟုပြောလိုက်၏။

ဟန်စုဖန်မှာ ယခုမှပင် သဲကန္တာရကြယ်ကို သတိရလာလေသည်။

ဟန်စုဖန်က ရယ်မောလိုက်ပြီး ...

'ဒီစကားပြောရအောင် မင်းတို့က ဘာအစွမ်းအစရှိလို့လဲ'

ဟု ပြန်ပြောလိုက်၏။

ကိုယ်ရံတော်နှစ်ဦးမှာ ချူကြောင်းနန့်ထံမှ သတင်းကြားပြီးဖြစ်၍ ကျန်းထင်မုအား ရှာဖွေရန် ထွက်လာခြင်းဖြစ်၏။



ယခု ကျန်းထင်မုကို သတ်သည့်လူအား ... တွေ့သောအခါ အလွတ်မပေးနိုင်တော့ပါ။ သို့မဟုတ်လျှင် ... ကန္တာရကြယ်ကို လက်လွှတ်လိုက်ရသလို ဖြစ်နေမည် မဟုတ်ပါလား။

ကိုယ်ရံတော်နှစ်ဦးက တစ်ဦးနှင့်တစ်ဦး အချက်ပြကာ ဟန်စု ဖန်အား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

ဟန်စုဖန်ကလည်း ... ပြန်လည်တိုက်ခိုက်လိုက်၏။

ယှဉ်ပြိုင်မိသည်နှင့် ... ကိုယ်ရံတော်နှစ်ဦးအား သူမနိုင်နိုင်ကြောင်း သဘောပေါက်လိုက်လေသည်။

ဟန်စုဖန်မှာ ရင်ထိတ်သွားမိလေ၏။ ထိတ်လန့်မှုကလည်း အစားထိုး ဝင်ရောက်လာလေသည်။ ကိုယ်ရံတော်တစ်ဦးက ...

'မင်း ... မသေချင်ပါနဲ့၊ ကန္တရကြယ်ကိုသာ ပေးစမ်းပါ'

ဟု ခြိမ်းခြောက်လိုက်၏။

ဟန်စုဖန်မှာ ခေါင်းမာသူ တစ်ဦးဖြစ်၏။

ရန်သူ၏ ခြိမ်းခြောက်မှုခံရသောအခါ ခံပြင်းစိတ်ဖြစ်ပေါ်လာ၏။ ခံပြင်းစိတ်က သူ့အားပို၍ သတ္တိရှိလာစေလေသည်။

ကိုယ်ရံတော်နှစ်ဦးကလည်း ဟန်စုဖန်အား အသေသတ်ပြီးမှသာ ရနိုင်မည်ဖြစ်ကြောင်း နားလည်လိုက်၏။

သိုင်းကွက် တစ်ရာကျော်လာသောအခါ ဟန်စုဖန်၏ အခြေအနေမှာ ဆိုးရွားလာလေသည်။

တစ်ကြိမ်တွင် အကျဉ်းအကျပ်တွင်းသို့ ရောက်ရှိသွား၏။

ဟန်စုဖန်မှာ ... မည်သို့ခုခံရမည်ကို မစဉ်းစားနိုင်ပါ။

အလိုလိုပင် ဂူနံရံပေါ်က ရသော သိုင်းကွက်များတို့ အသုံးပြုမိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုဖန်မှာ ထိုသိုင်းကွက်တစ်ကွက်တည်းနှင့်ပင် အကျပ်အတည်းကြားမှ ရုန်းထွက်လာနိုင်ခဲ့လေသည်။

ဟန်စုဖန်က … ဝမ်းသာသွား၏။

ဆက်လက်၍ သိုင်းကွက်များကို ဖော်ထုတ်လိုက်ရာ . .

'ဝုန်း …'

'ဝုန်း …'

ကိုယ်ရံတော်နှစ်ဦးမှာ ဟန်စုဖန် လက်ဝါးမိပြီး လွင့်စဉ်သွား၏။ ပြန်လည်ထလာနိုင်ခြင်းမရှိဘဲ သေဆုံးသွားလေတော့သည်။

ဟန်စုဖန်မှာ အံ့ဩသွား၏။

ရင်ထဲ၌လည်း ဖော်မပြနိုင်အောင် ဝမ်းသာသွားလေသည်။

သူက ကျုန်းထင်မှ၏အလောင်းအား သွား၍ရှာဖွေလိုက်၏။ မကြာမီ … နံ့သာဘူးကလေးကို တွေ့ရှိလိုက်ရသည်။

ဟန်စုဖန်က နံ့သာဘူးကလေးအား ရင်ဝယ်သိမ်းဆည်းပြီး အနားယူလိုက်လေတော့သည်။

❖❖❖❖❖

**ပထမပိုင်းပြီး၏။**

**ဒုတိယပိုင်း(စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။**

**မိုးကျော်သူ**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# စားသမားခုနစ်ယောက်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ကန္တာရကြယ် ပြန်ပေးခြင်း

နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် ဟန်စုဖန်က ဂူတွင်းမှ ထွက်လာခဲ့သည်။

သူ၏ရင်ဝယ် တိုးတက်လာသော သိုင်းပညာအတွက် ဂုဏ်ယူနေမိ၏။ ထို့အပြင် သဲကန္တာရကြယ်ကိုလည်း ပြန်လည်ယူဆောင်လာနိုင်သည် မဟုတ်ပါလော။

သို့သော် ... သူက မည်သည့်နေရာကို သွားရမည်မသိပါ။

ဤလမ်းခရီးမှာ ... သူ့အတွက် စိမ်းလွန်းလှပေသည်။

ဟန်စုဖန်မှာ တွေ့ရာလမ်းအတိုင်း လျှောက်လာခဲ့၏။

နေ့လယ်ခင်းအချိန်ဝယ် တောင်ကြားလမ်းလေးတစ်ခုထဲသို့ ရောက်ရှိလာခဲ့လေသည်။

ဟန်စုဖန်က လမ်းလျှောက်နေစဉ် အပေါ်ဘက်မှ ခဲလုံးလေးများ ကျလာသည်ကို တွေ့လိုက်ရသဖြင့် မော့ကြည့်လိုက်၏။

အပေါ်၌ မည်သူမျှ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သံသံချင်း ထိခိုက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

အပေါ်တွင် တိုက်ပွဲဖြစ်နေသည်ကို နားလည်လိုက်၏။

ထို့ကြောင့် သူက အခြေအနေကိုကြည့်ရန် ဆုံးဖြတ်လိုက်ပြီး တောင်ပေါ်သို့ တက်လာခဲ့သည်။

တောင်ပေါ်တွင် တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့ရ၏။

ကိုယ်ရံတော်လေးဦးက တိဗက်နှစ်ဦးအား တိုက်ခိုက်နေသည်။ တိဗက်နှစ်ဦး၏ သိုင်းပညာမှာ သိပ်မကောင်းပါ။

ထို့ကြောင့် ကိုယ်ရံတော်များ၏ တိုက်ခိုက်မှုကို အလူးအလဲ ခံနေရလေသည်။ ဟန်စုဖန်က တိုက်ခိုက်နေသူများကို သေချာစွာ အကဲခတ် ကြည့်လိုက်သည်။

ကျုန်းထင်မုနှင့် ပါလာသော တိဗက်နှစ်ဦး ဖြစ်ကြောင်းချက်ချင်း မှတ်မိလိုက်လေသည်။

သူက မဆိုင်းမတွပင် တိုက်ပွဲရှိရာသို့ ပြေးဝင်တိုက်ခိုက်လေတော့သည်။

ယခုတစ်ကြိမ်၌ သူက ဂူနံရံပေါ်မှ ရရှိသော သိုင်းကွက်များကိုသာ အသုံးချတိုက်ခိုက်လိုက်ရာ . . .

'ဝုန်း … ဝုန်း … ဝုန်း'

ကိုယ်ရံတော်သုံးဦး သေဆုံးသွားလေတော့သည်။

ကျန်ကိုယ်ရံတော်မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

ထွက်ပြေးရန်လည်း မဝံ့ဘဲဖြစ်နေ၏။ ဟန်စုဖန်က —

'မင်းတို့ ဒီဘက်အထိပါ ရောက်နေပါလား၊ ဘာကိစ္စနဲ့ မင်းတို့ လာကြသလဲ'

ဟု မေးမြန်းလိုက်၏။



ကိုယ်ရံတော်က တုန်တုန်ယင်ယင်ဖြင့် …

'ကျွန်တော်တို့ အမိန့်အရ လင် … လင်ဝိဖုန်းကို လိုက်ရှာနေတာပါ'

ဟန်စုဖန်က မဲ့လိုက်ပြီး …

'မင်းတို့က ငါ့ကိုတောင် … မနိုင်ဘဲနဲ့ လင်ဝိဖုန်းကို လိုက်ရှာရဲသလား'

ကိုယ်ရံတော်က …

'ခင်ဗျားက လင်ဝိဖုန်းထက်တောင် ပိုပြီး … ကြောက်စရာကောင်းပါသေးတယ်'

ဟု ပြောလိုက်၏။

ဟန်စုဖန်မှာ … ကိုယ်ရံတော်၏စကားကို ကြားသောအခါ သဘောကျသွား၏။

ကိုယ်ရံတော်အား မသတ်တော့ဘဲ လွှတ်ပေးလိုက်လေ၏။

ကိုယ်ရံတော်မှာ … သူ့အသက်ချမ်းသာ ပေးလိုက်သည်နှင့် တစ်ပြိုင်နက် နောက်ပင်လှည့်မကြည့်တော့ဘဲ ထွက်ပြေးသွားလေတော့သည်။

တိဗက်နှစ်ဦးက ဟန်စုဖန်အား အရိုအသေ ပြုလိုက်ပြီး …

'ကျုပ်တို့ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်၏။

ဟန်စုဖန်က …

'ဒါကိစ္စမရှိပါဘူးဗျာ၊ ဒါထက် … ခင်ဗျားတို့ ခုထိမပြန်ကြသေးဘဲ ဘာလုပ်နေကြတာလဲ'

တိဗက်နှစ်ဦးမှာ … မျက်နှာညှိုးငယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သက်ပြင်းချကာ ...

'ကျုပ်တို့ ကန္တာရကြယ် မပါဘဲနဲ့ ... ပြန်လို့ မဖြစ်ဘူး။ ကျွန်းထင်မှုကို တွေ့အောင် ရှာရမယ်'

ဟန်စုဖန်က ပြုံးလိုက်ပြီး ...

'တွေ့ကော ... တွေ့ပြီလား'

တိဗက်က ...

'အစအနတောင် မတွေ့သေးပါဘူး၊ ဒါပေမယ့် သူဘယ်မှာပဲ ပုန်းနေ ပုန်းနေ ... သူ့ကို မတွေ့မချင်း ကျုပ်တို့က ရှာရမှာပဲ'

ဟု ပြောလိုက်လေသည်။

ဟန်စုဖန်မှာ ... တိဗက်နှစ်ဦး၏ စိတ်ဓာတ်နှင့် ဇွဲကို လေးစားသွား၏။ သူက အင်္ကျီအတွင်းနှိုက်ကာ နံ့သာဖြူဘူးကလေးအား ထုတ်လိုက်ပြီး ...

'ဟောဒါ ... ခင်ဗျားတို့ရဲ့ ကန္တာရကြယ် မဟုတ်လား'

တိဗက်နှစ်ဦးက နံ့သာဖြူဘူးကို ယူကာ ဖွင့်ကြည့်လိုက်၏။ အထဲတွင် သူတို့ရှာဖွေနေသည့် ကန္တာရကြယ်ကို တွေ့လိုက်ရသည်။

ချက်ချင်းပင် ... ဟန်စုဖန်ရှေ့၌ ဒူးထောက်ရှိခိုးလိုက်ကြလေသည်။ ခါးစည်းပဝါများကိုလည်း ဖြုတ်ပေးလိုက်၏။

တိဗက်ထုံးစံဖြင့် ဟန်စုဖန်အား ကျေးဇူးရှင်ဟု သတ်မှတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဟန်စုဖန်မှာ ယခုကဲ့သို့ သူ့အား အရိုအသေ ပြုနေသည်ကို မနေတတ်ပါ။ ထို့ကြောင့် တိဗက်နှစ်ဦးကို အတင်း ဆွဲထူလိုက်ပြီး ...

'ဒီလိုတော့ ... မလုပ်ကြပါနဲ့ဗျာ'

ဟု တောင်းပန်လိုက်လေသည်။



တိဗက်တစ်ဦးက ...

'ကျေးဇူးရှင်ကြီး ... အခုလို ကန္တာရကြယ်ကို ယူဆောင်လာတဲ့အတွက် အလွန်ပဲ ဝမ်းသာကျေးဇူးတင်ပါတယ်၊ ကျေးဇူးရှင်ကြီး ကျွန်တော်တို့နဲ့လိုက်ခဲ့ပြီး ကျွန်တော်တို့ပြည့်ဝတ်ပြုစုတာကို ခံယူပါလို့ တောင်းပန်ပါတယ်'

ဟန်စုဖန်က သက်ပြင်းချရင်း ...

'ကျုပ်က လမ်းကြုံလို့ ကူညီတာပါ။ ဒီလောက် ကျေးဇူးတင်ဖို့ မလိုပါဘူး'

ဟန်စုဖန်က ငြင်းဆန်သော်လည်း တိဗက်နှစ်ဦးက မရမက လိုက်ခဲ့ရန် တောင်းပန်နေ၏။

နောက်ဆုံး ဟန်စုဖန်က လိုက်သွားရန် သဘောတူလိုက်ပြီး တိဗက်များ နောက်သို့ လိုက်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## နယ်စားကြီးဝူစန်းကွေ့

လင်ဇီဖုန်း ဒဏ်ရာ သက်သာလာသည်နှင့် ဂူထဲမှ ထွက်လာခဲ့ကြ၏။

ပတ်ဝန်းကျင်အနှံ့ လိုက်လံရှာဖွေကြည့်သော်လည်း ဟန်ရှဖန်၏ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ထို့ကြောင့် သူတို့က ခွန်မိန်မြို့သို့ သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။ လမ်းတစ်လျှောက် အလွန်မြင့်မားသော တောင်များကို ဖြတ်ကျော်ခဲ့ရ၏။

နှစ်ဦးသား ဆယ်ရက်ခန့်အတူ သွားမိသောအခါ နှစ်ဦးစလုံး၏ရင်ထဲ၌ ခံစားမှု အမျိုးမျိုး ခံစားလိုက်ရလေတော့သည်။

လျူယုဖန်မှာ ရင်ထဲ၌ အမျိုးမျိုး ခံစားနေရ၏။

လင်ဇီဖုန်းသည် သူမအပေါ် တစ်ခါတစ်ရံ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ရသော ... မိတ်ဆွေဟောင်း တစ်ဦးကဲ့သို့ ကြင်ကြင်နာနာ ဖော်ဖော်ရွေရွေ ဖေးမဆက်ဆံခဲ့သည်။



တစ်ခါတစ်ရံတွင်မူ သူမအား သူစိမ်းသဖွယ် ဆက်ဆံခဲ့၏။

မည်သို့ပင် ဆက်ဆံပါစေ၊ သူမအနေနှင့် ပျော်ရွှင် ကျေနပ်မိသည်။

အတူနေလာတာ ကြာလေလေ၊ လင်ဇီဖုန်း၏ အပြုအမူ၊ အမူအရာအားလုံးသည် သူမ ငယ်စဉ်က မိတ်ဆွေနှင့် တူလွန်းလှသည်ဟု ထင်မိသည်။

သူမက ... သံသယဝင်မိသော်လည်း ဖွင့်မမေးဝံ့ပါ။

သူမ၏ မိတ်ဆွေသည် သေဆုံးခဲ့ပြီးပြီဟုလည်း မတွေးရဲပါ။

ခံစားချက်များကို ရင်ထဲတွင်ထားကာ လင်ဇီဖုန်းကိုသာ အနီးကပ် အကဲခတ်လိုက်မိ၏။

လင်ဇီဖုန်းမှာလည်း တစ်ခါတစ်ရံ လျူယုဖန်အား လိုက်လိုက်လျောလျော ဆက်ဆံခဲ့မိ၏။

သို့သော် ... လျူယုဖန်က သူ့အား သံသယဖြင့် အကဲခတ်နေကြောင်း ရိပ်စားမိသောအခါ ... သူစိမ်းတစ်ဦးနှယ် ဆက်ဆံမိလေသည်။

သည်လိုနှင့် ခရီးဆက်ခဲ့ရာ ...

နောက်ဆုံးတွင် ... ခွန်မိန်မြို့သို့ ရောက်ရန် အနည်းငယ်သာ ကွာတော့သည်။

လင်ဇီဖုန်းက ...

'တို့ ဒီအတိုင်းဆက်သွားရင် ... မနက်ဖြန် မနက်လောက်ဆို ခွန်မိန်ကို ရောက်ပြီ'

လျူယုဖန်က ခေါင်းခါယမ်းလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



'ညဘက်ခရီးဆက်ရတာ မကောင်းပါဘူး၊ တောကောင်တွေ အန္တရာယ် ကြောက်ရသေးတယ်၊ ပြီးတော့ ကျွန်မလဲ ပင်ပန်းနေပြီ'

လင်ဝိဖုန်းက ရယ်မောလိုက်ပြီး ...

'ဒါဆိုလဲ ဒီည နားကြတာပေါ့၊ မနက်မှပဲသွားမယ်၊ ဒါပေမယ့် တောင်ခြေမှာ နားတာ ပိုကောင်းမယ်'

'ရှင့်သဘောပါပဲ'

သူတို့နှစ်ဦးက တောင်ခြေဆီသို့ ဆင်းလာခဲ့၏။

တောင်ခြေဆီသို့အရောက်ဝယ် ရှေ့သစ်ပင်အုပ်များကြားမှ မီးရောင်လက်လက် လှမ်းမြင်လိုက်ရလေသည်။

လျူယုဖန်က ...

'ရှေ့မှာ လူရှိမယ် ထင်တယ်'

လင်ဝိဖုန်းက . .

'ဟုတ်တယ်၊ တို့လဲ အဲဒီကိုသွားပြီး အနားယူကြတာပေါ့'

သူတို့နှစ်ဦးက မီးရောင်ရှိရာသို့ ခပ်သွက်သွက်လှမ်းသွားလိုက်ကြလေတော့သည်။

❖❖❖❖❖



ထင်းမီးပုံမှာ တဟုန်းဟုန်း တောက်လောင်နေ၏။

မီးပုံပတ်လည်တွင် လူဆယ့်ငါးယောက်ခန့် ထိုင်နေ၏။

ထိုလူဆယ့်ငါးယောက်အနက် ဆယ့်နှစ်ယောက်မှာမူ ဒေသခံ မုဆိုးများ ဖြစ်ဟန်တူ၏။

သေသေချာချာကြည့်မှ မုဆိုးများကြားတွင် စာပေသမား လူငယ်တစ်ဦးကို တွေ့လိုက်ရ၏။

ကျန်သုံးဦးမှာမူ တရုတ်လူမျိုးများ ဖြစ်သည်။

လင်ဝိဖုန်းနှင့် လျူယုဖန်တို့က ထိုမုဆိုးများထံ လျှောက်သွားပြီး တည်းခိုရန် ခွင့်တောင်းလိုက်၏။

မုဆိုးများကလည်း ဖော်ဖော်ရွေရွေဖြင့် လက်ခံလိုက် [illegible]

လင်ဝိဖုန်းနှင့် လျူယုဖန်တို့က မီးပုံဘေးတွင် ဝင်ထိုင်လိုက်ကြ၏။ သူတို့က လူအုပ်နှင့် တသီးတခြား ထိုင်လိုက်ခြင်း ဖြစ်သည်။

လင်ဝိဖုန်းက ...

'မင်း ... လှည့်မကြည့်နဲ့၊ သူတို့ထဲက နှစ်ယောက်ဟာ [illegible]ဘက်က ဖြစ်မယ်'

ဟုပြောရင်း ခေါင်းငုံ့နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှုယုဖန်က ...
'စာပေသမားလေးကိုလဲ အကဲခတ်ရတာ သိပ်မခေတ်ပုံပဲ'
လင်ဝိဖုန်းက ...
'ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် တို့နဲ့ မသက်ဆိုင်သလိုပဲနေ'
သူတို့နှစ်ဦးစလုံး စကားမပြောဖြစ်တော့ပါ။
အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ ထိုင်နေလေတော့သည်။
ထိုအခိုက်မှာပင် လူနှစ်ဦး ထပ်ရောက်လာ၏။
ထိုလူနှစ်ဦးအား တွေ့သောအခါ လင်ဝိဖုန်း မျက်နှာပျက်သွားလေသည်။
လျှုယုဖန်က ...
'ဘယ်သူတွေလဲ'
ဟု မေးလိုက်၏။ လင်ဝိဖုန်းက ပြန်မဖြေပါ။
သူ၏မျက်နှာမှာ တင်းမာခက်ထန်နေပြီး မျက်လုံးအစုံမှာ ရီဝေနေလေသည်။
လျှုယုဖန် အကဲခတ်နေစဉ်မှာပင် ထိုလူနှစ်ဦးက ဟန်လူမျိုးသုံးဦးအနီးသို့ ဝင်ရောက်ထိုင်ချလိုက်၏။
ဟန်လူမျိုးသုံးဦးအနက် တစ်ဦးမှာ သီးခြားဖြစ်ဟန်တူ၏။
နောက်မှ ဝင်လာသူနှစ်ဦးက ထိုလူအားကြည့်ကာ ...
'ကျင်းလိုင် ... မင်း ဘာလက်ဆောင်တွေ ယူလာသလဲ'
ကျင်းလိုင်ဆိုသူမှာ ထိုစကားကြောင့် ထိတ်လန့်သွားပြီး ...
'မ ... မယူလာပါဘူး'
ထိုလူက ....
'မင်း သေချင်ပြီနဲ့ တူတယ်'



ကျင်းလိုင်က ဒေါသထွက်သွားပြီး ...
'ကိုယ့်ကိစ္စ ကိုယ်လုပ်ပါ၊ သူများကိစ္စ မပါချင်နဲ့'
ထိုလူက ...
'ငါလာတာ ဒီကိစ္စပါပဲ'
ကျင်းလိုင်က ဒေါသပိုထွက်သွားပြီး ချက်ချင်းခုန်ထကာ တိုက်ခိုက်လိုက်လေသည်။
ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။
သူတို့နှစ်ဦး၏တိုက်ခိုက်မှုကြောင့် မုဆိုးများ ရုတ်ရုတ်သဲသဲဖြစ်သွား၏။
စာပေသမားလူငယ်က တစ်စုံတစ်ရာပြောလိုက်ရာ အားလုံးပြန်ထိုင်ပြီး တိုက်ပွဲကို ကြည့်နေကြလေသည်။
ကျင်းလိုင်နှင့် ထိုလူတိုက်ခိုက်မှုမှာ ... တစ်စတစ်စ ပြင်းထန်ဆန်လာ၏။
သို့သော် အားလုံးက ကိုယ်နှင့်မဆိုင်သလို ကြည့်နေကြ၏။
ထိုအထဲတွင် လုံးဝမကြည့်သူတစ်ဦး ရှိ၏။
ထိုလူမှာ ... လင်ဝိဖုန်းပင် ဖြစ်သည်။
လင်ဝိဖုန်းမှာ ခေါင်းကို ငိုက်စိုက်ချထားလေသည်။
ကျင်းလိုင်မှာ တိုက်ခိုက်နေရင်းမှ ... တစ်စထက်တစ်စ မှုန်မှိန်လာ၏။
ရှောင်တိမ်းရင်းနှင့် .... တဖြည်းဖြည်း လျှုယုဖန်တို့ အနီးသို့ [illegible]ကျ်ရှိလာလေသည်။
ထိုလူက ပြင်းထန်စွာ လိုက်လံတိုက်ခိုက်ရင်းမှ တစ်[illegible] [illegible]ရှိန်လွန်သွားပြီး ... သူ၏ လက်ဝါးက လင်ဝိဖုန်းထံ ဝင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းမှာ မတတ်သာတော့ပါ။

သူက မသိဟန်ဆောင်နေသော်လည်း လက်ဝါးတစ်ချက်ဝင်လာသည့်အတွက် ရှောင်တိမ်းပေးလိုက်ရလေသည်။

ထိုသူသည် ... လင်ဝိဖုန်းအား ကြည့်လိုက်ပြီး အံ့သြသွားဟန်နှင့် ...

'ဩော် ... မင်းကိုး'

ဟု ရေရွတ်လိုက်၏။

ကျင်းလိုင်မှာ တိုက်ခိုက်မှုရပ်ဆိုင်းသွား၍ စိတ်သက်သာရာရသွားလေသည်။

လင်ဝိဖုန်းကလည်း ထိုလူအားကြည့်ကာ ...

'ဝူထုံလော့'

ဟု ရေရွတ်လိုက်၏။

လင်ဝိဖုန်း၏ မျက်လုံးအစုံမှာ ရီဝေသွား၏။

အတိတ်ဘဝဆီသို့ ချက်ချင်းရောက်သွားလေသည်။

သူ ... ယန်ယွင်ချူး၏ ကလေးငယ်နှင့်အတူ ခရီးထွက်လာခဲ့ရာ စင်ကျန်ပြည်နယ်သို့ ရောက်လာခဲ့၏။

ထိုစင်ကျန်နယ်သို့ အရောက်တွင် ... ယန်ယွင်ချူး၏ကလေးငယ်ကို သုတ်သင်ရန် လိုက်လာသော လူတစ်စုနှင့် ဆုံမိလေသည်။

ထိုလူစုအား ခေါင်းဆောင်လာသူမှာ ဝူထုံလော့ပင် ဖြစ်သည်။

ဝူထုံလော့သည် ညိုထက်လူနှင့် ပိုဏ်းတူ ညီအစ်ကို ဖြစ်ပြီး တော်ချက်၏ ဦးလေးလည်း ဖြစ်၏။

ထိုတိုက်ပွဲ၌ ... လင်ဝိဖုန်း၏မျက်နှာတွင် ဝူထုံလော့၏ ဓားဒဏ်ရာနှစ်ချက် ရရှိခဲ့၏။



သူ့အား နောက်ဆုံးသုတ်သင်မည်အပြု ... လှိုမင်ဆရာတော် ရောက်လာသဖြင့် သက်သာခဲ့ခြင်း ဖြစ်သည်။

ဝူထုံလော့မှာ ... မန်ချူးတစ်ယောက် ဖြစ်သော်လည်း ဟန်လူမျိုး သိုင်းသမားတစ်ဦးအသွင် အယောင်ဆောင်၍ လှုပ်ရှားခဲ့သည်မှာ ကြာပြီဖြစ်၏။

ဝူထုံလော့မှာ ဘုရင့်အမိန့်အရ လင်ဝိဖုန်း နောက်သို့ ခြေရာခံလိုက်ခဲ့ခြင်း ဖြစ်၏။

မန်ချူးဘုရင်က ချူကြောင်းနန်ပင် အလွယ်တကူ မယှဉ်နိုင်ကြောင်း ကြားသိရ၍ ... ဝူထုံလော့အား ဖိတ်ခေါ်ကာ လင်ဝိဖုန်းကို သုတ်သင်ရန် စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ဝူထုံလော့မှာ ... လင်ဝိဖုန်းနောက်သို့ ခြေရာခံ လိုက်ရင်းမှ နယ်စားကြီး ဝူစန်းကွေ့ထံသို့ တမန်တော်နှစ်ဖွဲ့ ရောက်လာသည် ကြားသဖြင့် အနှောင့်အယှက်ပေးရန် ဤနေရာသို့ ရောက်လာခြင်း ဖြစ်ပါသည်။

လင်ဝိဖုန်းက ...

'ခင်ဗျားအပေါ်မှာ ... ဓားနှစ်ချက် ကြွေးရစရာ ရှိသေးတယ်၊ ဒီကနေ့ ... ကျုပ်ပြန်ယူတော့မယ်'

ဟု တစ်လုံးချင်း အေးစက်စွာ ပြောလိုက်လေသည်။

ဝူထုံလော့က ရယ်မောလိုက်ပြီး ...

'အကြွေးမရောက်ဲ ... မင်းထပ်ပြီး အကြွေးတင်ခံချင်လို့လား'

သူက ပြောရင်း ... လျူယုဖန်ဘက်သို့ ကြည့်လိုက်၏။

'ဩော် ... သူပုန်ခေါင်းဆောင်လဲ ပါနေတာကိုး။ ကဲ ... မင်းတို့ သူ့ကို တာဝန်ယူလိုက်ကြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ဝူထုံလော့၏ စကားဆုံးသည်နှင့် သူနှင့်အတူ ပါလာသူက လျှူယုဖန်အား ဝင်ရောက်တိုက်ခိုက်လိုက်၏။

ကျင်းလိုင်၏ အနီး ထိုင်နေသော ဟန်လူမျိုး ဟန်ဆောင်ထားသူ မန်ချူးနှစ်ဦးကလည်း ဝင်ရောက်တိုက်ခိုက်လိုက်လေ၏။

လျှူယုဖန်က ကြည့်လိုက်ရာ ထိုနှစ်ယောက်သည် ချူကြောင်းနန်နှင့် ပါလာခဲ့သော ကိုယ်ရံတော်နှစ်ဦး ဖြစ်ကြောင်း သိလိုက်၏။

သူမကလည်း ... ဓားထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

လင်ဝိဖုန်းက ဓားကိုဆွဲထုတ်လိုက်၏။

သူ၏ဓားမှာ ချူကြောင်းနန်၏ နဂါးပျံဓားပင် ဖြစ်သည်။

ဝူထုံလော့မှာ ... ထိုဓားကိုမြင်သောအခါ မျက်နှာကွက်ခနဲ ပျက်သွားသည်။

လင်ဝိဖုန်းအား တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လင်ဝိဖုန်းကလည်း ... တစ်ကွက်ချင်း ပြန်လည်တိုက်ခိုက်လိုက်၏။

သိုင်းကွက်သုံးဆယ် ကျော်လာသောအခါ ... ဝူထုံလော့မှာ ချွေးပြန်လာလေသည်။

လင်ဝိဖုန်းသည် ... ယခင်ကနှင့်မတူ များစွာ ခြားနားနေပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်မိလေတော့သည်။

❖❖❖❖❖



လျှူယုဖန်မှာ သုံးယောက်တစ်ယောက် ယှဉ်ပြိုင်နေရသည်။

သူမ၏ဓားပညာမှာ ကောင်းမွန်လှပေသည်။

ထိုနည်းအတူ ... ကိုယ်ရံတော်သုံးယောက်၏ သိုင်းပညာမှာလည်း အဆင့်မြင့်လှပေသည်။

အချိန်ကြာလာသည်နှင့်အမျှ လျှူယုဖန်မှာ အခက်တွေ့လာလေသည်။

နောက်ဆုံး တိုက်ခိုက်သည့် အနေအထားမှ ခုခံနေရသည့် အနေအထားသို့ ရောက်ရှိသွားလေတော့သည်။

ထိုစဉ်မှာပင် ...

'အား ...'

အော်သံနှင့်အတူ ကိုယ်ရံတော် တစ်ယောက် လဲကျသွားလေတော့သည်။

လျှူယုဖန် ကြည့်လိုက်ရာ စာပေသမားလူငယ်က လက်နှက်ဖြင့် သူ့ဘက်မှကူညီတိုက်ခိုက်ပေးခြင်းဖြစ်ကြောင်း သိရှိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှူယုဖန်က ပြုံးပြလိုက်ပြီး ... ချန်နှစ်ယောက်ကို ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်တစ်ယောက်ဆိုသော်လည်း ... မူစရာ မလိုတော့ပါ။ အသာစီးမှ ပြန်လည်တိုက်ခိုက်နိုင်လာလေသည်။

ဓာပေသမား လူငယ်ကလည်း ဝင်မစွက်တော့ဘဲ ပြန်လည်ထိုင်ချလိုက်လေသည်။

လင်ဝိဖုန်းတို့၏ တိုက်ပွဲမှာမူ ...

လင်ဝိဖုန်းက အသာစီးမှ တိုက်ခိုက်နေသည်။

မကြာမီမှာပင် ဝူထုံလော့၏ လက်ထဲမှ ဓားမှာ လွင့်ထွက်သွားလေသည်။

လင်ဝိဖုန်း၏ ဓားချက်က ဝူထုံလော့၏ မျက်နှာပေါ်သို့ ဇွေ့ယမ်းသွားသည်။

ဝူထုံလော့က ... ကြောက်လန့်တကြား ရှောင်တိမ်းလိုက်၏။

သို့သော် ... ညာဘက်နားရွက်မှာ ပွန်းခနဲ ဖြစ်သွားသဖြင့် ယောင်ယမ်း၍ စမ်းကြည့်မိလိုက်သည်။

စေးထန်းသော သွေးများကို ထိတွေ့လိုက်ရလေသည်။

ဝူထုံလော့၏ မျက်နှာမှာ ဖြူရော်သွားလေသည်။

လင်ဝိဖုန်းက ဓားကိုပြန်လည်ရုပ်သိမ်းလိုက်ပြီး ...

'ဓားချက်တစ်ချက်အတွက် ခင်ဗျားရဲ့ နားရွက်တစ်ဘက် ဖြတ်ပြီးပြီ၊ နောက်တစ်ချက် အကြွေးကျန်သေးတယ်၊ ကဲ ... ဒီတော့ ခင်ဗျားကို ဒီလောက်ပဲ ပြန်ဆပ်ချင်တယ်၊ ဆက်တိုက်နေရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့ ... ကျုပ်စိတ်မပြောင်းခင် အခုချက်ချင်း ခင်ဗျားထွက်သွားပါ ...'



ဟု ပြောလိုက်လေသည်။

ဝူထုံလော့မှာ ဘာမျှ ပြန်မပြောပါ။

လင်ဝိဖုန်းအား တစ်ချက်ကြည့်လိုက်ပြီး ... ချာခနဲ လှည့်ကာ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

လင်ဝိဖုန်းက လျှူယုဖန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

လျှူယုဖန်ကလည်း ပွဲသိမ်းနိုင်လိုက်ပြီဖြစ်သည်။

တစ်ဦးသေဆုံးသွားပြီး တစ်ဦးမှာ ဒဏ်ရာဖြင့် လဲကျသွား၏။

လျှူယုဖန်က ဒဏ်ရာနှင့်လူအား ထပ်မံ ထိုးသတ်မည်အပြုတွင် လင်ဝိဖုန်းက ဟန့်တားလိုက်ပြီး ...

'ခဏနေဦး ... ငါမေးကြည့်ဦးမယ်'

လင်ဝိဖုန်းက ကိုယ်ရံတော်အား စစ်မေးလိုက်သည်။

ကိုယ်ရံတော်က ရေငုံနှုတ်ပိတ်နေသည်။

လင်ဝိဖုန်းက ... ကိုယ်ရံတော်ကို ရှာဖွေကြည့်လိုက်သောအခါ စာတစ်စောင်ကို တွေ့ရှိလိုက်ရလေသည်။

လင်ဝိဖုန်းက ဖတ်ကြည့်လိုက်ပြီးနောက် ... အင်္ကျီအတွင်းသို့ ထည့်လိုက်လေသည်။

ကိုယ်ရံတော်အား ထပ်မံစစ်ဆေးသော်လည်း နှုတ်ပိတ်၍သာ နေသဖြင့် ဒေါသထွက်သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်ရာ —

'ဝုန်း ...'

ကိုယ်ရံတော်မှာ သေဆုံးသွားလေသည်။

ထို့နောက် ... ကျင်းလိုင်ထံသို့ လျှောက်သွားပြီး —

'မင်းကရော ဘာလဲ ... ငါမေးတာတွေကို မှန်မှန်ဖြေပါ'

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ... စာပေသမားက ထလာကာ ...

'သူ့ကို ဒုက္ခမပေးပါနဲ့ ... လွှတ်လိုက်ပါ'

ဟု ဟန့်တားလိုက်၏။

လျှို့ယှဖန်က စာပေသမားသည် သူ့အား ကူညီခဲ့သူဖြစ်ကြောင်း လင်ဝိဖုန်းအား တီးတိုးရှင်းပြလိုက်သည်။

လင်ဝိဖုန်းက စာပေသမား လူငယ်ဘက်သို့ လှည့်ကာ ...

'ခင်ဗျားမျက်နှာနဲ့ ... အလျှော့ပေးလိုက်ပါ့မယ်'

ဟု ပြောလိုက်လေ၏။

စာပေသမား လူငယ်က ...

'ခင်ဗျားဟာ ကျွန်တော်ထင်တာ မလွဲရင်တော့ ... ထင်းစန်းစားသမားတစ်ယောက် ဖြစ်ရမယ်'

ဟု ပြောလိုက်၏။

လင်ဝိဖုန်းက အံ့အားသင့်သွားပြီး ...

'ဘာလို့ ဒီလိုထင်ရတာလဲ'

စာပေသမား လူငယ်က ...

'ကျွန်တော့ ဆရာက ထင်းစန်းတောင်က လို့မင်ဆရာတော်ရဲ့ စားပညာကို ပြောပြခဲ့ဖူးတယ်၊ အခု ခင်ဗျားသုံးတဲ့ စားပညာဟာ ဒီပညာပဲ ဖြစ်မယ်လို့ ခန့်မှန်းမိလို့ပါ'

လင်ဝိဖုန်းက သက်ပြင်းချရင်း စာပေသမား လူငယ်အား ကြည့်လိုက်၏။

လူငယ်မှာ နှစ်ဆယ်ကျော်ဝန်းကျင်သာ ရှိသေး၏။

သို့သော် ...

သိုင်းလောကနှင့်ပတ်သက်၍ ... ဗဟုသုတပြည့်စုံ၏။



ထက်မြက်သော လူငယ်တစ်ဦးဟု မှတ်ချက်ချလိုက်ပြီး ...

'ခင်ဗျားမဆိုးဘူး၊ ဒါထက် ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်၏။

စာပေသမားလူငယ်က ပြန်ဖြေမည်အပြု ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရလေသည်။

မြင်းခွာသံအရ မြင်းအကောင်အနည်းဆုံး သုံးဆယ်ခန့်ရှိမည်ဟု ခန့်မှန်း၍ ရ၏။

ထို့အပြင် မြင်းခွာသံများသည် ညီညာလှ၏။

စနစ်ကျလှသော မြင်းတပ်ဖွဲ့တစ်ခုဟု ... ရိပ်စားမိလိုက်လေသည်။

စာပေသမား လူငယ်က ...

'ကျွန်တော်တို့အကြောင်း နောက်မှ ပြောကြတာပေါ့'

လင်ဝိဖုန်းက ခေါင်းညိတ်လိုက်၏။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ အလံများတလူလူနှင့် မြင်းတပ်ဖွဲ့က သူတို့ထံသို့ ရောက်လာကြလေတော့သည်။

စုစုပေါင်း မြင်း သုံးဆယ့်ရှစ်ကောင်တိတိ ဖြစ်၏။

မြင်းပေါ်တွင် မန်ချူးစစ်ဝတ်စုံနှင့် လူသုံးဆယ့်ရှစ်ယောက်တိတိပါလာ၏။ ကျင်းလိုင်မှာ ထိုမြင်းတပ်ဖွဲ့ ရောက်လာသည်ကို တွေ့သောအခါ ထရပ်လိုက်ပြီး ... မြင်းတပ်ဖွဲ့၏ ခေါင်းဆောင်အား နှုတ်ဆက်လိုက်၏။

မြင်းတပ်ဖွဲ့ခေါင်းဆောင်ကမူ ... ဝတ်ကျေဝတ်ကုန်သာ ပြန်နှုတ်ဆက်ပြီး လူအုပ်ထဲသို့ ဝေ့ကြည့်လိုက်၏။

လင်ဝိဖုန်းနှင့်အတူ ရပ်နေသော ... စာပေသမားလူငယ်ကို တွေ့သောအခါ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားပြီး မြင်းပေါ်မှဆင်းလိုက်၏။

စာပေသမားလူငယ်ထံသို့ လျှောက်လာကာ ... အရိုအသေ တစ်ချက်ပြုလိုက်ပြီး ...

'ကျွန်တော်တို့ နည်းနည်းနောက်ကျသွားတာ ... ခွင့်လွှတ်ပါ သခင်လေး'



စာပေသမား လူငယ်က ...

'ကိစ္စမရှိပါဘူး'

မြင်းတပ်ဖွဲ့ ခေါင်းဆောင်က ...

'သခင်လေး ခရီးဆက်နိုင်မယ်ဆိုရင်တော့ ... ကျွန်တော်တို့ အခုပဲ သွားကြတာပေါ့'

ဟုပြောရင်း လက်ဝှေ့ယမ်းလိုက်ရာ ... ငယ်သားတစ်ဦးက မြင်းဖြူတစ်ကောင်ကို ဆွဲယူလာလေသည်။

စာပေသမား လူငယ်က ...

'ကျုပ်တစ်ယောက်တည်းမဟုတ်ဘူးဗျ။ ဒီမှာ ကျုပ်မိတ်ဆွေ နှစ်ယောက်လဲ ရှိသေးတယ်'

ဟု လင်ဝိဖုန်းတို့ဘက်သို့ ပြလိုက်၏။

မြင်းတပ်ဖွဲ့ခေါင်းဆောင်က ... လင်ဝိဖုန်းတို့အတွက်ပါ မြင်း စီစဉ်ပေးလိုက်၏။

ထို့နောက် ...

ကျင်းလိုင်ကိုခေါ်ပြီး ခွန်မိန်မြို့ဘက်သို့ ဦးတည်ထွက်လာခဲ့ကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

လင်ဝီဖုန်းနှင့် လျူယုဖန်မှာ မြင်းတပ်ဖွဲ့နှင့်အတူ လိုက်ပါရန် ရည်ရွယ်ချက် မရှိပါ။

သို့သော် ဓားပေသမားလူငယ်သည် အသက်ငယ်သော်လည်း အခြားသူများက ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရသည်ကို ကြည့်ရင်း ထိုလူငယ် မည်သူမည်ဝါဖြစ်သည်ကို သိချင်လာ၏။

ထို့ပြင် ... ခွန်မိန်သို့သွားမည်ဖြစ်ရာ လမ်းကြောင်းသင့်သည့် အတွက်လည်း လိုက်ပါခဲ့ခြင်း ဖြစ်၏။

ကျင်းလိုင်မှာမူ တမန်တော်တစ်ဦး ဖြစ်၏။

သူ့အား လာရောက်ကြိုဆိုမည့် ... မြင်းတပ်ဖွဲ့ကို စောင့်ဆိုင်း နေခြင်း ဖြစ်၏။ မြင်းတပ်ဖွဲ့ ရောက်လာသောအခါ သူ့အား အရေး တယူ မပြုကြဘဲ လူငယ်ကိုသာ အရေးတယူပြုလုပ် ကြိုဆိုကြသဖြင့် စိတ်မကောင်း ဖြစ်သွားရ၏။ စိတ်ထဲ၌ မကျေနပ်မှုလည်း ဝင်လာမိ တော့သည်။

❖❖❖❖❖



နောက်တစ်နေ့ နံနက် ...

နောက်တစ်နေ့ နံနက်စောစောတွင် သူတို့အားလုံး ခွန်မိန်မြို့ သို့ ရောက်ရှိလာကြလေသည်။

ခွန်မိန်မြို့ရှိ အကောင်းဆုံး အဆောင်သို့ ခေါ်သွားကာ နေရာ ချပေးလိုက်၏။ ထို့နောက် ... လိုလေသေးမရှိ ပြုစုကြလေ၏။

မြင်းတပ်ဖွဲ့ခေါင်းဆောင်က ...

'သခင်လေးတို့ ... ဒီမှာ စိတ်တိုင်းကျ နေနိုင်ပါတယ်၊ ညကျမှ ဧည့်ခံပွဲတက်ဖို့ အခေါ်လွှတ်လိုက်ပါ့မယ်'

ဟု ပြောကာ ပြန်ထွက်သွား၏။

သူတို့အား ပြုစုရန်အတွက် လူများစွာ ထားပေးခဲ့လေတော့ သည်။

လင်ဝီဖုန်းနှင့် လျူယုဖန်တို့မှာ ... ထိုလူငယ် မည်သူမည်ဝါ ဖြစ်သည်ကို သိချင်လှ၏။

သို့သော် ... လူငယ်က အခန်းတွင်းသို့ စောစောကဝင်ကာ အနားယူလိုက်သဖြင့် သူတို့လည်း အနားယူလိုက်ရတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းမှာ ခရီးပမ်းလာသဖြင့် အိပ်ပျော်သွား၏။ သူနိုးလာသောအခါမှောင်စပျိုးနေပြီဖြစ်သည်။ ထို့ကြောင့် သူက ဧည့်ခန်းဘက်သို့ ထွက်လာခဲ့လေ၏။ ဧည့်ခန်းသို့ ... ရောက်သောအခါ လျူယုဖန်၊ ကျင်းလိုင်နှင့် စာပေသမားလူငယ်တို့ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။ လျူယုဖန်က ပြုံးပြလိုက်ပြီး ...

'နိုးလာပြီလား'

လင်ဝိဖုန်းက ခေါင်းညိတ်လိုက်၏။စာပေသမားလူငယ်က ...

'တို့ ... ဒီနေ့ည ဧည့်ခံပွဲတက်ရမယ်၊ ခင်ဗျားတို့လဲ လိုက်ခဲ့ပါ'

ဟု ဖိတ်ခေါ်လိုက်၏။

ထိုစဉ်မှာပင် လူတစ်ယောက်က ဝင်ရောက်လာပြီး ...

'သခင်လေးတို့ကို ... ကြိုဆိုနိုင်းလို့ပါ၊ အပြင်မှာ မြင်းလှည်းအသင့်ရောက်နေပါပြီ'

ဟု ပြောလိုက်သည်။

ထိုအခါ ... စာပေသမား လူငယ်၊ ကျင်းလိုင်နှင့် လင်ဝိဖုန်းတို့လည်း အကြိုတော်နောက် လိုက်သွားကြတော့သည်။

❖❖❖❖❖



ဧည့်ခန်းဆောင်မှာ ပေသုံးဆယ်ခန့်ကျယ်ပြီး ... ပေနှစ်ရာခန့်ရှည်လျား၏။ အလယ်တွင် စားပွဲတစ်လုံး ခင်းထား၏။

စားပွဲပေါ်၌ ... စားသောက်ဖွယ်ရာများနှင့် အရက်အိုးများအသင့်ပြင်ထားလေသည်။

ဧည့်ခန်းဆောင်၏ ဝဲယာတစ်ဘက်တစ်ချက်တွင် ... ကိုယ်ရံတော်လေးဆယ်ခန့် ရှိနေ၏။

စာပေသမား လူငယ်တို့ ဝင်လာသောအခါ ... အပြာရောင်တောက်ပြောင်သော ပိုးဖဲဝတ်ဆင်ထားသူ လူတစ်ဦးက ကြိုဆိုလိုက်သည်။

'သခင်လေး ... ကြွပါခင်ဗျာ'

စာပေသမားလူငယ်က ဧည့်ခန်းအတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

'မင်းတို့ သခင်ကြီး ဘယ်မှာလဲ၊ ဘာလို့ သူက အလျှင်စောရောက်ရတာလဲ'

ဟု အေးတိအေးစက် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြာရောင်နှင့် လူက ...

'သခင်ကြီး လာပါလိမ့်မယ်၊ ကျွန်တော်ပေါက်ကျူကု သခင်လေးတို့ကို ဧည့်ဝတ်ပြုပါ့မယ်'

ဟု သူ့ကိုယ်သူ မိတ်ဆက်ရင်း ပြောလိုက်၏။

စာပေသမားလူငယ်က ဘာမျှ ပြန်မပြောတော့ဘဲ စားပွဲတွင် ဝင်ထိုင်လိုက်၏။ လင်ဝိဖုန်းတို့နှင့် ကျင်းလိုင်တို့ကလည်း ဝင်ထိုင်လိုက်သည်။

ပေါက်ကျူကု အရက်အိုးကို မလိုက်၏။

ထို့နောက် တစ်ခွက်ချင်း ငှဲ့ကာ လူရှေ့သို့ ပစ်ပေးလိုက်၏။

အရက်ခွက်မှာ ဖိတ်စင်ခြင်းမရှိဘဲ လူတစ်ဦးစီ၏ ရှေ့သို့ကျ ရောက်လာလေသည်။

ပေါက်ကျူကု ...

'ပျော်ပျော်ပါးပါး ... သောက်ကြပါ ခင်ဗျာ'

ဟု ပြောလိုက်၏။

အားလုံးက ပေါက်ကျူ ပညာပြခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။ ပေါက်ကျူကု လက်ခုပ်တစ်ချက် တီးလိုက်၏။

စားပွဲနှင့် မလှမ်းမကမ်း ကွက်လပ်သို့ လူနှစ်ဦးထွက်လာပြီး ဓားရေး ခင်းပြလိုက်လေသည်။

ထို ကိုယ်ရံတော်နှစ်ဦး၏ ဓားပညာမှာ ... အလွန်ပင်ကြည့်ကောင်းလှပေသည်။

လျှူယုဖန်က ...

'သိပ်လှတဲ့ ဓားကွက်ပါပဲ'

ဟု ထုတ်ဖော် ချီးကျူးလိုက်၏။



ပေါက်ကျူကု ခေါင်းညိတ်လိုက်ပြီး စာပေသမား လူငယ်ကို ကြည့်ကာ ...

'သခင်လေးကော ... ဒီလိုလှပတဲ့ ဓားကွက်မျိုး ပြသပါလား'

ဟု ပြောလိုက်၏။

စာပေသမားလူငယ်က ပြုံးကာ ...

'ဓားပညာမှာ လှပဖို့က ... အရေးမကြီးပါဘူး'

ဟု ပြောလိုက်၏။

လင်ဝိဖုန်းက ...

'မှန်ပါတယ်၊ အမြင်လှအောင် ကစားတတ်တာထက် ရန်သူကို အနိုင်ယူဖို့က ပိုအရေးကြီးပါတယ်'

ဟု ဝင်ထောက်လိုက်၏။

သူတို့နှစ်ဦး၏ စကားကြောင့် ပေါက်ကျူကု ဒေါသထွက်သွား၏။ ချက်ချင်းပင် စိတ်ကို ချုပ်တီးလိုက်ပြီး ...

'ဒါဆို ... သခင်လေးရဲ့ ဓားပညာ နည်းနည်းလောက် ပြသပါလား'

ဟု ထပ်ပြောလိုက်လေသည်။

စာပေသမား လူငယ်က မလှုပ်ဘဲ ပြုံးမြဲပြုံးနေသည်။

လင်ဝိဖုန်းက ပေါက်ကျူတို့အား ပညာပြန်ပြရမှ ရမည်ဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူက ...

'သခင်လေး ဓားပညာမပြခင် ... ကျွန်တော့ ဓားပညာကိုပဲ အလျှင်ပြပါ့မယ်'

ဟုပြောရင်း ထိုင်ရာမှထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခါးမှ ဓားကိုဆွဲထုတ်ပြီး ...

'ဒီဓားကို ခင်ဗျားတို့ မြင်ဖူးကြားဖူးပါလိမ့်မယ်၊ ဒီဓားရဲ့ မူလပိုင်ရှင်ဟာ ချူကြောင်းနန် ပါ။ သူ့အသက်နဲ့ ဒီဓားကိုလဲပြီး ကျွန်တော့်ကို ပေးခဲ့ရပါတယ်'

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

သူ၏စကားကြားသောအခါ ကိုယ်ရံတော်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လင်ဝိဖုန်းက ဂရုမစိုက်ပါ။

စားပွဲပေါ်မှ သစ်သီးတစ်လုံးကို ယူကာ အပေါ်သို့ မြှောက်ပြီး ဓားဖြင့် ဝှေ့ယမ်းလိုက်၏။

သစ်သီးမှာ အခွံနွှင်ပြီး ဖြစ်သွား၏။

ပြန်ကျလာသော သစ်သီးအား ဖမ်းယူ၍ တစ်ကိုက် ကိုက်လိုက်ပြီး ...

'ဓားပညာဆိုတာ ... အနည်းဆုံး ဒီလိုသစ်သီးနွှင်နိုင်ရမယ်'

ဟု ပျက်ချော်ချော် ပြောလိုက်၏။

သူ၏စကားကြောင့် ပေါက်ကျူ၏ မျက်နှာမှာ မည်းခနဲဖြစ်သွားလေသည်။

လင်ဝိဖုန်းက ဓားကို ပြန်သိမ်းလိုက်ပြီး ...

'ကျွန်တော်က .... ဓားကို လှပအောင် မကစားတတ်ပါဘူးဒါပေမယ့် ... ဓားကိုလှအောင် ကစားတတ်တဲ့လူတွေကိုတော့ အနိုင်ယူနိုင်ပါတယ်'

ဟု ဆက်ပြီး ရိလိုက်၏။

ပေါက်ကျူ၏ မျက်နှာမှာ ပို၍မည်းမှောင်သွား၏။



လင်ဝိဖုန်းက ...

'စောစောက လူနှစ်ယောက်နဲ့ ကျွန်တော်ကစားပြပါ့မယ်၊ ကျွန်တော့်ကို အားမနာတမ်း တိုက်ခိုက်နိုင်ပါတယ်'

ဟုလည်း စိန်ခေါ်လိုက်လေသည်။

ပေါက်ကျူက မဲ့လိုက်ပြီး ... သူ၏ လူနှစ်ယောက်ကို အချက်ပေးလိုက်၏။ ကိုယ်ရံတော်နှစ်ယောက်က ပြိုင်တူခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

သူတို့၏ ဓားချက်များမှာ ... လင်ဝိဖုန်း၏ ခန္ဓာကိုယ်အား လွှမ်းခြုံသွား၏။

သို့သော် မကြာမီ ...

'ဝုန်း ... ဝုန်း'

ကိုယ်ရံတော်နှစ်ဦးမှာ နောက်သို့ လွင့်ထွက်သွား၏။

ဓားနှစ်လက်စလုံးလည်း အပေါ်သို့ မြောက်တက်သွား၏။

မြေပေါ်သို့ ပြန်ကျခါနီးတွင် ... လင်ဝိဖုန်းက ဓားဆွဲထုတ်ကာ ခုတ်ချလိုက်၏။

'ချွမ်း ... ချွမ်း'

ဓားများမှာ နှစ်ပိုင်းပြတ်သွားလေသည်။

လင်ဝိဖုန်း၏အပြုအမူကြောင့် ကိုယ်ရံတော်များမှာ ဒေါသထွက်သွားကြလေသည်။

သူက ကိုယ်ရံတော်နှစ်ဦးအား အနိုင်ယူနိုင်သည်ကိုထားပါ။ သို့သော် ... လက်နက်များကိုမူ မဖျက်ဆီးသင့်ပေ။

ယခုကဲ့သို့ ဖျက်ဆီးခြင်းသည် သူတို့အား စော်ကားသလိုဝင်ဟောတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တစ်ဦးက ဒေါသသံဖြင့် ...

'ရိုင်းလှချည်လား၊ မင်း ဒီလိုစော်ကားဖို့မသင့်ဘူး'

ဟု ပြောလိုက်၏။

ကိုယ်ရံတော်အချို့တလည်း ... တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောဆိုလိုက်လေသည်။

ပေါက်ကျူမှာလည်း ... ဒေါသကို မထိန်းနိုင်တော့ပါ။

ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

'ချွမ်း'

အခြေအနေမှာ ... အလွန်တင်းမာသွားသော အနေအထားသို့ ရောက်ရှိလာ၏။

ထိုစဉ်မှာပင် ကိုယ်ရံတော်တစ်ဦးဝင်လာပြီး ...

'နယ်စားကြီး ... ကြွလာပြီ'

ဟု အော်ဟစ်လိုက်လေသည်။

ပေါက်ကျူက စိတ်ကိုချုပ်တည်းကာ ဓားကိုပြန်သိမ်းလိုက်တော့သည်။

❖❖❖❖❖



[illegible]

အဆောင်တစ်ခုလုံး ငြိမ်ကျသွား၏။

မကြာမီပင် ... အသက်ခြောက်ဆယ်ခန့်လူတစ်ဦး ဝင်ရောက်လာသည်။

ထိုလူ၏ခေါင်းတွင် ... ဆံဖြင်ကွက်တိကွက်ကျား ဖြစ်နေပြီဖြစ်၏။ သာမန်ဝတ်စုံတစ်စုံကိုသာ ဝတ်ဆင်ထား၏။

ထိုလူ၏မျက်နှာမှာ တည်ကြည်သော်လည်း မျက်လုံးအစုံကမူ ... သိန်းငှက်မျက်လုံးကဲ့သို့ စူးရဲလှ၏။

ထိုလူဝင်လာသည်နှင့် တစ်ပြိုင်နက် အားလုံးက ထရပ်၍ အရိုအသေပြုကာ ...

'နယ်စားကြီး ကျန်းမာပါစေ'

ဟု ဟစ်ကြွေးလိုက်ကြလေသည်။

စာပေသမားလူငယ်မှာမူ ထိုင်နေဆဲပင်။

နယ်စားကြီး ဝင်လာသည်ကိုသာ ကြည့်နေ၏။

နယ်စားကြီးက စာပေသမားလူငယ်ကိုတွေ့သောအခါ ပြုံးရွှင်သောမျက်နှာထားဖြင့် နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သခင်လေး ... ကျူပ်နောက်ကျသွားတယ်'

စာပေးသမားလူငယ်က ဘာမျှပြန်မပြောပါ။

အပြုံးဖြင့်သာ ပြန်လည်နှုတ်ဆက်လိုက်၏။

နယ်စားကြီးက စားပွဲထိပ်တွင် ဝင်ထိုင်လိုက်၏။

လျှူယုဖန်က ...

'အဲဒါ ... နယ်စားကြီး ဝူစန်းကွေ့ဆိုတာပဲ'

ဟု လေသံဖြင့် ပြောပြလိုက်၏။

လင်ဝိဖုန်းက ယခုမှပင် သတိထားမိလိုက်တော့သည်။

နယ်စားကြီး ဝူစန်းကွေ့က အရက်ခွက်ကို ကောက်ကိုင်လိုက်ပြီးနောက် ...

'ဒီနေ့ ... တွေ့ဆုံဆွေးနွေးပွဲအတွက် ....'

ဟု ပြောရင်း မော့ချလိုက်၏။

ပြီးမှ ...

စာပေးသမားလူငယ်ဘက်သို့လှည့်ကာ ...

'သခင်လေးတစ်ယောက်ထဲလို့ကြားတာ၊ အခုတော့ မိတ်ဆွေတွေ ပါလာတာကိုး'

ဟု ပြောလိုက်၏။

စာပေးသမားလူငယ်က ခေါင်းညိတ်လိုက်ပြီး ...

'သူက အနောက်မြောက်ဘက်က သူရဲကောင်း လင်ဝိဖုန်းပါ'

ဟု မိတ်ဆက်ပေးလိုက်လေသည်။

ပေါက်ကျူမှာ လင်ဝိဖုန်းအား မယုံနိုင်သလို ငေးကြည့်နေလိုက်၏။ စောစောက သူ မတိုက်ခိုက်ခဲ့သည်မှာ ... ကံကောင်းပေစွဟုလည်း တွေးမိလိုက်လေသည်။



နယ်စားကြီး ဝူစန်းကွေ့က ...

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါထက် မိတ်ဆွေတို့ကကော ဘာဖြစ်လို့ ဒီခွန်မိန်ကို ရောက်လာကြတာလဲ၊ ကိစ္စတစ်ခုခု ရှိမယ်ထင်တယ်'

ဟု မေးမြန်းလိုက်၏။

လင်ဝိဖုန်းက ... အင်္ကျီအတွင်းမှ စာတစ်စောင်ကို ဆွဲထုတ်လိုက်တော့သည်။

ထို့နောက် ... ပေါက်ကျူမှတစ်ဆင့် နယ်စားကြီးဝူစန်းကွေ့သို့ ပေးလိုက်သည်။ ထိုစာမှာ ဝူထုံလော့နှင့် ပါလာသော ကိုယ်ရံတော်တစ်ဦးထံမှ ရလာသောစာပင် ဖြစ်ပါသည်။

ဝူစန်းကွေ့က စာကို ဖွင့်ဖတ်လိုက်သည်။

စာကိုဖတ်ရင်း မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေ၏။

ထိုစာမှာ ... နယ်စားကြီး ဝူစန်းကွေ့ လက်အောက်က လူများထံ ဆက်သွယ်သောစာ ဖြစ်၏။

နယ်စားကြီးအား သုတ်သင်ရန် အကွက်ချထားသော စာပင် ဖြစ်ပါသည်။ နယ်စားကြီး ဝူစန်းကွေ့က သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ...

'အင်း ... ကျေးဇူးတင်ပါတယ်ဗျာ'

လင်ဝိဖုန်းက ...

'ကိစ္စ မရှိပါဘူး'

နယ်စားကြီး ဝူစန်းကွေ့က စားပွဲပေါ်ရှိ ငွေမောင်းလေးကို တီးခတ်လိုက်၏။ ပေါက်ကျူမှလွဲ၍ ... ကျန်ကိုယ်ရံတော်အားလုံး အဆောင်ထဲမှ ထွက်ခွာသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျူကြ တံခါးကိုပြန်ပိတ်လိုက်ပြီး ထိုင်နေရာ၌ပင် ရပ်နေလိုက်လေသည်။ ဂူစန်းကွေ့က ...

'ကဲ ... ကျုပ်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင်'

ကျင်းလိုင်က ...

'ဟုတ်ကဲ့ ... နယ်စားကြီးဆန္ဒအတိုင်းပါပဲ'

ဂူစန်းကွေ့က ကျင်းလိုင်အား မကြည့်ပါ။

စာပေသမားလူငယ်ကိုသာ ကြည့်လိုက်ပြီး ...

'ဒီနေ့အဖို့ ငါတို့ရဲ့အရင်က အာဃာတတွေကိုမေ့ပြီး မိတ်ဆွေတစ်ယောက်လို ဆွေးနွေးကြရအောင်'

အတိတ်မှ အငြိုးအတေး ဖြစ်ရပ်များကို လစ်လျူပြုထားခြင်းမရှိပါက အနာဂါတ်အတွက် ဆွေးနွေးမှုများသည် ဘာမျှအဓိပ္ပါယ်တော့မည် မဟုတ်ပေ။

ထို့အတူ ... ဆွေးနွေးပွဲ၏ ရလဒ်သည်လည်း ကောင်းသောအလားအလာရှိနိုင်မည် မဟုတ်ပါချေ။

စာပေသမားလူငယ်က ...

'အတိတ်ကိုသာ မမေ့နိုင်ဘူးဆိုရင် ကျုပ်ဒီကို ရောက်လာမှာမဟုတ်ဘူး'

နယ်စားကြီး ဂူစန်းကွေ့က ...

'ကောင်းပါတယ်၊ ဒါထက် ... သခင်လေးရဲ့ ဖခင် လီကျင့်တစ်ယောက်ကော နေကောင်းရဲ့လား'

ကျင်းလိုင်မှာ ထိုစကားကြားရသောအခါ နယ်စားကြီး ဂူစန်းကွေ့က သူ့ထက် ထိုလူငယ်အား အရေးပေးဆက်ဆံသည့် သဘောကို နားလည်လိုက်သည်။



လီကျင့်ဆိုသူသည် ... အနောက်မြောက်ဒေသ၌ အင်အားတောင့်တင်းသော မန်ချူးတော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်လေသည်။

ထို့အတူ ... နယ်စားကြီး ဂူစန်းကွေ့နှင့်လည်း ကြီးစွာသောရန်ငြိုး ရှိခဲ့လေသည်။

လီကျင့်၏ဖခင် လီကျူးချင်မှာ ... မန်ချူးများ တရုတ်ပြည်ကိုကျူးကျော်လာသောအခါ ရှုပ်ရှုပ်ရှက်ရှက် ခုခံခဲ့သူ ဖြစ်သည်။

ဂူစန်းကွေ့နှင့် လီကျူးချင်တို့ ... ထိပ်တိုက်တွေ့ဆုံသောအခါ လီကျူးချင် ကျဆုံးခဲ့သည်။

လီကျူးချင် မရှိတော့သည်နောက် လီကျင့်က ခေါင်းဆောင်ဖြစ်လာသည်။

တိုက်ပွဲများဆင်နွှဲရင်း ... မန်ချူးများက အင်အားပို၍ ခိုင်မာတောင့်တင်းလာသည်။

ထို့ကြောင့် ပြောက်ကျားစနစ်ကိုသာ အသုံးပြုတိုက်ခိုက် နေရတော့သည်။

လီကျင့်မှာ နယ်စားကြီး ဂူစန်းကွေ့အား အမြဲတစေ ရှုမုန်း၏။

ထို့ကြောင့် တတ်နိုင်သမျှ နည်းမျိုးစုံဖြင့် နှောင့်ယှက်ခဲ့၏။

ထို့အတူ ဂူစန်းကွေ့ကလည်း လီကျင့်တို့အား ဖြိုခွင်းနိုင်ရန်အမြဲကြိုးစားခဲ့လေသည်။

ယခု စာပေသမားလူငယ်လေးမှာ လီကျင့်၏သား လီထက်ရှင်းပင် ဖြစ်၏။

အဘယ်ကြောင့် လီထက်ရှင်းသည် နယ်စားကြီး ဂူစန်းကွေ့အား လာရောက် တွေ့ဆုံရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးများ အာဃာတများကို ချေဖျက်နိုင်ပြီလော ...

ကျင်းလိုင်မှာ ငေးပြီး တွေးမိ၏။

အမှန်မှာ လီကျင့်သည် ခေါင်းဆောင်ကောင်း တစ်ဦး ဖြစ်၏။

ခေါင်းဆောင်ကောင်းဆိုသည်မှာ အများအကျိုးနှင့် ယှဉ်လာပါက ကိုယ်ရေးကိစ္စကို ဥပေက္ခာပြုထားကြသူများ ဖြစ်သည်။

ကိုယ်ကျိုးကို ငဲ့ကွက်ခြင်းမရှိ။

အများအတွက် အကျိုးရှိမည်ဆိုပါလျှင် ... ကိုယ်ကျိုးစွန့်ရန် ဝန်မလေးသူများ ဖြစ်ကြ၏။

သဘောထား ကွဲလွဲနေမှုများကို စိတ်ရှည်စွာ ညှိနှိုင်းဖြေရှင်းတတ်သူများဖြစ်သည်။

မညီညွတ်သည်ကို ညီညွတ်အောင် ...

ပြန့်ကျဲနေသည်ကို စုစည်းလာအောင် ...

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ... ကြိုးစားလုပ်ဆောင်သည့် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်သည်။

နယ်စားကြီး ဂူစန်းကွေ့ထံမှ ... သူတို့အားလုံး ပူးပေါင်း၍ မန်ချူးများကို ဆန့်ကျင်မည် ... ဟု ဖိတ်ခေါ်သည့် စာကို ရသောအခါ မိတ်ဆွေများကိုခေါ်ကာ တိုင်ပင်ခဲ့သည်။

တချို့က ပူးပေါင်းလိုစိတ် လုံးဝမရှိကြပါ။

လီကျင့်က ရှင်းပြသည်။

အမိမြေပေါ်မှ နယ်ချဲ့မန်ချူးများအား မောင်းထုတ်နိုင်ရေးသာအဓိက ဖြစ်သည်ဟူ၍။

ထိုအခါမှ ... ချွင်းချက်ထားကာ လက်ခံခဲ့ကြသည်။

ဂူစန်းကွေ့၏ လက်အောက်ငယ်သားအဖြစ် ပူးပေါင်းမည် မဟုတ်ဟူသော ချွင်းချက်ဖြစ်သည်။



လီကျင့်က ထိုအချက်ကို လက်ကိုင်ပြုကာ ... ဆွေးနွေးရန် လီထက်ရှင်းကို စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ကျင်းလိုင်မှာလည်း အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်ဖြစ်သည်။ ဂူစန်းကွေ့ ဖိတ်ခေါ်သဖြင့် လာခဲ့ခြင်း ဖြစ်သည်။

နယ်စားကြီး ဂူစန်းကွေ့က ...

'ဒီနေ့ဆွေးနွေးပွဲဟာ အလွန်လျှို့ဝှက်မှု ဖြစ်ပါမယ်'

အားလုံးက ... ငြိမ်သက်နေလိုက်၏။

နယ်စားကြီးက ဆက်ပြောလိုက်၏။

'ဆွေးနွေးရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ မန်ချူးတွေကို မောင်းထုတ်ဖို့ပါပဲ'

ကျင်းလိုင်က ...

'နယ်စားကြီး ပြောတာ လက်ခံပါတယ်'

နယ်စားကြီးက ...

မန်ချူးတွေကို ခုခံတော်လှန်တဲ့အခါမှာ တစ်ယောက်ကောင်းနဲ့ တော်လှန်နေလို့ မဖြစ်ပါဘူး၊ ကျုပ်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းတော်လှန်မှသာ အောင်မြင်နိုင်ပါမယ်'

စည်းလုံးညီညွတ်မှုသည် အကောင်းဆုံး အင်အားတစ်ရပ်ပင် ဖြစ်ပါသည်။

စည်းလုံးညီညွတ်မှု မရှိပါက ရန်အပေါင်းကို ရင်မဆိုင်နိုင်။

ရန်သူများ၏ ချေမှုန်းမှုကို မလွဲမသွေ ခံကြရမည်သာ ဖြစ်၏။

သို့ဖြစ်ရာ ... ရန်အပေါင်းကို ချေမှုန်းအောင်မြင်နိုင်ရန် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးသည် စုပေါင်းညီညွတ်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လီထက်ရှင်းက ...

'နယ်စားကြီး ပြောတာ ... သဘာဝကျပါတယ်'

နယ်စားကြီး ဝူစန်းကွေ့က ...

'ဒီအထိ ... ခင်ဗျားတို့ လက်ခံတဲ့အတွက် ... ကျုပ် အများကြီး ဝမ်းသာပါတယ်၊ အခု ခင်ဗျားတို့ကို ကျုပ် ဖိတ်ခေါ် ရခြင်းအကြောင်း ကတော့ ကျုပ်တို့တစ်တွေ ပူးပေါင်းပြီး မန်ချူးတွေကို ခုခံတော်လှန် ကြဖို့ပါပဲ'

ကျင်းလိုင်က ...

'ကောင်းပါတယ်၊ ဒါပေမယ့် ... ဘယ်လိုပူးပေါင်းကြမလဲ'

နယ်စားကြီး ဝူစန်းကွေ့က ...

'ကျုပ်ဟာ ဒီနယ်ရဲ့ နယ်စားကြီးတစ်ယောက်ပါ၊ ဒါကြောင့် တော်လှန်ရေးမှာ ကျုပ်က ဦးဆောင်ပြီး ... ခင်ဗျားတို့က ကျုပ်ရဲ့ ဦးဆောင်မှုအောက်မှာ ပါဝင်ကြဖို့ပဲ ... တိုက်တွန်းလိုပါတယ်၊ ဒါဟာ အမျိုးသားရေးပဲ မဟုတ်လား'

လီထက်ရှင်းက ရယ်မောလိုက်ပြီး ...

'ဒီလိုလဲ ... မဟုတ်သေးဘူးဗျ'

နယ်စားကြီး ဝူစန်းကွေ့က ...

'သခင်လေးကကော .... ဘာအကြံများ ပေးချင်လို့လဲ'

ဟု မေးလိုက်၏။

လီထက်ရှင်းက ...

'မန်ချူးတွေက တရုတ်ပြည်ကို စပြီး ကျူးကျော်လာတုန်းက ခင်ဗျားဟာ မန်ချူးတွေကို ကူညီပြီး ... တရုတ်လူမျိုးတွေကို နှိမ်နင်း ခဲ့တယ်၊ ဒါအတွက်ကြောင့်လဲ ... မန်ချူးတွေက ခင်ဗျားကို နယ်စား



ရာထူးပေးခဲ့တယ်၊ အခု ... ခင်ဗျားက မန်ချူးတွေကို တော်လှန်မယ်၊ ခင်ဗျားရဲ့ ဦးဆောင်မှုအောက်မှာ ပါဝင်ပါ ... ဆိုတာကို ပြည်သူတွေ က ယုံကြည်နိုင်ပါ့မလား'

ယုံကြည်ချက် ခိုင်မာမှုမရှိသူ ...

အခွင့်အရေး မျှော်ကိုးသူ ...

မိမိအကျိုးစီးပွားကို ရှေ့တန်းတင်သူ ...

ထိုကဲ့သို့သော လူစားမျိုးသည် ... ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာနိုင်မည် မဟုတ်ပေ။

ထိုသို့သောလူစားမျိုးက နယ်ချဲ့တော်လှန်ရေးအင်အားစုကို ခေါင်းဆောင်မည်ဟု ဆိုသောအခါ လူအားလုံးက ဆန့်ကျင်ကန့်ကွက် ကြမည်သာ ဖြစ်ပါသည်။

မည်သူမျှ လက်မခံနိုင်သော ခေါင်းဆောင်ပိုင်းယင် ဖြစ်ပေ တော့သည်။

ကိုယ်ကိုယ်တိုင်က တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်မှသာ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာနိုင် ပေမည်။

လီထက်ရှင်း၏ စကားကြောင့် နယ်စားကြီး ဝူစန်းကွေ့မှာ မျက်နှာပျက်သွား၏။

သို့သော် ... လီထက်ရှင်း၏ စကားများက မှန်နေသဖြင့် ပြန်လည် မချေပနိုင်ဘဲ ဖြစ်သွားရ၏။

ကျင်းလိုင်ကလည်း ...

'ဟုတ်တယ်၊ သခင်လေး ပြောတာလဲ ... သဘာဝကျတယ်၊ ကျုပ်တို့ ပူးပေါင်းပြီး မန်ချူးတွေကို တော်လှန်ဖို့ဆိုတာကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ကြပါပြီ၊ ဒါပေမယ့် ... ဦးဆောင်မယ့်ကဏ္ဍကိုတော့ တိတိကျကျ ဆွေးနွေးရလိမ့်မယ်'

ဟု ဝင်ပြောလိုက်၏။

နယ်စားကြီး ဂူစန်းကွေ့က ...

'ဒါဆို ... သခင်လေးတို့ သဘောကကော ဘယ်လိုရှိသလဲ'

ဟု မေးလိုက်၏။

လီထက်ရှင်းက ...

'ကျွန်တော်တို့အင်အားစုဟာ မန်ချူးတွေ ဝင်လာကတည်းက အခုချိန်ထိ တော်လှန်နေတဲ့သူတွေပါ၊ အခု ... ကျွန်တော်တို့ပေါင်းစည်းမှုမှာ ကျွန်တော်တို့ကသာ ဦးဆောင်ခွင့်ရရင် ကျွန်တော်တို့အောက်ကို ဝင်လာမယ့် ပြည်သူတွေ အင်အား မနည်းပါဘူး၊ တော်လှန်ရေးဟာလဲ ပြည်သူတွေရဲ့ ထောက်ခံမှုရမှ အောင်မြင်နိုင်မယ် မဟုတ်လား'

ဟု ပြောလိုက်၏။ ကျင်းလိုင်က ...

'သခင်လေးတို့ချည်း မဟုတ်ဘူး၊ ကျုပ်တို့လဲ ဦးဆောင်တဲ့ အခန်းကဏ္ဍမှာ ပါဝင်ရမယ်'

ဟု ဖြည့်စွက်ပြောလိုက်၏။

နယ်စားကြီး ဂူစန်းကွေ့က ...

'ဒီလိုလဲ မတွက်ကြပါနဲ့၊ ခင်ဗျားတို့ကိုသာ ... ဦးဆောင်မှုပေးရမယ်ဆိုရင် ကျုပ်စစ်တပ်က ကျေနပ်ကြမှာ မဟုတ်ဘူးဗျ'

လီထက်ရှင်းက ...

'ခင်ဗျားသာ ခေါင်းဆောင်လုပ်မယ်ဆိုရင်လဲ ကျွန်တော်တို့က ပူးပေါင်းနိုင်မှာ မဟုတ်ပါဘူး'



စိတ်သဘောထားချင်း ကွဲလွဲခြင်းဖြင့် ညီညွတ်မှုကို မဆောက်တည်နိုင်။

တူညီသော ဦးတည်ချက်ဖြင့် ရည်မှန်းချက် အောင်မြင်ရေးအတွက် ဦးစားပေးဆွေးနွေးကြလျှင် သဘောတူညီမှု မရနိုင်စရာ အကြောင်းမရှိပါ။

သဘောတူညီမှုရလျှင် စည်းလုံးညီညွတ်မှုအတွက် အထူးအားထုတ်ကြိုးပမ်းနေစရာ မလိုအပ်တော့ချေ။

အလိုအလျောက် စည်းလုံးညီညွတ်ပြီးပင်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ မိမိအကျိုး စီးပွားအတွက်သာ ရှေ့တန်းတင်ဆွေးနွေးမည်ဆိုပါက ... ညီညွတ်မှု မရသည့်အပြင် ဆွေးနွေးမှုပါ ပျက်ပြားဖွယ်ရှိတော့မည်။

ဆွေးနွေးပွဲမှာ တဖြည်းဖြည်း အခြေအတင် ဖြစ်လာ၏။

နယ်စားကြီးဂူစန်းကွေ့မှာ မကြာခင် ဆွေးနွေးပွဲပျက်တော့မည်ကို ကြိုတင်နားလည်လိုက်၏။ သူ့အနေနှင့် ... လီထက်ရှင်းတို့အင်အားစုနှင့် ကျင်းလိုင်တို့၏ အင်အားစုများကိုလည်း လက်လွှတ်မခံချင်ပါ။

ထို့ကြောင့် ... သူက အကြံဉာဏ်ထုတ်လိုက်၏။ အကြံရလာသောအခါ ...

'ကျုပ်တို့ ဒီလိုဆွေးနွေးနေလို့ ဖြစ်မှာမဟုတ်ဘူး၊ ဘယ်သူခေါင်းဆောင်မှုပေးမယ်ဆိုတဲ့ ကိစ္စကို ... မနက်ဖြန်ကျမှ ထပ်ပြီးဆွေးနွေးကြတာပေါ့၊ အခုလို ကျုပ်ဖိတ်ကြားတာကို လာတဲ့အတွက်ပဲ ... ကျေးဇူးတင်လှပါပြီ'

ဟုပြောရင်း ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

အားလုံးကို လက်နှစ်ဘက်ဆုပ် ဂါရဝပြုလိုက်ပြီး ပေါက်ကျူး ဘက်သို့လှည့်ကာ ...

'ပေါက်ကျူး ... သူတို့ကို လိုလေသေးမရှိ ဧည့်ခံလိုက်ပါ'

ဟု ပြောရင်း ထွက်သွားလေသည်။

တံခါးဝအရောက်၌ ပေါက်ကျူးအား မျက်ရိပ်တစ်ချက် ပြခဲ့ လေတော့သည်။

❖❖❖❖❖



ဆွေးနွေးပွဲ ပြီးဆုံးသွားကြပြီ ဖြစ်၏။

စားသောက်ပွဲကို စတင်လိုက်၏။ ပေါက်ကျူးက လိုလေသေး မရှိ ဧည့်ဝတ်ပြု၏။ ပထမတွင် မည်သူမျှ မစားဝံ့သေးဘဲ ဖြစ်နေ၏။ လင်ဝိဖုန်းက စတင်စားသောက်လိုက်မှသာ အားလုံးစားသောက် လိုက်ကြလေသည်။

စားသောက်ပွဲ ပြီးစီးသွားသောအခါ ညဥ့်အတော်ပင် နက်နေ ပြီ ဖြစ်၏။ ပေါက်ကျူးကမူ အရက်ကိုသာ တွင်တွင်ငှဲ့ထည့်ပေးနေ ဆဲဖြစ်၏။ လီထက်ရှင်းက နောက်ဆုံး အရက်တစ်ခွက်မော့လိုက် ပြီးနောက် ...

'ကဲ ... တို့တစ်တွေ ပြန်ကြရအောင်'

ဟု ပြောလိုက်လေသည်။

ပေါက်ကျူးက ...

'အဆောင်အပြင်ဘက်မှာ ... မြင်းလှည်း အသင့် ရှိပါတယ်။ ခင်ဗျားတို့ ... အချိန်မရွေး ပြန်နိုင်ပါတယ်'

ဟု ပြောလိုက်လေသည်။

လင်ဝိဖုန်းမှာ ... ပေါက်ကျူး၏စကားနှင့် အမူအရာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ အလိုလို သံသယဖြစ်သွား၏။ ထို့ကြောင့် ... ပေါက်ကျူးအား မသိမသာ အကဲခတ်နေလိုက်ပြီး သတိလည်း အသင့်ထားလိုက်၏။

ဿီထက်ရှင်းက စားပွဲမှထရပ်ကာ ...

'အခုလို ကျွေးမွေးတာ ... ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကို ခွင့်ပြုပါဦး'

ဟု ပြောကာ ... လှမ်းထွက်သွား၏။

လင်ဝိဖုန်း၊ လျူယုဖန်နှင့် ကျင်းလိုင်တို့ကလည်း နောက်မှ လိုက်ပါလာ၏။ သူတို့၏နောက်မှ ပေါက်ကျူးလည်း လိုက်လာလေသည်။

ထိုစဉ် ... ပေါက်ကျူး၏မျက်နှာတွင် ကောက်ကျစ်သောအပြုံး တစ်ချက်ပွင့်လာပြီး တံခါးဝအနီးရှိ မီးတိုင်ကို ချိုးချလိုက်လေသည်။ လင်ဝိဖုန်းက ပေါက်ကျူး၏ ကောက်ကျစ်သောအပြုံးကို မြင်လိုက်ရသည်နှင့် ကမန်းကတန်းပင် အော်ဟစ်သတိပေးလိုက်လေသည်။

'အားလုံး ... သတိထား'

လင်ဝိဖုန်းအနေဖြင့် ... အချိန်မီသတိပေးသည့်တိုင် အရာမရောက်ခဲ့ချေ။ သူသတိပေးသည်မှာ နောက်ကျသွား၏။ သူတို့၏ အောက်ခြေကြမ်းပြင်မှာ ရုတ်တရက်ပွင့်သွားပြီး အားလုံး မဟန်နိုင်ဘဲ ပြုတ်ကျသွားလေသည်။

လင်ဝိဖုန်းမှာ ခြေကျွံသွားသည်နှင့် အပေါ်သို့ ပြန်ခုန်တက်လိုက်၏။ ပေါက်ကျူးက ... လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်သည်။ လင်ဝိဖုန်းမှာ ပေါက်ကျူး၏လက်ဝါးကို ရှောင်တိမ်းပြီး ဖမ်းချုပ်လိုက်၏။ ပေါက်ကျူးက လက်ဝါးချုပ်ခံရသောအခါ ... ကိုယ်ခန္ဓာချင်း ဝင်လုံးသည်။



လင်ဝိဖုန်းမှာ မထင်မှတ်သော ... ပေါက်ကျူး၏ တိုက်ခိုက်မှုကြောင့် မဟန်နိုင်ဘဲ ... အောက်သို့ ပြန်လည်ပြုတ်ကျသွားရတော့သည်။ ပေါက်ကျူးလည်း အောက်သို့ပြုတ်ကျသွားလေ၏။

ထိုစဉ် ...

'ဝုန်း ...'

အပေါ်မှ ကြမ်းပြင်သည် အလိုအလျောက်ပင် ပြန်လည်ပိတ်သွားလေတော့သည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## ကယ်တင်ရှင်

မြေအောက်ခန်းမှာ မှောင်မည်းနေ၏။ လင်ဝိဖုန်းမှာ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။ ဘာဆိုဘာမျှပင် မမြင်ရပါချေ။ ထို့ကြောင့် သူက ...

'လျှုယုဖန်'

ဟု ခေါ်လိုက်၏။

လျှုယုဖန်က ...

'ရှင်ဘာမှမဖြစ်ဘူး မဟုတ်လား။ ကျွန်မတို့အားလုံး ဒီဘက်မှာရှိတယ်'

ဟု ပြန်ပြောလိုက်၏။

လင်ဝိဖုန်းက အသံကြားရာဘက်သို့ လျှောက်သွားလိုက်၏။ ထိုစဉ် သူ၏ ကျောက်ဘက်မှ လေလှိုင်းတစ်ခု ဝင်လာ၏။ လင်ဝိဖုန်းက အသာရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ခိုက်လာသူမှာ ပေါက်ကျုံဖြစ်ကြောင်း ရိပ်မိလိုက်၏။



ပေါက်ကျုံ၏ သိုင်းပညာ မဆိုးလှသော်လည်း လင်ဝိဖုန်းနှင့်မူ ပြိုင်ဘက်မဟုတ်ပေ။ သို့သော် ... အမှောင်ထဲတွင် မမြင်မကန်းနှင့် တိုက်ခိုက်နေရသဖြင့် အနိုင်မရနိုင်ဘဲ ဖြစ်နေလေသည်။ ပေါက်ကျုံက အမှောင်ထဲ၌ ငြိမ်သက်နေပြီး တခါတစ်ရံမှ တိုက်ခိုက်နေခြင်းဖြစ်၏။ လင်ဝိဖုန်းမှာ ဒေါသထွက်လာလေသည်။

လီထက်ရှင်းကလည်း ... အခြေအနေကို ရိပ်စားမိလိုက်၏။ ထို့ကြောင့် အိတ်ထဲမှ မီးခတ်ကျောက်ကိုထုတ်ကာ မီးထွန်းညှိလိုက်၏။ မီးရောင်ကြောင့် ပေါက်ကျုံမှာ ပုန်းကွယ်၍ မရတော့ပါ။

တစ်ခဏအတွင်းမှာပင် လင်ဝိဖုန်း၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရပြီး ... မြေပေါ်သို့ လဲကျသွားလေတော့သည်။

ပေါက်ကျုံမှာ ... မြေပေါ် လဲကျသွားသော်လည်း မလျှော့ပါ။ ပါးစပ်နှင့် တိုက်ခိုက်လိုက်၏။

'မင်းတို့ ... ငါ့ကိုသတ်ရင် မင်းတို့လဲ ဒီအထဲမှာသေမှာပဲ'

လီထက်ရှင်းက ဒေါသထွက်သွားပြီး ... ပေါက်ကျုံ၏ပါးကို ရိုက်ချလိုက်၏။ ပေါက်ကျုံ၏ပါးပေါ်တွင် လက်ငါးချောင်းရာ အထင်းသား ပေါ်လွင်လာလေသည်။

ထိုစဉ် .... အမိုးပေါ်မှ အလင်းရောင်တစ်ချက် ထိုးကျလာ၏။ လူရိပ်တစ်ခုကိုလည်း တွေ့လိုက်ရလေသည်။ တစ်ဆက်တည်းမှာပင် စကားသံကိုပါ ကြားလိုက်ရ၏။

'သခင်လေး လီထက်ရှင်း ... ဘာမှ မဖြစ်ဘူး မဟုတ်လား'

လီထက်ရှင်းက ...

'ဒီလောက်နဲ့ မသေနိုင်ပါဘူး'

ဟု ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ …

'ဒါပေမယ့် သေအောင်လုပ်လို့ရတဲ့ နည်းတွေ အများကြီးရှိပါတယ်၊ နယ်စားကြီးရဲ့ ပူးပေါင်းမှုကို … လက်ခံလိုက်ပါ၊ သခင်လေး ခေါင်းမမာချင်ပါနဲ့'

ဟု ထပ်ပြောလာ၏။

ထို့ကြောင့် …

လီထက်ရှင်းက စိတ်တိုသွားပြီး အော်ဟစ်ဆဲဆိုလိုက်လေ၏။

ထိုအခါ …

အပေါ်မှ အပေါက်ကလေးမှာ ပြန်ပိတ်သွား၏။

စကားသံလည်း မကြားရတော့ပေ။

❖❖❖❖❖



မြေအောက်ခန်း၏ အမြင့်မှာ ပေသုံးဆယ်ခန့် ရှိ၏။

အခန်းအောက်ခြေအကျယ်မှာ ဆယ်ပေခန့်သာ ရှိ၏။

အမှောင်ထုမှလွဲ၍ ဘာမျှ မမြင်ရပါချေ။

လင်ဝိဖုန်းတို့ အားလုံးက ထိုင်နေကြစဉ်မှာပင် အေးစိမ့်သော ခံစားမှုကို ခံစားလိုက်ရလေသည်။ ကျင်းလိုင်က …

'ခွေးမသားတွေ၊ ရေတွေနဲ့ နှိပ်စက်ကြဦးမယ်ပေါ့'

ဟု ရေရွတ်လိုက်၏။ မှန်ပါသည်။ မြေအောက်ခန်းတွင်းသို့ ရေများဝင်လာ၏။ သို့သော် … ခြေမျက်စိခန့်အရောက်တွင် ရပ်တန့်သွားလေတော့သည်။ ထိုအခိုက် အပေါ်မှ အဖုံးလေး ပွင့်လာပြီး …

'ကျုပ်တို့မှာ နှိပ်စက်တဲ့ နည်းပေါင်းစုံ ရှိတယ်၊ ဒီတစ်ညတော့ ရေထဲမှာ အိပ်လိုက်ကြဦးပေါ့၊ မနက်ကျ ခင်ဗျားတို့ စိတ်ပြောင်းသွားပါစေလို့ ဆုတောင်းပါတယ်'

ဟူသော အသံကို ကြားလိုက်ရလေသည်။

လင်ဝိဖုန်းက ဒေါသ ထွက်ပြီး ဆဲဆိုရန် ဟန်ပြင်လိုက်၏။

သို့သော် သူ့ထက် ကျင်းလိုင်က ဦးစွာဆဲရေးလိုက်လေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းတို့ လူစုမှာ ရေစပ်စပ်ထဲ၌ လဲလျောင်းအနားယူလိုက်၏။ အမှောင်ထုသာရှိ၍ ... နေ့ည မကွဲပြားပါ။

ပင်ပန်းမှုဒဏ်ကြောင့် အားလုံး အိပ်ပျော်သွားကြ၏။

မည်မျှကြာအောင် ... အိပ်ပျော်မိသည် မသိပါ။

အပေါ်မှ အသံကိုကြားလိုက်မှ နိုးလာကြလေသည်။

'သခင်လေး လီထက်ရှင်း စိတ်ပြောင်းသွားပြီလား'

လီထက်ရှင်းက ...

'ဒီလောက်နဲ့ ငါတို့ စိတ်ကို ပြောင်းမယ်ထင်လို့လား။ ငါတို့သေရင် မင်းတို့လဲ သေမှာပဲ၊ ငါ့လူတွေက လက်ပိုက်ကြည့်နေမယ်ထင်လို့လား'

အပေါ်မှ ...

'သခင်ကလေး ခေါင်းမမာပါနဲ့ ... နယ်စားကြီးက တစ်ခုပဲ တောင်းဆိုပါတယ်'

'ဘာတောင်းဆိုတာလဲ၊ သူ့လက်အောက် ဝင်ဖို့လား။ ဘယ်တော့မှ မဝင်နိုင်ဘူး'



'ဒီလို မဟုတ်ပါဘူး။ သခင်လေး ဒီမှာနေပါ။ သခင်လေးတို့လူတွေက မန်ချူးတွေလာတဲ့အခါ ... ရှေ့တန်းကနေ တွန်းလှန်တိုက်ထုတ်ပေးပါတဲ့၊ သခင်လေးကို ... ဒီမှာ လိုလေသေးမရှိ ပြုစုပါမယ်တဲ့'

အပေါ်မှအသံဖြင့် မက်လုံးပေးလိုက်၏။

လီထက်ရှင်းက မဲ့လိုက်၏။

ဝူစန်းကွေ့သည် တကယ်ပင် ကောက်ကျစ်သူ ဖြစ်၏။

သူ့အား ဤနေရာတွင် ဓားစာခံအဖြစ် ထားရှိပြီး မန်ချူးများလာသည့်အခါ သူ့ဘက်မှ တော်လှန်ရေးသမားများက အသက်စွန့်၍ တိုက်ခိုက်ရပေမည်။

ဝူစန်းကွေ့ကမူ နောက်တွင် အေးအေးဆေးဆေး လက်ပိုက်ကြည့်နေမည် မဟုတ်ပါလော။ အပေါ်မှ အသံ ဆက်လက်ထွက်ပေါ်လာပြန်၏။

'ဘယ့်နှယ်လဲ သခင်လေး ... လက်ခံနိုင်မလား'

လီထက်ရှင်းက ...

'မင်းတို့နယ်စားကြီးကို ပြောလိုက်ပါ'

'ဟုတ်ကဲ့'

'မင်းတို့ မန်ချူးတွေကို တကယ်တော်လှန်မယ်ဆိုရင် မင်းတို့ကိုယ်ပေါ်က မန်ချူးဝတ်စုံတွေကို ဖြုတ်လိုက်ပါ၊ ပြီးတော့မန်ချူးအလံအစား ... ငါတို့ ဟန်လူမျိုးတွေရဲ့ အလံကို လွှင့်လိုက်ပါ၊ အဲဒီလိုလုပ်ပြီးမှ ငါတို့နဲ့ ဆွေးနွေးနိုင်မယ်လို့'

အပေါ်မှ ဘာသံမျှ ပြန်ထွက်မလာတော့ပါ။

အပေါက်လည်း ပြန်ပိတ်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ အပေါက်ပြန်ပွင့်လာပြီး စားစရာများထည့်ထားသော ခြင်းတစ်ခု ဖြည်းဖြည်းချင်း ကျလာလေသည်။

လင်ဝိဖုန်းက ထိုခြင်းကို လှမ်းဆွဲကာ စားစရာများ ထုတ်ယူလိုက်၏။

ထို့နောက် အားရပါးရ စားသောက်ရင်း ...

'ဟေ့ စားကြလေ ... အဆိပ်ခတ်မှာ မပူပါနဲ့၊ သူတို့ ငါတို့ကို သတ်မှာ မဟုတ်သေးပါဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် ...

လျူယုဖန်တို့ကလည်း ယူ၍ စားသောက်လိုက်ကြ၏။

ပေါက်ကျူက ...

'ဟေ့ ... မင်းတို့ ဘယ်သူမှ အစားအစာ မချပေးနဲ့၊ ဒီကောင်တွေ ငတ်ရင် ... မခံနိုင်ပါဘူး'

ဟု အော်ပြောလိုက်လေသည်။

လီထက်ရှင်းက ...

'မင်းပါးစပ် ပိတ်ထားစမ်း'

ပေါက်ကျူက မရပ်ပါ။

ထပ်၍ပင် အော်ပြောလိုက်၏။

လီထက်ရှင်းက ဒေါသထွက်လာပြီး ခြေဖြင့်ကန်ချလိုက်လေတော့သည်။

'ဝုန်း ...'

ကျောက်ကျူမှာ အခန်းထောင့်တွင် ခွေခွေကလေး လဲကျသွား၏။



သူ၏ နှုတ်ခမ်းမှ သွေးများ စီးကျလာ၏။

သို့သော် ... သူ၏ မျက်နှာမှာမူ ပြုံးနေဆဲပင်။

လီထက်ရှင်းက မကျေမနပ်သေးဘဲ ထပ်၍ ကန်ရန် ဟန်ပြင်လိုက်၏။

လင်ဝိဖုန်းက ...

'တော်ပါတော့ဗျာ၊ ဒီလူကိုနှိပ်စက်လဲ ဘာမှထူးမှာမဟုတ်ပါဘူး၊ လောလောဆယ်တော့ တို့နဲ့ ဘဝတူတွေပဲ မဟုတ်လား'

ဟု ဟန့်တားလိုက်၏။

လီထက်ရှင်းက မကျေမနပ်ဖြင့် အခန်းထောင့်တွင်သွား၍ ထိုင်ချနေလိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကျူ၏ စကားကို နားယောင်သွားသည်လားမသိ။

အပေါ်မှ နောက်ထပ်အစာရေစာများ ... မချပေးတော့ပေ။

တစ်ရက် ...

လင်ဝိဖုန်းတို့ ... ခံနိုင်ပါသေး၏။

နှစ်ရက် ...

ကိစ္စမရှိသေးပါ၊ အောင့်အည်းသည်းခံနိုင်ပါသေးသည်။

သုံးရက် ...

ဆာလောင်ခြင်း၏ ဒဏ်ကို ပြင်းထန်စွာ ခံစားလာရ၏။

ဆာလောင်ခြင်းနှင့်အတူ အားပြတ်သော ရောဂါများ ဝင်လာ၏။ ရေစွတ်စွတ်ခြံသော နေ့စဉ်နေရသောကြောင့် နဂိုကပင်ရောဂါအခံရှိသော လင်ဝိဖုန်းမှာ အဖျားရောဂါ စွဲကပ်လာလေတော့သည်။

လျူယုဖန်မှာ လင်ဝိဖုန်းအား ကိုယ်ဖိရင်ဖိ ပြုစုပေးရ၏။

ပြုစုသည်ဟု ဆိုသော်လည်း ဆေးဝါးက နတ္ထိ။

ထို့ကြောင့် ... မသက်သာဘဲ ဖြစ်နေလေသည်။

❖❖❖❖❖

လေးရက်မြောက်သောနေ့။

အားလုံး၏ ခံနိုင်စွမ်းမှာ လျော့ကျသွားသည်။

စကားပင် မပြောနိုင်တော့ဘဲ လဲလျောင်းနေလေသည်။

လီထက်ရှင်းမှာ မတ်တပ်ပင် မရပ်နိုင်တော့ပါ။

ထို့အတူ လျူယုဖန်မှာလည်း ကာင်းစွာ မဟန်နိုင်တော့ပေ။

အဆိုးဆုံးမှာမူ လင်ဝိဖုန်းပင် ဖြစ်သည်။

အားပြတ်သည့်ဒဏ်။

အဖျားရှိနေတို့ကြောင့် ရပ်ရန်ကို မဆိုထားနှင့်၊ လဲလျောင်းရာမှ လှုပ်ရှားရန်ပင် အနိုင်နိုင်ရှိနေသည်။

လျူယုဖန်က လင်ဝိဖုန်း၏ ခန္ဓာကိုယ်ပေါ်သို့ မှောက်နှာအပ်လိုက်သည်။

လင်ဝိဖုန်း၏ လက်နှစ်ဘက်ကို ဆုပ်ကိုင်လိုက်ပြီး ...

'ဒီအတိုင်းဆိုရင် ... ငါတို့တော့ သေကြရတော့မှာအမှန်ပဲ'

လင်ဝိဖုန်းက ငြိမ်နေလိုက်သည်။ လျူယုဖန်က ...

'တို့မသေခင် ... စကားပြောကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လင်ဝိဖုန်းက ...

'ပြောလေ'

လျှူယုဖန်က ...

'ကျွန်မမေးတာကို ... မှန်မှန်ဖြေပါလား'

ဟု မေးရင်း ... မျှော်လင့်ချက်ဖြင့် ကြည့်နေသည်။

လင်ဝိဖုန်းက အားယူပြုံးလိုက်ပြီး ...

'ငါသေမှမသေသေးဘဲ၊ ငါသေခါနီးကျရင် မင်းကိုပြောပြပါ့မယ်'

ဟု ပြောလိုက်သည်။

လျှူယုဖန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

'ရှင်စဉ်းစားကြည့်ပါ၊ လူတစ်ယောက်ဟာ ... ကိုယ်ချစ်ခင်တဲ့သူအပေါ် ရက်စက်ခဲ့မိရင် တစ်သက်လုံး ဖြေမဆည်နိုင်ပါဘူး၊ ကျွန်မဟာ ကျွန်မရဲ့ မိတ်ဆွေရင်းကို သတ်မိလိုက်သလို ဖြစ်သွားခဲ့တယ်၊ ကျွန်မကိုယ်ကျွန်မ ... ဖြေမဆည်နိုင်အောင် စိတ်ထိခိုက်ခဲ့ရတယ်၊ တကယ်လို့ သူမသေသေးဘဲ ကျွန်မကို မုန်းတီးနေမယ်ဆိုရင်တောင် ကျွန်မဟာ ... သူ့ကို ခွင့်လွှတ်လာနိုင်မယ့်နေ့အထိ တမ်းတနေမယ်၊ သူ့အတွက် ခံစားနေမယ်၊ တကယ်လို့ သူသာ သေသွားပြီဆိုရင်တော့ ကျွန်မဘဝဟာ အဓိပ္ပာယ် မရှိတော့ပါဘူး၊ ကျွန်မ ရှင့်ကို တွေ့လိုက်တာနဲ့ သူ့ကိုပါ ပိုလို့ သတိရခဲ့တယ်၊ သူနဲ့ရှင်ဟာ တော်တော့်ကိုတူနေတယ်'

ဟု ရှည်လျားစွာ ပြောလိုက်သည်။

လင်ဝိဖုန်း၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

အတန်ကြာမှ သက်ပြင်းချရင်း ...



'ငါငယ်ငယ်က အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြမယ်၊ ငါ့အမေဟာ ငါ့ကိုသိပ်ချစ်တယ်၊ တစ်နေ့ ငါရန်ဖြစ်တဲ့အခါ ငါ့မှာအပြစ်ရှိမရှိ မမေးဘဲ ငါ့ကိုရိုက်ခဲ့တယ်၊ ငါလဲ အိမ်ကထွက်ပြေးပြီး ပုန်းနေခဲ့တယ်၊ ငါ့ကိုလိုက်ရှာတဲ့ ငါ့အမေ ငိုကြွေးနေတာကို ကြည့်ပြီး ပျော်နေမိတယ်'

လျှူယုဖန်က ...

'ရှင်ဟာ ထူးဆန်းတာ[illegible]ကို ချစ်တဲ့လူကို ရှင်က စိတ်ဆင်းရဲအောင်လုပ်တာ ... ညှင်းဆဲတာပဲ'

လင်ဝိဖုန်းက ...

'အဲဒီတုန်းက ကလေးဘဝပဲလေ ... ကလေးဘဝ ဆိုတော့ ကိုယ့်မှာ အပြစ်ရှိ မရှိ မစစ်ဆေးဘဲ ရိုက်တာကို ဘယ်ကျေနပ်မလဲ'

လျှူယုဖန်က တွေဝေသွားသည်။

သူ ပါးရိုက်ခဲ့စဉ် သူ့အား မကျေမနပ်ကြည့်ပြီး ခေါင်းငုံ့သွားသောလူငယ်ကလေး၏ ရုပ်သွင်ကို ပြန်မြင်ယောင်လာ၏။

လျှူယုဖန်က လင်ဝိဖုန်းအား စေ့စေ့ကြည့်လိုက်လေ၏။

လင်ဝိဖုန်းက စကားပြော လွန်သွားကြောင်း သတိရလိုက်လေသည်။ ထို့ကြောင့် ...

'ငါပြောတာက ငါကလေးဘဝက အကြောင်းပါ၊ မင်းမိတ်ဆွေနဲ့ ဘာမှမဆိုင်ပါဘူး'

ဟု စကားပြန်ပိတ်လိုက်လေသည်။

လျှူယုဖန်က ...

'အင်းလေ ... ကျွန်မမိတ်ဆွေလည်း ရှင့်လိုအဖော်မျိုး တွေ့သွားတယ်ထင်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းက ...

'အခုငါဖြစ်တဲ့ ရောဂါဟာ ငါငယ်ငယ်ကလေးတည်းက ပါလာတာ၊ မင်းမိတ်ဆွေမှာကော ဒီလိုရောဂါမျိုး ရှိလို့လား'

လျှူယုဖန်က မျက်ရည်ဝဲလာပြီး ...

'ရှင် ... ကျွန်မကို တကယ်ပဲ ခွင့်မလွှတ်နိုင်တော့ဘူးလား'

ဟု ကြေကွဲစွာ ပြောလိုက်လေသည်။

လင်ဝိဖုန်းမှာ စိတ်ထိခိုက်သွားသည်။

'ငါ ခွင့်လွှတ် ...'

ဟု တစ်ပိုင်းတစ်စပြောရင်း ရပ်တန့်သွားသည်။

ထိုစဉ်မှာပင် အပေါ်အဖုံးပွင့်သွားပြီး လူတစ်ဦး ကြိုးဖြင့်ဆင်းလာသည်။

လီထက်ရှင်းက ကြိုးစားထရပ်လိုက်ပြီး ...

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။ ထိုလူက ပြန်မဖြေပါ။

အောက်သို့ ရောက်အောင် ဆင်းလာသည်။

အောက်သို့ရောက်သည်နှင့် လီထက်ရှင်းက လက်နက်ပုန်းများဖြင့် တိုက်ခိုက်လိုက်သည်။

ထိုလူက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ ... လက်နက်ပုန်းအားလုံး ပျောက်ကွယ်သွားလေတော့သည်။

လီထက်ရှင်းမှာ ထိတ်လန့်သွား၏။

'ဝူစန်းကွေ့လက်အောက်မှာ ဒီလောက်သိုင်းပညာအဆင့်မြင့်တဲ့လူ ရှိနေပါလား'

ဟုလည်း တွေးမိလိုက်သည်။



ထိုလူက ...

'ခင်ဗျား တိုက်ခိုက်မနေပါနဲ့၊ ကျုပ်က ဒုက္ခပေးဖို့ရောက်လာတာ မဟုတ်ပါဘူး'

ဟု လေသံဖြင့် ပြောလိုက်၏။

လီထက်ရှင်းက ...

'ဒါဖြင့် ... ဘာကိစ္စလဲ'

ထိုလူက ...

'ဒီအထဲမှာ လင်ဝိဖုန်းရှိသလား'

လီထက်ရှင်းက ...

'ရှိတယ် ... ဟိုဘက်မှာ'

ဟု ပြောရင်း ညွှန်ပြလိုက်၏။

ထိုလူက လင်ဝိဖုန်းဘက်သို့ လျှောက်လာသည်။

လျှူယုဖန်မှာ ... ထိုလူလျှောက်လာသည်ကို မသိပါ။

သူမသည် ငေးခနေ၏။

အတန်ကြာမှ ...

'ကျွန်မကို ရှင်က တကယ်ခွင့်လွှတ်တယ်ဟုတ်လား'

ဟု မေးလိုက်တော့သည်။

လင်ဝိဖုန်းက ပြန်မဖြေတော့ပါ။

လျှူယုဖန်၏ လက်တွင်းမှ သူ့လက်ကို ဖယ်လိုက်ပြီး ...

'လူ ... လာနေတယ်'

ဟု ပြောလိုက်၏။

လျှူယုဖန်မှာ အနှောင့်အယှက် ပေါ်လာသဖြင့် ဒေါသထွက်သွားပြီး သူမတို့ထံလာနေသူကို တိုက်ခိုက်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ရှောင်တိမ်းပေးလိုက်ပြီး လေသံဖြင့် ...

'တူမလေး သတိထား ... ငါပါ'

ဟု ပြောလိုက်၏။

ထိုလူ၏အသံကို ကြားသောအခါ လျှူယုဖန်မှာ တိုက်ခိုက်ရာမှ ရပ်လိုက်ပြီး ...

'ဦးလေး ... သူဖျားနေတယ် သူ့ကိုကူပေးပါဦး'

ဟု ပြောလိုက်၏။

ထိုလူက ...

'အေး ... ငါကူညီဖို့ ဆင်းလာတာပါ'

ပြောပြီး လင်ဝိဖုန်း၏ သွေးကြောများကို စမ်းသပ်လိုက်၏။

လင်ဝိဖုန်းက ထိုလူအားတွေ့သောအခါ အံ့ဩသွားပြီး ...

'ခင် ... ခင်ဗျား'

ထိုလူက လင်ဝိဖုန်းပါးစပ်ကို အသာပိတ်လိုက်ပြီး ...

'စကားမပြောနဲ့'

ဟု ဟန့်တားလိုက်၏။

ထို့နောက် ... ငွေအပ်ကလေးများထုတ်ကာ လင်ဝိဖုန်း၏ ခန္ဓာကိုယ်အနှံ့ စိုက်ချလိုက်တော့၏။ ဆေးတစ်လုံးတိုက်လိုက်ပြီးလျှင် အတွင်းအားဖြင့် နှိပ်နယ်ပေးလိုက်သည်။ လီထက်ရှင်းက လျှူယုဖန်ထံ လျှောက်လာပြီး ...

'ဘာလုပ်နေတာလဲ'

ဟု မေးလိုက်သည်။ လျှူယုဖန်က ...

'သူက ... သမားတော်ပါ၊ လင်ဝိဖုန်းကို ကုသပေးနေတာ'

ဟု ရှင်းပြလိုက်၏။



မကြာမီပင် လင်ဝိဖုန်းမှာ ချွေးများစို့ရွဲလာပြီး ညည်းညူလာလေသည်။ ထိုလူက ငွေအပ်များကို ပြန်သိမ်းလိုက်ပြီး ...

'ကောင်းသွားမှာပါ၊ အားပြတ်ပြီး အအေးဒဏ်ကြောင့် ဖြစ်တာပဲ'

ဟုပြောလိုက်၏။

ထိုစဉ် အပေါ်မှ လူတစ်ယောက် အရိပ်ပေါ်လာပြီး ...

'လီထက်ရှင်း ... ခင်ဗျား စိတ်ပြောင်းဖို့ ကောင်းပါပြီ'

ထိုလူက လီထက်ရှင်းအား လက်တို့လိုက်၏။

လီထက်ရှင်းက အလိုက်အထိုက် ပြောဆိုရမည်ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။ ထို့ကြောင့် သူက ...

'မင်းတို့ သခင်ကြီးက ... အေးအေးဆေးဆေး ဆွေးနွေးပေါ့၊ ဒီလို လုပ်တာတော့ ... မကောင်းပါဘူး'

ဟု ပြောလိုက်၏။

သူ၏လေသံကိုလည်း ... တမင်ဖျော့ထားလိုက်၏။

သူ၏လေသံပျော့သွား၍ထင့် ... အပေါ်မှစားသောက်စရာ ထည့်ထားသောခြင်းတစ်ခု ကျလာလေသည်။ သူတို့အားလုံး ယူ၍ စားသောက်လိုက်၏။

ပေါက်ကျူမှာ ... သူတို့စားနေသည်ကို မြင်သောအခါ ဗိုက်ဆာလောင်လာလေသည်။

သို့သော် ... သူ့အား မည်သူကမျှ မကျွေးပါချေ။

လီထက်ရှင်းက ပေါက်ကျူကိုကြည့်လိုက်ပြီး ...

'ဘယ်လိုလဲ ငါတို့သေသွားလိမ့်မယ်လို့ ထင်နေသေးသလား'

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျူက ဘာမျှ ပြန်မပြောပါ။

မျက်စိစုံမှိတ်ထားလိုက်၏။

သူသည် လီထက်ရှင်းတို့ စိတ်ပြောင်းသွားစေရန် အစာဖြတ်ခိုင်းခဲ့၏။ သူကိုယ်တိုင်လည်း အငတ်ခံခဲ့ရ၏။

ယခုမူ ... သူ့ပင်ပန်းသမျှ အလကား ဖြစ်ရချေပြီ။

နယ်စားကြီးသည် သူတို့အား မသတ်ပုံပြီ မဟုတ်ပါလော။

တွေးရင်း စိတ်ထိခိုက်လာပြီး မျက်ရည်များ စီးကျလာလေတော့သည်။ သူ့ကို လီထက်ရှင်းတို့က သတ်ပစ်သည့်တိုင် နယ်စားကြီးက ... လီထက်ရှင်းတို့အား သတ်မည် မဟုတ်ကြောင်းကိုလည်း နားလည်လိုက်လေသည်။

ထိုစဉ် သမားတော်ကြီးက ...

'မင်းတို့ အားမွေးထားကြဦး ... ငါနေ့တိုင်း လာကြည့်မယ်၊ အလိုက်အထိုက် ဆက်ဆံပါ'

ဟုတီးတိုးမှာကြားသွားပြီး ... အပေါ်သို့ ပြန်တက်သွားလေသည်။

လီထက်ရှင်းမှာ အခြေအနေကို သဘောပေါက်သွားပြီဖြစ်၏။

ထို့ကြောင့် ... သူက ပျော်ရွှင်ဝမ်းသာမိလေတော့သည်။

❖❖❖❖❖



မြေအောက်ခန်းတွင်း၌ ရေမရှိတော့ပါ။

ထို့ကြောင့် ... နေထိုင်ရသည်မှာ သက်သာလာ၏။

ထို့အပြင် ... မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အစားအသောက်ချပေးသဖြင့် ငတ်သည့်ဒဏ်မှ လွတ်မြောက်လာ၏။

သမားတော်ကလည်း ... နေ့စဉ် လာရောက် ကြည့်ရှုပေးလေသည်။ ငါးရက်ခန့်ကြာသောအခါ လင်ဝိဖုန်းတို့လူစုမှာ နဂိုအတိုင်းပြန်လည် ကျန်းမာနေကြပြီ ဖြစ်၏။

ခြောက်ရက်မြောက်သောနေ့တွင် မြေတွင်းအဖုံးမှာ ပွင့်သွားပြီးသျှင် ကြိုးတစ်ချောင်း ကျလာလေသည်။ သမားတော်ကို တွင်းဝ၌တွေ့လိုက်ရ၏။

သမားတော်က ...

'မြန်မြန်တက်ကြ'

ဟု လှမ်းပြောလိုက်သည်။

သူတို့အဖွဲ့သည် ကြိုးကိုဆွဲကာ အပေါ်သို့တက်လိုက်ကြ၏။

လီထက်ရှင်းက ဦးစွာ အပေါ်သို့ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ရောက်သောအခါ ... အစောင့်ခြောက်ယောက်ခန့် လဲကျနေသည်ကို တွေ့လိုက်ရ၏။

သမားတော်၏ သိုင်းပညာအစွမ်းကို ပို၍ လေးစားအထင်ကြီးသွားလေသည်။ လီထက်ရှင်းက သမားတော်ကို အရိုအသေပြု လိုက်ပြီး ...

'ကျေးဇူးပါပဲဗျာ ... ဒါထက်'

သူ၏စကားမဆုံးမီ လျူယုဖန်က ဝင်ပြောလိုက်၏။

'သူက ... သမားတော် သိုင်းသမား ဖုချင်စန်းပါ'

လီထက်ရှင်းက မျက်လုံးပြူးကျယ်သွားလေသည်။

သူသည် ဖုချင်စန်း၏ အမည်ကို ကြားဖူးခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ဖုချင်စန်းက ...

'စကားနောက်မှပြော၊ အပြင်ထွက်နိုင်ဖို့က အရေးကြီးတယ်၊ ကဲ ... ငါ့နောက်လိုက်ခဲ့ကြ'

ဟုပြောပြောဆိုဆိုနှင့် အဆောင်နောက်ဘက်သို့ ပြေးလွှားသွားလေသည်။

လီထက်ရှင်းတို့ကလည်း နောက်မှ ပြေးလိုက်သွား၏။

ဖုချင်စန်းမှာ ထိုနေရာတစ်ဝိုက်အား အတော်ပင် နှံ့နှံ့စပ်စပ် သိထားပုံရ၏။

တစ်ခဏချင်းပင် ဂေဟာအစောင့်တစ်ဦး ပန်းခြံဆီသို့ရောက်ရှိလာလေသည်။

ထိုစဉ်မှာပင် အစောင့်တစ်ဦးက တွေ့မြင်သွားပြီး ...

'ရန်သူတွေ ... လွတ်ကုန်ပြီ'

ဟု အော်ဟစ်လိုက်လေသည်။



အစောင့်၏ အော်ဟစ်သံကြောင့် ပူစန်းကွေ့၏ ငယ်သားများ ပြေးထွက်လာကာ ... ဖုချင်စန်းတို့အား ဟန့်တား တိုက်ခိုက်လိုက် လေသည်။

ဖုချင်စန်းတို့ကလည်း ... ထိုးဖောက်တိုက်ခိုက်လိုက်၏။

သိုင်းပညာချင်းယှဉ်လျှင် ဖုချင်စန်းတို့အား မီသည့်သူ မရှိပါ။

သို့သော် အင်အားကမူ ရာနှင့်ချီ၍ ရှိနေသဖြင့် ထိုးဖောက်၍ မရဘဲ ဖြစ်နေလေသည်။

ထိုအချိန်တွင် လေးသည်တော်တစ်စုကလည်း ရောက်ရှိလာပြီးနောက် ... မြားမိုး ရွာချလိုက်ပြန်လေသည်။

ဖုချင်စန်းတို့လူစုမှာ ... မနည်းခုခံလိုက်ရလေသည်။

ဖုချင်စန်းက ရုတ်တရက် စူးရှစွာ လေချွန်လိုက်၏။

လေချွန်သံဆုံးသည်နှင့် ...

ပန်းဥယျာဉ်အနောက်ဘက် အုတ်နံရံမှာ ပေါက်ကွဲထွက်သွား လေသည်။

'ဝုန်း ...'

နယ်စားကြီး ပူစန်းကွေ့၏ စစ်သည်များမှာ ပေါက်ကွဲသံကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ထိုစဉ်မှာပင် လူသုံးဆယ်ခန့်က လက်နက်ကိုယ်စီဖြင့် ပြေးဝင် လာလေသည်။

ရှေ့ဆုံးမှဦးဆောင်လာသူမှာ မိန်းကလေးတစ်ယောက်နှင့် ယောကျာ်းလေးတစ်ယောက် ဖြစ်၏။

သူတို့နောက်တွင် အစိမ်းရောင်ဝတ်ထားသော လူတစ်စုက လိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



လီထက်ရှင်းမှာ ထိုလူစုအား တွေ့သောအခါ ဝမ်းသာသွားလေတော့သည်။

ထိုအစိမ်းရောင်ဝတ်လူစုသည် ... သူ၏တပ်ဖွဲ့သားများဖြစ်သောကြောင့်ပင်။

သို့သော် ဦးဆောင်လာသောမိန်းကလေးနှင့် ယောကျ်ားလေးကိုမူ သူမသိပါချေ။

မိန်းကလေးကော ယောကျ်ားလေးပါ အသက်ဆယ့်ခြောက်နှစ်ကျော်ခန့်သာရှိမည်ဟု ထင်မိ၏။

အဘယ်ကြောင့် သူ၏အဖွဲ့ကို ဦးဆောင်လာပါသနည်း။

သူ ... စဉ်းစားမရပါ။

စဉ်းစားရန်လည်း အချိန်မပေးနိုင်ပါ။

ဝူစန်းကွေ့၏စစ်သည်များကို လက်မလည်နိုင်အောင် တိုက်ခိုက်နေရလေသည်။

လင်ဝိဖုန်းမှာမူ ... ဝင်လာသောလူစုကို မသိပါ။

သို့သော် ရှေ့မှပြေးဝင်လာသော မိန်းကလေးကိုမူ သိ၏။

ထိုမိန်းကလေးသည် ပုချင်စန်းနှင့် အမြဲအတူပါလာလေ့ရှိသော မောက်ဝမ်လင်ပင် ... ဖြစ်၏။

ဝတ်စုံဝါဝတ်ဆင်ထားသော ယောကျ်ားလေးကိုမူ သူ ... မသိပါချေ။

မောက်ဝမ်လင်နှင့် ဝတ်စုံဝါလူငယ်မှာ ... တစ်ရှိန်ထိုးပြေးဝင်လာ၍ တိုက်ခိုက်လိုက်၏။

ဝတ်စုံဝါလူငယ်၏ ဓားချက်များမှာ ... အလွန်ပင် သွက်လက်လျင်မြန်လှပေသည်။



လင်ဝိဖုန်းက ကြည့်ရင်းနှင့်ပင် ထိုလူငယ်၏သိုင်းပညာသည် ကြောက်စရာကောင်းကြောင်း နားလည်လိုက်၏။

ဝတ်စုံဝါလူငယ်သည် မည်းမည်းမြင်သမျှ တိုက်ခိုက်နေ၏။ သူ၏ဓားချက်အောက်၌ ဝူစန်းကွေ့စစ်သည်များမှာ အတုံးအရုံးလဲကျဆုံးကုန်၏။

ဝတ်စုံဝါနှင့်လူငယ်မှာ တိုက်ခိုက်ရင်းမှ လင်ဝိဖုန်းတို့ဘက်သို့ ရောက်ရှိလာလေသည်။

သူသည် တစ်ဆက်တည်းပင် လင်ဝိဖုန်းတို့ကိုလည်း တိုက်ခိုက်လိုက်လေသည်။

လင်ဝိဖုန်းက ထိတ်လန့်သွားပြီး ... ကမန်းကတန်း ခုခံပေးလိုက်ရ၏။

'ချွမ်း'

နှစ်ဦးစလုံး ဓားကိုင်လက်များ ထုံကျင်သွားလေသည်။

ထိုစဉ် ... မောက်ဝမ်လင်က အော်ဟစ်ဟန့်တားလိုက်၏။

'အဲဒါ အချင်းချင်းတွေ ... မတိုက်နဲ့၊ ပြန်လာခဲ့'

ထိုအခါ ...

ဝတ်စုံဝါလူငယ်က ချက်ချင်း နောက်ပြန်လှည့်သွား၏။

သူသည် ... လမ်းတစ်လျှောက် မြင်မြင်သမျှကို တိုက်ခိုက်သွားပြန်လေသည်။

မောက်ဝမ်လင်က ...

'ဘာဘာ ... အခွင့်အရေးရတုန်း ဆုတ်မယ်၊ အပြင်မှာ မြင်းတွေအဆင်သင့်ရှိတယ်၊ နှစ်ယောက် တစ်ကောင် စီးပါ'

ဟု သတိပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းတို့လည်း ရန်သူဆုတ်ခွာစဉ် ကမန်းကတန်း အုတ်နံရံပေါက်မှ အပြင်သို့ထွက်လိုက်၏။

ထို့နောက် ...

မြင်းပေါ်သို့တက်ကာ ဒုန်းစိုင်းနှင်သွားကြလေသည်။

လင်ဝိဖုန်းမှာ ဝတ်စုံဝါလူငယ်၏ သိုင်းပညာကို လေးစားမိ၏။

ထို့ကြောင့် ထိုလူငယ် မြင်းပေါ်သို့ ခုန်အတက်၌ ...

'ဟေ့ ... ငါလဲ မင်းနဲ့အတူ စီးမယ်'

ဟု လှမ်းပြောပြီး မြင်းပေါ် ခုန်တက်လိုက်လေတော့သည်။

❖❖❖❖❖



ဝတ်စုံဝါလူငယ်သည် မြင်းကို ဒုန်းစိုင်းနှင်နေ၏။

သစ်ပင်များ၊ ချုံနွယ်များ တရိပ်ရိပ်နှင့် ကျန်ခဲ့လေသည်။

တခဏအတွင်း သူတို့သည် ခွန်မိန်မြို့ပြင်သို့ ရောက်ရှိလာ၏။

လင်ဝိဖုန်းက နောက်သို့ လှည့်ကြည့်လိုက်ပြီးနောက် ...

'ရန်သူ ... လိုက်မလာတော့ပါဘူး'

ဟု ပြောလိုက်၏။ ဝတ်စုံဝါက ...

'ကျုပ်သိသားပဲ၊ လိုက်လာလဲ ဂရုမစိုက်ပါဘူး'

ဟု အေးတိအေးစက် ပြန်ပြောလိုက်၏။ လင်ဝိဖုန်းက ...

'တို့မြင်းကို အရှိန်လျှော့တော့၊ ဖြည်းဖြည်းပဲ သွားကြတာပေါ့'

ဟု ပြောလိုက်၏။ ဝတ်စုံဝါက ရုတ်တရက် မြင်းကို ရပ်တန့်လိုက်၏။ ထို့နောက် မြင်းပေါ်မှ ဆင်းလိုက်ပြီး ...

'မြင်းစီးတာ လမ်းလျှောက်တာထက် မြန်ချင်လို့ပဲ၊ ဖြည်းဖြည်းဆိုရင် ခြေထောက်နဲ့ပဲ သွားကြတာပေါ့'

ဟုပြောပြီး ရှေ့မှ ပြေးသွားလေသည်။

လင်ဝိဖုန်းက သက်ပြင်းချပြီး ... သူ့နောက်မှ မြင်းနှင့်လိုက်သွားရလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



သစ်တောအုပ် …

သစ်ပင်များ … ထူထပ်စွာပေါက်ရောက်နေသဖြင့် နေပြောက်ပင် မကျနိုင်ဘဲရှိနေ၏။ လူရွှယ်မှာ ရှေ့မှပြေးလွှားနေရာမှ သစ်တောအုပ်အတွင်းရှိ တောင်ပူစာကလေးအနီး ရောက်သောအခါ ရပ်တန့်လိုက်လေသည်။

လင်ဝိဖုန်းကလည်း မြင်းပေါ်မှဆင်းကာ ထိုလူငယ်အနီးသို့ လျှောက်သွားလိုက်လေသည်။

ဝတ်စုံဝါလူငယ်သည် လင်ဝိဖုန်းအား ရှိသည်ဟုပင် မထင်ပါ။ သီချင်းဆိုနေလေသည်။

'ရေထဲက ငါးကလေးတွေ … မီးပုံထဲကို ဝင်မလားဟေ … တိမ်တိုက်ထဲက ငှက်တွေ … ရေထဲဆင်းမလားလေ'

သူ၏ သီချင်းမှာ … ပါးစပ်ထဲတွေ့ရာ ဆိုနေခြင်း ဖြစ်၏။

အချစ်၊ အလွမ်း၊ အမုန်း ခံစားချက်ဟူ၍ တစ်စက်မျှပင်မပါရှိချေ။

ထိုစဉ် …



လင်ဝိဖုန်းက လူရွှယ်ရှေ့သို့ လျှောက်သွားလိုက်ပြီး …

'ငါ့နာမည် … လင်ဝိဖုန်းပါ'

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

ထိုအခါ …

ဝတ်စုံဝါနှင့် လူငယ်ကလည်း လင်ဝိဖုန်းဟု တီးတိုးရွတ်ဆိုလိုက်၏။

လင်ဝိဖုန်းက …

'မင်းနာမည်ကော … ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။

ဝတ်စုံဝါ လူငယ်က …

'ငါ့နာမည်လား'

'ဟုတ်ပါတယ်'

'ငါ့နာမည် မင်းသိသလား … ငါတော့ မသိဘူး'

လင်ဝိဖုန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဘာ … မင်းနာမည် မင်းမသိဘူး … ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

ဝတ်စုံဝါလူငယ်က …

'ဟုတ်တယ်၊ ငါတောင် … မင်းကိုမေးမလို့'

လင်ဝိဖုန်းက မျက်လုံးပြူးသွား၏။

ဝတ်စုံဝါလူငယ်က ဆက်ပြောလိုက်ပြန်သည်။

'ခင်ဗျား ကျွန်တော့်ကို သိသလား၊ ကျွန်တော် ဘယ်သူလဲ ဘယ်ဆိုတာ'

လင်ဝိဖုန်းက ခေါင်းတစ်ချက် ကုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်၏မျက်နှာမှာ ညှိုးငယ်နေသဖြင့် ... နောက်ပြောင်နေခြင်း မဟုတ်ကြောင်း သိရှိလိုက်မိ၏။

လင်ဝိဖုန်းက သက်ပြင်းချရင်း ...

'အေးလေ တို့သိုင်းလောသားတွေဆိုတာ နေရာအတည်တကျ ရှိကြတာမှ မဟုတ်ပဲ၊ အခုလဲ ကိစ္စမရှိပါဘူး၊ မင်းနာမည်မပြောလဲ ရပါတယ်၊ ငါတို့ကို ကူညီတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်'

ဟု ပျော့ပျောင်းစွာ ပြောလိုက်သည်။

ဝတ်စုံဝါလူငယ်က ... ငြိမ်သက်နေ၏။

လင်ဝိဖုန်းက ဆက်ပြောလိုက်၏။

'အခု မင်းနဲ့ငါ မိတ်ဆွေဖြစ်ပြီပဲ၊ စကားလေး ဘာလေးပြောကြတာပေါ့'

ဝတ်စုံဝါလူငယ်က ခေါင်းကုတ်ကာ ...

'ဘာပြောကြမှာလဲ ... ကျုပ်ဘာမှ မသိဘူးဗျ'

ဟု ပြောလိုက်၏။

လင်ဝိဖုန်းက သက်ပြင်းချလိုက်မိလေသည်။

ဝတ်စုံဝါနှင့်လူငယ်က ...

'ကျုပ် တကယ်ပြောနေတာပါ၊ ခင်ဗျားမယုံရင်တော့ ကျုပ်လဲ ဘယ်လိုမှ မတတ်နိုင်ဘူး'

ဟု ပြောလိုက်ပြန်၏။

လင်ဝိဖုန်းမှာ လူငယ်၏ အပြောအဆိုများကြောင့် ခံပြင်းစိတ်များ ဖြစ်ပေါ်လာ၏။ မည်သူမဆို ... သူ၏ နာမည်ကြားသည်နှင့် သူ့အား လေးစားစွာ ဆက်ဆံကြသည်။

ယခုလူငယ်မှာမူ ... သူ့အား ဂရုပင် မစိုက်ပါချေ။



ဝတ်စုံဝါလူငယ်က ခေါင်းပေါ် လက်တင်လိုက်ပြီး ...

'ကျုပ်နဲ့တွေ့တဲ့ လူတိုင်းက နာမည်ကို သိချင်ကြတယ်၊ ကျုပ်ကို မေးကြတယ်၊ ဒီလိုပဲ ကျုပ်နာမည်ကို ကျုပ်လဲ သိပ်သိချင်တယ်၊ ကျုပ်က ဘယ်သူ့ကို မေးရမှာလဲ'

ဟု တစ်ကိုယ်တည်း ပြောလိုက်၏။

ပြောရင်း ... မျက်ရည်များ စီးကျလာလေသည်။

လင်ဝိဖုန်းမှာ ဝတ်စုံဝါနှင့်လူငယ်အား ကြည့်ကာ အံ့ဩသွားမိလေ၏။

စောစောက ခံပြင်းသော စိတ်သည် ... ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားလေတော့သည်။

ထိုစဉ်မှာပင် အဝေးမှ မြင်းခွာသံများ ကြားလိုက်ရလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## ရောဂါဆန်း

မြင်းခွာသံများ … တဖြည်းဖြည်း နီးကပ်လာ၏။

လင်ဝိဖုန်းက စိုးရိမ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက်၏။

ဖုချင်စန်းတို့ လူစုဖြစ်နေသည်ကို တွေ့မှ စိတ်အေးသွားလေတော့သည်။

မောက်ဝမ်လင်က မြင်းပေါ်မှ ဆင်းလိုက်ပြီး …

'ဘာဘ … ကျွန်မတို့ ချိန်းထားတဲ့ ဒီနေရာကို သူ မှတ်မိတယ် တွေ့လား၊ သူ့ကို ကုလို့ … ဘာလို့ မရရမှာလဲ'

ဟု ပြောလိုက်၏။

ဖုချင်စန်းက …

'မလွယ်ဘူးကွ'

မောက်ဝမ်လင်က နှုတ်ခမ်းစူလိုက်ပြီး …

'လုံးဝ ကုလို့မရတော့ဘူးပေါ့'

ဟု မေးလိုက်၏။



ဖုချင်စန်းက …

'ဒီလိုလဲ မဟုတ်သေးဘူး'

မောက်ဝမ်လင် … ခေါင်းကုတ်လိုက်ပြီး …

'ဘာဘကလဲ ဘယ်လိုမှန်း မသိပါဘူး'

ဟု ပြောရင်း ဝတ်စုံဝါထံသို့ လျှောက်သွားလေသည်။

ဝတ်စုံဝါ မျက်ရည်ကျနေသည်ကို တွေ့သောအခါ …

'ဘာတွေ တွေးနေပြန်ပြီလဲ၊ ဒီမှာ … ဒါ ကျွန်မမိတ်ဆွေတွေပဲ လာ … လာ'

ဟု နှစ်သိမ့်လိုက်သည်။

ဝတ်စုံဝါက …

'မင်း ငါ့အကြောင်း … ပြောပြမယ်ဆို'

ဟု အားကိုးတကြီးဖြင့် မေးလိုက်သည်။

မောက်ဝမ်လင်က …

'ပြောပြမှာပေါ့၊ ရှင်ရဲ့ ပျောက်နေတဲ့ဘဝကို ကျွန်မ ပြန်ရှာပေးပါ့မယ် … စိတ်ချပါ'

ဟု နှစ်သိမ့်ရင်း လက်ဆွဲခေါ်လာခဲ့၏။

ထို့နောက် အားလုံးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ဝတ်စုံဝါနှင့် လူငယ်က တစ်ဦးချင်း၏ နာမည်ကို ဖြည်းဖြည်းချင်း ရွတ်လိုက်၏။

သူ စဉ်းစားနေဟန် တူ၏။

မောက်ဝမ်လင်က …

'ရှင် စဉ်းစားမနေနဲ့ … ကျွန်မတို့ သွားနားကြမယ်'

ဝတ်စုံဝါက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

လင်ဝိဖုန်းထံသို့ လျှောက်လာပြီး ...

'မင်းက သူ့မိတ်ဆွေဆိုတော့ ငါ့မိတ်ဆွေဖြစ်သွားပြီ၊ မင်းနဲ့ ငါမြင်းအတူ စီးကြတာပေါ့'

ဟု ပြောရင်း မြင်းပေါ်သို့ ခုန်တက်လိုက်၏။

လင်ဝိဖုန်းကလည်း ပြုံးရွှင်စွာ ခေါင်းညိတ်ရင်း မြင်းပေါ်သို့ တက်လိုက်၏။

ဖုချင်စန်းမှာမူ မောက်ဝမ်လင်ကို စိတ်မကောင်းစွာ တစ်ချက် ကြည့်လိုက်ပြီး ရှေ့မှ ထွက်သွားလေတော့သည်။

❖❖❖❖❖



အတန်ကြာသွားသောအခါ ...

ရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။

ရွာကလေးမှာ သေးငယ်၏။

မင်းလမ်းတစ်ခုသာရှိပြီး ... လမ်းမ တစ်ဘက်တစ်ချက်တွင် တဲအိမ်များရှိ၏။ စုစုပေါင်း အိမ်ခြေလေးဆယ်ခန့်သာရှိ၏။

အိမ်များသည် ပူးကပ်စွာ ဆောက်လုပ်ထားခြင်း မရှိပါ။

ခြံဝင်းကျယ်များ ခြားထားလေသည်။

မကြာမီ ...

ရွာထဲသို့ဝင်လာပြီးနောက် ... တံခါးဝ၌ သစ်ပင်ကြီးနှစ်ပင် စိုက်ထားသော ခြံထဲသို့ လှမ်းဝင်လိုက်လေသည်။

ထိုသစ်ပင်နှစ်ပင်မှာ မြင့်မား၏။

ပန်းများလည်း ပင်လုံးကျွတ်မျှ ပွင့်နေပေသည်။

ထိုပန်းအမည်မှာ 'ကွေ့ဝါး' ဖြစ်သည်။

ထိုပန်းသည် တရုတ်ပြည်တွင်သာ ရှိ၍ ... သနပ်ခါးပန်းနှင့် ဆင်တူသော ပန်းမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါလူငယ်မှာ ... ထိုပန်းကလေးများအား မြင်သောအခါ မျက်နှာပျက်သွားလေသည်။

ခန္ဓာကိုယ်မှာလည်း ... တုန်တုန်ယင်ယင် ဖြစ်သွား၏။

လင်ဓိဖုန်းက ဖေးမလိုက်ပြီး ...

'ညီလေး ... မင်းဘာဖြစ်သွားတာလဲ'

ဟု မေးလိုက်၏။

ဝတ်စုံဝါလူငယ်က ဏ္ဍေမြေပြန်ထိန်းရင်း ...

'ကိစ္စ ... မရှိတော့ပါဘူး'

ဟု ပြောလိုက်၏။

မောက်ဝမ်လင်မှာ ... ဝတ်စုံဝါလူငယ်၏ အဖြစ်အပျက်ကို တွေ့မြင်လိုက်သဖြင့် သက်ပြင်းတစ်ချက် မသိမသာချလိုက်လေသည်။ အိမ်ရှင်မှာ ကြိုတင်စောင့်ဆိုင်းနေသည်ထင့်။ သူတို့ရောက်လာသည်နှင့် ထွက်၍ ကြိုလိုက်လေသည်။

❖❖❖❖❖



အိမ်ထဲ၌ စားသောက်ဖွယ်ရာများ ပြင်ဆင်လာ၏။

ဖန်ဖြင့် ပြုလုပ်ထားသော အရက်အိုးတစ်လုံးလည်း တင်ထားလေ၏။ အားလုံးက စားပွဲတွင် ဝင်ထိုင်လိုက်ကြလေသည်။

အိမ်ရှင်က ...

'ကဲ ... စားကြသောက်ကြပါ၊ ဘာမှ အားနာမနေကြပါနဲ့'

ဟုပြောရင်း အရက်များငှဲ့ပေးလိုက်လေသည်။

ဝတ်စုံဝါမှာ အရက်ခွက်အားကိုင်ရင်းမှ အရက်ပုလင်းထဲတွင် တွေ့ဝါးပန်းပွင့်လေး စိမ်ထားသည်ကို လှမ်းတွေ့လိုက်ရလေသည်။

သူ၏မျက်နှာမှာ ဖြူရော်သွား၏။

လက်မှာလည်း တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

နောက်ဆုံး ဝတ်စုံဝါလူငယ်မှာ စိတ်မထိန်းနိုင်ဘဲ အရက်ခွက်ကို ကြမ်းပေါ်သို့ ပစ်ပေါက်ချလိုက်လေသည်။

'ခွမ်း ...'

အရက်ခွက်မှာ အစိတ်စိတ်အမြွာမြွာ ကွဲသွား၏။

အိမ်ရှင်၏မျက်နှာမှာ မည်းမှောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်၏အပြုအမူသည် သူ့အား စော်ကားနေသကဲ့သို့ပင် မဟုတ်ပါလား။ အိမ်ရှင်က ဝုန်းခနဲ ထရပ်ရန် ဟန်ပြင်လိုက်၏။

သို့သော် ... သူထ၍ မရပါ။

ဖုချင်စန်းက အသာဆွဲထားလိုက်ပြီး လေသံနှင့် ပြောလိုက်၏။

အိမ်ရှင်က သက်ပြင်းချလိုက်ပြီး ... မသိဟန်ဆောင်နေလိုက်လေသည်။ ဝတ်စုံဝါလူငယ်မှာ စိတ်ပြန်တည်ငြိမ်သွားပြီ ဖြစ်၏။

ကြမ်းပေါ်၌ ကြွေမွနေသော အရက်ခွက်ကိုကြည့်လိုက်ပြီးလျှင် သက်ပြင်းချလိုက်၏။ ထို့နောက် သူက ...

'ကျွန်တော် ... ဒီပန်းနဲ့ တစ်ခုခုပတ်သက်နေသလိုပဲ၊ ဒီပန်းကို မြင်ရင် ကြောက်တယ်၊ မုန်းတယ်၊ အခုလို ကျွန်တော် သတိလက်လွတ် ပြုမိတာကို ခွင့်လွှတ်ပါဗျာ'

ဟု အိမ်ရှင်အား တောင်းပန်လိုက်လေသည်။

အိမ်ရှင်က ပန်းစိမ်ထားသောအရက်ပုလင်းအား သိမ်းဆည်းလိုက်ရင်း ...

'ရပါတယ်ဗျာ၊ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ကဲ ... စားကြ သောက်ကြပါဦး'

ဟု လိုက်လိုက်လျောလျော ပြောဆိုလိုက်၏။

အားလုံးလည်း စားသောက်လိုက်ကြလေသည်။

လင်ဝိဖုန်းမှာ အစားအသောက်များကို အမြန်ဆုံးစားသောက်လိုက်၏။ သူ၏ရင်ထဲ၌ မေးခွန်းများ တန်းစီနေ၏။

ဖုချင်စန်းတို့ အဘယ်ကြောင့် ... ခွန်မိန်သို့ ရောက်ရှိလာသနည်း။ နယ်စားကြီးဝူစန်းကွေ့ထံ ... မည်သို့ အယုံသွင်း၍ နေနိုင်ပါသနည်း။



သူတို့ အဖမ်းခံနေရသည်ကို ... မည်သို့သိရှိခဲ့ပါသနည်း။

သူ့နည်းတူပင် ... လီထက်ရှင်းမှာလည်း မေးချင်နေ၏။

ဖုချင်စန်းတို့ ... သူ့အား အဘယ်ကြောင့် ကယ်တင်လာနိုင်သနည်း။

သူ၏အဖွဲ့သားများအား အဘယ်ကြောင့် ဦးဆောင်လာနိုင်ပါသနည်း။

ထိုမေးခွန်းများကြောင့် ... အစားအသောက်ကို အမြန်ဆုံး စားသောက်လိုက်ခြင်းဖင် ဖြစ်ပါသည်။

ဖုချင်စန်းကလည်း လင်ဝိဖုန်းနှင့် လီထက်ရှင်းတို့က သူ့အား မေးမြန်းလိုကြောင်း သိလိုက်၏။

စားသောက်ပြီးစီးသောအခါ လင်ဝိဖုန်းတို့မမေးမီ သူကပင် စတင်ပြောပြလိုက်လေသည်။

'မင်းတို့ ... သိချင်တာလေးတွေ ရှိနေတယ် မဟုတ်လား'

လင်ဝိဖုန်းက ...

'ဟုတ်ပါတယ်၊ ဆရာကြီး...'

သူ၏စကားမဆုံးမီ ဖုချင်စန်းက လက်ကာပြလိုက်ပြီး ...

'ဒီနေ့ အားလုံးပင်ပန်းနေကြတာပဲ၊ ဒီည အနားယူလိုက်ကြပါဦး၊ မနက်ဖြန်ကျမှပဲ ပြောပြပါ့မယ်'

ဟု ပြောလိုက်လေသည်။

လင်ဝိဖုန်းနှင့် လီထက်ရှင်းတို့မှာ ခိုးလိုးခုလု ဖြစ်သွားကြ၏။

အတင်းမေးရန်လည်း မသင့်လျော်သဖြင့် ငြိမ်နေလိုက်ကြရလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ည … တိတ်ဆိတ်နေ၏။

တစ်ခါ တစ်ရံမှသာ ပုရစ်ကလေးများ အော်သံ ကြားရသည်။

လင်ဝိဖုန်းမှာ ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သို့သော် … သူ အိပ်မပျော်သေးပါ။

အတွေးများစွာက သူ့အား နှောင့်ယှက်နေ၏။

ခုတင်ပေါ်၌ ဘယ်ညာလူးလိမ့်ရင်း ကြိုးစားအိပ်လိုက်၏။

မျက်စိကို မှိတ်လိုက်သည်နှင့် … လျှူယုဖန်၏ ရုပ်သွင်က ပေါ်လာသည်။

လျှူယုဖန်၏ စကားသံများကိုလည်း ကြားယောင်လာ၏။

လင်ဝိဖုန်း၏ ခန္ဓာကိုယ်မှာ … တုန်ယင်လာ၏။

မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ထထိုင်လိုက်၏။

လျှူယုဖန်နှင့် ပတ်သက်သမျှကို … အာရုံထဲမှ မောင်းထုတ်လိုက်သည်။

အာရုံထဲမှ လျှူယုဖန် ထွက်သွားသောအခါတွင် … ဝတ်စုံဝါက အစားထိုး ဝင်ရောက်လာပြန်သည်။



လင်ဝိဖုန်း … သက်ပြင်းတစ်ချက်ချလိုက်သည်။

ဝတ်စုံဝါသည် မည်သူနည်း။

သူသည် အသက်ငယ်ရွယ်သော်လည်း … သိုင်းပညာကမူ အဆင့်မြင့်လွန်း၏။ ဝတ်စုံဝါသည် စိတ်ပုံမှန်မဟုတ်ဟု ယူဆမိသည်။

အဘယ်ကြောင့် … စိတ်မမှန်ရပါသနည်း။

ဤလူငယ်လေးတွင် အဘယ်ကြောင့် ဤရောဂါ ရလာရပါသနည်း။

သူ … မသိပါ။

စဉ်းစား၍လည်း … မရပါ။

ခေါင်းတစ်ခုလုံး ချာလည်မူးလာ၏။

နောက်ဆုံး …

သူက အခန်းတွင်း၌ မနေနိုင်တော့ပါ။

အခန်းတံခါးဖွင့်ကာ … ထွက်လာခဲ့လေသည်။

ဧည့်ခန်းတွင်းသို့ ဝင်မိသည်နှင့် ဧည့်ခန်းထဲ၌ထိုင်၍ စာဖတ်နေသော လူတစ်ယောက်အား … တွေ့လိုက်ရလေသည်။ ထိုလူမှာ ဖုချင်စန်းပင် ဖြစ်သည်။

ဖုချင်စန်းက မော့ပင် မကြည့်ဘဲ …

'တော်တော်ကြာကျရင် … ထူးဆန်းတာလေးတွေ မြင်ရမယ်၊ ဘာပဲတွေ့ရတွေ့ရ … ဝင်မစွက်ပါနဲ့'

ဟု လှမ်းပြောလိုက်လေသည်။

လင်ဝိဖုန်းက …

'ဘာဖြစ်လို့လဲ … ဘယ်သူ ဒီကိုလာမှာမို့လဲ'

ဟု နားလည်စွာဖြင့် ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းက ...

'မင်းနောက်တော့ ... သဘောပေါက်ပါလိမ့်မယ်၊ ငါတစ်ခုပဲ တောင်းပန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းဝင်မစွက်ပါနဲ့၊ ဝင်ပြီး မကူညီပါနဲ့၊ ငါ့စကား နားထောင်ပါ'

ဟု တပ်ပြောလိုက်လေသည်။

လင်ဝိဖုန်းမှာ ကြောင်အမ်းအမ်း ဖြစ်နေ၏။

သူ ... ထပ်မမေးချင်တော့ပါ။

မေး၍လည်း ဖုချင်စန်းကပြောမည်မဟုတ်ကြောင်း နားလည်လိုက်၏။ ထို့ကြောင့် ... အခန်းတွင်းသို့ ပြန်ဝင်လာခဲ့၏။

သို့သော် ... သူက အိပ်စက်ရန် မဟုတ်ပါ။

အခန်းတံခါးကြားမှ နေ၍ ... ဧည့်ခန်းဆီသို့ ချောင်းမြောင်း ကြည့်ရှုနေလိုက်မိလေတော့သည်။

❖❖❖❖❖



၅

ညမှာ ... တဖြည်းဖြည်း နက်လာ၏။

တစ်ခါတစ်ရံ ခွေးအူသံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ဧည့်ခန်းအတွင်းရှိ မီးအိမ်မှာ လေအဝှေ့ဝယ် ယိမ်းနွဲ့လှုပ်ရှားသွား၏။

ဖုချင်စန်းမှာ ငြိမ်သက်စွာ ထိုင်နေရင်း ... စာအုပ်တစ်အုပ်ကို ကြည့်ရှုနေ၏။ သူသည် စာထဲမှ လွဲ၍ အခြားအရာများကို မေ့လျော့နေသကဲ့သို့ ရှိနေ၏။ လင်ဝိဖုန်းမှာ ဧည့်ခန်းတွင်းသို့ ကြည့်နေရာ ထူးခြားမှု တစ်စုံတစ်ရာမျှ မရှိသဖြင့် အားမလို အားမရ ဖြစ်နေ၏။

'ဒေါင် . . ဒေါင် . . ဒေါင် . . ဒေါင်'

အဝေးမှ အုန်းမောင်းခေါက်သံ ဆယ့်နှစ်ချက် လွင့်ပျံ့လာ၏။ သန်းခေါင်ယံသို့ပင် ရောက်ချေပြီ။ သို့သော် ...

ထူးခြားမှု တစ်စုံတစ်ရာမျှ မတွေ့ရသေးပါ။

လင်ဝိဖုန်းမှာ စိတ်မရှည်တော့ပါ။

အခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

'ရှပ် ... ရှပ်'

ခြေသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

ခြေသံနှင့်အတူ လူရိပ်တစ်ရိပ် တစ်လှမ်းချင်း လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

လင်ဝိဖုန်း အသက်ပင် မရှူနိုင်ဘဲ၊ ထိုအရိပ်အား ကြည့်နေမိလေသည်။

ထိုအရိပ်မှာ ... ဧည့်ခန်းအတွင်းသို့ လှမ်းဝင်လိုက်၏။

ဧည့်ခန်းမှ မီးရောင်ကြောင့် ထိုလူအား ပီပီပြင်ပြင် မြင်တွေ့လိုက်ရလေတော့သည်။

ထိုလူမှာ ... အခြားလူ မဟုတ်ပါ။

ဝတ်စုံဝါနှင့် လူငယ်ပင် ဖြစ်၏။

သူ၏ လက်နှစ်ဖက်စလုံးတွင် ဓားများကိုင်ဆောင်ထား၏။

သူ၏မျက်လုံးမှာ မလွှေ့ဘဲ ရှေ့သို့သာ စိုက်ကြည့်နေ၏။

သူ၏မျက်နှာထားမှာ ... တင်းမာခက်ထန်နေပြီး သတ်ချင်ဖြတ်ချင်သောအရိပ်အယောင်များ ပေါ်လွင်နေသည်ကို တွေ့လိုက်ရလေသည်။

လင်ဝိဖုန်းမှာ သတ္တိကောင်းသူ တစ်ဦး ဖြစ်၏။

တော်တန်ရုံကိစ္စများတွင် ကြောက်စိတ် နည်းပါးလှသူတစ်ဦးဖြစ်သည်။

သို့သော် ...

ယခု ဝတ်စုံဝါ၏ မျက်နှာထားအမူအရာကို တွေ့မြင်လိုက်ရသောအခါ ကြက်သီးပင် ဖြန်းခနဲထသွား၏။



ဖုချင်စန်းအတွက် စိုးရိမ်သွားပြီး ... ထိုလူငယ်အား ဟန့်တားရန်အတွက် အခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ... သူမထွက်ဖြစ်ပါ။

ဖုချင်စန်း ... မှာကြားသောစကားကို ပြန်လည် ကြားယောင်လိုက်သောကြောင့် ဖြစ်ပါသည်။

ထို့အပြင် ဖုချင်စန်း၏ သိုင်းပညာမှာလည်း အဆင့်မြင့်၏။

ဝတ်စုံဝါလူငယ်၏ တိုက်ခိုက်မှုကို အတန်ကြာ ခုခံနိုင်မည်ဟုလည်း တွက်ဆမိ၏။

ထို့ကြောင့် ... သူက ငြိမ်နေလိုက်ပြီး ဧည့်ခန်းဆီသို့ ပြန်ကြည့်လိုက်လေသည်။

ဖုချင်စန်းမှာမူ ... မသိသလိုပင်။

စာကိုသာ အေးအေးဆေးဆေးဖတ်နေ၏။

လင်ဝိဖုန်းမှာ ဖုချင်စန်း၏ တည်ငြိမ်မှုကိုကြိတ်၍ ချီးကျူးမိလေသည်။

ဝတ်စုံဝါလူငယ်မှာ ... ဖုချင်စန်းရှေ့သို့ ရောက်လာ၏။

ဖုချင်စန်းက မော့ပင်မကြည့်ဘဲ ...

'ကဲ ... ရေနွေးသောက်လိုက်ပါဦး'

ဟု ပြောရင်း ရေနွေးခွက်ကို လှမ်းပေးလိုက်၏။

ထိုအခါ ...

ဝတ်ရုံဝါလူငယ်မှာ ဆတ်ခနဲဖြစ်သွားပြီး ... ဘယ်ဘက်လက်မှ ဓားမှာ ကြမ်းပြင်ပေါ် လွတ်ကျသွား၏။

ဓားလွတ်သွားသောလက်ဖြင့် ... ရေနွေးခွက်ကို လှမ်းယူ သောက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက ...

'မင်းနိုးလာတာ မစောဘူးလား၊ တစ်ရေးလောက် ထပ်အိပ်လိုက်ပါဦးလား'

ဟု ညင်သာနူးညံ့သော လေသံဖြင့် ပြောလိုက်၏။

ဝတ်စုံဝါလူငယ်က ...

'ဟုတ်တယ် ... အိပ်ရဦးမယ်'

ဟု အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။

ပြီးနောက် ...

ညာဘက်မှအားကိုလည်း လွှတ်ချလိုက်၏။

ထို့နောက်ပိုင်းတွင်မူကား ...

ကြမ်းပြင်ပေါ် လဲလျောင်းရင်း အိပ်စက်လိုက်လေသည်။

မကြာမီမှာပင် ... ဝတ်စုံဝါလူငယ်၏ ဟောက်သံထွက်ပေါ်လာလေတော့သည်။

❖❖❖❖❖



လင်ဝိဖုန်းမှာ ... ယခုမှပင် အသက်မှန်မှန်ရှူနိုင်၏။

သူက သက်ပြင်းချရင်း ... အခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ... လူတစ်ယောက်က သူ့ထက်ဦးစွာ ဧည့်ခန်းတွင်းသို့ ပြေးဝင်သွားသဖြင့် အသာလျှိုနေလိုက်ရလေသည်။ ဧည့်ခန်းတွင်းသို့ ပြေးဝင်လာသူမှာ မောက်ဝမ်လင်ပင် ဖြစ်ပါသည်။

မောက်ဝမ်လင်၏ မျက်နှာပေါ်တွင် ... စိုးရိမ်ပူပန်ဟန်များ အထင်းသားပေါ်နေ၏။ ဧည့်ခန်းတွင်းသို့ရောက်သောအခါ ဖုချင်စန်းကိုတစ်လှည့် ကြမ်းပေါ်တွင် အိပ်ပျော်နေသောဝတ်စုံဝါလူငယ်ကို တစ်လှည့် ကြည့်လိုက်၏။

မောက်ဝမ်လင်က သက်ပြင်းချလိုက်၏။

သူမသည် ... ယခုမှ စိတ်သက်သာရာ ရသွားဟန်တူ၏။

ဖုချင်စန်းရှေ့တွင် ဝင်ရောက်ထိုင်ချလိုက်ပြီး ...

'ဘဘ ... ဘယ်သူမှ ဘာမှ မဖြစ်ကြဘူးနော်'

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းက ပြုံးလိုက်ပြီး ...
'စိတ်မပူပါနဲ့တော့'
ဟု ပြောလိုက်၏။
မောက်ဝမ်လင်က ...
'တော်ပါသေးရဲ့ ... ဘာဘရယ်'
ဟု ရင်ကိုဖိကာ ပြောလိုက်၏။
ဖုချင်စန်းက ခေါင်းခါယမ်းလိုက်ပြီး ...
'ဒါပေမယ့် ... သူ့ကို ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး'
ဟု လေးပင်စွာ ပြောလိုက်၏။
မောက်ဝမ်လင်က မျက်မှောင်ကုပ်လိုက်ပြီး ...
'ဘာဖြစ်လို့လဲ ဘာဘ'
ဖုချင်စန်းက ...
'သူ့ရဲ့သိုင်းပညာတွေ ... ငါဖျက်ဆီးပစ်ဖို့ စဉ်းစားနေတယ်'
ဟု ဆပ်ပြောလိုက်၏။
မောက်ဝမ်လင်၏မျက်နှာမှာ ဖြူရော်သွားပြီး ...
'မလုပ်ပါနဲ့ ... ဘာဘရယ်'
ဟု တောင်းပန်လိုက်၏။
ဖုချင်စန်းက သက်ပြင်းချရင်း ...
'မဖြစ်ဘူးကွယ်၊ သူ့ရောဂါဟာ ထူးဆန်းလွန်းတယ်၊ အသိဉာဏ်ကင်းကွာသွားတဲ့ ရောဂါပဲ၊ ကုသဖို့ မလွယ်လှဘူး'
မောက်ဝမ်လင်က ...
'ဘာဘ ... တကယ်ပြောတာလား'
ဟု စိုးရိမ်သောလေသံဖြင့် ပြောလိုက်၏။



ဖုချင်စန်းက ...
'တကယ်ပြောတာသမီးရယ်၊ ဒီရောဂါဟာ ဖောက်ပြန်လာရင် သူ့ရဲ့ ပင်ကိုယ်အသိစိတ် ... ပျောက်သွားတယ်၊ ပြီးတော့ လူသတ်ဖို့ပဲ စိတ်စွဲနေတော့တယ်'
မောက်ဝမ်လင်က ငြိမ်သက်စွာ နားထောင်နေလိုက်၏။
ဖုချင်စန်းက သက်ပြင်းချရင်း ဆက်ပြောလိုက်၏။
'သူ့ရဲ့သိုင်းပညာဟာ သိပ်ကိုမြင့်မားတယ်၊ သူ့အသိဉာဏ်ကင်းကွာသွားပြီး လူသတ်ဖို့ကြိုးစားတဲ့အခါ ... သူ့ကို ဘယ်သူက ဟန့်တားနိုင်မလဲ'
မောက်ဝမ်လင်က ...
'သူ ... ဘာဘကိုသတ်ဖို့ ကြံစည်သေးလို့လား'
'ဟုတ်တယ်'
'အခု ... ဘာဘ ဘာမှမဖြစ်ဘဲ'
ဖုချင်စန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...
'ငါ ကံကောင်းသွားလို့ပါ ... နောက်တစ်ခါဆို ဒီလို ကံကောင်းချင်မှ ကံကောင်းနိုင်မယ်'
သူက ပြောရင်း မောက်ဝမ်လင်အား စိုက်ကြည့်လိုက်၏။
ပြီးမှ ... စကားဆက်လိုက်လေသည်။
'သမီး စိတ်မကောင်းမဖြစ်ပါနဲ့၊ ကံတရားပဲပေါ့ကွယ်၊ သူ့ကို သိုင်းပညာဖျက်ဆီးမှ ... ဖြစ်တော့မယ်'
မောက်ဝမ်လင်က မျက်ရည်ကျလာပြီး ...
'ဒါ ... ဒါဆို သူ ... သူဟာ ဒုက္ခိတဖြစ်သွားမှာပေါ့'
ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းက ...

'ဒုက္ခိတ မဖြစ်ပါဘူး၊ သူ့ရဲ့အတွင်းအားနဲ့ သိုင်းပညာကိုသာ ချေဖျက်ရုံပါပဲ ... ဘာဘကို ယုံကြည်စိတ်ချစမ်းပါ'

'ဘာဘရယ် ... သူ့ကို ဒီလိုမလုပ်လို့ မရဘူးလား၊ တခြားနည်းလမ်းကော မရှိတော့ဘူးလား'

'မရှိဘူးသမီး၊ ဒီတစ်နည်းပဲ ... ဘာဘတတ်နိုင်မယ်'

မောက်ဝမ်လင်မှာ ဆက်မပြောနိုင်တော့ပါ။

စားပွဲပေါ်မှာ မှောက်လျက် ငိုကြွေးလိုက်တော့သည်။

ဖုချင်စန်းက ဖြည်းလေးစွာ ထရပ်လိုက်သည်။

ထို့နောက် ... ဝတ်စုံဝါထံသို့ လျှောက်သွားလိုက်တော့၏။

ထိုစဉ်မှာပင် ... လူတစ်ဦးကခုန်ဝင်လာပြီး ဖုချင်စန်း၏ရှေ့မှ ပိတ်ကာ ဟန့်တားလိုက်တော့သည်။

'မလုပ်ပါနဲ့'

ဖုချင်စန်းက ရယ်မောလိုက်ပြီး ...

'ငါထင်သားပဲ၊ မင်းမနေနိုင်ဘဲ ထွက်လာလိမ့်မယ်လို့'

မှန်ပါသည်၊ ဟန့်တားလာသူမှာ လင်ဝိဖုန်းပင် ဖြစ်ပါ၏။

လင်ဝိဖုန်းမှာ ဘာမှပြန်ပြောဘဲ လမ်းကိုသာ ပိတ်ဆို့ထားလေသည်။

ဖုချင်စန်းက လင်ဝိဖုန်းအား စိုက်ကြည့်လိုက်ပြီး ...

'မင်း ... ငါ့စကား နားမထောင်ပါလား'

ဟု ပြောလိုက်သည်။

လင်ဝိဖုန်းက သက်ပြင်းချကာ ...

'ကျွန်တော် နားမထောင်တာ မဟုတ်ပါဘူး'



ဖုချင်စန်းက မျက်နှာထားဖြင့် ...

'မင်း ... နားမထောင်လို့သာ ထွက်လာတာပေါ့'

လင်ဝိဖုန်းက သက်ပြင်းချလိုက်ပြီး ...

'ကျွန်တော် ... တခြားကိစ္စဆိုရင် ဝင်မစွက်ပါဘူး၊ အခုလို သူ့သိုင်းပညာကို ဖျက်မယ်ဆိုလို့ တားမိတာပါ'

ဖုချင်စန်းက ...

'သူ ငါ့ကိုသတ်ဖို့ လာတာကော မင်းတွေ့တယ် မဟုတ်လား'

'တွေ့ပါတယ်'

'အေး ... သူဟာ ဒီလိုပဲ လူတွေလျှောက်သတ်နေရင် ဘယ်လို လုပ်မလဲ၊ သူ့သိုင်းပညာကို မင်းခန့်မှန်းမိမှာပေါ့။ သူ့ကို ဘယ်သူက ဟန့်တားနိုင်မှာလဲ'

လင်ဝိဖုန်းမှာ ... ငိုင်ကျသွားသည်။

ဖုချင်စန်းက ဆက်ပြောလိုက်သည်။

'ဒီတော့ သူ့သိုင်းပညာကို ဖျက်ဆီးလိုက်မှသာ စိတ်ချရမယ် မဟုတ်လား'

လင်ဝိဖုန်းက သက်ပြင်းချလိုက်ရင်း ...

'သူ့ရဲ့သိုင်းပညာဟာ ... တကယ်အဆင့်မြင့်ပါတယ်၊ သူ ဒီလို အဆင့်မြင့်အောင် ... လွယ်လွယ်နဲ့ ရခဲ့မှာမဟုတ်ဘူး၊ တပင်တပန်း ကြိုးစားခဲ့ရမှာ၊ သူ့သိုင်းပညာကို ဖျက်ဆီးရမှာ နှမြောစရာကောင်း လှပါတယ်၊ တခြားနည်းလမ်း စဉ်းစားကြည့်ပါဦး'

ဟု တောင်းပန်လိုက်လေသည်။

ဖုချင်စန်းက ...

'ငါ ... ကုလို့ မရဘူး ဆိုရင်ကော'

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းက ...

'ကျွန်တော်တို့ အတတ်နိုင်ဆုံး ... သူ့ကို ထိန်းသိမ်းရမှာပေါ့။ ပြီးတော့ ... သူ့ကိုကုသဖို့ နည်းလမ်းထပ်ရှာကြတာပေါ့'

ဟု ပြောလိုက်လေသည်။

သူ၏ စကားအဆုံး၌ ဖုချင်စန်းက အားရပါးရ ရယ်မောလိုက်လေသည်။ အတန်ကြာ ရယ်မောပြီးမှ ...

'မင်းတို့က ... ငါတကယ်ပဲ သူ့သိုင်းပညာကို ဖျက်ဆီးပစ်မယ်လို့ ထင်နေကြလို့လား'

ဟု မေးလိုက်လေသည်။

ထိုစကားကြားသောအခါ မောက်ဝမ်လင်က ခုန်ထလာပြီး ...

'ဒါဆို ... ဘဘက အဲဒီလို မလုပ်တော့ဘူးပေါ့'

ဟု မေးလိုက်လေသည်။

ဖုချင်စန်းက ...

'အေး ...'

'ဒါဆို ဘဘက ဘာလို့ သူ့ရဲ့သိုင်းပညာကို ဖျက်ဆီးပစ်မယ်လို့ ပြောရတာလဲ'

'ဒါက ... သမီးတို့ရဲ့စိတ်ကို စမ်းသပ်လိုက်တာပါ'

'ရှင်'

ဖုချင်စန်းက ပြန်လည်ထိုင်ချလိုက်ပြီး ...

'ဘဘ ... ရှင်းပြပါ့မယ်'

'ဟုတ်ကဲ့'

'သူ့ရဲ့ရောဂါဟာ စိတ်ရောဂါပါ၊ စိတ်ရောဂါဆိုတာ စိတ်နဲ့ပဲ ပြန်ကုရမယ်၊ ဒီအခါမှာ ... သူ့ကို အနီးကပ် ပြုစုစောင့်ရှောက်ဖို့



မိန်းကလေးတစ်ယောက် အနားမှာရှိရမယ်၊ သူဟာ ဒီမိန်းကလေးကို ယုံကြည်ကိုးစားလာရတဲ့အထိ ... စွမ်းဆောင်နိုင်ရမယ်၊ ဒီတော့ အဲဒီ မိန်းကလေးမှာ တာဝန်သိပ်ကြီးလာပြီ မဟုတ်လား'

မောက်ဝမ်လင်က ငြိမ်သက်စွာ နားထောင်နေလေသည်။

ဖုချင်စန်းက ချောင်းတစ်ချက်ဟန့်ကာ ဆက်ပြောလိုက်၏။

'ဒီမိန်းကလေးဟာ ဘဝတစ်ခုလုံး သူ့အတွက်ပဲ မြှုပ်နှံထားရမယ်၊ မိန်းကလေးဟာ စိတ်ရှည်ရမယ်၊ ဒီရောဂါဟာ သိပ်ပြီး ပါးနပ်တယ်၊ သူ့ကို ဟန်ဆောင်ပြုစုလို့မရဘူး၊ စိတ်ရောကိုယ်ပါ ပြုစုရမယ်'

ဖုချင်စန်းက မောက်ဝမ်လင်အား စိုက်ကြည့်လိုက်ပြီး ...

'ဒီတော့ ... သူ့အတွက် အသင့်တော်ဆုံး မိန်းကလေးက သမီးပါပဲဆိုတာ ဘဘ သိရပြီ'

ဟုပြောလိုက်လေသည်။

မောက်ဝမ်လင်မှာ ... မျက်နှာကလေး ပန်းနုရောင်ပြေးပြီး ခေါင်းငုံ့သွားသည်။

ဖုချင်စန်းက ...

'ဒါကြောင့် သမီးရဲ့စိတ်ကို စမ်းကြည့်တာပါ၊ သမီး သူ့ကို ပြုစုစောင့်ရှောက်နိုင်မယ်လို့ ဘဘက ယုံကြည်လိုက်ပါပြီ'

ဟု စကားကို အဆုံးသတ်လိုက်လေသည်။

လင်ဝိဖုန်းမှာ ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့အား ကြည့်ကာ ရယ်မောလိုက်လေသည်။

တစ်ဖန် ... ဖုချင်စန်းက လင်ဝိဖုန်းဘက်သို့ လှည့်ကာ ...

'သူတစ်ယောက်တည်းတွင် ... မဟုတ်ဘူး၊ မင်းရဲ့ စိတ်ကိုလဲ စမ်းလိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ ...'

လင်ဝိဖုန်းမှာ ရယ်မောနေရာမှ အံ့အားသင့်သွားရသည်။

ဖုချင်စန်းက ...

'ဟုတ်တယ် ... မင်းဟာ သိုင်းလောကသား တစ်ယောက်၊ မင်းနဲ့လက်ရည်တူနိုင်တဲ့ ... သိုင်းသမားတစ်ယောက်ကို မနာလို မဖြစ်ဘူး၊ သူ့ရဲ့သိုင်းပညာ ပျက်စီးသွားမှာကို ကိုယ်ရဲ့ သိုင်းပညာ ပျက်စီးသွားမှာလိုပဲ ပူပန်စိုးရိမ်တယ်၊ ဒါကို ငါလိုချင်တာပဲ'

ဟု ပြောလိုက်သည်။

လင်ဝိဖုန်းက မျက်မှောင်ကုပ်သွားပြီး ...

'ကျွန်တော်တို့ ... နားမလည်နိုင်သေးဘူး'

ဟု ပြန်မေးလိုက်သည်။

ဖုချင်စန်းက ...

'ဒီလိုပါ... သူ့ကိုငါ ကုသရမယ့်အချိန် ကြာမယ် .. မကြာဘူးလို့ ပြောလို့ မရဘူး၊ ဒီအချိန်အတွင်းမှာ သူ စိတ်ဖောက်လာရင် ထိန်းနိုင်မယ့် လူတစ်ယောက် လိုတယ်၊ ဒီလူဟာ ... သူ့အပေါ် မနာလိုခြင်း ကင်းရမယ်၊ ညီငယ်တစ်ယောက်လို သဘောထားနိုင်မှ ဖြစ်မယ်လေ၊ အခု မင်းဟာ ... သူ့ကို မောက်ဝမ်လင်နဲ့ အတူတွဲပြီး ထိန်းသိမ်းဖို့ ငါ ဆုံးဖြတ်လိုက်ပြီ ... မင်းကူညီမယ် မဟုတ်လား'

ဟု ပြန်မေးလိုက်လေသည်။

လင်ဝိဖုန်းက ...

'စိတ်ချ ... ကျွန်တော်ကူညီပါ့မယ်၊ သူသာ .. ကောင်းလာရင် ကျွန်တော်တို့ တော်လှန်ရေးအတွက် တအားပဲ မဟုတ်လား'

ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။



ဖုချင်စန်းက ကျေနပ်သော အပြုံးဖြင့် ...

'မင်းဟာ သိုင်းပညာ အဆင့်မြင့်သလို ... သဘောထားလဲ ပြည့်ဝပါပေတယ်'

ဟု ချီးကျူးလိုက်လေသည်။

လင်ဝိဖုန်းက ယခုမှ သတိရသွားဟန်ဖြင့် ...

'ဒါထက် ခင်ဗျားတို့ သူ့ကို ဘယ်လို တွေ့လာသလဲ၊ ပြီးတော့ ဒီကို ဘယ်လို ရောက်လာတာလဲ၊ ပြီးတော့ ကျွန်တော်တို့ကို ဘယ်လို လုပ် ... ကယ်ထုတ်လာနိုင်တာလဲ'

ဟု တရစပ် မေးလိုက်လေသည်။

ဖုချင်စန်းက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ...

'ကဲ၊ မင်းလဲ ထိုင်ပါဦး၊ ဒီအကြောင်း ပြောရရင် အရှည်ကြီးပဲ'

လင်ဝိဖုန်းက ဝင်ထိုင်လိုက်၏။

ဖုချင်စန်းက ရေနွေးတစ်ခွက် ငှဲ့သောက်ပြီး စကားစလိုက်လေသည်။

'ဒီလိုကွယ့် ... ငါတို့ ဝူဟန်ယင်း ဂေဟာကနေ စီချွမ်ပြည်နယ်ဘက်ကို ထွက်ခဲ့တယ်မဟုတ်လား၊ ငါတို့က မြန်မြန်ရောက်ချင်စော နဲ့ ဖြတ်လမ်းကို အသုံးပြုပြီး သွားခဲ့ကြတယ်၊ အဲဒီမှာတွင် ... ငါတို့ လမ်းတွေ မှားသွားခဲ့တယ်'

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ဝတ်စုံဝါဝတ် သိုင်းသမား

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့မှာ မြင့်မားသောတောင်တန်းများအပေါ်သို့ ကျော့်ဖြတ်ရင်း ... ခရီးဆက်လာကြသည်။

သူတို့သည် နဂိုက စီချမ်ပြည်နယ်သို့ သွားရန် ဖြစ်သော်လည်း လမ်းမှားပြီး ... အနောက်မြောက်ဘက်သို့ ရောက်လာ၏။

ဤသို့ဖြင့် သွားရင်း သွားရင်း မြင့်မားသော တောင်တစ်လုံးပေါ်သို့ ရောက်သောအခါ ညနေစောင်းလာ၏။

ဖုချင်စန်းက အနားယူရန် နေရာရှာဖွေစဉ် တောင်ထိပ်တွင် အိမ်တစ်လုံးရှိနေသည်ကို အံ့သြစွာ တွေ့လိုက်ရလေသည်။

ဖုချင်စန်းက ...

'သမီး ... ဒီနေရာမှာ အိမ်ရှိတာ အံ့သြစရာပဲဟေ့'

မောက်ဝမ်လင်က ...

'ဘာပဲဖြစ်ဖြစ် ... အဲဒီမှာပဲသွားပြီး တည်းရအောင်'

သူတို့နှစ်ဦးက ထိုအိမ်ကလေးဆီသို့ လျှောက်လာခဲ့၏။



အိမ်ကလေးရှေ့တွင် ... သစ်ပင်နှစ်ပင် ရှိ၏။

ပန်းပွင့်များ ... ဝေဆာစွာ ဖူးပွင့်နေ၏။

ဖုချင်စန်းက အိမ်ရှေ့၌ ရပ်လိုက်ပြီး ...

'အိမ်ရှင် ... ရှိပါသလား ခင်ဗျာ'

ဟု အော်ဟစ်မေးမြန်းလိုက်၏။

သူ၏အသံ အဆုံးဝယ် ပိန်ပိန်ရှည်ရှည်လူတစ်ယောက် ထွက်လာ၏။ ထိုလူမှာ ... အသက်ခြောက်ဆယ်ခန့် ရှိ၏။

ရုပ်ရည်မှာ ငယ်စဉ်က ... ချောမောခန့်ညားဟန်တူ၏။

မျက်လုံးအစုံမှာ ... တောက်ပြောင်လှပေသည်။

ဖုချင်စန်းက အရိုအသေပြုလိုက်ပြီး ...

'ကျုပ်တို့ ... လမ်းမှားလာလို့ပါ၊ ဒီမှာ တစ်ညလောက်တော့ တည်းခိုခွင့်ပြုဖို့ တောင်းပန်ပါတယ်'

ဟု ပြောလိုက်၏။

ထိုလူက တစ်ချက် တွေခနဲ ဖြစ်သွားပြီး ... ဖုချင်စန်းတို့အား ကြည့်လိုက်၏။ ခဏကြာမှ ...

'ကျုပ် ... နောက်လိုက်ခဲ့ပါ'

ဟု ပြောကာ ... အိမ်ထဲသို့ လှည့်ဝင်သွားလေသည်။

အိမ်ရှင်မှာ ... သူတို့အား သိပ်လက်ခံချင်ပုံ မရပါ။

သို့သော်လည်း ... ဤနေရာမှလွဲ၍ တည်းခိုစရာ မရှိသည့်အတွက် လိုက်ဝင်သွားမိလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မှာ … သူတို့အား သိပ်လက်ခံချင်ပုံ မရသော်လည်း ဆက်ဆံရာတွင်မူ ဖော်ဖော်ရွေရွေရှိနေ၏။

ထို့နောက် …

သူတို့အား စားသောက်ဖွယ်ရာများ ခင်းကျင်းကာ ဧည့်ခံ၏။ စကားလက်ဆုံ ကျခဲ့၏။

သို့သော် အိမ်ရှင်က သူတို့အမည်ကို မမေးသလို သူ့အမည်ကိုလဲ မပြောပြပါချေ။

ဤသို့ဖြင့် … တဖြည်းဖြည်း မှောင်လာလေသည်။

ညမှောင်လာသည်နှင့် အိမ်ရှင်က …

'ခင်ဗျားတို့ဟာ သာမန်လူတွေ မဟုတ်ဘူး၊ သိုင်းလောကသားတွေဆိုတာ … ကျုပ်ရိပ်မိတယ်၊ ကျုပ်တစ်ခုတော့ ပြောချင်ပါတယ်'

ဟု စကားစလိုက်၏။

ဖုချင်စန်းက အံ့ဩသွားဟန်ဖြင့် …

'ပြောပါခင်ဗျာ'

ဟု ပြောလိုက်သည်။



အိမ်ရှင်က …

'ဒီည … ဒီမှာ ဘာကိစ္စပဲဖြစ်ဖြစ် … ခင်ဗျားတို့ ဝင်မစွက်ရဘူး၊ ခင်ဗျားတို့ တော်တော်ကြာရင် … ဟောဟိုအခန်းထဲ သွားဝင်နေပါ'

ဖုချင်စန်းက ကြောင်အမ်းအမ်း ဖြစ်သွား၏။

အိမ်ရှင်က …

'သိုင်းလောကမှာ ရန်ကြေးဟာ သိပ်ကြောက်စရာကောင်းပါတယ်၊ ကျုပ်လဲ ဒီလိုဘဝမျိုးနဲ့ မနေချင်တော့ပါဘူး၊ ကဲ … ခင်ဗျားတို့ အခန်းထဲဝင်နေပါတော့၊ ဘာပဲဖြစ်ဖြစ် … ထွက်မလာဖို့ ကျုပ်တောင်းပန်ပါတယ်'

ဟု တောင်းပန်လိုက်လေသည်။

ထိုအခါ …

ဖုချင်စန်းတို့ကလည်း အလိုက်တသိဖြင့် အခန်းထဲဝင်လိုက်၏။

ထို့နောက် …

အိမ်ရှင်က အခန်းတံခါးဝကို အသေပိတ်ထားလိုက်လေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်မှာ ... တဖြည်းဖြည်း နက်လာ၏။

လေကလေးမှာလည်း ... တိုက်ခတ်နေ၏။

လေအဝှေ့ဝယ် ... ပန်းရနံ့က ကပ်ငြိလာ၏။

ထိုစဉ် ... ဧည့်ခန်းထဲသို့ မိန်းကလေးတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

အိမ်ရှင်က ...

'သမီး ... အထဲမှာနေပါ ဆိုတာကို ဘာဖြစ်လို့ အပြင်ထွက်လာရတာလဲ'

ဟု အပြစ်တင်လိုက်သည်။

မိန်းကလေးက ... ဘာမျှ ပြန်မပြောပါ။

အိမ်ရှင်က ဆက်ပြောလိုက်ပြန်သည်။

'ဒီညကိစ္စမှာ သမီး ဝင်မစွက်ပါနဲ့၊ သူ ဘာပဲလုပ်လုပ် သမီး ကြည့်နေပါ၊ ဖေဖေ့ကို သတ်သွားလဲ ဝင်မပါရဘူး၊ နောက်ဆုံး သမီးကို ခေါ်သွားတောင် လိုက်သွားပါ၊ ဘာမှ ပြန်မလုပ်ပါနဲ့'

ဟု မှာကြားလိုက်လေသည်။



မိန်းကလေးက ...

'သမီး ... ဒီအတိုင်းတော့ ကြည့်မနေနိုင်ဘူး'

ဟု ပြောလိုက်၏။

အိမ်ရှင်က ...

'သမီး ... ငါ့စကားကို နားမထောင်ဘူးလား'

ဟု အော်ငေါက်လိုက်၏။

မိန်းကလေး ... ခေါင်းငုံ့သွားလေသည်။

ထိုစဉ်မှာပင် ... အိမ်တွင်းသို့ မြားတိုတစ်ချောင်း ဝင်ရောက်လာလေသည်။

'ဟိုး ...'

အိမ်ရှင်က သက်ပြင်းချရင်း . . .

'သူလာနေပြီ၊ ကဲ ... သမီး အထဲဝင်နေတော့'

မိန်းကလေးက ခေါင်းငိုက်စိုက်ချကာ အိမ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်နှာနီနီနှင့် လူကြီးတစ်ယောက် ဝင်လာလေသည်။

ထိုလူက ... အိမ်ရှင်အား စိုက်ကြည့်လိုက်ပြီး ...

'ကွေ့ထင်းလန် ... မင်းက အကူအညီ ခေါ်ထားတာကိုး'

ဟု ပြောလိုက်၏။

အမှန်စင်စစ် ... စားပွဲပေါ်တွင် စားသောက်ပြီးစီးစ ပန်းကန်များကို တွေ့သဖြင့် ပြောလိုက်ခြင်း ဖြစ်၏။

ကွေ့ထင်းလန်က ...

'မဟုတ်ပါဘူး၊ သူတို့က လမ်းမှားပြီးရောက်လာတဲ့ ဧည့်သည်တွေပါ၊ ငါတို့ကိစ္စထဲ ... ဝင်မပါစေရပါဘူး'

ထိုလူက ...

'ပါလဲ ... ငါက ဂရုမစိုက်ဘူး'

ဟု ပြောရင်း စတင်တိုက်ခိုက်လိုက်လေသည်။



ကွေ့ထင်းလန်က ရှောင်တိမ်းလိုက်ပြီး ...

'မတိုက်ခိုက်ခင် ... ငါ့စကားကို နားထောင်ပါဦး'

ထိုလူက ...

'မင်း အပိုတွေ ဘာမှ ပြောမနေနဲ့တော့'

ဟုပြောရင်း ... ဆက်လက်တိုက်ခိုက်လိုက်ပြန်သည်။

ကွေ့ထင်းလန်မှာ ရှောင်တိမ်းနေ၏။

သူသည် ထိုလူအား ပြန်လည်တိုက်ခိုက်ခြင်း မပြုပါချေ။

ဖုချင်စန်းက အကဲခတ်လိုက်၏။

စင်စစ် ... ကွေ့ထင်းလန်၏ သိုင်းပညာမှာ ထိုလူထက် အဆင့်မြင့်ပုံ ပေါ်၏။

သို့သော် ...

ယခုသူသည် မတိုက်ခိုက်ဘဲ၊ အဘယ်ကြောင့် ရှောင်တိမ်းနေရပါသနည်း။ သူ ... မည်သို့မျှ စဉ်းစားမရပါချေ။

တိုက်ပွဲဆီသို့သာ ပြန်လည် ချောင်းကြည့်လိုက်၏။

ကွေ့ထင်းလန်မှာ ရှောင်တိမ်းရင်းနှင့် နောက်ဆုံး၌ ဧည့်ခန်းထောင့်တွင် ပိတ်မိသွား၏။

ထိုလူမှာမူ ... ကွေ့ထင်းလန် မခုခံသည်ကို မသိသည့်အလား ပြင်းထန်စွာပင် တိုက်ခိုက်လာ၏။

ကွေ့ထင်းလန်က မတတ်သာ၍ ပြန်လည်ခုခံလိုက်၏။

သူ၏ခုခံမှုမှာ ထိုလူကို မထိခိုက်စေလို၍လားမသိ၊ အားလျှော့နေ၏။

သို့သော် ... ထိုလူမှာ အလိုက်ကန်းဆိုး မသိပါ။

ကွေ့ထင်းလန် လျှော့ပေးနေသည်ကိုလည်း ဂရုမစိုက်ပါ

www.burmeseclassic.com



ကွေ့ထင်းလန်ကိုသာ အသေသတ်ရန် ကြိုးစားနေ၏။

တစ်ကြိမ်တွင်မူ ... ကွေ့ထင်းလန်မှာ ထိုလူ၏ကန်ချက် ထိမှန်သွားပြီး ... နောက်သို့ လွင့်စဉ်ထွက်သွားလေသည်။

ထိုလူက ... သဘောကျစွာ ရယ်မောလိုက်၏။

ကွေ့ထင်းလန်က လူးလဲ၍ ပြန်ထလာ၏။

ထိုလူက ထပ်မံတိုက်ခိုက်မည်အပြု အိမ်တွင်းမှ အရိပ်တစ်ရိပ်က ခုန်ထွက်လာပြီး ထိုလူအား ဟန့်တားတိုက်ခိုက်လိုက်လေသည်။

ဟန့်တားတိုက်ခိုက်လာသူမှာ စောစောက မိန်းကလေးပင်ဖြစ်၏။

ကွေ့ထင်းလန်က ...

'သမီး ကျူးကျင်း ... မလုပ်နဲ့'

ဟု ပြောရင်း ဟန့်တားလိုက်၏။

သူ၏အော်သံကြောင့် ... ကျူးကျင်း ခေါ် ကွေ့ကျူးကျင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး နောက်သို့ ဆုတ်သွားလေသည်။

ထိုစဉ်မှာပင် ... ပြတင်းပေါက်မှ အရိပ်လေးခုက ဝင်လာ၏။ မန်ချူးလူမျိုး ဗုံက် အာဏာသား လေးဦးပင် ဖြစ်၏။

ထိုအထဲမှ ခေါင်းဆောင်က ... အိမ်တွင်းရောက်သည်နှင့် ကျူးကျင်းအား ဖမ်းချုပ်ကာ အပြင်သို့ ပြန်လည် ခုန်ထွက်သွား၏။

ကွေ့ထင်းလန်နှင့် တိုက်ခိုက်နေသူမှာ ရုတ်တရက် သတိဝင်လာပြီး ... နောက်မှ ပြေးလိုက်သွားလေသည်။

ကွေ့ထင်းလန်က လိုက်မည်အပြု ... မန်ချူးအာဏာသားသုံးယောက်က ဝိုင်း၍ တိုက်ခိုက်လိုက်လေသည်။

သာမန်အားဖြင့် ... ကွေ့ထင်းလန်က ထိုလူများအား မမှုပါ။



သို့သော် ... သူသည် အတွင်းဒဏ်ရာရနေသဖြင့် ထိုအာဏာသားသုံးဦးအား မနည်းခုခံနေရလေသည်။

ဖုချင်စန်းမှာ ကြည့်ရင်း ခံပြင်းလာ၏။

သူသည် တံခါးအား လက်ဝါးဖြင့် တအားရိုက်ချလိုက်ရာ ...

'ဝုန်း ...'

တံခါးမှာ ... ကျိုးပဲ့ထွက်သွား၏။

ဖုချင်စန်းက အပြင်သို့ ခုန်ထွက်လာပြီး မန်ချူးအာဏာသားများအား တိုက်ခိုက်လိုက်သည်။

သို့သော် ... သူတစ်လှမ်း နောက်ကျသွား၏။

ကွေ့ထင်းလန်မှာ မန်ချူးအာဏာသား တစ်ဦး၏ ဓားချက်ဖြင့် လဲကျသွား၏။

ဖုချင်စန်းက ဒေါသအလွန် ထွက်သွား၏။

မန်ချူးအာဏာသားများအား တရကြမ်း တိုက်ခိုက်လိုက်သည်။ မောက်ဝမ်လင်ကလည်း ကူညီ တိုက်ခိုက်လိုက်၏။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုကြောင့် မန်ချူးအာဏာသားသုံးဦးစလုံး သေဆုံးသွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်းက ကွေ့ထင်းလန်အား ... ပွေ့ထူလိုက်သည်။

ထို့နောက် ... ဆေးတစ်လုံး တိုက်ကျွေးလိုက်သည်။

ကွေ့ထင်းလန်မှာ ညည်းညူပြီး သတိရလာ၏။

သို့သော် ... သူသည် အသက်ရှင်ရန် မလွယ်ကူကြောင်း ဖုချင်စန်းက နားလည်လိုက်လေသည်။

ကွေ့ထင်းလန်မှာလည်း သူ့အခြေအနေကို သူသိထား၏။

ထို့ကြောင့် ...

'ကျုပ်ကို တစ်ခုကူညီပါ ... နဂါးငါးကောင်ဆီသွားပြီး ကျုပ်ရဲ့ သားကလေးကို ခေါ်ခဲ့ပါ'

ဖုချင်စန်းက ...

'ဟုတ်ကဲ့ ... ကျုပ်ကူညီပါ့မယ်၊ ဒါပေမယ့် လူပုံသဏ္ဌာန်ရယ် အမည်ရယ် ... ကျုပ်ကိုပြောပြပါ'

ဟု မေးလိုက်သည်။

သို့သော် ... ကွေ့ထင်းလန်က ဘာမျှပြန်မပြောနိုင်တော့ပါ။

သေဆုံးသွားပြီ ... ဖြစ်ပါသည်။



ဖုချင်စန်းမှာ ခေါင်းကုတ်လိုက်သည်။

မောက်ဝမ်လင်က ...

'ကိုယ်နဲ့မသိတဲ့လူကို ဘယ်လိုရှာရမလဲ၊ နဂါးငါးကောင်ဟာ ဘာလဲ'

ဖုချင်စန်းက သက်ပြင်းချရင်း ...

'ဘာလဲ ဘာမှမသိဘူး၊ ဒါပေမယ့် သေခါနီးလူတစ်ယောက်ကို ကူညီမယ်လို့ ပြောထားခဲ့တာ၊ ဒီလိုပဲလိုက်ပြီး စုံစမ်းရမှာပေါ့'

သူတို့နှစ်ဦးက ကွေ့ထင်းလန်၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံလိုက်ကြသည်။

မနက်မိုးလင်းသောအခါ ... တောင်ပေါ်မှ ဆင်းလာခဲ့ကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ဖုချင်စန်းတို့ ရွာကလေးတစ်ရွာသို့ ... ရောက်ရှိလာ၏။

ဖုချင်စန်းက သမားတော်တစ်ဦး ဖြစ်သည်နှင့်အညီ လူနာများကို ကုသပေးရင်း နဂါးငါးကောင်အား စုံစမ်းလိုက်လေ၏။

သို့သော်လည်း ... နဂါးငါးကောင်အား သိရှိသူမရှိပါ။

ဖုချင်စန်းက ခွဲမလျှော့ဘဲ တစ်ရာဝင် တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက်နှင့် လိုက်လံစုံစမ်းရှာဖွေလေတော့သည်။

ဆယ့်ငါးရက်ခန့်ကြာသည်အထိ နဂါးငါးကောင်၏သတင်းအား ... လုံးဝစုံစမ်း၍ မရပါချေ။

နောက်ဆုံး ...မြို့ကလေးတစ်မြို့သို့ ရောက်လာသောအခါ နဂါးငါးကောင် ဟူသောအမည်ကို ကြားလိုက်ရသည်။

❖❖❖❖❖



မြို့ကလေးမှာ .... သေးငယ်၏။

မြို့ဟူသည်ထက် ရွာကြီးဟုဆိုက ပို၍မှန်ပေမည်။

ထိုမြို့ကလေး၏ တစ်ခုတည်းသော စားသောက်ဆိုင်အတွင်းသို့ လှမ်းဝင်မိသောအခါ အထဲမှစကားသံကို ကြားလိုက်ရသည်။

'မှင်းတို့ပြောတဲ့ နဂါးငါးကောင်က ဘာရှိလို့လဲ၊ ဒီလောက်အင်အားကလေးများ ... ကြောက်နေရသလား'

'ဟာ ... မကြောက်လို့ မဖြစ်ဘူး၊ အခုသူတို့က မန်ချူးသစ္စာခံပြီး သောင်းကျန်းနေတာကွ၊ သူတို့မြို့ပေါ်တွင် မကဘူး၊ ငါတို့မြို့ကလေးမှာပါ ခြေဇာပျံ့လာပြီ'

ဖုချင်စန်းမှာ ထိုစကား ကြားသောအခါ ... ဝမ်းသာသွားလေသည်။ ထိုလူနှစ်ယောက်အား ... မိတ်ဖွဲ့ကာ အစားအသောက်များလည်း ကျွေးမွေးလိုက်သည်။

ဟိုဟိုသည်သည် ရောက်တတ်ရာရာပြောရင်း သူသိလိုသည်ကို ရုတ်တရက် မေးလိုက်လေသည်။

'နဂါးငါးကောင်ဆိုတာ ... ဘာလဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ရုတ်တရက်မဖြေပဲ ဖုချင်စန်းအား ကြည့်လိုက်သည်။ ပြီးမှ ...

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ မေးတာလဲဗျာ'

ဖုချင်စန်းက ...

'ကျုပ်က သမားတော်ပါ၊ ဒီနယ်ထဲ ဝင်လာတော့ ... နဂါးငါးကောင်နာမည် ခဏခဏကြားရလို့ မေးကြည့်တာပါ'

ထိုလူက သက်ပြင်းချလိုက်ပြီး ...

'နဂါးငါးကောင်ဆိုတာ လူငါးယောက်ကို ခေါ်တာပါ၊ သူတို့က သိုင်းပညာ တစ်ယောက်တစ်မျိုးစီ ထူးချွန်တယ်၊ ပူကျန်းမြို့မှာ သူတို့ အဖွဲ့ရှိတယ်၊ အင်အားတော့ ငါးရာလောက်ပါပဲ'

ဖုချင်စန်းမှာ ... သဲလွန်စ ရသွားသဖြင့် ဝမ်းသာသွား၏။ ထို့နောက် ထိုလူများအား နှုတ်ဆက်ကာ ပူကျန်းမြို့သို့ ထွက်လာခဲ့တော့သည်။

ပူကျန်းမြို့သို့ ရောက်သောအခါ ... နဂါးငါးကောင်ဌာနချုပ်အား သိပ်မရှာရပေ။ မြို့လယ်ခေါင်တွင်ရှိ၍ ကြီးမားသော ခြံဝင်းတစ်ခု ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့က ထိုခြံဝင်းနှင့် မနီးမဝေး တောင်ကုန်းပေါ်သို့ တက်ကာ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ ထိုစဉ် ... ဝတ်စုံဝါ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဖုချင်စန်းက ထိုလူငယ်အား ... အကဲခတ်ကြည့်လိုက်ရာ ထိုလူငယ်သည် သိုင်းပညာအဆင့်မြင့်သူတစ်ဦး ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။



ထိုလူငယ်ကလည်း ဖုချင်စန်း နဂါးငါးကောင် ဌာနချုပ်အား ချောင်းမြောင်းကြည့်နေသည်ကို ကျေနပ်ဟန်မတူပါ။ ဖုချင်စန်းထံသို့ လျှောက်လာပြီး ...

'ခင်ဗျားက ... လူဆိုးလား'

ဟု မေးလိုက်လေသည်။

ဖုချင်စန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မဟုတ်ပါဘူး၊ ကျုပ်က သမားတော်တစ်ယောက်ပါ'

လူငယ်က ...

'ဒါဆို ... ဘာဖြစ်လို့ ချောင်းကြည့်နေရတာလဲ'

'မင်းကရော ... နဂါးငါးကောင် အဖွဲ့ထဲကပဲလား'

'နဂါးငါးကောင်ဆိုတာဘာလဲ၊ ကျုပ် မသိဘူး။ ကျုပ် ဒီမှာပဲ နေတာ'

ဖုချင်စန်းက သက်ပြင်းချလိုက်ပြီး ...

'နဂါးငါးကောင်ဟာ လူဆိုးတွေပဲ'

'ကျုပ် မယုံဘူး ... ခင်ဗျားကော ...လူဆိုး မဟုတ်လား'

'မင်းက လူဆိုးဆိုတာ ဘယ်လိုလဲ ... သိရဲ့လား'

ဝတ်စုံဝါက တွေဝေသွားပြီး ...

'မသိဘူး၊ အလျှင် စ,တိုက်ခိုက်တဲ့လူဟာ လူဆိုးပဲပေါ့'

ဖုချင်စန်းက ...

'ဒီလိုမဟုတ်ဘူး၊ မင်းက ... လူဆိုးတစ်ယောက်ကိုတွေ့ရင် အလျှင် တိုက်ခိုက်ရမှာပဲ မဟုတ်လား၊ ဒါဆို မင်းလဲ လူဆိုးဖြစ်သွားမှာပေါ့'

ဟု ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါက ခေါင်းညိတ်လိုက်ပြီး ...

'ဟုတ်တယ် ... ဟုတ်တယ် ခင်ဗျားပြောတာမှန်တယ်'

ဖုချင်စန်းက ...

'အေး ... နဂါးဖြူးကောင်လဲ လူဆိုးပဲ၊ မင်း ... မန်ချူးဆိုတာ သိလား၊ မန်ချူးတွေဟာ တို့ဟန်လူမျိုးတွေကို နှိပ်စက်တဲ့လူတွေ၊ အနိုင်ကျင့်တဲ့လူတွေပဲ'

လူငယ်က ...

'ဟုတ်တယ်၊ ကျွန်တော် အဲဒီလိုပြောတာကို ကြားဖူးတယ်'

'အေး နဂါးငါးကောင်ဟာ မန်ချူးသစ္စာခံပဲ၊ ဒီတော့သူတို့လဲ လူဆိုးတွေပဲပေါ့'

ဖုချင်စန်းက ရှင်းပြလိုက်သည်။

လူငယ်မှာ ငြိမ်သက်သွား၏။

မောက်ဝမ်လင်က လူငယ်အားကြည့်ကာ ...

'ရှင့်နာမည် ... ဘယ်လိုခေါ်လဲ'

လူငယ်၏ခန္ဓာကိုယ်မှာ တုန်ယင်သွား၏။

'ငါ ... မသိဘူး'

ပြောရင်း မျက်ရည်များ ဝဲလာလေသည်။

မောက်ဝမ်လင်က အံ့သြသွားပြီး ...

'ကျွန်မ မေးတာ ... ရှင်စိတ်သိုးသွားသလား'

ဟု နူးညံ့သောအသံဖြင့် မေးလိုက်လေသည်။

ဝတ်စုံဝါက မောက်ဝမ်လင်အား ငေးကြည့်လိုက်၏။

မောက်ဝမ်လင်၏ အေးမြသောအပြုံးကို ... တွေ့သောအခါ ရင်ထဲတွင် အေးချမ်းသွား၏။



ထိုစဉ်မှာပင် ...

'ဝတ်စုံဝါရေ ... ဝတ်စုံဝါရေ'

ဟူသောခေါ်သံကို ကြားလိုက်ရသည်။

ဝတ်စုံဝါက နောက်သို့ လှည့်ကြည့်လိုက်ပြီး ...

'ကျွန်တော့ကို ခေါ်နေပြီ ... သွားတော့မယ်'

မောက်ဝမ်လင်က ...

'ဘာဖြစ်လို့ ရှင်လူဆိုးတွေဆီ ပြန်သွားမှာလဲ၊ ကျွန်မတို့နဲ့ အတူလိုက်ခဲ့ပါလား'

ဝတ်စုံဝါက ...

'မဖြစ်သေးဘူး၊ သူတို့လူဆိုးဆိုတာ သေချာအောင်ကြည့်ရဦးမယ်'

ဖုချင်စန်းက ...

'ဒါဆိုရင် မင်းပြန်ပါ၊ ငါတို့ပြောတာကို ... စဉ်းစားထားပေါ့၊ မနက်ဖြန်မှ ပြန်ဆုံကြတာပေါ့'

လူငယ်ကဖော်ရွေစွာ ပြုံးလိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

လူငယ်၏ ကိုယ်ဖော့ပညာမှာ အလွန်ကောင်းကြောင်း တွေ့ရှိလိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ည ...

လှငယ်မှာ ... တွေးတောနေ၏။

သူ၏ အတိတ်ကို သူ ... စဉ်းစား၍ မရပါ။

သူ မှတ်မိသည်မှာ ... သူသည် တောင်ကုန်းတစ်ခုပေါ်တွင် အားပြတ်ကာ လဲနေ၏။

အေးချမ်းသော ဒဏ်ကိုလည်း ... ခံစားနေရ၏။

ထိုစဉ် ... လူတစ်ယောက်နှင့် တွေ့ဆုံခဲ့သည်။

ထိုလူက သူ့အား အစာရေစာ ကျွေးမွေးပြီး ခေါ်လာခဲ့သည်။

ထိုလူသည် နဂါးငါးကောင်ထဲမှ တစ်ယောက်ပင် ဖြစ်သည်။

ထို့နောက် ...

သူ့အား ... နဂါးငါးကောင်ဌာနချုပ်သို့ ခေါ်လာပြီးနောက် ထိုအိမ်ကလေးဝယ် နေရာပေးထားခဲ့သည်။

သူ့အား လိုလေသေးမရှိ ကောင်းမွန်စွာ ထားခဲ့သည်။

နဂါးငါးကောင်ဌာနချုပ်သို့ လာရောက်၍ ... ရန်ပြုသူတို့ထံ သူ့အား ထွက်၍ တိုက်ခိုက်ခိုင်းခဲ့၏။



ယခုတလော ... နဂါးငါးကောင် ဌာနချုပ်အတွင်းတွင် မန်ချူး ဆိုသည့် စကားသံကို ခဏခဏ ကြားနေရ၏။

အဘိုးကြီးနှင့် မိန်းကလေး ပြောသွားသလို နဂါးငါးကောင် သည် လူဆိုးများပင်လော။

လှငယ်နားထဲတွင် ... 'မန်ချူးများအား တော်လှန်ရမည်' ဆိုသောအသံကို ပြန်လည် ကြားယောင်လာ၏။

မည်သူပြောသည်ဟု ... မသိပါ။

သို့သော် ထိုအသံသည် ... သူနှင့် အလွန်ရင်းနှီးသော အသံ ဖြစ်ကြောင်းကိုမူ သူ သိလိုက်၏။

ထိုသို့တွေးမိသည်နှင့် သူ့ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။ သူသည် သူနှင့် အလွန်ရင်းနှီးသူအား သတိမိခဲ့သလို ခံစားလိုက် ရလေသည်။

သူသည် မျက်ရည်များ စီးကျလာသည်။

မျက်ရည်များကြားမှ ... နေ့လယ်က သူနှင့်တွေ့ဆုံခဲ့သည့် မိန်းမချောကလေး၏ အေးမြသောအပြုံးကိုပြန်၍ မြင်ယောင်လာ သည်။

ထို့နောက် ...

တွေးရင်းတောရင်းနှင့်ပင် နောက်ဆုံး အိပ်ပျော်သွားလေ တော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက် ... နေမြင့်မှပင် ဝတ်စုံဝါမှာ အိပ်ရာမှ နိုးလာသည်။

သူ အိပ်ရာမှ နိုးလာသောအခါ ... နဂါးငါးကောင်ဌာနချုပ် အတွင်း လူများ ရှုပ်ယှက်ခတ်နေ၏။

အခမ်းအနားတစ်ခုကို အမြန်ဆုံး ပြင်ဆင်နေသည်နှင့် တူနေ၏။ သူက ... စိတ်မဝင်စားပါ။

ထို့ကြောင့် ...

အပြင်သို့ ထွက်လာခဲ့လေတော့သည်။

မြို့ပြင်သို့ ရောက်သောအခါ မနေ့ကတွေ့ခဲ့သည့် အဘိုးအိုနှင့် မိန်းကလေးတို့သည် မန်ချူးများနှင့် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသည်။

အစိမ်းရောင်ဝတ်စုံနှင့် လူတစ်စုကလည်း မန်ချူးများအား တိုက်ခိုက်နေ၏။

နဂါးငါးကောင်ကိုမူ မန်ချူးစစ်ဗိုလ်တစ်ဦး၏အနီးတွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။



မောက်ဝမ်လင်မှာ တိုက်ခိုက်ရင်းမှ ဝတ်စုံဝါအား တွေ့ရှိသွားသဖြင့် ...

'ဟေ့ ... သူတို့တွေဟာ မန်ချူးတွေပဲ၊ မင်းသိလား'

ဟု အော်မေးလိုက်၏။

ဝတ်စုံဝါက ...

'ဟုတ်တယ် ... ဒီလူတွေဟာ မန်ချူးတွေပဲ'

မောက်ဝမ်လင်က ...

'မန်ချူးဆိုတာ လူဆိုးတွေဆိုတာ မင်းသိတယ်မဟုတ်လား'

ဝတ်စုံဝါက ခေါင်းညိတ်လိုက်၏။

ချက်ချင်းပင် ဓားခွဲထုတ်ကာ ... မန်ချူးများကြားသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ သူ၏တိုက်ခိုက်မှုမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ပြင်းထန်လှ၏။

ဓားရောင်လက်သွားတိုင်း မန်ချူးများ အတုံးအရုံး ကျဆုံးသွားလေသည်။

နဂါးငါးကောင်အနက် ခေါင်းဆောင် တိမ်နဂါးက ...

'ဝတ်စုံဝါ မတိုက်နဲ့ ... သူတို့က ငါ့မိတ်ဆွေ၊ လူဆိုးက ဟိုမှာ'

ဟု အော်ဟစ် ဟန့်တားလိုက်၏။

ဝတ်စုံဝါက နဂါးငါးကောင်ထံ ပြေးသွားပြီး ...

'ငါသိသွားပြီ၊ သူတို့က လူဆိုးတွေ မဟုတ်ဘူး၊ ခင်ဗျားတို့သာ လူဆိုးတွေပဲ'

ဟုပြောကာ တိုက်ခိုက်လိုက်လေသည်။

တိမ်နဂါးက ...

'မင်းကို ... ငါတို့ကျွေးမွေးထားတဲ့ကျေးဇူး မေ့နေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါက ... ဘာမျှ ပြန်မပြောပါ။

နဂါးငါးကောင်အား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေတော့သည်။

အခြေအနေမှာ ရှုပ်ထွေးသွား၏။

တိုက်ပွဲမှာလည်း ပြင်းထန်သွားလေတော့သည်။

သိပ်မကြာပါ။

တိုက်ပွဲမှာ ... ပြီးဆုံးသွား၏။

နဂါးငါးကောင်အနက် ... တိမ်နဂါးတစ်ဦးသာ ဒဏ်ရာဖြ လွတ်မြောက်သွား၏။

ကျန်နဂါးလေးကောင်စလုံး ... သေဆုံးသွား၏။

မန်ချူးများလည်း ... များစွာကျဆုံးသွားသည်။

အချို့လည်း ကစဥ့်ကလျားနှင့် ဆုတ်ခွာထွက်ပြေးသွား၏။

ဝတ်စုံစိမ်းများက ဆုတ်ခွာသွားသော မန်ချူးများနောက် လိုက်လံတိုက်ခိုက်လိုက်ကြသည်။

ဝတ်စုံဝါမှာမူ ... လိုက်လံတိုက်ခိုက်ခြင်း မရှိတော့ပါ။

နေရာတွင်သာ ငူငူကြီးရပ်နေ၏။

မောက်ဝမ်လင်က ...

'ရှင် စိတ်ထိခိုက်နေသလား၊ မန်ချူးတွေဟာ ... တို့မြေ ကျူးကျော်တဲ့လူတွေပါ၊ သူတို့ကိုသတ်လိုက်လို့ ရှင့်မှာ အပြစ် ပါဘူး'

ဟု နှစ်သိမ့်လိုက်လေသည်။

ဝတ်စုံဝါမှာ သူ့ရင်ထဲဖြစ်ပျက်နေသည်ကို ... မောက်ဝမ်လ သိနေသဖြင့် အံ့သြသွား၏။



မောက်ဝမ်လင်၏ အေးမြသောအပြုံးနှင့် နူးညံ့သော စကား သုံးများကို သူ မလွန်ဆန်နိုင်ပါချေ။

မောက်ဝမ်လင်က ...

'ကဲ ... တို့သွားကြမယ်လေ၊ ရှင်က ကျွန်မစကား နားထောင် ပါ၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ မကောင်းမကြံပါဘူး'

ဝတ်စုံဝါက ...

'မင်းက ငါ့အပေါ် သိပ်ကောင်းပါလား၊ ငါ ... မင်းစကား နားထောင်ပါမယ်'

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

ဖုချင်စန်းက တွေဝေနေ၏။

ကျွေ့ထင်းလန် ရှာခိုင်းသည်မှာ ထိုဝတ်စုံဝါလူငယ်ပင်လော၊ မသိတော့ပါ။

ယခုသူတို့ရောက်နေသည့် ဝူကျန်းမြို့ကလေးမှာ ခွန်မိန်မြို့ နှင့် သိပ်မဝေးပါ။

ခွန်မိန်သို့ရောက်လျှင် ... လျူယုဖန်တို့နှင့် ဆုံနိုင်၏။

ဆုံတွေ့တော့မှ ကြည့်စီစဉ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ တော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါကို တစ်ပါတည်း ခေါ်ဆောင်လျက် ... ဖုချင်စန်းတို့မှာ ခွန်မိန်သို့ ရောက်ရှိလာ၏။ ခွန်မိန်တို့ရောက်သောအခါ ... လျူယူဖန်တို့အား ရှာမတွေ့ပါချေ။ ဝူကျန်းတွင် မန်ချူးများအား မိမိတို့နှင့်အတူ တိုက်ခဲ့သော ဝတ်စုံစိမ်းအချို့နှင့်သာ ပြန်လည်ဆုံတွေ့ရ၏။

ထိုလူများမှတစ်ဆင့် လျူယူဖန်တို့ နယ်စားကြီး ဝူစန်းကွေ့ထံ၌ အဖမ်းခံနေရကြောင်း သတင်းကြားလိုက်ရလေသည်။

ထိုလူစုမှာ ... လီထက်ရှင်း၏ နောက်လိုက်များ ဖြစ်၏။

သူတို့ကလည်း လီထက်ရှင်းအား ကယ်တင်ရန် လှို့ဝှက်၍ ရောက်လာကြခြင်းဖြစ်၏။ နောက်ဆုံး ... ဖုချင်စန်းက လီထက်ရှင်းတို့အား ကယ်တင်ရန် တာဝန်ယူလိုက်သည်။ သို့သော် နယ်စားကြီး ဝူစန်းကွေ့ထံသို့ မည်သို့ဝင်ရမည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။

ဖုချင်စန်းအတွက် ... ကံကောင်းသည်ဟု ဆိုရပေမည်။

နယ်စားကြီး ဝူချင်စန်း၏ မြေးကလေးမှာ ... ဖျားနာရာမှ အကြောများဆိုင်းသွားသည် ဆိုသောသတင်းကို ကြားလိုက်ရလေသည်။ သူ့အတွက် ... နယ်စားကြီးထံဝင်ရောက်ရမည့် အခွင့်အရေး တစ်ရပ် ရရှိလာခဲ့သည် မဟုတ်ပါလား။

❖❖❖❖❖



ဖုချင်စန်းမှာ ... ဝူစန်းကွေ့၏ဂေဟာကို သွားရောက်လိုက်လေသည်။

ကိုယ်ရံတော်များက ... လုံးဝခွင့်မပြုပါချေ။

ဖုချင်စန်းက နောက်ဆုံး သူ၏အမည်ကို ... ထုတ်ဖော်ပြောလိုက်၏။

သာမန်သမားတော်များ ... လက်လျှော့သည့်ရောဂါကို ကုသလို၍ လာကြောင်းလည်း ပြောခိုင်းလိုက်လေသည်။

နယ်စားကြီး ဝူစန်းကွေ့မှာ ဖုချင်စန်း၏ အမည်ကို ကြားသောအခါ အံ့ဩဝမ်းသာသွားသည်။

ချက်ချင်းပင် ... ပင့်ဖိတ်လိုက်လေသည်။

ခွန်မိန်မြို့သမားတော်များမှာ သာမန်သမားတော်များသာ ဖြစ်၍ မကုနိုင်ကြခြင်းဖြစ်သည်။

ဖုချင်စန်းကဲ့သို့ သမားတော်ကြီးကမူ ထိုရောဂါအား အလွယ်တကူပင် ကုသပေးနိုင်လေသည်။

ဆေးနှစ်ခွက်နှင့်ပင် ကလေးမှာ အတော်သက်သာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်များ အနည်းငယ် လှုပ်ရှားသွားနိုင်လေသည်။

နယ်စားကြီးဝူစန်းကွေ့မှာ ကျေးဇူးအလွန်တင်သွားသည်။

ဖုချင်စန်းအား အထူးဧည့်သည်တော်အဖြစ် သတ်မှတ် ဧည့်ခံထားလိုက်လေသည်။

ဖုချင်စန်းမှာ နယ်စားကြီး၏ ဂေဟာတစ်ခုလုံး ဝင်ထွက်သွားလာနိုင်ခွင့်ပါ ရလာလေသည်။

ထိုစဉ်မှာပင် ... ရေကန်အသင့်၊ ကြာအတင့် ဖြစ်သည်ဟု ဆိုရပေမည်။

မြေအောက်အချုပ်ခန်းအတွင်း၌ လင်ဝိဖုန်း နာမကျန်း ဖြစ်နေသည် ဟူသောသတင်းကို နယ်စားကြီး ကြားလိုက်၏။

နယ်စားကြီး ဝူစန်းကွေ့က လင်ဝိဖုန်းတို့အား အသေမခံနိုင်သေးပါ။

သူတို့အား ဖမ်းထားခြင်းဖြင့် တစ်ချိန်ချိန်တွင် အသုံးဝင်လာလိမ့်မည်ဟု တွက်ဆမိ၏။ ထို့ကြောင့် ဖုချင်စန်းအား ကုသခိုင်းလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုအခါ ... ဖုချင်စန်းသည် မောက်ဝမ်လင်ကို လီထက်ရှင်း၏နောက်လိုက်များနှင့် ဆက်သွယ်စေပြီးလျှင် ... လင်ဝိဖုန်းတို့လူစုအား ကယ်ထုတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်လေသည်။

❖❖❖❖❖



ဖုချင်စန်းသည် ပြောပြရသည်မှာ မောသွားဟန်ဖြင့် ရေနွေးတစ်ခွက် သောက်လိုက်လေသည်။

လင်ဝိဖုန်းမှာလည်း အားလုံး နားလည်သွားပြီ ဖြစ်လေသည်။

ဝတ်စုံဝါနှင့် လူငယ်မှာမူ အိပ်နေဆဲပင် ...

မောက်ဝမ်လင်က လူငယ်ကို ကြည့်ရင်း ...

'ကျွန်မ ... သူ့ကို သိပြီ'

လင်ဝိဖုန်းက မောက်ဝမ်လင်အား ကြည့်လိုက်သည်။

မောက်ဝမ်လင်က ....

'သူဟာ ... ကွေ့ထင်းလန်ရဲ့သား အစစ်အမှန်ပဲ'

ဖုချင်စန်းက ...

'သေချာလို့လား'

မောက်ဝမ်လင်က ...

'မနေ့က ... သူ ကွေ့ဝါးပန်းကို တွေ့တော့ မျက်နှာပျက်သွားတယ်၊ ကွေ့ဝါးအရက်ကို တွေ့တော့လည်း သွန်ပစ်လိုက်တယ်၊ ဒါဟာ 'ကွေ့' ဆိုတဲ့ နာမည်နဲ့ ပတ်သက်နေတာပဲ ... သဲလွန်စပေါ့

www.burmeseclassic.com



ဖုချင်စန်းက ...

'သမီးက ... မဆိုးဘူး'

ဟု ချီးကျူးလိုက်ပြီး ဝတ်စုံဝါ၏ နှာခေါင်းကို ကြက်တောင်ဖြင့် ကလိလိုက်လေသည်။

'ဟပ်ချိုး'

ဝတ်စုံဝါသည် နှာတစ်ချက်ချေကာ လှုပ်ရှားလာသည်။

မောက်ဝမ်လင်က ...

'ရှင် ... နိုးလာပြီလား'

ဝတ်စုံဝါ ခေါင်းညိတ်လိုက်၏။ မောက်ဝမ်လင်က ...

'အပြင်သွားကြမလား ...'

ဟု မေးလိုက်သည်။

ဝတ်စုံဝါနှင့်လှုငယ် ခေါင်းညိတ်လိုက်ပြန်သည်။

မောက်ဝမ်လင်က ဝတ်စုံဝါ၏ လက်ကိုဆွဲကာ ခြံထဲသို့ ဆင်းလာခဲ့လေသည်။

ဖုချင်စန်းနှင့် လင်ဝိဖုန်းတို့ကလည်း နောက်က မသိမသာ လိုက်သွားကြလေသည်။

ခြံထဲ၌ ပန်းပင်များ ရှိနေပြီး ပန်းရနံ့များ မွှေးကြိုင်သင်းပျံ့နေပါသည်။ အထူးသဖြင့် ကွေ့ဝါးပန်းပင်များ ရှိနေခြင်း ဖြစ်လေသည်။

ပန်းပင်များဖြင့် သာယာလှပနေသော်လည်း ကွေ့ဝါးပန်းများကို မြင်လျှင် ဝတ်စုံဝါ ထိတ်လန့်သွားတော့သည်။

မျက်နှာကြီးနီမြန်းလာပြီး ... ခါးမှ ဓားဆွဲထုတ်ကာ ...

'သေစမ်း ... သေစမ်း ...'

ပန်းပင်များကို တအားခုတ်ချပစ်လိုက်လေတော့သည်။



မောက်ဝမ်လင်ပင် ... ထိတ်လန့်သွားလေသည်။

'ရှင် ... ဘယ်လို ဖြစ်သွားတာလဲ'

'မင်းကကော ဘယ်သူလဲ ...'

ဝတ်စုံဝါသည် မောက်ဝမ်လင်ကိုလည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဖုချင်စန်းနှင့် လင်ဝိဖုန်းတို့ ထိတ်လန့်သွားကြပြီး ကပျာကယာ ခုန်ဝင်ကာ ဝတ်စုံဝါနှင့် ရင်ဆိုင်လိုက်လေသည်။

ဝတ်စုံဝါကလည်း ... လင်ဝိဖုန်းတို့အား တိုက်ခိုက်လိုက်လေတော့သည်။

ထိုအချိန်မှာပင် ...

'မင်းတို့ ဘယ်ပြေးမလဲ ...'

အော်ဖေါက်သံနှင့်အတူ ပေါက်ကျူ ဦးဆောင်သော ဌစန်းကွေ့၏ သိုင်းသမားများ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။ ဖုချင်စန်းနှင့် လင်ဝိဖုန်းတို့ အခက်ကြုံသွားလေသည်။

ထိုစဉ်မှာပင် ...

'ယား ...'

ဝတ်စုံဝါသည် စိတ်ပြောင်းသွားကာ ပေါက်ကျူတို့လူစုအား တိုက်ခိုက်လိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဝူစန်းကွေ့သည် ... လီထက်ရှင်းနှင့် လင်ဝိဖုန်းတို့လူစု လွတ်မြောက်သွားခြင်းကြောင့် အလွန်ဒေါသထွက်နေသည်။

ပေါက်ကျူနှင့်အတူ ... သူ စည်းရုံးသိမ်းသွင်းထားသော ထိပ်တန်းသိုင်းသမားများ၊ ကိုယ်ရံတော်များကို လင်ဝိဖုန်းတို့နောက်သို့ လိုက်နိုင်းသည်။

ပေါက်ကျူသည် လင်ဝိဖုန်းတို့အား ခြေရာခံမိကာ လိုက်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လင်ဝိဖုန်းတို့အပေါ် မကျေမနပ် ဖြစ်နေပြီး ... သုတ်သင် ရှင်းလင်းပစ်မည်ဟု အားခဲထားသော်လည်း ထူးခြားလှသည့် ဝတ်စုံဝါကြောင့် အခက်ကြုံသွားကြလေတော့သည်။

ဝတ်စုံဝါက သူတို့အား ရန်မမူတော့ဘဲ စိတ်ပြောင်းသွားပြီး ပေါက်ကျူတို့အား တိုက်ခိုက်လိုက်ခြင်းကြောင့် လင်ဝိဖုန်းတို့ လူစုမှာ အားတက်သွားကြလေသည်။

လင်ဝိဖုန်းတို့ကလည်း ဝတ်စုံဝါနှင့်အတူ ပေါက်ကျူတို့လူစုအား ခုခံတိုက်ခိုက်နေကြသည်။



ထိုအချိန်မှာပင် ...

'ပေါက်ကျူ ... ရှင် သေချင်လို့ ကျွန်မတို့နောက်ကို လိုက်လာတာလား'

အော်ငေါက်သံနှင့်အတူ လျူယုဖန်၊ လီထက်ရှင်းနှင့် ကျင်းလိုင်တို့ လူစုများ ရောက်ရှိလာကြလေသည်။

ဖုချင်စန်း ... ဝမ်းသာသွားသည်။

အားလုံး စုံစုံလင်လင်ဖြင့် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသောအခါ ... ပေါက်ကျူတို့လူစု အရေးနိမ့်သွားလေတော့သည်။

'အား ...'

ပေါက်ကျူသည် ဝတ်စုံဝါ၏ ဓားဖျားဖြင့် ကားခနဲ ဖြစ်သွားလေသည်။ ပေါက်ကျူနှင့် လိုက်ပါလာသူတစ်ယောက်က ...

'ကွေ့ချူး ... မင်းညီမ ကျူးကျင်း မသေစေချင်ရင် ငါတို့ဘက်က ... ကူညီရမယ်၊ ဒါမှမဟုတ်ရင် ကျူးကျင်း သေသွားလိမ့်မယ်'

ဟု ပြောလိုက်ရာ ဝတ်စုံဝါ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ကျုပ်နာမည်က ကွေ့ချူး ... ဟုတ်လား'

'ဟုတ်တယ် ... မင်းဟာ ကွေ့ထင်းလန်ရဲ့ သားပဲ'

'ဘာဗျ ...'

ထိုသူမှာ ကွေ့ထင်းလန်အား တိုက်ခိုက်ပြီး ကျူးကျင်းအား ဖမ်းခေါ်သွားသူဖြစ်ကြောင်း ဖုချင်စန်းတို့ မှတ်မိသွားကြသည်။

ထိုသူကား .. နဂါးငါးကောင် ဆိုသော လူဆိုးကြီးငါးယောက်အနက်မှ ထွက်ပြေးလွတ်မြောက်သွားသော တိမ်နဂါး ဖြစ်လေသည်။

တိမ်နဂါးသည် ပေါက်ကျူသေဆုံးသွားပြီး ဝူစန်းကွေ့၏ လူများ အခြေအနေ မဟန်သည်ကို မြင်လျှင် ...

www.burmeseclassic.com



'မင်းရဲ့ ဘဝအမှန်ကို သိချင်ရင် ငါ့နောက်ကို လိုက်ခဲ့ပေတော့' ဟုပြောကာ ထွက်ပြေးသွားလေသည်။

ဝတ်စုံဝါလည်း ပြေးလိုက်သွား၏။

'ရှင် ... ဘယ်လိုက်သွားမလို့လဲ'

မောက်ဝမ်လင်လည်း စိတ်မချသဖြင့် ကဗျာကယာ လိုက်သွားလေတော့သည်။

တောင်ကုန်းပေါ်၌ အိမ်ကလေးတစ်လုံး ရှိနေသည်။

တိမ်နဂါးနှင့် ဝတ်စုံဝါတို့သည် ထိုအိမ်ကလေး၌ ရောက်ရှိနေကြလေသည်။ တိမ်နဂါးက ...

'မင်းနာမည် ကွေ့ချူး ... မင်းဟာ ငါတို့ရဲ့ မဟာရန်သူတော် ကွေ့ထင်းလန်ရဲ့ သားပဲ'

'ခင်ဗျား ... ဘယ်လိုသိတာလဲ ...'

'သိဆို ... မင်းကို ကျောက်ဂူထဲက ထွက်လို့မရအောင် ပိတ်ထားပစ်ခဲ့တာ ငါတို့ပေါ့ ...'

'ကျောက်ဂူထဲမှာ ပိတ်ထားတာ ... ဟုတ်လား'

'အေး ... မင်းက နဂါး ဓားသိုင်းကို ကျောက်ဂူထဲဝင်ပြီး လေ့ကျင့်ခဲ့တယ် မဟုတ်လား'

ဝတ်စုံဝါသည် မှောင်မည်းကာ အေးစိမ့်နေသော ကျောက်ဂူကြီးတစ်ခုကို မြင်ယောင်လာလေသည်။ တိမ်နဂါးက ...

'မင်းအဖေ ကွေ့ထင်းလန်ဟာ ငါတို့ရဲ့ သွေးသောက်ညီအစ်ကိုတစ်ယောက်ပဲ ... မင်းအဖေ အပါအဝင် ငါတို့ကို 'နဂါးခြောက်ဖော်' လို့ ခေါ်ခဲ့ကြတာ'

ဝတ်စုံဝါ မယုံနိုင်အောင် ဖြစ်နေ၏။



တိမ်နဂါး၏ စကားကို လက်ခံမည်ဆိုလျှင် သူ၏ ဖခင်သည်လည်း လူဆိုးတစ်ယောက် ဖြစ်သည်ဟု လက်ခံရတော့မည် မဟုတ်ပါလား ...

တိမ်နဂါးက ...

'ငါတို့ နဂါးခြောက်ဖော်ဟာ ဆိုးသွမ်းသောင်းကျန်းရင်း ... တစ်နေ့မှာ ခရီးသည်တချို့ကို ဓားပြတိုက်ကြတယ် ... အဲဒီအခါမှာ မမျှော်လင့်ဘဲ သိုင်းကျမ်းတစ်ခုကို ရခဲ့ကြတယ်၊ အခြေအနေအေးမှ သိုင်းကျမ်းကို လေ့လာကြမယ်ဆိုပြီး တစ်နေရာမှာ ဝှက်ထားခဲ့ကြတာ၊ အဲဒါ ... မင်းအဖေက သစ္စာဖောက်ပြီး ခိုးယူသွားတယ်'

ဝတ်စုံဝါ ငေးငိုင်နေသည်။

ဦးခေါင်းထဲ ကိုက်ခဲလာကာ တိမ်နဂါး၏ စကားများကို ကြားတစ်ချက်၊ မကြားတစ်ချက် ဖြစ်လာလေသည်။

'မင်းအဖေဟာ ... မင်းတို့ မောင်နှမ နှစ်ယောက်ကို ခေါ်သွားပြီး ဓာတ်မြုပ်နေလိုက်တယ်၊ နောက်ပိုင်းကျမှ သိုင်းကျမ်းဝှက်ထားခဲ့တဲ့ ကျောက်ဂူထဲမှာ မင်းကိုသွားပြီး လေ့ကျင့်ခိုင်းတာ၊ ငါတို့သတင်းရတော့ ကျောက်ဂူဝကို ကျောက်တုံးတွေနဲ့ ပိတ်ထားလိုက်တယ်၊ အထဲမှာ မင်းသေသွားမှာပဲ ... နောက်မှ သိုင်းကျမ်းလာယူမယ်လို့ ဆုံးဖြတ်ခဲ့ကြတာ ... မင်းအဖေက ရိပ်မိသွားပြီး ရှောင်နေပြန်တယ်၊ မတွေ့တော့ဘူးဆိုပြီး ငါတို့ ကျောက်ဂူကို ပြန်လာတော့ ဂူပေါက်ပွင့်နေပြီး မင်းလွတ်မြောက်သွားပြီ ... သိုင်းကျမ်းကိုလည်း မင်းဖျက်ဆီးပစ်လိုက်လို့ ငါတို့ မရနိုင်တော့ဘူး၊ မင်းကို လိုက်ရှာတော့ တောင်ကုန်းတစ်ခုပေါ်မှာ အင်အားပြတ်ပြီး လဲကျနေတာ တွေ့ရလို့ မင်းအဖေကို အကြွပ်ကိုင်ဖို့ ငါတို့ဆီမှာ ခေါ်ထားလိုက်တာ ....'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဝါ၏ ဦးခေါင်း ပို၍ ကိုက်ခဲလာသည်။

ကျောက်ဂူကြီးတစ်ခုအတွင်း၌ ဝိတ်မိနေခဲ့ပြီး အစာရေစာပြတ်ကာ နောက်ဆုံး ရူးသွပ်မတတ် ဖြစ်ခဲ့ရပုံကို ပြန်လည်မြင်ယောင်လာလေသည်။

တိမ်နဂါးက ...

'ငါတို့ဆီကို ရောက်တော့ မင်းရဲ့စိတ်တွေ မှုမမှန်တော့ဘူး၊ မင်းရဲ့ ဓားပညာကလည်း သိပ်ကိုထက်မြက်နေပြီ၊ ဒါကြောင့် ငါတို့ လုပ်ငန်းတွေမှာ မင်းကို အသုံးချဖို့ ခေါ်ထားလိုက်တာ ... ကျွေ့ဝါးပန်းနဲ့ အရက်ကို မင်းရှုံမှုန်းအောင်လည်း ... ငါတို့ နားသွင်းခဲ့တာ။ ပွင့်ပွင့်လင်းလင်း ပြောပြရင် ... မင်းကို မင်းအဖေနဲ့ ပြန်ပြီး ရင်ဆိုင်ခိုင်းဖို့ ကြံစည်ခဲ့ကြတာကွ ...'

'ခင်ဗျား ... ယုတ်မာလှချည်လား'

ဝတ်စုံဝါက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ သို့သော် တိမ်နဂါးအား တိုက်ခိုက်နိုင်ခြင်း မရှိပါချေ။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါပြီး မျက်နှာကြီးရှုံ့မဲ့ကာ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

❖❖❖❖❖



'ဟား ... ဟား ... ဟား ...'

တိမ်နဂါး ဟားတိုက် ရယ်မောလိုက်သည်။

ဝတ်စုံဝါသည် သူ၏ ဘဝမှန်ကို ပြန်လည်မှတ်မိသွားပြီး စိတ်ခံစားချက် ပြင်းထန်လှခြင်းကြောင့် သတိလစ် လဲကျသွားခြင်း ဖြစ်ကြောင်း နားလည်ထားလေသည်။

မောက်ဝမ်လင် ပြောသကဲ့သို့ ဝတ်စုံဝါမှာ ကျွေ့ထင်းလန်၏သား ကျွေ့ချုံး ဖြစ်လေသည်။ တိမ်နဂါးက ...

'မင်းရဲ့ ဓားပညာ ဘယ်လောက်ပဲတော်တော် ... မင်းရဲ့ စိတ်ဝေဒနာကြောင့် ဘဝမှန်ကို ထုတ်ဖော်ပြောလိုက်ရင် ... မင်းအပေါ်မှာ နိုင်ကွက်ရမယ်ဆိုတာ ငါ ရိပ်မိတာပေါ့။ ခုတော့ ... ငါ့လက်ထဲ မင်းရောက်လာပြီ ... ဘာတတ်နိုင်သေးသလဲ'

ပြောရင်း ... ဝတ်စုံဝါ ကျွေ့ချုံးထံ ချဉ်းကပ်သွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ... ပြတင်းပေါက်မှ လူတစ်ယောက် ခုန်ဝင်လာသည်။ မောက်ဝမ်လင် ဖြစ်ပါ၏။

'မကောင်းမှုဆိုတာ ဆိပ်ကွယ်ရာမရှိဘူးဆိုတာ မှတ်ထားပါ'

တိမ်နဂါး မကျေမနပ် ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ကိုယ်နဲ့မဆိုင်ဘဲ ... ဝင်ရှုပ်တာ များပြီ'

'နေဦး ... ကျူးကျင်းကော ဘယ်မှာလဲ'

'ဟား ... ဟား ... ဟား၊ ကျူပ်က ... သစ္စာဖောက်ရဲ့သား ကြောင့် ဒုက္ခရောက်ပြီးပြီ၊ သူ့သမီးကို ကျူပ်က ဆက်ကျွေးမွေးထား ရဦးမှာလား'

'ကျူးကျင်းကို ရှင်ဖမ်းသွားတယ် မဟုတ်လား'

'ကျူပ် ဖမ်းခေါ်သွားတာ မှန်တယ်၊ ဒါပေမယ့် ... သူ မရှိတော့ ဘူးဆိုတာ မှတ်ထားပါ၊ ဟဲ ... ဟဲ ... ဟဲ'

'ရှင် ... ရှင်'

တိမ်နဂါးသည် ကျူးကျင်းအား သတ်ပစ်လိုက်ပြီဖြစ်ကြောင်း မောင်ဝမ်လင် နားလည်လိုက်လေသည်။ ကွေ့ထင်းလန်သည် နဂါး ခြောက်ဖော်၌ ပါဝင်ခဲ့ပြီး သစ္စာဖောက်ခဲ့မိခြင်းကြောင့် တိမ်နဂါးအား အရှုံးပေးခဲ့ခြင်းဖြစ်ကြောင်းလည်း နားလည်လိုက်၏။

တိမ်နဂါးတို့လူစုကား သိုင်းကျမ်းကြောင့် လောဘတက်နေပြီး ကွေ့ထင်းလန်တို့ တစ်မိသားစုလုံးအား ရှင်းပစ်ဖို့ ကြိုးစားခဲ့ကြခြင်း ဖြစ်လေသည်။

'မင်းဝင်ရှုပ်ရင် ... သေဖို့ပြင်ထား'

တိမ်နဂါးသည် မောက်ဝမ်လင်အား တိုက်ခိုက်ရန် ဟန်ပြင် လိုက်စဉ် ကွေ့ချူး ခုန်ထလာကာ တိုက်ခိုက်လိုက်လေတော့သည်။

'ဝုန်း ...'

တိမ်နဂါးလည်း ကွေ့ချူး၏ လက်ချက်ကြောင့် လွင့်စဉ်သွား လေတော့သည်။

❖❖❖❖❖



သတင်း

အိမ်ကလေးထဲ၌ တိမ်နဂါး ... ရှိမနေတော့ချေ။

ဝတ်စုံဝါ ကွေ့ချူးသည် ညီမလေးနှင့် ဖခင်ကြီး မရှိတော့သည့် သူ၏ ဘဝမှန်ကို သိရလျှင် ဝမ်းနည်းကြေကွဲ မဆုံးအောင် ရှိနေပါ တော့သည်။

မောက်ဝမ်လင်က အားပေးနှစ်သိမ့်ရလေသည်။

ထို့အပြင် ...

'ရှင်ဟာ တစ်ကောင်ကြွက် ဖြစ်နေပြီဆိုပြီး အားမငယ်ပါနဲ့ ရှင်၊ ရှင့်မှာ ... မိတ်ဆွေတွေ ရှိနေပါပြီ၊ ကျွန်မတို့ဟာ နယ်ချဲ့မင်းသွေး တွေကို ရင်ဆိုင်နေတဲ့ မျိုးချစ်သိုင်းသမားတွေပါ၊ ကျွန်မတို့နဲ့ လက်တွဲ ပြီး တိုင်းပြည်အကျိုးကို သည်ပိုးဆောင်ရွက်သွားကြမယ်ဆိုရင် ရှင့် ဘဝဟာ အများကြီး အဓိပ္ပါယ်ရှိသွားမှာပါရှင် ...'

ထိုစကားကို ကွေ့ချူး ... နှစ်သက်သဘောကျသွားသည်။

'ကောင်းပါပြီဗျာ ... ညီမတို့နဲ့ ကျူပ် ... လက်တွဲပါမယ်'

လျူယုဖန်၊ ဖုချင်စန်း၊ လင်ဝိဖုန်းတို့လည်း ရောက်ရှိနေကြပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ကွေ့ချိုး၏ စကားကြောင့် ... ဝမ်းသာသွားကြလေသည်။ အားထားရသည့် မျိုးချစ်သိုင်းသမားတစ်ယောက် တိုးလာပြီ မဟုတ်ပါလား ...

ထိုအချိန်တွင် ... ချိန်းဆိုထားကြသည့်အတိုင်း ကျင်းလိုင်နှင့် လီထက်ရှင်းတို့ ရောက်ရှိလာကြသည်။

သူတို့နှင့်အတူ ... သတင်းထူးတစ်ခုလည်း ပါလာလေသည်။

ကျင်းလိုင်က ...

'တိဗက်တွေဟာ ... ကန္တာရကြယ်ကို ပြန်ရသွားတာကြောင့် နယ်စားကြီး ဂူစန်းကွေ့နဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ကြပြီဗျ'

လီထက်ရှင်းက ....

'ဂူစန်းကွေ့က မျိုးချစ်အဖွဲ့တွေနဲ့ လက်တွဲမယ်၊ ဒါပေမယ့် သူက ခေါင်းမဆောင်တော့ဘဲ အားလုံးမိတ်ဆွေတွေ၊ ညီအစ်ကိုတွေလို တန်းတူရည်တူ ဆက်ဆံမယ် ... မန်ချူးတွေကို ဘယ်လိုတွန်းလှန်တိုက်ခိုက်ကြမယ်ဆိုတာ ဝိုင်းဝန်းစဉ်းစားပြီး အားလုံးသဘောတူဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မယ်လို့ ... ကတိပေးပြီး စည်းရုံးသိမ်းသွင်းနေတာပဲ'

ဖုချင်စန်း ... ရင်ထိတ်သွားသည်။

'အကြောင်းမသိတဲ့ လူတွေတော့ ဒုက္ခရောက်ကုန်တော့မှာပဲ'

ဟု ညည်းတွားလိုက်သည်။

လင်ဝိဖုန်းက ...

'ဂူစန်းကွေ့ဟာ မျိုးချစ်တွေကို စည်းရုံးသိမ်းသွင်းပြီး သူ့ရဲ့ ကိုယ်ကျိုးအတွက် အသုံးချသွားမှာ သေချာတယ် ... ဒါ့ကြောင့် ဂူစန်းကွေ့နဲ့ မပူးပေါင်းကြအောင် တားဆီးဖို့ လိုနေပါပြီ'



ကျင်းလိုင်က ...

'ဒီကိစ္စကို ကာကွယ်ဖို့ အမြန်ဆုံးဆောင်ရွက်ရမှာမို့ ခွင့်ပြုပါဦးဗျာ'

ဟု နှုတ်ဆက်လိုက်လေသည်။

လီထက်ရှင်းက ...

'ကျုပ်လည်း ... ဖေဖေနဲ့ ပြန်တွေ့ရဦးမယ်၊ ဖေဖေက သူ့ရဲ့ မိတ်ဆွေတွေကို အချိန်မီ အကြောင်းကြားနိုင်အောင် သတင်းပေးရပါဦးမယ် ... နောက်မှ ပြန်တွေ့ကြသေးတာပေါ့ဗျာ'

ကျင်းလိုင်နှင့် လီထက်ရှင်းတို့သည် .... မျိုးချစ်အဖွဲ့များ ဂူစန်းကွေ့၏ ထောင်ချောက် မမိစေရန် အမြန်ဆုံးသတင်းပေးကြရလိမ့်မည် ဖြစ်ပေသည်။

လီထက်ရှင်းသည် နှုတ်ဆက်ထွက်သွားခါနီးတွင် ...

'ကြောင်ဟွာကျောင်းဟာ ... အဖမ်းခံနေရတယ် ဆိုပေမယ့် သူ့ကို နန်လန်မင်ဟိုရဲ့တူ ... နန်လန်မင်ရှော့က စောင့်ရှောက်ထားတယ်လို့ သိရတယ်၊ ယိလန်ကျူးကလည်း .... လှိုမင် ဆရာတော်နဲ့ ပတ်သက်နေတယ်၊ သူနဲ့ ကြောင်ဟွာကျောင်းတို့ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ပြီး သံယောဇဉ် ဖြစ်ခဲ့ကြတာ၊ ယိလန်ကျူးက ကြောင်ဟွာကျောင်းကို ကယ်တင်ဖို့ တစ္ဆတ်ထိုးကြိုးစားရင်း ဒုက္ခရောက်သွားနိုင်တယ်၊ သူ့ကို ကူညီဖို့ လိုပါလိမ့်မယ်ဗျာ'

ဟု သတိပေးသွားလေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းသည် ... လီထက်ရှင်း ပြောသွားသော စကားများကြောင့် စိတ်လှုပ်ရှားနေပါသည်။

ယိလန်ကျူးအား သူကောင်းစွာ သိထားပါသည်။

သူ့ရဲကောင်း ယန်ယွင်ချူးသည် သေဆုံးခါနီးတွင် မြစ်ကမ်းနံဘေး၌ သူ၏သမီးကလေးအား လှိုမင်ဆရာတော်ထံသို့ ပို့ပေးရန် မှာကြားသွားသည် မဟုတ်ပါလား။

ယိလန်ကျူးအား လိုက်လံပို့ဆောင်ပေးရင်း သူလည်း လှိုမင်ဆရာတော်ထံမှ သိုင်းပညာသင်ကြားခဲ့ရသဖြင့် များစွာ တိုးတက်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

ယိလန်ကျူးသည် သူ့ရဲကောင်း ယန်ယွင်ချူးနှင့် ယခုနယ်စားကြီး တော်ချက်၏ ဇနီးဖြစ်နေသော နန်လန်မင်ဟိုတို့၏ သမီးဖြစ်သည်။ နန်လန်မင်ဟိုသည် နယ်စားကြီးတော်ချက်နှင့် လက်မထပ်ခင်ကပင် ယန်ယွင်ချူးနှင့်ပတ်သက်ပြီး သမီးတစ်ယောက်ရရှိခဲ့ခြင်း ဖြစ်လေသည်။

သူ ... ငြိမ်နေသဖြင့် လျူယုဖန်က မေးလာလေသည်။



'ရှင် ... ဘာတွေ တွေးတောစဉ်းစားနေတာလဲ၊ ကျွန်မတို့ ယိလန်ကျူးကို သွားပြီး ကူညီကြမလား'

ယိလန်ကျူးအား ကူညီမည်ဆိုလျှင် နယ်စားကြီးတော်ချက်နှင့် ရင်ဆိုင်ရမည်သာ ဖြစ်လေသည်။

တော်ချက်သည် မျိုးချစ်အဖွဲ့ များအား ချေမှုန်းသုတ်သင်ရာ၌ အလွန်သတင်းကြီးခဲ့သူ ဖြစ်၍ မျိုးချစ်များကလည်း တော်ချက်အား သုတ်သင်ရှင်းလင်းပစ်လိုကြသည်။

လင်ဝိဖုန်း သက်ပြင်းချလိုက်သည်။

'ယိလန်ကျူးကို ကူညီရင်းနဲ့ ... တော်ချက်ကို ရင်ဆိုင်ရမှာပဲ'

လျူယုဖန် ... ဝမ်းသာသွားလေသည်။

'ကျွန်မတို့ ... ဘယ်တော့သွားမလဲ'

'အခုပဲ ... သွားကြတာပေါ့'

ဖုချင်စန်းနှင့် မောက်ဝမ်လင်တို့လည်း သဘောတူကြလေသည်။ ထို့နောက် ခရီးထွက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးဘုရင် ခေါင်ရှီသည် ဝူစန်းကွေ့၏ သတင်းများကြောင့် ခံပြင်းဒေါသထွက်နေပါသည်။

တပ်မှူးချုပ် ကျန်းချင်ပိန်ကို ခေါ်ကာ ဝူစန်းကွေ့အား တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေသည်။

တပ်မှူးချုပ် ကျန်းချင်ပိန် ဦးဆောင်သော မန်ချူးတပ်ဖွဲ့များသည် နယ်စားကြီး ဝူစန်းကွေ့အား တိုက်ခိုက်ရန် အကြီးအကျယ် ပြင်ဆင်ကြလေတော့သည်။

ခေါင်ရှီသည် ဝူစန်းကွေ့အား ဆုံးမရန် စီစဉ်ခိုင်းပြီးနောက် မျိုးချစ်သိုင်းသမားများနှင့် ပတ်သက်၍လည်း နယ်စားကြီးတော်ချက်ကို ခေါ်ယူတွေ့ဆုံလိုက်လေသည်။

ခေါင်ရှီသည် သူ၏ရှေ့၌ ခစားနေသော တော်ချက်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

'နယ်စားကြီးကို ကြည့်ရတာ အတော့်ကို ပင်ပန်းနွမ်းနယ်နေပုံရတယ်'

တော်ချက် ဦးညွတ်လိုက်သည်။



'ဝူထိုင်မြို့၊ ချင်လျံဘုံကျောင်းမှာ တိုက်ပွဲဖြစ်ပွားပြီး ဒဏ်ရာရခဲ့တာကြောင့် ဆေးကုသခဲ့ရပါတယ်၊ ခုတော့ သက်သာပျောက်ကင်းသွားပါပြီ၊ ဒဏ်ရာရခဲ့တာကြောင့် ပင်ပန်းနွမ်းနေတယ်လို့ ထင်ရတာပါ အရှင် ...'

ခေါင်ရှီ ပြုံးလိုက်သည်။

'မျိုးချစ်အဖွဲ့တွေဟာ နယ်စားကြီးကို လုပ်ကြံဖို့ ကြိုးစားခဲ့ကြတယ်ဆိုတာ ကျုပ်ကြားပြီးပါပြီ၊ သည်ကိစ္စကို နယ်စားကြီး ဖြေရှင်းနိုင်ခဲ့တာပဲ မဟုတ်လား'

တော်ချက်က ...

'တချို့သာ ကံကောင်းထောက်မပြီး လွတ်မြောက်သွားခဲ့တာပါ၊ ဒါပေမယ့် ... သည်လူတွေ ကြာကြာ ပြေးမလွတ်ပါဘူး'

ခေါင်ရှီ သက်ပြင်းချလိုက်သည်။

'မျိုးချစ်အဖွဲ့တွေနဲ့ တိဘက်တွေက တမှောင့် ... နယ်စားကြီး ဝူစန်းကွေ့က တမှောင့် ဖြစ်နေတယ်၊ ခုဆိုရင် ဝူစန်းကွေ့ကို တိုက်ခိုက်ဖို့ တပ်မှူးချုပ် ကျန်းချင်ပိန်က စီစဉ်နေပြီ၊ နယ်စားကြီးကိုလည်း ကျုပ်က တာဝန်တစ်ခု ပေးချင်တယ် ...'

'ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်လို့ ကတိပြုပါတယ် အရှင် ...'

ခေါင်ရှီ ကျေနပ်သွားလေသည်။

'နယ်စားကြီးဟာ မျိုးချစ်အဖွဲ့တွေအကြောင်းကို တော်တော်လေး သိထားပြီးပြီဆိုတော့ ကျုပ်ပေးမယ့် တာဝန်ဟာ နယ်စားကြီးနဲ့ အလိုက်ဖက်ဆုံးပါပဲ'

တော်ချက်က အသာငြိမ်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ချိုက ...

'တပ်မှူး ကျွန်းချင်ပိန်က ဂူစန်းကွေ့ကို ရင်ဆိုင်နေချိန်မှာ တစ်ဘက်တစ်လမ်းကနေပြီးတော့ နယ်စားကြီးကလည်း မျိုးချစ်အဖွဲ့တွေကို ဆုံးမဖို့ တာဝန်ယူရပါလိမ့်မယ် ...'

တော်ချက်သည် ဘုရင်ခေါင်ချို အမိန့်ပေးလျှင် ငြင်းပိုင်ခွင့် မရှိပေ ...

ခေါင်ချိုက ...

'နယ်စားကြီး တော်ချက် ...'

'အမိန့်ရှိပါ အရှင်'

'နယ်စားကြီးရဲ့ ဇနီးသည်ဟာ ... ကျုပ်တို့မန်ချူးဒေသမှာ ထင်ရှားတဲ့ သိုင်းမျိုးနွယ်က ဆင်းသက်လာတယ်ဆိုတာ သိတယ် မဟုတ်လား'

'သိပါတယ် ... အရှင်'

'နန့်လန်မျိုးနွယ်က သိုင်းသမားတွေဟာ အင်မတန် မာနကြီးကြတယ် ... သူတို့ဟာ ဘုရင့်အမိန့်ကိုတောင် အမှုမထားကြဘူး'

တော်ချက် ခေါင်းငုံ့ထားလိုက်လေသည်။

မန်ချူးဒေသ၌ နန့်လန်သိုင်းမျိုးနွယ်သည် အလွန်ပင် ထင်ရှားလေသည်။

မာနလည်းကြီးကြပြီး မည်သူ့သြဇာမှ ခံကြသူများ မဟုတ်ကြချေ။ ဖြောင့်မတ်မှန်ကန်၍ ... သိုင်းပညာထက်မြက်သော နန့်လန်မျိုးနွယ်အား ရိုသေလေးစားသူ များပြားလှသဖြင့် ရှန်းကျိဘုရင် လက်ထက်ကပင်လျှင် ဥပေက္ခာပြုထားခဲ့ရလေသည်။

ခေါင်ချို ဆက်ပြောသည်။



'မျိုးချစ်သိုင်းသမားတွေကို ဆုံးမဖို့ ကျုပ်တို့ ကိုယ်ရံတော် သိုင်းသမားတွေအပြင် နန့်လန်မျိုးနွယ်က သိုင်းသမားတွေ ပါဝင်ကြမယ်ဆိုရင် မအောင်မြင်စရာ အကြောင်းမရှိပါဘူး'

တော်ချက်သည် ဘုရင် ခေါင်ချို ဆိုလိုသည့် စကားအဓိပ္ပါယ်ကို ကောင်းစွာ နားလည်မိလေသည်။

ဘုရင်ခေါင်ချိုက ...

'နယ်စားကြီး ... သည်တာဝန်ကို ထမ်းဆောင်နိုင်ပါ့မလား'

တော်ချက် ဦးညွှတ်လိုက်သည်။

'ထမ်းဆောင်နိုင်ပါတယ် ... အရှင်'

ဘုရင်ခေါင်ချိုမှာ အလွန်ရက်စက်ကြမ်းကြုတ်သူ ဖြစ်ရာ ... ချက်မာန်တော် ရှလိုက်သည်နှင့် အသက်ပေးလိုက်ရမည်ဖြစ်ကြောင်း တော်ချက် နားလည်ထားလေသည်။

ခေါင်ချို အားရပါးရ ပြုံးလိုက်လေသည်။

'ကောင်းတယ် ... ကောင်းတယ်၊ မျိုးချစ်အဖွဲ့တွေနဲ့ ပတ်သက်ပြီး ... ကျုပ် ဘာမှမတွေးတော့ဘူး၊ နယ်စားကြီးအနေနဲ့ ကောင်းမယ်ထင်သလိုသာ ဆောင်ရွက်ပေတော့'

စကားဆုံးလျှင် လက်ဖွေ့ယမ်းပြလိုက်လေသည်။

တော်ချက်လည်း ဦးညွှတ်ဂါရဝပြုကာ ထွက်လာခဲ့လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## လွန်

တော်ချက်က လက်နှစ်ဘက် နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

သူ၏ မျက်နှာတွင် အလွန်စိတ်ရှုပ်ထွေးသည့် အမူအရာများ ပေါ်လွင်နေပါသည်။ ထိုစဉ် အခန်းတွင်းသို့ နန့်လန်မင်ဟို ဝင်ရောက်လာလေသည်။

'အစ်ကို ... ကျွန်မကို တွေ့ချင်လို့ဆို ...'

တော်ချက်က ...

'ဟုတ်တယ် ညီမ'

'ကိစ္စရှိလို့လားဟင်'

'အင်း ... အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေတယ်လို့ ပြောရမှာပဲ'

'ဘယ်လိုကိစ္စများလဲ ဟင် ...'

နန့်လန်မင်ဟို၏ လေသံမှာ ... စိုးရိမ်ပူပန်နေသော လေသံမျိုး ဖြစ်နေ၍ တော်ချက်၏ရင်ထဲ မဖော်ပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။



'ဘုရင်ခေါင်ချိုက ကျုပ်ကို ခေါ်တွေ့ပြီး ပြောတယ်၊ တပ်မှူးကျန်းချင်ပိန်က ငွစန်းကွေ့ကို ချေမှုန်းလိမ့်မယ် ... ကျုပ်တာလည်း တစ်ဘက်တစ်လမ်းက အထောက်အကူ ဖြစ်အောင် မျိုးချစ်အဖွဲ့တွေကို ချေမှုန်းရမယ်လို့ တာဝန်ပေးလိုက်တယ်'

နန့်လန်မင်ဟို သက်ပြင်းချလိုက်လေသည်။

မျိုးချစ်အဖွဲ့များအား တော်ချက် ချေမှုန်းခဲ့သည်မှာ အတော်ကြာခဲ့ပြီ ဖြစ်သော်လည်း ... ယခုတိုင်အောင် ပြတ်ပြတ်သားသား ချေမှုန်းနိုင်ခြင်း မရှိသေးပေ။

မျိုးချစ်သိုင်းသမားများနှင့် ရင်ဆိုင်ရင်း မိမိတို့ဘက်မှ ထိခိုက်ကျဆုံးမှုလည်း မနည်းတော့သလို တော်ချက်ကိုယ်တိုင်လည်း ထိခိုက်ဒဏ်ရာရခဲ့ပြီး မကြာသေးမီကမှ သက်သာသွားခဲ့သည် မဟုတ်ပါလား။

တော်ချက်က ...

'သည်တစ်ခါ ... မျိုးချစ်သိုင်းအဖွဲ့တွေကို မျိုးပြုတ်အောင် ချေမှုန်းပစ်ရမယ်လို့ အမိန့်ရှိလိုက်တယ်၊ ကျုပ်က တာဝန်မကျေဘူးဆိုရင်တော့ ကျိန်းသေ အရေးယူခံရတော့မှာပဲ'

နန့်လန်မင်ဟိုက ...

'အစ်ကို့ သဘောကျ ... ကျွန်မကို ကူညီစေချင်တာလား'

တော်ချက်က ...

'ကျုပ် ... ဒုက္ခရောက်ရင် ညီမလည်း ဒုက္ခရောက်မှာပဲ၊ ကျုပ်အတွက် ခွေးချယ်စရာ လမ်းမရှိတော့ဘူး၊ ညီမ ... ကျုပ်ကို ကူညီမှဖြစ်မယ်'

'ကျွန်မကို ဘယ်လို ကူညီစေချင်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ညီမတို့ နန့်လန်မျိုးနွယ် သိုင်းသမားတွေဆီမှာ အကူအညီတောင်းပေးဖို့ပါပဲ'

တော်ချက်နှင့် နန့်လန်မင်ဟိုတို့ နှစ်ဦးစလုံးမှာ မန်ချူးလူမျိုးများ ဖြစ်ကြလေသည်။

နန့်လန်မင်ဟိုသည် ယန်ယွင်ချူးနှင့် ပတ်သက်ခဲ့သော်လည်း တော်ချက်နှင့် လက်ထပ်ခဲ့ရသည်။

တော်ချက်သည် ... သူမနှင့် ယန်ယွင်ချူးတို့၏ သတင်းကို မကြားဘဲနေမည် မဟုတ်ပါ။

သို့တိုင်အောင် ... တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆိုခြင်း အပြစ်တင်ခြင်း မရှိဘဲ ချစ်ခင်ကြင်နာစွာ ပေါင်းသင်းဆက်ဆံခဲ့သည်။ လိုလေသေးမရှိ ... တင့်တောင်းတင့်တယ် ထားပြီး အလိုလိုက် ပြုစုစောင့်ရှောက်လာခဲ့လေသည်။

နန့်လန်မင်ဟိုသည် တော်ချက် ဒုက္ခရောက်မည်ကို မလိုလားပါ။ သူမ အကူအညီတောင်းလျှင် မန်ချူးဒေသ၌ ကျန်ရစ်ခဲ့သော နန့်လန်မျိုးနွယ်များက မဖြစ်မနေ ကူညီကြလိမ့်မည်သာ ဖြစ်၏။

တော်ချက်က ...

'ညီမမှ မကူညီရင် ... ကျုပ်ကို ဘယ်သူမှ ကူညီနိုင်ကြတော့မှာ မဟုတ်ဘူး'

နန့်လန်မင်ဟို ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မ ... ကူညီပါ့မယ်ရှင်'

သူမ ... ကတိပေးလိုက်လေတော့သည်။

❖❖❖❖❖



နန့်လန်မင်ဟိုသည် နယ်စားကြီး တော်ချက်၏ အခန်းမှ ပြန်လာခဲ့ပြီ ဖြစ်သည်။ သူမအခန်းသို့ ပြန်ရောက်သည်နှင့် စာတစ်စောင် ရေးလိုက်လေသည်။ နန့်လန်မျိုးနွယ်များထံသို့ စာပို့ကာ အကူအညီတောင်းရန် ဖြစ်လေဘသည်။

သူမသည် စာရေးနေရာမှ ရုတ်တရက် ရပ်လိုက်သည်။

ယန်ယွင်ချူး၏ မျက်နှာကို မြင်ယောင်လာခြင်းကြောင့် ပြုံး ပေသည်။ ယန်ယွင်ချူးသည် သူမ၏ အသည်းနှလုံးကို ပိုင်[illegible] မဟုတ်ပါလား ... ယန်ယွင်ချူးသည် မျိုးချစ်သိုင်းသမား တစ်ဦး[illegible] ဖြစ်ခဲ့လေသည်။

မျိုးချစ်သိုင်းသမားတစ်ယောက်နှင့် ပတ်သက်ခဲ့ရ[illegible] ကြောင့် မျိုးချစ်သိုင်းသမားများအား ချေမှုန်းသုတ်သင်ပစ်ဖို့ [illegible] မှာ သူမအတွက် မလုပ်ရက်သော ကိစ္စတစ်ခု ဖြစ်နေပါ[illegible]

ထို့အပြင် ...

'သမီးလေး ...'

နန့်လန်မင်ဟို တီးတိုးရေရွတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ယွင်ချုံးနှင့် ရခဲ့သော သမီးလေး ယိလန်ကျူး ရှိနေသေးသည် မဟုတ်ပါလား။ ယိလန်ကျူးသည်လည်း မျိုးချစ်သိုင်းသမားတစ်ယောက် ဖြစ်နေကြောင်း သူမ သိထားပြီး ဖြစ်သည်။

နန့်လန်မင်းဟို၏ ရင်ထဲ ဝေခွဲမရဘဲ တော်ချက်နှင့် ယိလန်ကျူးတို့က လွန်ဆွဲနေကြသည်။

နန့်လန်မင်ဟိုသည် အတန်ကြာအောင် တွေးတောစဉ်းစားပြီးမှ မဆုံးသေးသော စာကို ဆုံးအောင် ဆက်ရေးလိုက်လေသည်။

သူမက စာကို ပြီးဆုံးအောင်ရေးကာ ... တော်ချက်နှင့် သွားရောက်တွေ့ဆုံလိုက်လေသည်။ တော်ချက်သည် နန့်လန်မင်ဟိုမှာ သူ၏အခန်းမှ ထွက်သွားပြီး ချက်ချင်းဆိုသလို ပြန်လည်ရောက်ရှိလာခြင်းကြောင့် အံ့သြသွားလေသည်။

'ညီမ ဘယ်လို ဖြစ်တာလဲ၊ မျက်နှာလည်း မကောင်းပါလား'

တော်ချက်က ဆီးကြိုမေးလိုက်၏။ နန့်လန်မင်ဟိုက ...

'ကျွန်မ နေကောင်းပါတယ် ... ပြောစရာရှိလို့ပါ'

'ညီမ ... ဘာပြောချင်လို့လဲ'

'နန့်လန်မျိုးနွယ်တွေဆီက အကူအညီတောင်းမယ်ဆိုရင် ... သည်အတိုင်း မဖြစ်ဘူး။ ကျွန်မကိုယ်တိုင် သွားရလိမ့်မယ်၊ ဒါမှ သူတို့ လိုလိုလားလား ကူညီကြမှာ ...'

တော်ချက် မျက်မှောင်ကုပ်သွားလေသည်။

'ညီမ ... နေရာအနှံ့အပြားမှာ တိုက်ပွဲတွေ ဖြစ်နေတယ် ... ကျုပ်တို့ကို မုန်းတီးနေတဲ့လူတွေကလည်း လက်ညှိုးထိုး မလွဲဘူး ညီမ သွားမယ်ဆိုရင် အန္တရာယ် မများဘူးလား'

'ကျွန်မကိုယ် ကျွန်မ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်ရှင်'



'ညီမ ...'

တော်ချက် မည်သို့ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။ နန့်လန်မင်ဟိုက ...

'ကျွန်မ သွားတဲ့အခါ အဖော်ရအောင် ... နန့်လန်မင်ရှေ့နဲ့ အိမ်ဖော်တစ်ယောက်ကို ခေါ်သွားမယ်'

တော်ချက်သည် ဖနီးသည်အား အတန်ကြာအောင် ငေးကြည့်နေပြီးမှ သက်ပြင်းချလိုက်လေသည်။ နန့်လန်မင်ဟိုက ...

'အစ်ကို ... သဘောတူ ခွင့်ပြုနိုင်မယ်လား'

ဟု မေးသည်။ တော်ချက်က ...

'ကျုပ်မှာ ... အကူအညီ လိုနေတယ်ဆိုတော့လည်း ခွင့်ပြုတော့မှာပေါ့လေ'

သဘောတူခွင့်ပြုလိုက်သဖြင့် နန့်လန်မင်ဟို ဝမ်းသာသွားလေတော့သည်။ တော်ချက်အား နှုတ်ဆက်ကာ ချက်ချင်း ထွက်သွားတော့သည်။ နန့်လန်မင်ဟို ထွက်သွားပြီးမှ တော်ချက် သက်ပြင်းချလိုက်ပြန်လေသည်။

မျက်လုံးများ အရောင်တောက်ပလာသကဲ့သို့ မျက်နှာတစ်ခုလုံး ထူးခြားသည့် အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

'သူဟာ ယန်ယွင်ချုံးနဲ့ ပတ်သက်ခဲ့တဲ့အပြင် ... ယိလန်ကျူးကိုလည်း သံယောဇဉ် မပြတ်နိုင်ပဲကိုး'

တော်ချက်သည် အရက်တစ်ခွက် ငုံ့သောက်လိုက်သည်။

သူ၏ဘဝအတွက် အရေးကြီးဆုံးအချိန် ရောက်လာပြီဟု နားသည်လိုက်လေသည်။

❖❖❖❖❖

www.burmeseclassic.com



အခန်းတွင်းမှ တေးကဗျာ ရွတ်ဆိုသံများ ထွက်ပေါ်နေသည်၊ နန့်လန်မင်ရော့၏ အသံ ဖြစ်လေသည်။

နန့်လန်မင်ဟိုသည် အခန်းတွင်းသို့ လှမ်းဝင်ရင်း နန့်လန်မင်ရော့ အား ပြောလိုက်လေသည်။

'ခုချိန်ဟာ တေးကဗျာ ရွတ်ဆိုရမယ့်အချိန် မဟုတ်တော့ဘူး'

နန့်လန်မင်ရော့သည် အဒေါ်ဖြစ်သူကို မြင်လျှင် ပျာပျာသလဲ ခရီးဦးကြို ပြုလိုက်လေသည်။

'ဒေါ်ဒေါ် ကြွပါခင်ဗျာ၊ ကျွန်တော် ကဗျာတစ်ပုဒ် ...'

နန့်လန်မင်ဟိုက ...

'မင်းကိုငါ ပြောတယ်မဟုတ်လား ... ခုချိန်မှာ တေးကဗျာ ရွတ်ဆိုရမယ့်အချိန် မဟုတ်တော့ဘူး ... ခရီးထွက်ရမယ့်အချိန် ဖြစ်နေပြီ ...'

နန့်လန်မင်ရော့ ... အံ့ဩသွားသည်။

'ဒေါ်ဒေါ် ... ကျွန်တော် ခရီးထွက်ရမယ် ဟုတ်လား'

'ငါ ခရီးထွက်မှာ ... မင်းလိုက်ခဲ့ရမယ်၊ ကြောင်ဟွာကျောင်းကိုလည်း တစ်ပါတည်း ခေါ်သွားရမယ်'



'ဗျာ ...'

ကြောင်ဟွာကျောင်းအား မိမိ ကယ်တင်ထားသည်ကို အဒေါ်ဖြစ်သူ သိရှိနေသဖြင့် ... နန့်လန်မင်ရော့ ရင်ထိတ်သွားလေသည်။

နန့်လန်မင်ဟိုက ...

'ကြောင်ဟွာကျောင်း ... မင်းရဲ့အခန်းထဲမှာ ပုန်းနေတာကို နယ်စားကြီး တော်ချက် တစ်နေ့နေ့မှာ သိသွားနိုင်တယ်'

နန့်လန်မင်ရော့ ခေါင်းငုံ့ထားလိုက်လေသည်။

နန့်လန်မင်ဟိုက ...

'ကဲ ... ခုပဲ အထုပ်အပိုး ပြင်ပေတော့'

'ကောင်းပါပြီ ... ဒေါ်ဒေါ်'

နန့်လန်မင်ရော့လည်း ခရီးထွက်ရန် ပြင်ဆင်လိုက်ရလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတရား

သုံးရက်ဟူသော အချိန် ကုန်လွန်သွားပြီ ဖြစ်လေသည်။

နန့်လန်မင်ဟို၊ နန့်လန်မင်ရှော့နှင့် ကြောင်ဟွာကျောင်းတို့ ခရီးထွက်လာခဲ့ကြသည်မှာ သုံးရက်ရှိသွားပြီ ဖြစ်သည်။

လမ်းခရီးတစ်လျှောက်၌ တိုက်ပွဲများ ဖြစ်ပွားနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

တိုက်ပွဲအခြေအနေများကား ရှုပ်ထွေးပွေလီလှပေသည်။

မန်ချူးတပ်ဖွဲ့များနှင့် နယ်စားကြီး ဝူစန်းကွေ့၏ တပ်ဖွဲ့များ တိုက်ခိုက်နေကြသည်။

မျိုးချစ်အဖွဲ့များကလည်း မန်ချူးတပ်ဖွဲ့သာမက ဝူစန်းကွေ့၏ တပ်ဖွဲ့များကိုပါ တိုက်ခိုက်နေကြလေသည်။

နန့်လန်မင်ဟိုတို့သည် သုံးရက်မြောက်သောနေ့တွင် ဘုံကျောင်းကလေးတစ်ခုသို့ ရောက်ရှိလာကြပြီး ထိုဘုံကျောင်းကလေး၌ ခေတ္တအနားယူလိုက်ကြလေသည်။



တော်ချက်၏ လက်တွင်းမှ လွတ်မြောက်လာခဲ့ခြင်းကြောင့် ကြောင်ဟွာကျောင်းမှာ နန့်လန်မင်ဟိုအား ကျေးဇူးတင်မဆုံး ဖြစ်နေပါသည်။

ဘုံကျောင်းကလေး၌ ရပ်နားပြီးသည်နှင့် ကြောင်ဟွာကျောင်းက နန့်လန်မင်ဟိုအား ဦးညွတ်ကာ ခွင့်ပန်လိုက်လေသည်။

'ကျွန်တော့်ကို ကူညီခဲ့တဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ သွားခွင့်ပြုပါခင်ဗျာ ...'

နန့်လန်မင်ဟိုက ...

'နေဦး ... မင်း သွားလို့ မဖြစ်သေးဘူး၊ မင်းနဲ့ငါ ... အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာ ရှိသေးတယ်'

သူမသည် အသင့်ရေးထားသော စာတစ်စောင်ကို ထုတ်ယူကာ ... နန့်လန်မင်ရှော့ကို ပေးလိုက်သည်။

'မင်းက မန်ချူးကုန်းမြင့်ကို အမြန်ဆုံးရောက်အောင် ပြန်ပြီး ဆရာ 'နန့်လန်ထင်း'လက်ထဲ ... သည်စာကို အရောက်ပို့လိုက်ပါ၊ ပြီးရင် မင်း အဲသည်မှာပဲ နေလိုက်တော့ ... ပြည်မကို ဘယ်တော့မှ ပြန်မလာနဲ့တော့၊ ငါ ... နောက်မှ လိုက်လာခဲ့မယ်'

နန့်လန်မင်ရှော့ ဝမ်းသာသွားသည်။ သူသည် အဒေါ်ရင်းနှင့် လည်အပတ် နေထိုင်ခဲ့ရသော နန်းတွင်း၌မပျော်ဘဲ မိဘဆွေမျိုးများရှိသည့် မန်ချူးကုန်းမြင့်၌သာ ပျော်ပိုက်သူ မဟုတ်ပါလား'

အဒေါ်ဖြစ်သူသည် အကြောင်းကိစ္စရှိ၍သာ ယခုကဲ့သို့ စေခိုင်းက်ခြင်းဖြစ်ကြောင်းလည်း သဘောပေါက်မိလေသည်။

'ကောင်းပါပြီ ဒေါ်ဒေါ် ... ကျွန်တော် ဘယ်တော့မှ ပြန်ာတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... ကြောင်ပွှာကျောင်းအား နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

နန့်လန်မင်ရှေ့ ထွက်သွားပြီ ဖြစ်သည်။

နန့်လန်မင်ဟိုက ကြောင်ပွှာကျောင်းအား မေးလိုက်သည်။

'မင်းက ... ယိလန်ကျူးကို သိတယ် မဟုတ်လား'

ကြောင်ပွှာကျောင်း ရင်ထိတ်သွား၏။

သူမက ထပ်မံ၍ ...

'မင်းတို့နှစ်ယောက် အတော်ကုလေး ရင်းနှီးကြတယ်ဆိုတာ ငါ သိထားတယ် ... ငါ့ကို အမှန်အတိုင်း ပြောပါ၊ မင်းတို့နှစ်ယောက် ဘယ်လို ဆုံတွေ့ခဲ့ကြတာလဲ၊ သူ့ကို ဘယ်နေရာမှာ တွေ့နိုင်မလဲ'

ကြောင်ပွှာကျောင်းက ...

'ကျွန်တော်တို့လူစု ... နယ်စားကြီးတော်ချက်ကို လုပ်ကြံဖို့ လာရင်း ... တွေ့ဆုံရင်းနှီးခဲ့တာပါ၊ တော်ချက်ကို သူကလွှဲပြီး ဘယ်သူမှ မသတ်ရဘူးလို့ ပြောပါတယ်၊ ကျွန်တော်တို့ဟာ ပြိုင်ဘက်တွေလို ဖြစ်သွားပြီး သူ အခက်ကြုံနေတဲ့နောက်ပိုင်း ကျွန်တော်က ကူညီခဲ့လို့ မိတ်ဆွေတွေ ဖြစ်သွားတာပါ၊ ခုချိန်မှာ သူ ဘယ်ရောက်နေသလဲ ဆိုတာ မပြောနိုင်ပေမယ့် ... စုံစမ်းကြည့်ရင်တော့ သိရမယ် ထင်ပါတယ် ခင်ဗျာ'

နန့်လန်မင်ဟိုက ...

'ငါ့အတွက် ... သူ့ရဲ့သတင်းကို မင်းစုံစမ်းပေးမလား'

'စိတ်ချပါခင်ဗျာ ... ကျွန်တော် စုံစမ်းပေးပါ့မယ်'

ကြောင်ပွှာကျောင်း ကတိပေးလိုက်သဖြင့် နန့်လန်မင်ဟို ကျေနပ်သွားလေသည်။



ထိုစဉ် ... ဘုံကျောင်းသို့ လူတစ်စု ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။ အရပ်ရှည်သော ဝင်ချင်ယင်း၊ အရပ်ပုသော ချင်းထုံ၊ ဘုန်းကြီးတု ထုံမင် တို့ဖြစ်လေသည်။

သူတို့သည် ဘုံကျောင်းထဲ ဝင်လာရင်း နန့်လန်မင်ဟိုအား တွေ့လိုက်ရလျှင် ... ဝမ်းသာသွားကြလေသည်။

'နယ်စားကတော် ... ခရီးထွက်လာတယ်လို့ ကျုပ်တို့သတင်းကြားရတာ မှန်နေပြီ'

'သည်တစ်ခါတော့ ... ကျုပ်တို့လက်က ထွက်ပြေးလို့ရမယ် မထင်နဲ့'

ချက်ချင်းပင် နန့်လန်မင်ဟိုအား ဝိုင်းရံထားလိုက်ကြလေသည်။ ကြောင်ပွှာကျောင်းက ကပျာကယာ တားမြစ်လိုက်သည်။

'နေကြပါဦး ... နယ်စားကတော်ဟာ ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ သူ့ကို မတိုက်ခိုက်ကြပါနဲ့ဗျာ'

ထုံမင်က ...

'ကြောင်ပွှာကျောင်း ... မင်းနောက်ဆုတ်လိုက်စမ်း၊ ခုဆိုရင် မန်ချူးဘုရင် ခေါင်ချိက ... ကျုပ်တို့ မျိုးချစ်အဖွဲ့တွေကို ချေမှုန်းဖို့ မန်ချူးကုန်းမြင့်က သိုင်းဆရာ 'နန့်လန်ထင်း'ကို ခေါ်ခိုင်းလိုက်တာ၊ ဒီတာ သွားခေါ်လိမ့်မယ်၊ နန့်လန်ထင်း ရောက်လာရင် အခြေအနေ ဆိုးသွားမယ်ဆိုတာ မင်း မတွေးမိဘူးလား'

မန်ချူးကုန်းမြင့်ရှိ နန့်လန်မျိုးနွယ်မှ သိုင်းဆရာ နန့်လန်ထင်းသည် အလွန်ထက်မြက်သော သိုင်းဆရာကြီးတစ်ဦး ဖြစ်လေသည်။ နန့်လန်ထင်းသည် လှိုမင်ဆရာတော်ထက်ပင် သိုင်းပညာသာသည် ဟု သတင်းကြီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန့်လန်ထင်း ရောက်လာသည်နှင့် ... မျိုးချစ်သိုင်းအဖွဲ့များ အထိနာမည်မှာ သေချာနေပါတော့သည်။

ကြောင်ဟွာကျောင်းသည် နန့်လန်မင်ဟိုအား အထိတ်တလန့် ကြည့်လိုက်လေသည်။

နန့်လန်မင်ဟို၏ မျက်နှာမှာ ... တည်ကြည်လေးနက်နေပါသည်။ ထိုမင်းကို ကြည့်ကာ ...

'သည်သတင်းကို ရှင်တို့ ဘယ်က ကြားခဲ့တာလဲ'

ဟုမေးလိုက်လေသည်။ ထိုမင်က ...

'သည်သတင်း ဘယ်သူ့ကိုမေးမေး၊ လူတိုင်းသိနေကြတာပဲ'

'ဩော် ...'

နန့်လန်မင်ဟိုသည် နယ်စားကြီး တော်ချက်၏ မျက်နှာကို မြင်ယောင်လာလေသည်။

တော်ချက်သည် မန်ချူးလူမျိုး ဖြစ်သလို ... ခင်ပွန်းကောင်း တစ်ဦးလည်း ဖြစ်ခဲ့သည်။

သို့သော် ... ဘုရင်ခေါင်ချိအား မည်သည့်နည်းနှင့်မျှ လွန်ဆန်နိုင်မည် မဟုတ်ပါ။

နယ်စားကြီးတစ်ယောက်၏ ဂုဏ်သိက္ခာလည်း ကျဆင်းခံမည် မဟုတ်ပါ ...

သူမ အိမ်မှ ထွက်လာသောအခါ သူ့အား လမ်းခွဲသွားတော့မည်ဖြစ်ကြောင်း ကောင်းစွာ ရိပ်မိသွားပုံ ရလေသည်။

ယခုကဲ့သို့ သတင်းများ ဖြစ်ပေါ်လာသည်မှာ တော်ချက်က တမင်သတင်းလွှင့်လိုက်၍ ဖြစ်ကြောင်း နန့်လန်မင်ဟို နားလည်သွားတော့သည်။



အမှန်လည်း ... သူမသည် သမီးဖြစ်သူအား ရှာဖွေကာ မန်ချူးဒေသသို့ ပြန်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

တော်ချက်၏ကျေးဇူးကို သိတတ်သည့်အနေဖြင့် ဆရာဖြစ်သူ ထံ၌ တောင်းပန်ပေးမည် ဖြစ်သည်။

သူမ တောင်းပန်လျှင် နန့်လန်ထင်းက တော်ချက်ကို ကူညီမည်သာ ဖြစ်လေသည်။ ယခုတော့ ...

တော်ချက်သည် သူ့အား လုံးလုံးလျားလျား စွန့်ပစ်သွားပြီဟု ယူဆကာ သတင်းလွှင့်လိုက်ချေပြီ။

နန့်လန်မင်ဟို၏ စိတ်ထဲတွင် ...

'နောက်ဆုံးတော့လည်း တစ်ချိန်လုံး ရယူထားခဲ့သမျှတွေကို ပြန်ပြီး ပေးဆပ်ရတော့မှာပါလား'

ဟု တွေးမိသည်။ နှုတ်မှမူ ...

'ကျွန်မ ဘယ်သူနဲ့မှ ပြဿနာ မဖြစ်ချင်ပါဘူး၊ ဒါကြောင့် ရှင်တို့ အေးအေးဆေးဆေး ပြန်သွားကြပါ'

ထိုမင်က ...

'မင်း ပြန်နိုင်းတိုင်း ပြန်ရမှာလား'

စကားဆုံးလျှင် တောင်ဝှေးတစ်ချောင်းကို အသုံးပြုကာ စတင် တိုက်ခိုက်လိုက်လေသည်။

'ယား ...'

ဝင်ချင်ယင်းနှင့် ချင်းထုံတို့ကလည်း ညာသံပေးကာ ခုန်ဝင်လာကြလေသည်။

နန့်လန်မင်ဟို မတတ်သာဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ... ဝုန်း'

ဝင်ချင်ယင်း၊ ချင်းထုံနှင့် ထုံမင်တို့ သုံးယောက်မှာ မယှဉ်နိုင်ဘဲ အဝေးသို့ လွင့်စဉ်သွားကြရာ ကြောင်ဟွာကျောင်း အံ့ဩသွားမိ၏။

နန့်လန်မင်ဟိုက ဆက်၍ တိုက်ခိုက်ခြင်း မပြုချေ။

'ရှင်တို့ ... သွားကြပါတော့'

ထုံမင်တို့သည် မကျေမနပ် ဖြစ်နေသော်လည်း မယှဉ်နိုင်သဖြင့် ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

ထုံမင်တို့ ထွက်သွားကြသော်လည်း ကြောင်ဟွာကျောင်းက ထွက်မသွားချေ။ နန့်လန်မင်ဟိုနှင့်အတူ လိုက်သွားလေသည်။

နန့်လန်မင်ဟို၏ အခြေအနေကို သူ ကောင်းစွာ နားလည်သဘောပေါက်နေပြီ ဖြစ်ပါသည်။

သူ၏ အသက်ကို ကယ်တင်ခဲ့သည့်အပြင် သူ သံယောဇဉ်ဖြစ်မိသော ယိလန်ကျူး၏ မိခင်လည်း ဖြစ်နေသည် မဟုတ်ပါလား။

နန့်လန်မင်ဟိုနှင့် သူရဲကောင်း ယန်ယွင်ချူးတို့ ပတ်သက်ခဲ့ကြသည့်အကြောင်းကို သိုင်းလောကတစ်ခုလုံး သိနေကြပြီ ဖြစ်ပါသည်။

ကြောင်ဟွာကျောင်းက ...

'ဒေါ်ဒေါ် ... သိုင်းလောကထဲမှာ သည်အတိုင်း သွားနေမယ်ဆိုရင် အန္တရာယ် များလှပါတယ်၊ ဒါကြောင့် တစ်နေရာရာက စောင့်နေပါ၊ ယိလန်ကျူးကို ... ကျွန်တော်လိုက်ရှာပြီး ဒေါ်ဒေါ့်ဆီကို ပြန်ခေါ်လာပါ့မယ်'

ဟု တောင်းပန်လိုက်လေသည်။



နယ်စားကြီး တော်ချက်က သူ့မအပေါ် အထင်မှားသွားပြီဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် နန့်လန်မင်ဟို စိတ်ပျက်နေပါသည်။

ကြောင်ဟွာကျောင်း၏ အကြံမှာ သင့်မြတ်နေသဖြင့် လက်ခံဖို့ ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ် ....

'ခွပ် ... ခွပ် ... ခွပ် ... ခွပ်'

'ခွပ် ... ခွပ် ... ခွပ် ... ခွပ်'

မြင်းခွာသံများနှင့်အတူ မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားများမှာ တိုက်ပွဲတစ်ခု၌ အရေးနိမ့်ကာ ဆုတ်ခွာလာကြသူများ ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ထိုလူများမှာ ပင်ပန်းနွမ်းနယ်ကာ ဒဏ်ရာများလည်း ရရှိထားကြလေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူကို မြင်လျှင် ကြောင်ဟွာကျောင်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

'ဦးလေး ... ကြောင်လူ'

ဟု လှမ်းခေါ်လိုက်လေသည်။

ကြောင်လူသည် ကြောင်ဟွာကျောင်း၏ ဖခင် ကြောင်ဟွာမင်း ထူထောင်ခဲ့သော မျိုးချစ်အဖွဲ့ကို ဆက်၍ ဦးဆောင်နေခဲ့သူ ဖြစ်သည်။ ကြောင်လူသည် ကြောင်ဟွာကျောင်း၏ ဦးလေးတော်သူလည်း ဖြစ်သည်။

'ကြောင်ဟွာကျောင်း ... ငါ့တူ၊ မင်း အဖမ်းခံနေရတယ်ဆို၊ ဘယ်တုန်းက လွတ်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကြောင်လူတို့သည် ဝမ်းသာအားရဖြစ်သွားကြပြီး မြင်းများ ရပ်တန့်ကာ ကြောင်ဟွာကျောင်းကို ဝိုင်းဝန်းမေးမြန်းကြလေသည်။ ကြောင်ဟွာကျောင်းကလည်း အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ကြောင်လူတို့သည် နန့်လန်မင်ဟိုကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေကြသည်။

မည်သို့ဆိုစေ ... ကြောင်ဟွာကျောင်းကို ကူညီခဲ့ကြသဖြင့် နန့်လန်မင်ဟိုအပေါ် ကျေးဇူးတင်မိကြလေသည်။

ကြောင်လူက ...

'သခင်မဟာ ... ကျုပ်တို့ရန်သူတစ်ယောက် ဖြစ်ပေမယ့် ... ကျုပ်ရဲ့တူကို စောင့်ရှောက်ခဲ့လို့ ကျေးဇူးတင်ပါတယ်ဗျာ'

နန့်လန်မင်ဟိုက ....

'ကျွန်မကတော့ ဘယ်သူ့ကိုမှ ရန်သူလို သဘောမထားပါဘူး။ အားလုံး အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေစေချင်တာပါပဲရှင်'

'သခင်မတို့ မန်ချူးတွေကသာ ကျုပ်တို့တိုင်းပြည်ကို မကျူးကျော်ခဲ့ကြဘူးဆိုရင် ... သခင်မ ပြောသလို အေးအေးချမ်းချမ်း နေလို့ ဖြစ်တာပေါ့ဗျာ'

'တစ်နေ့ကျရင် ... မန်ချူးတွေဟာ သူတို့နေရာကို သူတို့ပြန်သွားကြရမှာပါရှင်'

သူမ၏စကားကြောင့် ကြောင်လူ သဘောကျသွားလေသည်။ ကြောင်ဟွာကျောင်းက ...

'ဒါထက် ဦးလေးတို့ တိုက်ပွဲဆင်နွှဲပြီး ပြန်လာခဲ့ကြတာလား'

ကြောင်လူ၏ မျက်နှာကြီး ရှုံ့မဲ့သွားလေသည်။

'ကျုပ်တို့က ဝူစန်းကွေ့ရဲ့ လူတွေကို တိုက်ခိုက်ခဲ့ကြတာ ...



သူတို့ဘက်က တိဘက်တချို့ ... ပါဝင်နေကြတယ်၊ သူတို့ထဲက လူတစ်ယောက်ဟာ အတော့်ကို ကြောက်စရာကောင်းတယ်၊ ကျုပ်တို့ အရေးနိမ့်ပြီး ဆုတ်ခွာလာခဲ့ရတယ် ....'

ဝူစန်းကွေ့သည် ... တိဘက်များ အမြတ်တနိုးထားသည့် 'ကန္တာရကြယ်'ကို ပြန်ပေးကာ တိဘက်များအား စည်းရုံးထားခြင်း ဖြစ်လေသည်။

ကြောင်လူက ဆက်၍ ...

'အဲသည်လူဟာ တိဘက်မဟုတ်ဘဲ ဟန်လူမျိုးတစ်ယောက် ဖြစ်နေတယ်၊ ကျုပ်တို့ ဆက်တိုက်နေလို့ မဖြစ်တော့တာကြောင့် လီကျင့်တို့ လူစုနဲ့ သွားပြီး ပူးပေါင်းမလို့ ထွက်လာခဲ့ကြတယ်၊ ကြောင်ဟွာကျောင်း ... မင်းကော လိုက်မယ် မဟုတ်လား'

ကြောင်ဟွာကျောင်းက ...

'ကျွန်တော် နောက်တော့ လိုက်လာပါ့မယ် ... အခုတော့ သခင်မနဲ့ အတူ လုပ်ကိုင်ဆောင်ရွက်စရာလေးတွေ ရှိလို့ နေခဲ့ပါဦးမယ်'

ကြောင်လူက သတိပေးလိုက်သည်။

'ကြောင်ဟွာကျောင်း ... အစစ အရာရာ ဂရုစိုက်ပါ'

ထို့နောက် ... နန့်လန်မင်ဟိုကိုပါ နှုတ်ဆက်ကာ ထွက်ခွာသွားကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေပိုဖာ်းသားများသည် လီကျင့်နှင့် ပူးပေါင်းရန် ခရီးနှင်လာခဲ့ကြလေသည်။

လီကျင့်သည် မန်ချူးများကိုလည်းကောင်း၊ ဝူစန်းကွေ့ကိုလည်းကောင်း ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီး မျိုးချစ်အင်အားစုများကို စည်းရုံးသိမ်းသွင်းခဲ့လေသည်။

မိုးမြေဂိုဏ်းမှ ဒုဂိုဏ်းချုပ် ယန့်လီဝေသည် ပိုဏ်းသားများကို ဦးဆောင်ကာ လီကျင့်နှင့် ပူးပေါင်းရန် လာခဲ့လေသည်။

ဝူစန်းကွေ့၏ လှည့်ကွက်ကြောင့် မျိုးချစ်အဖွဲ့များ အချင်းချင်းလည်း အကွဲကွဲအပြားပြား ဖြစ်နေကြလေသည်။

အချို့သည် ဝူစန်းကွေ့၏ ကြေညာချက်ကို ယုံကြည်မိကာ သွားရောက်ပူးပေါင်းကြရာ ဝူစန်းကွေ့က ထိုအဖွဲ့များမှ ခေါင်းဆောင်များအား ဖယ်ရှားကာ ကျန်အင်အားစုများကို သိမ်းသွင်းထားလိုက်တော့သည်။

ဤသို့ဖြင့် ဝူစန်းကွေ့၏ အင်အား ပိုမိုကြီးထွားလာသည်။

ဝူစန်းကွေ့သည် မန်ချူးများအတွက် ကြီးစွာသော အနှောင့်အယှက် ဖြစ်လာလေသည်။



သူသည် မန်ချူးတို့အား ဆန့်ကျင်ရုံမကဘဲ စည်းရုံးသိမ်းသွင်း၍ မရသော မျိုးချစ်အဖွဲ့များကိုလည်း ချေမှုန်းပစ်လေသည်။

တိုက်ပွဲများ ... အဆက်မပြတ် ဖြစ်ပွားနေသည်။

ဝူစန်းကွေ့၏ လက်အောက်သို့ ရောက်ရှိလာကြသော တိဘက်အင်အားစုထဲ၌ ထူးချွန်ထက်မြက်သူတစ်ယောက် ပါရှိလာလေသည်။ စင်စစ်ထိုလူမှာ တိဘက်မဟုတ်၊ ဟန်လူမျိုး ဟန်စုဖန်ပင် ဖြစ်၏။

ဝူစန်းကွေ့သည် ဟန်စုဖန်၏ သိုင်းပညာထက်မြက်သည်ကို တွေ့ရလျှင် ကောင်းစွာ ချီးမြှင့်မြှောက်စားပြီး ... လီကျင့်အား သုတ်သင်ရန် တာဝန်ပေးလိုက်လေသည်။

ထိုအချိန်တွင် ...

လီကျင့်သည် ဝူစန်းကွေ့က သိုင်းသမားတစ်ယောက် စေလွှတ်လိုက်မှန်းသိ၍ ရင်ဆိုင်ရန် တောင်ကုန်းတစ်ခုပေါ်၌ စောင့်ဆိုင်းနေခဲ့လေသည်။ သူ၏အနီးတွင် ... သားဖြစ်သူ လီထက်ရှင်း၊ ကြောင်လူနှင့် မိုးမြေ ဒုဂိုဏ်းချုပ် ယန့်လီဝေတို့လည်း ရှိနေကြလေသည်။

'အား ...'

ရုတ်တရက် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ရန်သူရောက်လာပြီး အစောင့်များနှင့် တိုက်ခိုက်နေပြီ ဖြစ်ကြောင်း လီကျင့်တို့ ရိပ်မိလိုက်ကြ၏။

မကြာပါချေ ... တောင်ကုန်းပေါ်သို့ ရိပ်ခနဲ ရိပ်ခနဲ ပြေးတက်လာသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ... ဟန်စုဖန် ဖြစ်နေပါတော့သည်။

ယန့်လီဝေသည် ဟန်စုဖန်ကို မြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလေး ... ဟန်စုဖန်'

ဟုလှမ်းပြီး နှုတ်ဆက်လိုက်လေသည်။ ဟန်စုဖန်က ...

'ခင်ဗျားက ... လီကျင့်တို့လူစုနဲ့ လာပြီးတော့ ပူးပေါင်းနေတာ ဘာသဘောလဲ'

ယန့်လီဝေက ...

'အစ်ကိုလေး၊ မိုးမြေဂိုဏ်းဟာ ......'

သူ့စကားမဆုံးမီ ဟန်စုဖန်က ကြားဖြတ်၍ ...

'ခင်ဗျားတို့ဟာ ဂူစန်းကွေ့နဲ့ ပူးပေါင်းကြရမှာဗျ'

'ဝမ်းနည်းပါတယ် အစ်ကိုလေး ... ဂူစန်းကွေ့နဲ့ ပူးပေါင်းလို့ မဖြစ်ပါဘူး'

ယန့်လီဝေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။ ထိုစဉ် လီကျင့်က ...

'မိတ်ဆွေဟာ မိုးမြေဂိုဏ်းက သူ့ရဲကောင်း ဟန်စုဖန် မဟုတ်လား ... ဘာကြောင့်များ မျိုးချစ်အဖွဲ့အချင်းချင်း ပြန်ပြီး တိုက်ခိုက်ချင်နေရတာလဲဗျာ'

ဟန်စုဖန်သည် ... လင်ဝိဖုန်းနှင့် လျူယုဖန်တို့ ရင်းရင်းနှီးနှီး ဖြစ်နေသည်ကို မနှာလိုဖြစ်ကာ ထွက်လာရင်း ... မမျှော်လင့်ဘဲ ကျောက်ဂူတစ်ခုအတွင်းမှ သိုင်းပညာများ ရရှိလာသဖြင့် သူမတူ အောင် ထက်မြက်လာခဲ့ခြင်း ဖြစ်လေသည်။ ဟန်စုဖန်က ...

'ကျုပ်က ဂူစန်းကွေ့ကို သစ္စာခံထားတယ်၊ ဂူစန်းကွေ့ကို ဆန့်ကျင်ရင် ... ရန်သူလို့ သတ်မှတ်ရမှာပဲ'

'ကျုပ်တို့ကလည်း ဂူစန်းကွေ့လို သစ္စာမရှိတဲ့လူကို သစ္စာမခံနိုင်ဘူး'



ခုခြေအနေ တင်းမာသွားလေသည်။ ဟန်စုဖန်က —

'ကောင်းပြီလေ ... ကျုပ်တို့တာဝန်အတိုင်း ဆောင်ရွက်ကြတာပေါ့'

တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြသည်။ ထိုစဉ် —

'ဟန်စုဖန် ... မင်း ဘာလုပ်မလို့လဲ'

စကားသံနှင့်အတူ ဂူဟန်ယင်း၊ ဂူချင်းဟွာနှင့် ဂူချူးယောင်တို့ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။ ဟန်စုဖန်သည် ဂူဟန်ယင်းကို မြင်လျှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဦးလေး ... ဂူဟန်ယင်း'

ဂူဟန်ယင်းက ...

'အေး ... ငါတို့ လီကျင့်ဆီမှာလာပြီး ပူးပေါင်းခိုလှုံနေကြတာက၊ မန်ချူးလက်ချက်၊ ဂူစန်းကွေ့လက်ချက် ခံခဲ့ရတဲ့ မျိုးချစ်အဖွဲ့တွေ သည်မှာလာပြီး ခိုလှုံနေကြတာဟာ အတော်များနေပြီ၊ တို့တစ်တွေ မျိုးချစ်အဖွဲ့ပေါင်းစုံ ပါဝင်တဲ့ မဟာမိတ်အဖွဲ့ကြီး ဖွဲ့စည်းဖို့ စီစဉ်ထားတယ်၊ မကြာခင် လျူယုဖန်တို့လည်း ရောက်လာကြလိမ့်မယ်'

ဟန်စုဖန် ... ငိုင်သွားလေသည်။ ဂူဟန်ယင်းက ...

'မင်းက ဘာ့ကြောင့် ဂူစန်းကွေ့လက်အောက်ကို ရောက်သွားတာလဲ ... လျူယုဖန်ကြောင့်လား'

လျူယုဖန်ဆိုသော အမည်ကြောင့် ဟန်စုဖန် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'လျူယုဖန်က သည်နေရာကို ရောက်လာလိမ့်မယ် ... ဟုတ်လား၊ ဒါဖြင့် လင်ဝိဖုန်းကကော ...'

ဟု လွှတ်ခနဲ မေးလိုက်မိလေသည်။ ဂူဟန်ယင်းက ...

www.burmeseclassic.com

www.burmeseclassic.com



'သူတို့နှစ်ယောက် အတူတူလာကြမယ်လို့ ပြောတာပဲ'

ဟန်စုဖန် ... မျက်နှာပျက်သွားလေသည်။ ဝူဟန်ယင်းက ...

'သည်နေရာကို တို့လူတွေ အတော်စုံစုံလင်လင် ရောက်လာလိမ့်မယ် ... မင်းကော ဘာကြောင့် ငါတို့နဲ့လာပြီး မပူးပေါင်းနိုင်ရတာလဲ'

ဟန်စုဖန် တွေဝေသွားလေသည်။ ထိုစဉ် ...

'ဦးလေးဟန် ...'

ဝူချင်းဟွာနှင့် ဝူချုံးယောင်တို့က ဟန်စုဖန်အား လှမ်းခေါ်ကြသည်။ ဟန်စုဖန် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်သည်။

သူသည် ဝူချင်းဟွာတို့ မောင်နှမအား ချီပိုးထိန်းကျောင်းခဲ့ရသည် မဟုတ်ပါလား။ ချက်ချင်းပင် ... ဟန်စုဖန်သည် ဝူချင်းဟွာတို့ မောင်နှမအား ဆွဲယူ ချီပိုးထားလိုက်သည်။

လီကျင့်တို့လူစုမှာ ဟန်စုဖန် စိတ်ပြောင်းသွားပြီဖြစ်ကြောင်း ရိပ်မိလိုက်ကြပြီး ဝမ်းသာသွားကြလေသည်။ ထိုစဉ် ...

'လျူယုဖန်တို့ ရောက်လာပြီဟေ ...'

ဟစ်ကြားသံတစ်ချက် ထွက်ပေါ်လာသည်။

ဟန်စုဖန် လှမ်းကြည့်လိုက်လျှင် လျူယုဖန်နှင့် လင်ဝိဖုန်းတို့ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ဟန်စုဖန် မျက်နှာပျက်သွားသည်။

'ကဲ ... မင်းတို့နဲ့ ဦးဦး ... နောက်မှ ပြန်တွေ့ကြမယ်နော်'

ဝူချင်းဟွာတို့ မောင်နှမကို နှုတ်ဆက်ကာ တောင်ကုန်းပေါ်မှ ကမူးရှူးထိုး ပြေးဆင်းသွားလေတော့သည်။

❖❖❖❖❖



လင်ဝိဖုန်းနှင့် လျူယုဖန်တို့သည် ... ယိလန်ကျူးနောက်သို့ လိုက်ရန် ထွက်လာခဲ့ကြလေသည်။

လမ်းတွင် ... ကြောင်ဟွာကျောင်းအား သခင်မ နန့်လန်မင်ဟိုက ခေါ်ပြီး ထွက်သွားကြောင်း သတင်းရသဖြင့် နယ်စားကြီး တော်ချက်ထံသို့ မသွားတော့ဘဲ ကြောင်ဟွာကျောင်းကို လိုက်ရှာရန် ဆုံးဖြတ်လိုက်ကြသည်။

နန့်လန်မင်ဟိုနှင့် ရင်ဆိုင်ခဲ့သော ထုံမင်တို့နှင့် ဆုံတွေ့မိသောအခါ လီကျင့်ထံ၌ မျိုးချစ်အဖွဲ့များ သွားရောက်ခိုလှုံနေကြပြီး ဝူစန်းကွေ့၏ လက်ရုံးဖြစ်နေသော သိုင်းသမားတစ်ယောက်က လီကျင့်အား လာ၍ရန်ရှာမည် ဖြစ်ကြောင်း ... သိခဲ့ရသည့်အတွက် အမြန်ဆုံး လိုက်လာကြခြင်း ဖြစ်လေသည်။

ယခုတော့ ... မျိုးချစ်သိုင်းအဖွဲ့များအား ရန်ရှာဖို့ ကြံစည်နေသူမှာ ဟန်စုဖန်ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

လျူယုဖန်သည် ဟန်စုဖန်၏ ခံစားချက်ကို နားလည်လိုက်ပြီး ချက်ချင်း လိုက်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လီကျင့်၊ လီထက်ရှင်း၊ လင်ဝီဖုန်း၊ ထုံမင်၊ ဝင်ချင်ယင်း၊ ချင်းထုံ၊ ဖုချင်စန်း၊ မောက်ဝမ်လင်နှင့် ဝတ်စုံဝါလူငယ် ကွေ့ချုံးတို့သည် အခြားသော မျိုးချစ်အဖွဲ့ခေါင်းဆောင်များနှင့် မန်ချူးတို့၏ အခြေအနေကို တိုင်ပင်ဆွေးနွေးနေကြသည်။

မန်ချူးတို့သည် ပူစန်းကွေ့အား တိုက်ခိုက်ရန် အကြီးအကျယ် ပြင်ဆင်နေကြပြီး ... နယ်စားကြီး တော်ချက်ကလည်း မျိုးချစ်အဖွဲ့များအား ချေမှုန်းရန် စီစဉ်နေကြောင်း သိထားကြပြီး ဖြစ်လေသည်။

ထုံမင်က ...

'သခင်မ နန့်လန်မင်ဟို ... နယ်စားဂေဟာက ထွက်လာတာ ကျုပ်တို့ကို ထောင်ချောက်ဆင်ထားတာ ဖြစ်နိုင်တယ်ဗျ'

ဝင်ချင်ယင်းက ...

'ဟုတ်တယ် ... သူ့ရဲ့သိုင်းပညာက မခေဘူး၊ သူသာ တစ်စုံ တစ်ခု ဖြစ်သွားမယ်ဆိုရင် သူ့ဆရာ နန့်လန်ထင်းက လက်ပိုက်ကြည့် နေမှာ မဟုတ်ဘူး'

ချင်းထုံကလည်း ထောက်ခံလိုက်သည်။

'ဟုတ်တယ် ... နန့်လန်ထင်းသာ ပြည်မကို ဆင်းလာမယ် ဆိုရင် လို့မင်ဆရာတော်ပဲ သူ့ကို တားဆီးနိုင်လိမ့်မယ်'



သုံးယောက်သား နန့်လန်မင်ဟိုနှင့် ရင်ဆိုင်ပြီး အရေးနိမ့်ခဲ့ကြောင်း ဝန်ခံလိုက်ကြလေသည်။ ချင်းထုံက ...

'နန့်လန်မင်ဟို သွားနေတဲ့ လမ်းကြောင်းကို ကြည့်ရင် သည်ဘက်ကို မကြာခင် ရောက်လာမှာ သေချာတယ်'

နန့်လန်မင်ဟို သွားနေသည့် လမ်းကြောင်းကို တွက်ဆကာ ပြောလေသည်။

ထို့နောက် မျိုးချစ်ခေါင်းဆောင်များသည် နန့်လန်မင်ဟိုအား တိုက်ခိုက်သင့်၊ မသင့် တိုင်ပင်ဆွေးနွေးလိုက်ကြလေသည်။

ထိုအခါတွင် ... နန့်လန်မင်ဟိုအား တိုက်ခိုက်လိုသူများက တစ်ဘက်၊ အဓိကရန်သူမှာ တော်ချက်ဖြစ်၍ သူမအား တိုက်ခိုက်ဖို့ မသင့်ကြောင်း၊ ထောင်ချောက်တစ်ခု ဖြစ်နိုင်ကြောင်း ယူဆသူများ ကတစ်ဘက် သဘောထားကွဲလွဲသွားလေသည်။ ဖုချင်စန်းက ...

'သည်ကိစ္စမှာ တိုက်ခိုက်သင့်၊ မသင့် ဆိုတာထက် ... ထောင်ချောက်တစ်ခု ဟုတ်၊ မဟုတ်ဆိုတာ အရင်ဆုံး သိအောင်လုပ်ရမယ်၊ ထောင်ချောက်ဖြစ်နေရင် ... နယ်စားကြီးတော်ချက်ရဲ့ အကြံအစည်ကို ခန့်မှန်းလို့ ရနိုင်တယ်၊ ကျုပ်တို့က ထပ်ဆင့်ထောင်ချောက်ဆင်ပြီး သူ့ကို သုတ်သင်ပစ်ဖို့ အခွင့်အရေးရနိုင်တယ်'

ဟုပြောရာ အားလုံးသဘောကျသွားကြလေသည်။

နယ်စားကြီးတော်ချက်၏ ထောင်ချောက် ဟုတ်၊ မဟုတ် သိနိုင်ရန် လင်ဝီဖုန်း၊ မောက်ဝမ်လင်နှင့် ဝတ်စုံဝါလူငယ် ကွေ့ချုံးတို့က စုံစမ်းရန် တာဝန်ယူလိုက်ကြလေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မောက်ဝမ်လင်နှင့်ဝတ်စုံဝါလူငယ်ကွေ့ချိုးတို့မှာ တစ်ယောက်ကို တစ်ယောက် သံယောဇဉ် ငြိတွယ်နေကြပြီ ဖြစ်ပါသည်။

ကွေ့ချိုးမှာ ... အလွန်ပျော်ရွှင်နေပြီ ဖြစ်ပါသည်။

ဖုချင်စန်းကလည်း မောက်ဝမ်လင်အတွက် စိတ်ချသွားတော့သည်။ ဂူဟာန်ယင်းနှင့် ဆွေးနွေးနေရင်း လျူယုဖန်နှင့် ဟာန်စုဖန်တို့အကြောင်း ရောက်သွား၏။

'ဟာန်စုဖန်ဟာ တကယ်တော့ ... လူကောင်းတစ်ယောက်ပါ။ လျူယုဖန်ကြောင့် စိတ်ပြောင်းသွားတာပဲ ဖြစ်မယ်'

ဖုချင်စန်းက ထိုသို့ သုံးသပ်လိုက်သောအခါ ဂူဟာန်ယင်းက ဦးခေါင်းကို ညိတ်လိုက်ပြီး ...

'ကျုပ်လည်း အကဲခတ်မိပါတယ်၊ ဟာန်စုဖန်ဟာ လျူယုဖန်ကို မေတ္တာရှိနေတာ အမှန်ပဲ၊ ဒါပေမယ့် ... လျူယုဖန်က လက်ခံဘူး။ သူဟာ လင်စီဖုန်းကိုပဲ မေတ္တာရှိနေတယ် ....'

မေတ္တာတရား၏ ထူးခြားမှုကို နှစ်ယောက်သား အံ့သြနေမိကြလေသည်။



ဖုချင်စန်းက ...

'လင်စီဖုန်းနဲ့ လျူယုဖန်တို့ဟာ အတိတ်က ပတ်သက်မှုရှိခဲ့တယ်လို့ ကျုပ် တွက်ဆမိတယ်၊ ခင်ဗျားကကော ...'

ဂူဟာန်ယင်း ခေါင်းညိတ်လိုက်သည်။

'ကျုပ်လည်း အဲသည်လိုပဲ ယူဆတယ်၊ အခု ဟာန်စုဖန်နောက်ကို လျူယုဖန် လိုက်သွားတာ အဆင်ပြေသွားပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ'

ထိုစဉ် ... ဆူဆူညံညံ အသံများ ထွက်ပေါ်လာသဖြင့် ရန်သူရောက်လာကြောင်း သိလိုက်ရလေသည်။

ဖုချင်စန်းနှင့် ဂူဟာန်ယင်းတို့ ချက်ချင်း ပြေးလွှားရောက်ရှိသွားကြလေသည်။

ထိုအခါ ... လီကျင့်၏ အစောင့်အဖွဲ့တို့သည် ခါးပဝါနက်ကို မျက်နှာအုပ်ထားသော မိန်းကလေးတစ်ယောက်နှင့် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ယိလန်ကျူး ဖြစ်ကြောင်း ဖုချင်စန်းတို့ သိထားကြသဖြင့် ဟန့်တားလိုက်ရလေသည်။

လီကျင်းနှင့် အခြားခေါင်းဆောင်များပါ ရောက်ရှိလာကြသဖြင့် တိုက်ပွဲရပ်သွားလေသည်။

ဖုချင်စန်းက ...

'ယိလန်ကျူး၊ ကျုပ်တို့က မင်းကို တွေ့ချင်နေတာနဲ့ မင်းဒီကို ရောက်လာတာ အတော်ပဲ'

ယိလန်ကျူးက ...

'ကျွန်မက ... ကြောင်ဟွာကျောင်းကို လာရှာတာ'

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်း ပြုံးလိုက်သည်။

'ခုတော့ သူ မရှိဘူး၊ ဒါပေမယ့် ... မကြာခင် သူရောက်လာပါလိမ့်မယ်'

ယီလန်ကျူး တွေဝေသွားလေသည်။

ဖုချင်စန်းက ...

'ကြောင်ဟွာကျောင်းဟာ သခင်မ နန့်လန်မင်ဟိုနဲ့အတူ လိုက်လာတယ်၊ သူတို့ရဲ့ ခရီးလမ်းကြောင်းကို ကြည့်ရင် မကြာခင် သည်ဘက်ကို ရောက်လာမှာ သေချာပါတယ်'

ယီလန်ကျူး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဒါဖြင့် ... သိုင်းလောကမှာ ထွက်ပေါ်နေတဲ့ သတင်းတွေဟာ အမှန်တွေ ဖြစ်နေပြီပေါ့'

'မိန်းကလေးကလည်း နန့်လန်မင်ဟိုနဲ့ တွေ့ချင်နေမယ်လို့ ထင်ပါတယ်'

'ဘာဆိုင်လို့လဲရှင့်'

'သူဟာ ... မိန်းကလေးရဲ့ မိခင် ဖြစ်နေလို့ပါပဲ'

'ဘယ်လို ... သူဟာ ကျွန်မရဲ့ ...'

ယီယန်ကျူး ကပျာကယာ နောက်ဆုတ်လိုက်မိ၏။

ဖုချင်စန်းက အဖြစ်အပျက်အကျဉ်းကို ထုတ်ဖော်ပြောသင့်ပြီဟု ယူဆမိသဖြင့် ...

'နန့်လန်မင်ဟိုဟာ မန်ချူးအမျိုးသမီးတစ်ယောက် ဖြစ်ပေမယ့် မမျှော်လင့်ဘဲ ဟန်လူမျိုး သူရဲကောင်း ယန်ယွင်ချုံးနဲ့ မေတ္တာသက်ဝင်မိတဲ့အတွက် သမီးလေးတစ်ယောက် မွေးဖွားခဲ့တယ်'

ယီလန်ကျူးက ဖုချင်စန်းအား စိုက်ကြည့်လိုက်လေသည်။



ဖုချင်စန်းက ဆက်ပြောသည်။

'သည်ကိစ္စကို ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားပြီး နန့်လန်မင်ဟိုဟာ အပျိုစင်တစ်ယောက်လို နေထိုင်ခဲ့တယ်၊ ဒီလိုနဲ့ မြို့စားလေးတော်ချက်နဲ့ လတ်ထပ်ဖို့ ဖြစ်လာတယ်၊ လက်မထပ်ခင် တစ်ညမှာပဲ ... ယန်ယွင်ချုံးဟာ သူ့သမီးကို လာခေါ်သွားခဲ့တယ်၊ လမ်းမှာ တိုက်ပွဲဖြစ်တယ်၊ လင်ဝိဖုန်းလက်ထဲကို သမီးကိုအပ်ပြီး လှိမင်ဆရာတော်ဆီ ပို့ပေးဖို့ မှာကြားပြီး သေဆုံးသွားခဲ့တာပဲ'

ယီလန်ကျူး၏ မျက်ဝန်းအစုံ၌ မျက်ရည်များစီးကျလာလေတော့သည်။ သူမသည် ချင်လုံ့ဘုံကျောင်းတိုက်ပွဲ၌ နန့်လန်မင်ဟိုကို စတင်တွေ့လိုက်စဉ်ကပင် သွေးက စကားပြောခဲ့ပြီး အန္တရာယ်မှ ကာကွယ်ပေးလိုစိတ် ဖြစ်ပေါ်မိသည်ကို အမှတ်ရမိလိုက်၏။ နန့်လန်မင်ဟိုနှင့် နောက်တစ်ကြိမ်တွေ့သည့်အခါ ကြောင်ဟွာကျောင်းကို လွှတ်ပေးရန် သူမက တောင်းဆိုဝံ့သလို နန့်လန်မင်ဟိုကလည်း အဘယ်ကြောင့် ကူညီပေးခဲ့သနည်း ... ယီလန်ကျူးစိတ်အစဉ်တွင် များစွာ ဂယောက်ဂယက် ဖြစ်သွားလေတော့၏။

ထိုစဉ် ဖုချင်စန်းက ....

'မင်းအနေနဲ့ ... မိခင်ဖြစ်တဲ့ နန့်လန်မင်ဟိုနဲ့ သွားတွေ့ပြီး တော်ချက်က မျိုးချစ်အဖွဲ့တွေကို ဘယ်လိုထောင်ချောက်ဆင်ထားတယ်ဆိုတာကို စုံစမ်းပေးနိုင်မယ်လား'

ယီလန်ကျူး စိတ်ပြောင်းသွားပြီ ဖြစ်သည်။

သူမသည် ဖုချင်စန်းတို့နှင့် ပူးပေါင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုဖန်သည် ခေါင်းငိုက်စိုက်ချကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့လေသည်။ တောင်ကုန်းအောက်ဘက် တစ်နေရာသို့ အရောက်တွင် နောက်ဘက်မှ လေတိုးသံများ ထွက်ပေါ်လာသဖြင့် ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်သည်တွင် လူတစ်ယောက် ပြေးလိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

'သေချင်ပြီ ... ထင်တယ်'

ဟန်စုဖန်သည် အံကိုတင်းတင်းကြိတ်ကာ ရင်ဆိုင်တိုက်ခိုက်ရန် ဟန်ပြင်ထားလိုက်လေသည်။

သို့သော် ... ထိုလူရိပ်အနီးသို့ ရောက်ရှိလာသောအခါ တိုက်ခိုက်ဖို့ မဆိုထားနှင့်၊ ထွက်ပြေးလိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။ အကြောင်းကား ... ထိုလူမှာ လျူယုဖန် ဖြစ်နေသည်ကိုတွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

'မင်း ... မင်း ...'

လျူယုဖန်က ပြုံးလိုက်လေသည်။

'ရှင် ... ဒီတစ်ကြိမ်ရော ထွက်ပြေးဦးမယ်လို့လား'



ဟန်စုဖန်က ...

'ကျုပ်နောက်ကို မင်း ... လိုက်မလာသင့်ဘူး'

လျူယုဖန် ခေါင်းခါယမ်းလိုက်သည်။

'မလိုက်လို့ ဘယ်ဖြစ်မလဲ၊ ရှင့်ကို အဖြစ်မှန် ရှင်းမပြရဘူးဆိုရင် ကျွန်မ သေသွားမယ်ဆိုရင်တောင် အသေဖြောင့်မှာ မဟုတ်ဘူး'

'ဟာ ... သည်လိုတော့ မပြောပါနဲ့လေ ...'

'ဒါဆို ကျွန်မ ရှင်းပြတာကို ရှင်နားထောင်မယ် မဟုတ်လား'

ဟန်စုဖန် သဘောတူလိုက်ရလေတော့သည်။

သူ၏ ရင်ထဲမှ ... မဖျက်ပြယ်နိုင်သေးသော မေတ္တာတရားကြောင့် လျူယုဖန်အား မလွန်ဆန်နိုင်အောင် ဖြစ်နေပါတော့သည်။

လျူယုဖန်က ...

'တစ်ချိန်က မန်ချူးလက်ထဲ အဖမ်းခံခဲ့ရတဲ့ မျိုးချစ်လူငယ်တစ်ယောက်ဟာ ရန်သူထောင်ချောက်ဆင်တာ ခံရပြီး ကျွန်မအဖေအကြောင်း ထုတ်ဖော်ပြောလိုက်မိလို့ ... ကျွန်မအဖေဟာ မန်ချူးတွေလက်ချက်နဲ့ သေဆုံးသွားခဲ့ရတယ်၊ ကျွန်မဟာ သည်လူကို အလွန်မုန်းတီးခဲ့တယ်'

ဟန်စုဖန်က မေးလိုက်သည်။

'အဲသည့်လူဟာ လင်ဝိဖုန်း မဟုတ်လား'

လျူယုဖန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင် ... လင်ဝိဖုန်းဟာ ထောင်ချောက်ဆင်ခံခဲ့ရတယ်ဆိုတာကို နောက်မှ ကျွန်မ သိခဲ့ရတာပါ၊ သူ့ကို ကျွန်မ ပါးရိုက်ခဲ့တော့ မြစ်ထဲခုန်ဆင်းပြီး အဆုံးစီရင်သွားပြီလို့ ကျွန်မ ထင်ခဲ့မိတယ်၊ နှစ်တွေအတော်ကြာပြီးမှ သူနဲ့ ပြန်တွေ့ရတာ ...'

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုဖန်သည် အဖြစ်အပျက်များကို တဖြည်းဖြည်း သဘောပေါက်သွားလေတော့သည်။ လင်ဝိဖုန်းသည် ... သူ့ထက်အလျင် လျူယုဖန်နှင့် တွေ့ဆုံပတ်သက်ခဲ့ကြခြင်း ဖြစ်ပါသည်။

လင်ဝိဖုန်းနှင့် လျူယုဖန်တို့သည် ရှေးယခင်ကပင် သံယောဇဉ် ရှိနေခဲ့ကြသူများ ဖြစ်နေသည် မဟုတ်ပါလား ...

သူကသာ လျူယုဖန်အား ... နောက်မှတွေ့ခဲ့ရခြင်း ဖြစ်သည်။ လျူယုဖန်က သူ ချစ်ခွင့်ပန်ခဲ့သည့်ကို အဘယ်ကြောင့် လက်မခံဘဲ ငြင်းခဲ့ကြောင်း သိလိုက်ရပြီ ဖြစ်လေသည်။

သူမ၏ ရင်ထဲ၌ လင်ဝိဖုန်း ရှိနေသည် မဟုတ်ပါလား ...

အတိတ်က ရင်းနှီးခဲ့သူနှစ်ဦး ပြန်လည်တွေ့ဆုံကြသည့်အခါ လင်ဝိဖုန်းက သူမကို မေတ္တာသက်ဝင်နေသလို ... သူမကလည်း လင်ဝိဖုန်းကို သံယောဇဉ် ရှိနေပြီ ဖြစ်သည်။

သူတို့နှစ်ယောက်အပေါ်၌ ... မနာလိုရှုစိမ့်စရာ မည်သည့် အကြောင်းမျှ မရှိတော့ပါ။

ဟန်စုဖန်သည် တွေးတောရင်း လှုပ်ရှားနေသော စိတ်များမှာ တဖြည်းဖြည်း တည်ငြိမ်လာလေတော့သည်။

လျူယုဖန်ကိုရော ... လင်ဝိဖုန်းကိုပါ သူက ခွင့်လွှတ်နိုင်လာပြီ ဖြစ်သည်။

ပင်ကိုယ်ကပင် ... ရိုးသားဖြောင့်မတ်သော ဟန်စုဖန်သည် မှန်ကန်၍ အေးဆေးတည်ငြိမ်သော အတွေးတစ်ခု ဝင်လာသည်။

'အင်း ... တကယ်တော့ ဒါ ငါမှားခဲ့တာပဲ၊ ငါ့အနေနဲ့ သူတို့ နှစ်ယောက်အပေါ်မှာ ဘာမှ မနာလိုဖြစ်စရာ အကြောင်းမရှိဘူး'

မေတ္တာတရားမှာ ထူးခြားဆန်းကြယ်လှပါတော့သည်။



ဟန်စုဖန်သည် လျူယုဖန်က နောက်မှတွေ့သည့် လင်ဝိဖုန်း အပေါ် ဦးစားပေးလွန်းသည်ဟူ၍ မနာလိုဖြစ်ကာ ထွက်သွားမိခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ .. လျူယုဖန်က နဂိုရ်ကတည်းက လင်ဝိဖုန်းအပေါ် မေတ္တာရှိနေသည်ကို သိလိုက်ရသောအခါ သူကသာလျှင် နောက်တွေ့မှ တွေ့ရသူဖြစ်သည့်အလျောက် ... မနာလိုစရာအကြောင်း မရှိသင့်သည်ကို မှန်ကန်စွာတွေးမိရာမှ သူ့စိတ်များ တဖြည်းဖြည်း အေးချမ်းလာခြင်း ဖြစ်ပါတော့သည်။ လျူယုဖန်က ...

'ကျွန်မကို နားလည်သဘောပေါက်မယ် ထင်ပါတယ်ရှင်'

'ဟား ... ဟား ... ဟား'

ဟန်စုဖန်က တဟားဟား ရယ်မောလိုက်လေသည်။

လျူယုဖန် ရင်ထိတ်သွားလေသည်။

'ရှင် ... ကျွန်မကို ခွင့်မလွှတ်နိုင် ...'

'ညီမ ... ညီမကသာ ကျုပ်ကို ခွင့်လွှတ်ရမှာပါ'

'ရှင် ...'

'ကျုပ်ဟာ တကယ့်ကလေးဆိုးကြီးတစ်ယောက်လိုပါပဲ'

ဟန်စုဖန်သည် မြေပေါ်သို့ ငုံ့ချကာ ကလေးတစ်ယောက် ပမာ လူးလိမ့်ရယ်မောနေတော့သည်။

လျူယုဖန် အံ့သြသွားလေသည်။

သို့သော် ... သူမသည် အခြေအနေကို ချက်ချင်းဖင်[illegible] သဘောပေါက်သွားပြီး ... မြေပေါ်သို့ ထိုင်ချကာ နှစ်ယောက်အတူ ရယ်မောလိုက်ကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်း၊ မောက်ဝမ်လင်နှင့် ဝတ်စုံဝါလူငယ် ကွေ့ချီးတို့မှာ နန့်လန်မင်ဟိုနှင့် ပတ်သက်ပြီး နယ်စားကြီး တော်ချက်က ထောင်ချောက်ဆင်ထားခြင်း ရှိ/မရှိ စုံစမ်းရန် ထွက်လာခဲ့ကြလေသည်။

သုံးယောက်သား ထွက်လာခဲ့ကြပြီး မရေးမနှောင်းမှာပင် တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

လူနှစ်ယောက်အား လူတစ်စုက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်သည်။

အများနှင့်နှစ်ယောက် ရင်ဆိုင်နေရသည့်တိုင် ထိုလူနှစ်ယောက်အနက် တစ်ယောက်၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်ကို တွေ့ရလေသည်။

သို့သော် ... ကျန်တစ်ယောက်ကား အခြေအနေမဟန်သဖြင့် ထိုသူကို ကူညီနေရသည့်အတွက် စိတ်တိုင်းကျ တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါချေ။

မောက်ဝမ်လင်က အော်ပြောလိုက်သည်။

'ကြောင်ဟွာကျောင်းနဲ့ သခင်မ နန့်လန်မင်ဟိုတို့ပါလား'



ထိုစကားကြောင့် လင်ဝိဖုန်းလည်း ကပျာကယာ ပြေးသွားလိုက်လေသည်။

မှန်ပေသည်။ လူတစ်စု၏ ဝိုင်းရံတိုက်ခိုက်ခြင်း ခံနေရသူများမှာ ကြောင်ဟွာကျောင်းနှင့် သခင်မ နန့်လန်မင်ဟိုတို့ ဖြစ်နေကြပါတော့သည်။

သူတို့အား တိုက်ခိုက်နေကြသူများမှာ မျိုးချစ်သိုင်းသမားများ ဖြစ်နေသည်။

'ရပ်လိုက် ...'

လင်ဝိဖုန်းက အော်ငေါက်ကာ လေပွေတစ်ခုအလား ပြေးဝင်သွားလျှင် မျိုးချစ်သိုင်းသမားများ ကပျာကယာ နောက်ဆုတ်လိုက်လေတော့သည်။

ထိုမျိုးချစ်သိုင်းသမားများမှာ လီကျင့်နှင့် ပူးပေါင်းရန် လာခဲ့ကြသူများ ဖြစ်နေသည်။

သူတို့၏ခေါင်းဆောင်သည် လင်ဝိဖုန်းအား ကောင်းစွာ သိရှိထားလေသည်။

လင်ဝိဖုန်းအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် အဖွဲ့ခေါင်းဆောင်က ...

'ကျုပ်တို့က လီကျင့်ဆီကို လာခဲ့ကြတာ ... နန့်လန်မင်ဟိုကို တွေ့တာနဲ့ တိုက်ခိုက်ခဲ့ကြတာပါ'

လင်ဝိဖုန်းက ...

'ခင်ဗျားတို့ လီကျင့်ဆီကို သွားကြပါ။ သူ့ကို ကျုပ် တာဝန်ယူလိုက်ပါ့မယ်'

'ကောင်းပါပြီ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်သိုင်းသမားများ ထွက်သွားကြလျှင် လင်ဝိဖုန်းသည် နန့်လန်မင်ဟိုအား ဦးညွှတ်လိုက်လေသည်။

'သခင်မကို ဂါရဝ ပြုပါတယ်'

နန့်လန်မင်ဟိုက ...

'ရှင်ဟာ တော်ချက် ... မြို့စားလေးဘဝက ထောင်ဖောက် ပြေးကြတဲ့ လူတွေထဲမှာ တစ်ယောက်အပါအဝင်ပဲ မဟုတ်လား'

'သခင်မပြောတာ မှန်ပါတယ်'

'ရှင့်ကို ကျေးဇူးတင်ပါတယ်၊ အဲသည်ညက ရှင်တို့ထွက်မပြေးကြဘူးဆိုရင် အစ်ကို ယန်ယွင်ချုံးနဲ့ ကျွန်မသမီးလေး လွတ်မြောက်သွားစရာ အကြောင်းမရှိတော့ပါဘူး'

လင်ဝိဖုန်းက ...

'သခင်မဟာ ယီလန်ကျူးကို လိုက်ရှာနေတယ် ထင်ပါရဲ့'

'ဟုတ်ပါတယ်ရှင်'

'ဒါဖြင့် ... ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား'

'ကောင်းပါပြီရှင်'

သခင်မ နန့်လန်မင်ဟိုက အလွယ်တကူပင် သဘောတူလိုက်လေသည်။

လင်ဝိဖုန်းကလည်း ဝမ်းသာအားရဖြင့် ခေါ်ဆောင်သွားလေတော့သည်။

❖❖❖❖❖



နန့်လန်မင်ဟို ရောက်ရှိလာသဖြင့် အားလုံးအံ့ဩနေကြသည်။ မျိုးချစ်သိုင်းသမား အများစုသည် ... နယ်စားကြီးတော်ချက်အား မုန်းတီးနေကြသည် ဖြစ်ရာ နန့်လန်မင်ဟိုကိုလည်း သဘောမကျနိုင်ဘဲ ဖြစ်နေကြသည်။

သို့သော် ... နန့်လန်မင်ဟိုထံမှ နယ်စားကြီး တော်ချက်၏ အကြံအစည်ကို သိရှိနိုင်သည်ဟု လင်ဝိဖုန်းက ရှင်းပြသဖြင့် တိုက်ခိုက်ခြင်း မပြုကြတော့ချေ။

ဓာပဝါနှင့် မိန်းကလေး (ဝါ) ယီလန်ကျူးသည် မိခင်ဖြစ်သူအား တွေ့လိုက်ရလျှင် ရုတ်တရက် ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ကြောင်ဟွာကျောင်းက ဟန့်တားလိုက်သည်။

'ညီမ ... မပြေးပါနဲ့တော့၊ သခင်မဟာ ညီမကို တွေ့ချင်လွန်းလို့ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပြီးပါပြီ'

ယီလန်ကျူးသည် နန့်လန်မင်ဟိုကို ကြည့်ပြီး ခေါင်းငုံ့ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန့်လန်မင်ဟိုဏ် ရင်ထဲ မဖော်ပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေပါသည်။

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

'သမီးကလေးရယ် ... မေမေက သမီးကလေးကို ပစ်ထားခဲ့တာ မဟုတ်ပါဘူး'

မာနကြီးသော ယိလန်ကျူးမှာ မိခင်ကြီးအပေါ် မာနမထားနိုင်တော့ပါချေ။

'မေမေ ...'

မြေပေါ်ဒူးထောက်ကာ ငိုကြွေးလိုက်လေသည်။

နန့်လန်မင်ဟိုက သူမအား ချော့မော့နှစ်သိမ့်လိုက်သည်။

'သမီး ... ဘာမှ ဝမ်းနည်းမနေပါနဲ့တော့ ... မေမေတို့ သားအမိနှစ်ယောက် မန်ချူးကုန်းမြင့်ကို ပြန်ပြီး တစ်သက်လုံး မခွဲတဲ့ အတူတူ နေသွားကြမယ်'

ယိလန်ကျူး ... ခေါင်းခါယမ်းလိုက်သည်။

'သမီး မလိုက်နိုင်ပါဘူး မေမေ ...'

'ဘာဖြစ်လို့လဲ သမီးကလေးရယ် ...'

'သမီးဟာ ဟန်လူမျိုးတစ်ယောက် ဖြစ်နေပါပြီ'

ထိုစကားကြောင့် နန့်လန်မင်ဟိုမှာ ... မျက်နှာပျက်သွားတော့သည်။ အခြေအနေစောင့်ကြည့်နေသော လင်ဝိဖုန်းက ကြားဝင်ပြောလိုက်ရ၏။

'သခင်မ ခရီးထွက်လာတာဟာ မျိုးချစ်အဖွဲ့တွေကို ဖော်ထုတ်ဆုံးမနိုင်အောင် နယ်စားကြီး တော်ချက်က ထောင်ချောက်ဆင်ထားတာလို့ အားလုံးက ယုံကြည်နေကြပါတယ်'



နန့်လန်မင်ဟို ... သက်ပြင်းချလိုက်သည်။

'တော်ချက်ကို ဘုရင်ခေါင်ချိုက မျိုးချစ်အဖွဲ့တွေကို ချေမှုန်းပစ်ဖို့ တာဝန်ပေးလိုက်တယ် ... တော်ချက်က မန်ချူးကုန်းမြင့်မှာ ကျန်ခဲ့တဲ့ ကျွန်မဆရာ နန့်လန်ထင်းဆီက အကူအညီ လိုချင်တယ်၊ ဒါ့ကြောင့် ကျွန်မကို လွှတ်လိုက်တာပဲ'

လင်ဝိဖုန်းနှင့် ဖုချင်စန်းတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ နန့်လန်မင်ဟို စကားဆက်လိုက်သည်။

'ဒါပေမယ့် ... လမ်းမှာ ကျွန်မ စဉ်းစားမိတာက တော်ချက်ဟာ ကျွန်မနဲ့ ယန်ယွင်ချူးတို့ ... ပတ်သက်ခဲ့တဲ့ကိစ္စကို သိထားပြီး နှစ်ပေါင်းများစွာ ကြာအောင် မျိုသိပ်ထားခဲ့ရတယ်၊ ခုချိန်မှာ အခွင့်အရေးကို အသုံးချလိုက်တာပဲ'

သူမသည် တော်ချက်၏ ရင်ထဲမှ ခံစားချက်ကို ကောင်းစွာ နားလည်နေပြီ ဖြစ်ပါသည်။ လင်ဝိဖုန်းတို့ ရင်ထိတ်သွားသည်။

'ဒါဆို ထောင်ချောက်တစ်ခုဆိုတာ သေချာနေပြီပေါ့'

နန့်လန်မင်ဟိုက ...

'ကျွန်မ ခရီးထွက်လာတာကို မျိုးချစ်သိုင်းသမားတွေ သိသွားရင် ဝိုင်းပြီး တိုက်ခိုက်ကြလိမ့်မယ်၊ သည်အခါ ... တော်ချက်က မျိုးချစ်အဖွဲ့တွေကို ချေမှုန်းလိမ့်မယ်၊ ကျွန်မကို တည်ကြက်လုပ်ပြီး မျိုးချစ်အဖွဲ့တွေကို ဒုက္ခပေးဖို့ စီစဉ်လိုက်တယ်ဆိုတာ လမ်းရောက်မှ ကျွန်မ တွေးမိလိုက်တယ်၊ ဒါပေမယ့် ... နောက်ကျနေပါပြီရှင်'

လင်ဝိဖုန်း၊ ဖုချင်စန်းနှင့် ဂူဟန်ယင်းတို့သည် ချက်ချင်းပင် လီကျင့်နှင့် တိုင်ပင်ဆွေးနွေးလိုက်ကြလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



နန်းလန်မင်းရော့သည် ခရီးထွက်ရင်း ညဘက်၌ တည်းခိုခန်း တစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်လေသည်။

အခေါ်ဖြစ်သူ နန်းလန်မင်ဟို၏ လုပ်ရပ်များသည် ထူးခြားနေသည်ဟု ခံစားမိလေသည်။

ထို့ကြောင့် ... အခန်းထဲ၌ တစ်ယောက်ထဲရှိနေစဉ် မလုပ်သင့်ဟု နားလည်ထားသော်လည်း ... အလွန်အရေးကြီးနေသော အချိန်ဖြစ်နေသဖြင့် ... နန်းလန်ထင်းထံ နန်းလန်မင်ဟို ပေးခိုင်းလိုက်သောစာကို ဖောက်ဖတ်လိုက်လေသည်။

စာထဲ၌ ... နန်းလန်ထင်းအား နယ်စားကြီး တော်ချက်ကို အကူအညီပေးပါရန် တောင်းပန်ရေးသားထားကြောင်း တွေ့ရသဖြင့် စိတ်ပျက်သွားလေသည်။

နန်းလန်မင်ရော့မှာ မန်ချူးလူငယ်တစ်ယောက်ပင် ဖြစ်သော်လည်း မန်ချူးများက တရုတ်ပြည်အား ကျူးကျော်သိမ်းပိုက်ထားသည်ကို သဘောမကျနိုင်အောင် ဖြစ်နေပါသည်။

'စာပေ၊ ကဗျာ၊ အနုပညာ ဝါသနာထုံပြီး စိတ်ကောင်းရှိသူ ဖြစ်ရကား နန်းလန်ထင်းသာ နယ်စားကြီး တော်ချက်ကို ကူညီခဲ့ပါက



မျိုးချစ်အဖွဲ့များ ဒုက္ခရောက်ကြရလိမ့်မည်ကို သိထားပြီး ထိုသို့သော ဖြစ်ရပ်မျိုးကို မလိုလားပါချေ။

မန်ချူးကုန်းမြင့်သို့ ပြန်သွားပြီးနောက် ... ပြည်မသို့ ပြန်မလာတော့ဟု ဆုံးဖြတ်ထားသူလည်း ဖြစ်လေသည်။

'ဒေါ်ဒေါ်ဟာ ... သူ့ရဲ့သမီးတစ်ယောက်ကိုပဲ တန်ဖိုးထားပြီး ကျန်မျိုးချစ်အဖွဲ့တွေကိုတော့ မသက်ညှာတဲ့သဘောမျိုး ဖြစ်နေပြီ၊ ဒီအတိုင်းဆိုရင်တော့ ... မဖြစ်သေးပါဘူး'

ကြောင်ပွှာကျောင်းနှင့် အတူနေခဲ့ရသဖြင့် မျိုးချစ်လူငယ်များ၏ ခံစားချက်ကိုလည်း ကောင်းစွာ နားလည်သဘောပေါက်နေပြီ ဖြစ်ပါသည်။

မန်ချူးတစ်ယောက် ဖြစ်သည့်တိုင် ... သူတစ်ပါး တိုင်းပြည်အား ကျူးကျော်နယ်ချဲ့ သိမ်းပိုက်ထားသည်ကို မနှစ်မြို့နိုင်ပါချေ။

ထို့ကြောင့် ... နန်းလန်မင်ဟို၏စာကို မပေးဘဲနေရန် ဆုံးဖြတ်လိုက်လေတော့သည်။ နန်းလန်မင်ရော့သည် နန်းလန်မင်ဟို ပေးလိုက်သောစာကို ဆုတ်ဖြဲကာ လက်စဖျောက်ပစ်လိုက်သည်။

'ဒေါ်ဒေါ်မေးရင် ... လမ်းမှာ ကျပျောက်သွားတယ်လို့ ပြောလိုက်တော့မယ်'

နောက်တစ်နေ့တွင် နန်းလန်မင်ရော့သည် တည်းခိုခန်းမှ ထွက်ကာ မန်ချူးကုန်းမြင့်သို့ ခရီးဆက်သွားလေသည်။

စိတ်ကောင်းရှိသော မန်ချူးလူငယ်ကလေးသည် ...

ပြည်မသို့ မည်သည့်အခါမျှ ပြန်လာတော့မည် မဟုတ်ချေ။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီးတော်ချက်သည် လက်နှစ်ဘက် နောက်ပစ်လျက် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

သူ၏ မျက်နှာတွင် စိတ်ရှုပ်ထွေးသည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေလေသည်။ နန့်လန်မင်ဟိုအား … သူက ချစ်ခင်ကြင်နာစွာ ပေါင်းသင်း ဆက်ဆံခဲ့သည်။

သူ့ဘက်မှ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

သို့တိုင်အောင် နန့်လန်မင်ဟိုမှာ ယန်ယွင်ချုံးနှင့် သမီးဖြစ်သူ အပေါ် တမ်းတမဆုံး ဖြစ်နေသည်မှာ ခံပြင်းစရာ ကောင်းလှပေသည်။ ကြောင်ဟွာကျောင်း၏ ကိစ္စမှာပင် … နန့်လန်မင်ဟိုသည် မည်သို့သော သဘောထားရှိကြောင်း ပေါ်လွင်နေသည်ဟု ခံစားနေရလေသည်။

ယန်ယွင်ချုံးနှင့် သမီးဖြစ်သူအပေါ် သံယောဇဉ်ရှိနေသေးခြင်းကြောင့် ကြောင်ဟွာကျောင်းအား ကူညီခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်လည်း … နန့်လန်မင်ဟိုအား သံယောဇဉ်ဖြတ်ရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်လေသည်။



ဘုရင်ခေါင်ချို၏ အမိန့်လည်း ရှိနေသဖြင့် နန့်လန်မင်ဟိုဖြင့် ထောင်ချောက်ဆင်ပြီး မျိုးချစ်အဖွဲ့များအား ချေမှုန်းရန် တစ်လက်စ တည်း ကြံစည်လိုက်ခြင်း ဖြစ်လေသည်။

တော်ချက် တွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံများထွက် ပေါ်လာပြီး လူနှစ်ယောက်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။ ချူကြောင်းနန်နှင့် ညီထက်လူတို့ ဖြစ်လေသည်။ ချူကြောင်းနန်တို့သည် ဘုရင်ခေါင်ချို အားထားရသော လက်ရုံးများ ဖြစ်ကြလေသည်။

မျိုးချစ်အဖွဲ့များအား သုတ်သင်ရှင်းလင်းရာ၌ အလွန်နာမည်ကြီးသူများ ဖြစ်သည်။

ဘုရင်ခေါင်ချိုသည် နယ်စားကြီးတော်ချက်အား တာဝန်ပေးပြီးနောက် … ချူကြောင်းနန်တို့အား စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ချူကြောင်းနန်က …

'နယ်စားကတော်ဟာ လီကျင့် ဦးဆောင်တဲ့ မျိုးချစ်တွေရဲ့ စခန်းမှာ ရောက်နေတယ်လို့ သတင်းရပါတယ်၊ ဘုရင်ခေါင်ချိုကတော့ နယ်စားကြီးကိုယ်တိုင် ဦးဆောင်ပြီး လီကျင့်တို့ရဲ့ စခန်းကို တိုက် ခိုက်စေချင်နေပါတယ်'

ညီထက်လူက …

'ဂူစခန်းကွေ့ကို တိုက်ခိုက်ဖို့ ချီတက်သွားကြတဲ့ တပ်မှူးကြီး ကျုန်းချင်ပိန်ရဲ့ တပ်မဟာ လီကျင့်တို့စခန်းကို သွားတဲ့လမ်းကြောင်း ပေါ်မှာ ရှိနေပါတယ်၊ ဒါ့ကြောင့် … ကျုန်းချင်ပိန်ရဲ့ တပ်တွေဟာ လီကျင့်စခန်းကို ဝိုင်းဝန်းပိတ်ဆို့ ချေမှုန်းဖို့ ပါဝင်ဆောင်ရွက်ကြ လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးကြီး ကျန်းချင်ပိန် ဦးဆောင်သော မန်ချူးတပ်ဖွဲ့များကား အင်အားထောင်သောင်းချီ ရှိနေပြီး အလွန်အင်အားကြီးမားလှသော တပ်ဖွဲ့ကြီး ဖြစ်လေသည်။

တရုတ်ပြည်ကြီးအား ကျူးကျော်သိမ်းပိုက်ရာ၌ ရှေ့တန်းမှ ပါဝင်ခဲ့ပြီး အလွန်တိုက်ရည်ခိုက်ရည် ကောင်းသော တပ်ဖွဲ့ကြီးဟု ထင်ရှားလေသည်။

နယ်စားကြီးတော်ချက် သဘောကျစွာ ပြုံးလိုက်လေသည်။

ဘုရင်ခေါင်ချီမှာ ... အလွန်ပရိယာယ်ကြွယ်ဝသူ ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ထားသည်။

ဝူစန်းကွေ့သည် သစ္စာဖောက်ကာ အာခံဖို့ ကြိုးစားသည်။ မန်ချူးများကို တိုက်ခိုက်နေသည့် မျိုးချစ်အဖွဲ့များအား သူ့ကိုယ်ကျိုးအတွက် စည်းရုံးသိမ်းသွင်းကာ အင်အားပိုမိုခိုင်မာ တောင့်တင်းလာအောင် ကြံစည်ခဲ့သည်။

ဘုရင်ခေါင်ချီမှာ ဝူစန်းကွေ့အား ကြောက်ရွံ့ခြင်း မရှိပါချေ။ သူ အမြဲတမ်းစိုးရိမ်ပူပန်နေခဲ့သည်မှာ မျိုးချစ်အင်အားစုများ၏ အန္တရာယ်ပင် ဖြစ်သည်။

ဝူစန်းကွေ့သည် ကိုယ်ကျိုးရှာ အတ္တသမား ဖြစ်သည်။

မျိုးချစ်အင်အားစုများကား ... တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ဝံ့ကြသူများ ဖြစ်ကြပြီး ... ဘယ်သောအခါမှ ကိုယ်ကျိုးမကြည့်ကြသူများ ဖြစ်ပေသည်။

ဝူစန်းကွေ့ အင်အားမည်မျှပင် ကြီးမားပါစေ ... ချေမှုန်းပစ်နိုင်မည် ဖြစ်သော်လည်း မျိုးချစ်အင်အားစုများ၏ မျိုးချစ်စိတ်ဓာတ်ကိုမူ ဘယ်သောအခါမှ ချေမှုန်းပစ်နိုင်မည် မဟုတ်ပါ။



ဘုရင်ခေါင်ချီသည် ... ထိုအချက်ကို ကောင်းစွာ နားလည်သဘောပေါက်ထားသဖြင့် မျိုးချစ်အင်အားစုများအား အဓိကထား၍ ဖြိုခွဲပစ်ရန် ကြံစည်ခဲ့လေသည်။

နယ်စားကြီးတော်ချက်၏ ဇနီးသည် မျိုးချစ်အင်အားစုများနှင့် ပတ်သက်လျှက်ရှိကြောင်း သိထား၏။

ထို့ကြောင့်လည်း ... မျိုးချစ်အင်အားစုများအား ချေမှုန်းရန် နယ်စားကြီး တော်ချက်အား တမင်ရွေးချယ်ကာ တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။ နယ်စားကြီးတော်ချက်က ...

'ကျုပ်တို့တပ်ဖွဲ့တွေနဲ့ ဝူစန်းကွေ့တို့ ထိပ်တိုက်ရင်ဆိုင်တော့မယ်လို့ မျိုးချစ်အင်အားစုတွေက ယုံကြည်နေကြပြီး အခွင့်ကောင်းစောင့်နေကြတဲ့အချိန်မှာ ... ကျုပ်တို့က အငိုက်ဖမ်းပြီး တိုက်ခိုက်လိုက်ရင် သူတို့ ဘာခံနိုင်တော့မှာလဲ'

ကျေနပ်စွာ ပြောလိုက်သည်။

မျိုးချစ်အင်အားစုများသည် ... အခွင့်ကောင်းစောင့်နေရင်း အချင်းချင်း စုရုံးမိကြလိမ့်မည် ဖြစ်ပါသည်။

ထိုအချိန်၌ ... ချေမှုန်းပစ်ဖို့ အကောင်းဆုံး မဟုတ်ပါလား။

ညိုထက်လူက ...

'လီကျင့်စခန်းကို ချေမှုန်းဖို့ နယ်စားကြီး ဦးဆောင်ရပါလိမ့်မယ်၊ ဒါဟာ ... ဘုရင်ခေါင်ချီရဲ့ ဆန္ဒပါပဲ'

နယ်စားကြီး တော်ချက်က ...

'ကောင်းသားပဲ ... သွားကြတာပေါ့'

ဟု ပြောလိုက်လေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



လင်ဝိဖုန်းတို့သည် နယ်စားကြီးတော်ချက်၏ လှည့်ကွက်ကို ရိပ်မိသွားကြပြီ ဖြစ်လေသည်။

ထို့ကြောင့် ... ခေါင်းဆောင်များ တိုင်ပင်ဆွေးနွေးကာ နယ်စားကြီးတော်ချက်၏ တပ်ဖွဲ့များ ရောက်မလာမီ ... လူစုခွဲကာ ဆုတ်ခွာသွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ... ရန်သူမန်ချူးတပ်ဖွဲ့များ၏ အခြေအနေကို စောင့်ကြည့်နေသော သတင်းပေးတစ်ဦးထံမှ သတင်းရောက်ရှိလာလေသည်။ ဝူဟန်ယင်း ... မျက်နှာပျက်နေသည်။

'ဝူစန်းကွေ့ကို တိုက်ခိုက်ဖို့ ချီတက်လာတဲ့ မန်ချူးတပ်ဖွဲ့တွေဟာ လမ်းကြောင်းပြောင်းပြီး ကျုပ်တို့ဆီကို လာနေကြပြီ၊ ထွက်ပေါက်တွေအားလုံးလည်း ပိတ်ဆို့ထားလိုက်ကြပြီဗျ'

လီကျင့်၊ လီထက်ရှင်း၊ ဖူချင်စန်း၊ လင်ဝိဖုန်းတို့ စိတ်ပူသွားကြသည်။ အင်အားကြီးမားလှသော မန်ချူးတပ်ဖွဲ့များ၏ ဝိုင်းရံပိတ်ဆို့ ချေမှုန်းခြင်းခံရလျှင် ... မျိုးချစ်အင်အားစုများ မည်သို့ပင် သိုင်းပညာထက်မြက်ပါစေ၊ မည်သို့ပင် ဖွဲ့သတ္တိခွန်အား ရှိပါစေ၊ ကြာရှည်ရင်ဆိုင်နိုင်မည်မဟုတ်ဘဲ အရေးနိမ့်သွားမည်သာ ဖြစ်ပါသည်။



မျိုးချစ်အင်အားစုများ ... အခက်ကြုံနေစဉ် နန့်လန်မင်ဟိုက ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

သူမသည် ... မန်ချူးတစ်ယောက် ဖြစ်သော်လည်း အမိမြေအပေါ် နယ်ချဲ့များ ကျူးကျော်သိမ်းပိုက်ထားသည်ကို လက်မခံဘဲ အသက်စွန့်ရင်ဆိုင်နေကြသည့် ... မျိုးချစ်အင်အားစုများ၏ မျိုးချစ်စိတ်ဓါတ်ကို ... ကောင်းစွာ နားလည် သဘောပေါက်သွားပြီ ဖြစ်ပေသည်။

လီကျင့်သည် နယ်မြေဒေသ ကျွမ်းကျင်သော လီထက်ရှင်းအား ထွက်ပေါက်ရှာရန် တာဝန်ပေးလိုက်လေသည်။

လီထက်ရှင်းသည် ထုံးစံအတိုင်း စာပေသမားအသွင် ဝတ်ဆင်ကာ ထွက်သွားသည်။ သူပြန်ရောက်လာသောအခါ ... သတင်းကောင်းတစ်ခု ပါလာလေသည်။

'ဝူကျိုးမြစ်ကမ်းမှာ မန်ချူးတပ်ဖွဲ့တွေ အနည်းအကျဉ်းပဲ ရှိပါသေးတယ်၊ နောက်ထပ်တပ်ဖွဲ့တွေ ရောက်မလာသေးခင် ကျွန်တော်တို့ တံငါသည်တွေ ဟန်ဆောင်ပြီး ထိုးဖောက်ထွက်သွားဖို့ အခွင့်အရေး ရှိပါတယ်'

ဤတွင် ... လီကျင့်သည် လင်ဝိဖုန်းတို့နှင့် တိုင်ပင်ပြီး ဝူကျိုးမြစ်ကမ်းအတိုင်း ဆုတ်ခွာရန် စီစဉ်လိုက်လေသည်။

လျူယုဖန်က ...

'ဝူကျိုးမြစ်ကမ်းအတိုင်း ဆုတ်ခွာသွားမယ့် ကျွန်မတို့လူတွေအပေါ်... မန်ချူးတပ်ဖွဲ့တွေ အာရုံမစိုက်နိုင်အောင် တစ်ခုခု လုပ်မှ ဖြစ်မယ်'

လင်ဝိဖုန်းကလည်း ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့က တခြားနေရာတွေမှာ တိုက်ပွဲတွေ ဖန်တီးထားမှ ကျုပ်တို့အပေါ်ကို အာရုံရောက်နေတုန်း ကျန်တဲ့လူတွေ ဆုတ်ခွာသွားလို့ ရမှာပဲ ...'

ဖုချင်စန်း သက်ပြင်းချလိုက်သည်။

'မန်ချူးတွေကို အာရုံလွှဲထားဖို့ တိုက်ပွဲဆင်နွှဲတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ... တိုက်ပွဲဝင်မယ့် လူတွေရဲ့ ကံကြမ္မာကတော့ ကောင်းနိုင်မှာ မဟုတ်ဘူးဆိုတာ ... ထည့်တွက်ရလိမ့်မယ်'

ဝူဟန်ယင်းက ... တဟားဟား ရယ်မောလိုက်သည်။

'ကျုပ်က သည်လိုကိစ္စတွေနဲ့ မကြာခဏ ကြုံတွေ့ခဲ့ဖူးပါတယ် ဗျာ ... ကျုပ် တာဝန်ထားပါ'

လီကျင့်က ...

'ကျုပ်လည်း တာဝန်မကျေနိုင်ဘဲနဲ့ ခေါင်းဆောင်ကောင်း တစ်ယောက် ... ဘယ်ဖြစ်နိုင်တော့မှာလဲဗျာ'

ထိုစဉ် ... မိမိအမှားကို သိ၍ လျူယုဖန်နှင့် စခန်းသို့ ပြန်လိုက်လာသော ဟန်စုဖန်ကလည်း ဝင်ပြောလိုက်သည်။

'ကျုပ်ဟာ ... မျိုးချစ်တစ်ယောက် ဖြစ်ခဲ့ပေမယ့် ဝူစန်းကွေ့ လက်အောက်မှာသွားပြီး အမှုထမ်းခဲ့တဲ့ အမှားကို ကျူးလွန်ခဲ့ပါတယ်၊ ဒါကြောင့် ... ကျုပ်အသက်သေသည်အထိ မန်ချူးတွေကို ဆုံးမပြီး ကျုပ်ရဲ့အမှားအတွက် ပေးဆပ်ပါ့မယ်'

လျူယုဖန်၊ လင်ဝိဖုန်း၊ ဖုချင်စန်းတို့ကလည်း မန်ချူးများအား တိုက်ခိုက်ရင်း အာရုံလွှဲပြောင်းပေးရန် ဆုံးဖြတ်လိုက်ကြသည်။

❖❖❖❖❖

နန့်လန်မင်ဟိုး၏ မျက်နှာမှာ ... ပြုံးရွှင်နေသည်။

တစ်သက်လုံး မျှော်လင့်တောင့်တခဲ့ရသော သမီးဖြစ်သူ၏ ချစ်ခြင်းမေတ္တာတရားကို ရရှိခံစားလိုက်ရပြီ မဟုတ်ပါလား။

ယိလန်ကျူးသည် သူမအား မိခင်တစ်ယောက်အဖြစ် လက်ခံလိုက်ပြီ ဖြစ်ပါသည်။

နန့်လန်မင်ဟိုသည် သမီးဖြစ်သူအား သူမ ရင်ခွင်ထဲသို့ ဆွဲသွင်းထားရင်း ... ကုန်လွန်ခဲ့သော ကာလများအတွက် မေတ္တာတရားတို့ကို အတိုးချ၍ ဖော်ပြခွင့်ရခဲ့ပေသည်။

သူမက ယိလန်ကျူး၏ ဆံနွယ်စကလေးများကို တယုတယ ပွတ်သပ်ပေးလိုက်သည်။

ယိလန်ကျူးမှာ မိခင်ဖြစ်သူ၏ ရင်ခွင်တွင် ကလေးငယ်တစ်ဦး ပမာ ငြိမ်သက်စွာ နေရှာသည်။

ချောမောလှပသော ယိလန်ကျူး၏ ရုပ်သွင်မှာ ... နန့်လန်မင်ဟို ငယ်စဉ်က ရုပ်သွင်နှင့် တစ်ထေရာတည်း တူနေပါသည်။

ထိုစဉ် ...

တိတ်ဆိတ်ခြင်းကို မိခင်ဖြစ်သူက စတင်ဖြိုခွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးနှင့် ကြောင်ပွှာကျောင်းတို့ ... အခြေအနေ ဘယ်လိုလဲ ဟင် ... သမီး'

နန့်လန်မင်ဟို မေးလိုက်သောအခါ ... ယိလန်ကျူး ရှက်သွေးဖြန်းကာ ... ခေါင်းငုံ့ထားလိုက်လေသည်။ သမီးဖြစ်သူက ပြန်မဖြေသော်လည်း နန့်လန်မင်ဟို နားလည်လိုက်ပေသည်။

နန့်လန်မင်ဟိုက ...

'တကယ်တော့ ကြောင်ပွှာကျောင်းဟာ လူတော်လူကောင်းလေး တစ်ယောက်ပါ။ မေမေက သမီးနဲ့ သဘောတူပါတယ်ကွယ်'

ဟု တည်ကြည်စွာ ပြောလိုက်သည်။

'မေမေ ...'

ယိလန်ကျူး ... ဘာဆက်ပြောရမှန်း မသိတော့ပါချေ။

နန့်လန်မင်ဟိုက ...

'သူက သမီးကို ဂရုစိုက်ပါလိမ့်မယ်၊ သမီးလည်း သူ့ကို ဂရုစိုက်ပါ၊ မဆိုးရဘူးနော် ...'

ယိလန်ကျူးသည် နန့်လန်မင်ဟို၏ စကားများကို နားထောင်ရင်း ရင်ထဲ ထိတ်လန့်လာလေသည်။

မိခင်၏ စကားများသည် ခွဲခွာရကာနီး ... မှာကြားနေပုံမျိုး ဖြစ်နေသည် မဟုတ်ပါလား ...'

'မေမေက ...'

'သမီးတို့ သွားကြပါ ... မေမေ သည်မှာ နေခဲ့ပါ့မယ်'

'ရှင် ...'

'မေမေ အခုလို ဆုံးဖြတ်လိုက်တာကို ... သမီးလေးဖေဖေသာ သိနိုင်မယ်ဆိုရင် ... ဘယ်လောက်များ ဝမ်းသာလိမ့်မလဲ'



ယိလန်ကျူး ... မယုံနိုင်အောင် ဖြစ်သွားလေသည်။

နန့်လန်မင်ဟိုက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'သူတစ်ပါး တိုင်းပြည်ကို နယ်ချဲ့ ကျူးကျော်သိမ်းပိုက်တာကို ဟန့်လူမျိုးတွေသာ မကဘူး ... မန်ချူးတစ်ယောက်ကပါ လက်မခံနိုင်ဘူးဆိုတာကို မေမေ သက်သေပြလိုက်ပါ့မယ်'

'မေမေရယ် ...'

ယိလန်ကျူးသည် မိခင်ကြီးကို ကြည့်ရင်း ရင်ထဲတွင် ဆို့နစ်သွားကာ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ဖုချင်စန်း၏ မျက်နှာမှာ တည်ကြည်လေးနက်နေသည်။

ကွေ့ချိုးက ငေးကြည့်နေ၏။

မကြာမီ ... ပြင်းထန်သော တိုက်ပွဲကြီးတစ်ခု ဆင်နွှဲရတော့မည် ဖြစ်ကြောင်း ကွေ့ချိုး နားလည်ထားလေသည်။

သို့သော် ...

ဖုချင်စန်းက ... ဆုတ်ခွာသွားမည့် မျိုးချစ်အင်အားစုများအား လီထက်ရှင်းနှင့်အတူ ဦးဆောင်သွားရမည်ဟု တာဝန်ပေးလာခြင်းကြောင့် ... ကွေ့ချိုး အံ့သြသွားရလေသည်။

ဖုချင်စန်းက ...

'ရန်သူကို တိုက်ခိုက်ဖို့ဆိုတာ အချိန်အခါ ရွေးနေစရာ မလိုပါဘူး၊ ဒါပေမယ့် ... ခုချိန်မှာတော့ မျိုးချစ်အင်အားစုတွေ ဘေးမသီ ရန်မခနဲ့ ဆုတ်ခွာသွားနိုင်ဖို့က အရေးအကြီးဆုံး ဖြစ်နေတယ်၊ သည်တာဝန်ကို မင်းနဲ့ လီထက်ရှင်းတို့ လက်တွဲပြီး တာဝန်ယူသွားကြရဦးမယ်'

ကွေ့ချိုးက ...

'ကျွန်တော်နဲ့ လီထက်ရှင်း ...'



'အေး ... နောက်ပိုင်းမှာလည်း မင်းနဲ့ လီထက်ရှင်း လက်တွဲပြီး ... မျိုးချစ်အင်အားစုတွေကို ခေါင်းဆောင်သွားရမှာပဲ'

ဖုချင်စန်းက ကြားဖြတ်ပြောလိုက်လျှင် ... ကွေ့ချိုးမှာ အခြေအနေကို နားလည်သဘောပေါက်သွားလေတော့သည်။

ဖုချင်စန်းက ...

'ကွေ့ချိုး ... မင်းရဲ့လက်ထဲ မောက်ဝမ်လင်ကို အပ်နှံလိုက်မယ်၊ သူက ကလေးဆန်ပေမယ့် စိတ်ကောင်းတော့ ရှိပါတယ် ... သူ့ကို ... မင်း ကောင်းကောင်း စောင့်ရှောက်ပါ'

'ကတိပေးပါတယ် ခင်ဗျာ ...'

ကွေ့ချိုးသည် မောက်ဝမ်လင်ကို တာဝန်ယူ စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကတိပေးလိုက်လေသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

လီထက်ရှင်းနှင့် ကွေ့ချူးတို့ ဦးဆောင်သော မျိုးချစ်အင်အားစုများသည် ညတွင်းချင်းပင် ငှက်ကျိုးမြစ်ကမ်းဘက်သို့ ဆုတ်ခွာသွားကြလေသည်။

သူတို့နှင့်အတူ ကြောင်ဟွာကျောင်း၊ ယိလန်ကျူး၊ မောက်ဝမ်လင်၊ ထုံမင်၊ ဝင်ချင်းယင်နှင့် ချင်းထုံတို့ လိုက်ပါသွားကြလေသည်။

ထို့နောက်တွင်ကား ...

လီကျင့်၏ စခန်းရှိသော တောင်ကုန်းပေါ်၌ ...

လီကျင့် ...

လင်ဝိဖုန်း ...

ဖုချင်စန်း ...

ဝူဟန်ယင်း ...

လျူယုဖန် ...

ဟန်စုဖန် ...

နန့်လန်မင်ဟို ...

ဤခုနစ်ယောက်သာ ... ကျန်ရစ်ခဲ့ကြလေသည်။



ကွေ့ချူးတို့ ထွက်သွားပြီး မကြာမီ ... သူတို့ခုနစ်ယောက်လည်း တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ကြလေသည်။

မကြာပါချေ ...

နယ်စားကြီးတော်ချက်၊ ညိုထက်လူနှင့် ချူကြောင်းနန်တို့ ဦးဆောင်သော မန်ချူးတပ်ဖွဲ့များနှင့် တွေ့ဆုံကြသည်။

လင်ဝိဖုန်းတို့သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း လျှပ်တစ်ပြက်ဝင်ရောက်၍ အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

ထို့နောက် ... လူစုခွဲကာ ထွက်ပြေးကြသည်။

ငှက်ကျိုးမြစ်ကမ်းနှင့် ဆန့်ကျင်ဘက်အရပ်များသို့ လူစုခွဲကာ အသီးသီး ထွက်ပြေးသွားကြခြင်း ဖြစ်လေသည်။

နယ်စားကြီးတော်ချက်သည် ... နန့်လန်မင်ဟို ကိုယ်တိုင်က မျိုးချစ်အင်အားစုများဘက်မှ ရပ်တည်နေသည်ကို တွေ့လိုက်ရလျှင် ဒေါသချောင်းချောင်း ထွက်ကာ ... တစ်ယောက်မကျန် သုတ်သင်ပစ်ရန် အမိန့်ပေးလိုက်လေသည်။

သူကိုယ်တိုင်လည်း ... ချူကြောင်းနန်တို့နှင့် လက်တွဲကာ တိုက်ပွဲဝင်ခဲ့လေသည်။

နေရာအနှံ့အပြား၌ တိုက်ပွဲများ ဖြစ်ပေါ်လာလေသည်။

တိုက်ပွဲများကား ပြင်းထန်လှသည်။

ဤတွင် ...

ငှက်ကျိုးမြစ်ကမ်းဘက်သို့ သွားကြမည့် မန်ချူးတပ်ဖွဲ့များမှာ မသွားဖြစ်တော့ဘဲ တိုက်ပွဲဖြစ်ပွားနေသော နေရာများဘက်သို့သာ စစ်ဦးလှည့်သွားကြရလေတော့သည်။

❖❖❖❖❖

www.burmeseclassic.com



'အား ...'

'အင့် ...'

'ဝုန်း ...'

ဂူကျိုးမြစ်ကမ်းပါး၌ နေရာယူထားသော မန်ချူးတပ်ဖွဲ့ငယ်တစ်ခုမှာ လီထက်ရှင်းနှင့် ကွေ့ချုံးတို့ ဦးဆောင်သော မျိုးချစ်အင်အားစုများ၏ ရုတ်တရက် စီးနင်းတိုက်ခိုက်ခြင်း ခံရကာ ချေမှုန်းခံလိုက်ရလေသည်။

ထို့နောက် ...

မျိုးချစ်အင်အားစုများသည် ... ဂူကျိုးမြစ်တစ်ဘက်ကမ်းသို့ ကူးဖြတ်နိုင်ခဲ့ပြီးနောက် အန္တရာယ်ကင်းစွာ လွတ်မြောက်သွားကြလေတော့သည်။

❖❖❖❖❖



မြစ်ရေတသွင်သွင် စီးဆင်းနေသည်။

ယီလန်ကျူးသည် မြစ်တစ်ဘက်ကမ်းသို့ လှမ်းမျှော်ကြည့်နေရှာသည်။

မြစ်တစ်ဘက်ကမ်း ဒေသတစ်ဝိုက်၌ မန်ချူးများ စုရုံးရောက်ရှိနေကာ ... ပြင်းထန်သောတိုက်ပွဲများ ဆင်နွှဲနေပြီ ဖြစ်သည်။

မန်ချူးတပ်ဖွဲ့များအား တကယ်တမ်းတိုက်ခိုက်နေကြသူများမှာ ... ဓားသမား ခုနစ်ယောက်သာ ဖြစ်လေသည်။

ထိုလူခုနစ်ယောက်သည် ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြပါသည်။

သိုင်းပညာ မည်မျှအဆင့်မြင့်မားစေကာမူ သူတို့ခုနစ်ယောက်တည်းဖြင့် အင်အားကြီးမားလှသော မန်ချူးတပ်ကြီးကို အနိုင် တိုက်ခိုက်နိုင်ကြမည် မဟုတ်ပါ။

သို့သော် ...

ထိတ်လန့်တကြား ဖြစ်သွားပြီး သည်ဘက်တွင် ကြီးမားစွာ အာရုံစိုက်လာစေရန် ... ကောင်းကောင်းကြီး ဒုက္ခပေးနိုင်သည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူခုနစ်ယောက်တွင် နန့်လန်မင်ဟိုလည်း ပါဝင်နေ၏။

သူမသည် တိုက်ပွဲဝင်ရင်း ... သမီးဖြစ်သူအပေါ် မည်မျှ ချစ်မြတ်နိုးကြောင်း သက်သေပြသွားပြီ ဖြစ်သည်။

လီကျင့်ဦးဆောင်သော ... ထိပ်တန်းသိုင်းသမားခုနစ်ယောက်သည် မန်ချူးများနှင့် တိုက်ခိုက်ရင်း သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ကြလေသည်။

ထို့အတူ ...

မျိုးချစ်အင်အားစုများကို အန္တရာယ်ကြီးမားစွာ ပေးနိုင်သော နယ်စားကြီးတော်ချက်၊ ချူကြောင်းနန်နှင့် ညီ့ထက်လူတို့ အပါအဝင် မန်ချူးစစ်သည် အမြောက်အမြားလည်း မိုက်ဇာတ်သိမ်းသွားခဲ့ကြပြီ ဖြစ်သည်။

❖❖❖❖❖



ယိလန်ကျူး၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

မိမိကိုယ်တိုင် ... မန်ချူးအမျိုးသမီးတစ်ယောက်ဖြစ်လျက်နှင့် မန်ချူးတို့၏ နယ်ချဲ့စိုးမိုးမှုကို လက်မခံဘဲ ဆန့်ကျင်တွန်းလှန်လာသော နန့်လန်မင်ဟိုအား နယ်စားကြီးတော်ချက်သည် လုံးဝခွင့်လွှတ်လိမ့်မည် မဟုတ်ပါ။

ထို့အတူ ...

နန့်လန်မင်ဟိုကလည်း အလျှော့ပေးနောက်ဆုတ်တော့မည် မဟုတ်သည်ကို အမေတူသမီးဖြစ်သူ ယိလန်ကျူးက တွက်ဆမိလိုက်သည်။

နောက်ဆုံးတွင်မူ ... နန့်လန်မင်ဟို၏ အခြေအနေ မည်သို့ရှိမည်ကို မစဉ်းစားရဲသဖြင့် ယိလန်ကျူး ဝမ်းနည်းကြေကွဲလာခြင်း ဖြစ်လေသည်။

ထိုစဉ် ... သူမအနီးသို့ ကြောင်ပွှာကျောင်း ရောက်လာသည်။

'ညီမ ... ကျုပ်တို့ သွားနှင့်ကြပါစို့၊ သခင်မတို့လဲ မကြာခင်နောက်က ... လိုက်လာကြမှာပါ၊ ဘာမှ စိတ်မပူပါနဲ့'

ဟု ချော့မော့ဖျောင်းဖျလိုက်လေသည်။ သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဟွာကျောင်း၏ လေသံမှာလည်း တုန်ယင်နေသည်။ သူရဲကောင်းတို့၏စိတ်ဓါတ်ကို သူရဲကောင်းအချင်းချင်း သိထားသည် ဖြစ်ရာ နန့်လန်မင်ဟို အပါအဝင် ... သူရဲကောင်း ခုနစ်ယောက်မှာ 'လေ့ခွက်ချည်းကျန် ... အလံမလှဲ' ဘဲ အသက်သေသည်အထိ တိုက်ပွဲဝင်ကြမည်ကို ကျိန်းသေသိထားပေသည်။

မည်သို့ပင်ဖြစ်စေ ... မျိုးချစ်အင်အားစုများ လွတ်မြောက်ရေးအတွက် ကြာရှည်ဆိုင်းငံ့ရန်မသင့်ဟု နားလည်မိသော ယိလန်ကျူး မှာ မျက်ရည်များ သုတ်လိုက်သည်။

'ကောင်းပါပြီ အစ်ကို ...'

ထို့နောက် ... သူတို့နှစ်ယောက်မှာ မျိုးချစ်အင်အားစုများနှင့်အတူ ဆက်လက် ထွက်ခွာသွားကြလေတော့သည်။

ညအမှောင်ထုမှာ တဖြည်းဖြည်းဖျော့လာရာ အရှေ့အရပ်ဆီမှ ရောင်နီပျို့လာပြီ ဖြစ်သည်။ ယင်းရောင်နီသည်ကား မျိုးချစ် အင်အားစုများအတွက် တစ်ချိန်တွင် မလွဲမသွေရရှိမည့် မဟာအောင်မြင်မှုကြီး၏ ရှေ့ပြေးနိမိတ်ပင် ဖြစ်ပေတော့သည်။

BURMESE CLASSIC

❖❖❖❖❖

(ပြီးပါပြီ)

စာရှုသူများ၏ မေတ္တာကို ခံယူလျက်

မိုးကျော်သူ

www.burmeseclassic.com